
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ရှင်း…

မင်းက ခေါ်ခေါ်ဘဲ ငါ့ဘဝထဲကိုဝင်လာတဲ့သူပဲ။

ဒါပေမယ့်…

မင်းရှိနေခဲ့တာကို ငါပျော်တယ်ရှင်း။ မင်းကို ငါဘယ်လောက်ပဲ အနိုင်ကျင့်ခဲ့ကျင့်ခဲ့ မင်းသည်းခံခဲ့တယ်နော်။ အဲဒီအချက်ကို ငါ့ဘဝတစ်သက်တာလုံး ဘယ်တော့မှ မမေ့ပျောက်လို့ရတော့မှာ မဟုတ်ပါဘူး ရှင်းရယ်။

(မိုးဝသန်)

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

အခန်း [၁]

BURMESE CLASSIC .com

"ရှင်းပီတိ"

"ဗျာ"

"အထုပ်အပိုးတွေ အဆင်သင့်ဖြစ်ပြီလား"

"ဟုတ်…ဟုတ်ကဲ့ မေမေ"

"ဒါဆို မကြွေနဲ့လိုက်သွားတော့"

မေမေ…

ရှင်း မသွားချင်ဘူး။

ရှင်း မေမေနဲ့ပဲနေချင်တယ်။ ဒေါ်ကြွေကြီးနဲ့ လိုက်မသွားပါရစေနဲ့မေမေရယ်။ ရှင်း ရင်ထဲကနေ အော်ဟစ်ကာပြောနေမိပေမယ့် အပြင်မှာတော့ ရှင်းရဲ့နှုတ်ခမ်းစိုစိုရဲရဲလေးက တင်းတင်းစေ့ပိတ်





လို့ ရှိနေရသည်။

ဒါ…

မေမေ့အမိန့်ပဲ။

ရှင်း မနာခံလို့မရဘူးဆိုတာလည်း သိသည်။

တည်တင်းနေတဲ့ မေမေ့မျက်နှာကို ဖျတ်ခနဲ မော့ကြည့်ကာ ရှင်းရင်ထဲ ဝမ်းနည်းအားငယ်စိတ်လေးများ တိုးဝင်သွားရ၏။

"ဘာငိုင်နေတာလဲ ရှင်း၊ အထုပ်တွေ သွားယူလေ"

ရှင်းပီတိ

ဝေ့ဝဲလာသည့် မျက်ရည်လေးများကို မေမေ မမြင်အောင် ထိန်းကာ နေရာလေးကနေ ချာခနဲနေအောင် လှည့်ထွက်ပစ်လိုက်သည်။ အခန်းလေးထဲသို့ ဝင်ခဲ့ပြီး ခုတင်လေးပေါ်တွင် တင်ထားသည့်လက်ဆွဲအိတ် ညိုစိမ့်စိမ့်လေးကို ဆွဲယူကာ ဘယ်အချိန်မှ ပြန်ပိုင်ဆိုင်ခွင့်ရမှန်းမသိတဲ့ ရှင်းပီတိနေတဲ့ အိပ်ခန်းလေးကို နောက်ဆုံးအကြိမ် နှုတ်ဆက်သည့်အနေနှင့် ဝေ့ဝဲငေးမောစွာ ကြည့်လိုက်မိ၏။

"ရှင်း"

"ဗျာ"

အောက်ထပ်မှ မေမေ့ခေါ်သံကြောင့် ရှင်းပီတိ ပြန်ထူးလိုက်မိသည်။

"ဘာလို့ထွက်မလာသေးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မေမေ့စကားသံစူးစူးကြောင့် ရှင်း ဘယ်လိုမှဆက်နေလို့ မရတော့မှန်းသိကာ အထုပ်လေးဆွဲပြီး ထွက်လာခဲ့လိုက်သည်။

အပေါ်ထပ်ကနေ လှေကားလေးအတိုင်း တရွေ့ရွေ့ဆင်း လာနေတဲ့ ရှင်းပီတီလေးကိုကြည့်ပြီး ဒေါ်နှင်းဆီနီ တစ်ယောက် ကျေနပ်စွာပြုံးပစ်လိုက်သည်။ ဖြူနုသောအသားအရေလေးနှင့် ချစ်စရာကောင်းသော မျက်နှာလေးကို ပိုင်ဆိုင်ထားတဲ့ ရှင်းပီတီ ကို စူးရဲသောမျက်ဝန်းများဖြင့် ခြေဆုံးခေါင်းဆုံး တစ်ချက်စစ်ဆေး ကြည့်လိုက်ပြီး ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်၏။

"မကြွေ…ခေါ်သွားလို့ရပြီ"

မမကြီးနှင်းဆီနီရဲ့ သတိပေးစကားကြောင့် ဒေါ်ကြွေ ထိုင် ရာကနေ ဆတ်ခနဲ ထလိုက်သည်။

"ပေး…ရှင်း ကြီးကြွေ သယ်ပေးမယ်"

ရှင်းပီတီလေးလက်ထဲက အဝတ်အိတ်လေးကို လှမ်းယူ လိုက်သူက အလုပ်သမားပွဲစား ဒေါ်ကြွေ။

"ရှင်း"

"ဗျာ"

"မေမေမှာထားတာတွေ တစ်ခုမှ မေ့မပစ်လိုက်နဲ့နော်"

"ဟုတ်ကဲ့ မေမေ"

"မေမေ့ကို သိပ်ချစ်တယ်မဟုတ်လားရှင်း"

မေမေရယ်…





ဘယ်လိုမှားမေးလိုက်တာလဲဟင်။

ဟောဒီကမ္ဘာကြီးထဲမှာ ရှင်းအချစ်ဆုံးက မေမေပါပဲ။ မေမေ့အတွက် ရှင်းက လူဖြစ်လာတာပါ မေမေ။ ဒါပေမယ့် ရှင်းကိုပဲ မေမေက ချစ်သလားလို့ အမြဲမေးတတ်တယ်နော်။ မေမေ ကရော ရှင်းကို တကယ်ချစ်ရဲ့လားမေမေ။ မေမေ ရှင်းကိုမချစ်ဘူး မဟုတ်လား မေမေ။

"အဟင်း…ဟင်း မေမေသိပါတယ်၊ ရှင်း မေမေ့ကို သိပ်ပြီးနာကြည်းမုန်းတီးနေမှာပါ၊ ဒါပေမယ့် မေမေ အပြစ်မတင် ပါဘူး ရှင်း၊ ရှင်း မုန်းနိုင်ပါတယ်"

ဒေါ်နှင်းဆီနီ။

ရှင်းပီတီရဲ့ ခေါင်းလေးကို တစ်ချက်ပွတ်သပ်ကာ ပြောမိ သည်။

"ကဲ…အချိန်မစောတော့ဘူး သွားကြတော့"

ရှင်း ခန္ဓာကိုယ်လေး ဆတ်ခနဲ တုန်သွားရသည်။

မေမေက နှင်နေပြီလေ။

ရှင်းကို သွားခိုင်းနေပြီ။

တကယ်သွားရတော့မယ်ဆိုတဲ့ အသိကြောင့် ရှင်းရင်ထဲ ကြောက်စိတ်တွေရော ဝမ်းနည်းအားငယ်စိတ်တွေပါ တိုးဝင်လာရ ၏။ မျက်ဝန်းအိမ်လေးထဲ မျက်ရည်ကြည်လေးတွေ ဝေ့တက်လာ ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေ...

ရှင်းမသွားချင်ဘူး။

'စံရိပ်မြုံ'ကို ရှင်း မသွားချင်ဘူးမေမေ။

ရှင်း...

မေမေနဲ့ပဲနေချင်တယ်။

"ရှင်း...သွားတော့လေ"

မေမေ့ရဲ့မျက်နှာကို ရှင်း မော့ကြည့်လိုက်မိ၏။ စိမ်းသက်တဲ့ မျက်ဝန်းအကြည့်တွေထဲမှာ အငြိုးအမုန်းတွေနဲ့ ပြည့်နှက်လို့။ မေမေ့နှုတ်ခမ်း စိုအိအိက တင်းတင်းစေ့ပိတ်နေသည်။

ဆုံးဖြတ်ချက်ချပြီးလျှင် ဘယ်လိုအကြောင်းပြချက်မျိုးနဲ့မှ ပြန်မပြင်ဆင်တတ်သော မေမေ့အကြောင်းကို သိထားတဲ့ရှင်း အတွက်တော့ အိမ်ဖော်ပွဲစားကြီး ဒေါ်ကြွေနောက် လိုက်သွားရုံမှ တစ်ပါး ဘာမှမတတ်နိုင်တော့ချေ။

"ရှင်း သွားကြစို့"

ဒေါ်ကြွေက ရှင်းလက်ကလေးကို ဆွဲကိုင်ကာသတိပေးသည်။

"မေမေ"

"ပြော"

"ရှင်း...မေမေ့ကိုကန်တော့ချင်တယ်"

"ဘယ်လို"





"ရှင်း မေမေ့ကို ကန်တော့ခဲ့ပါရစေ"

ရှင်းပီတိရဲ့စကားကြောင့် ဒေါ်နှင်းဆီနီရဲ့ လှပတဲ့ မျက်ခုံး သွယ်တန်းလေးနှစ်ခု ထိစပ်လုလုပင် တွန့်ကြုံ့သွားကြသည်။

"မေမေ"

"အဓိပ္ပါယ်မရှိတဲ့အလုပ်တွေနဲ့ အချိန်မဆွဲစမ်းနဲ့ရှင်း၊ အဲဒါ မေမေ မကြိုက်ဆုံးပဲ၊ အရေးကြီးတာ ကန်တော့မှ မေမေ ပီတိဖြစ်မှာမဟုတ်ဘူး၊ မေမေဖြစ်စေချင်တာကို ဖြစ်အောင်လုပ်ပေးမှ မေမေ စိတ်ချမ်းသာနိုင်မှာ။ သွားတော့ ရှင်း၊ သံယောဇဉ်တွေနှောင်ပြီး တွယ်ငင်ချင်တဲ့စိတ်တွေနဲ့ မေမေ့ကိုချည်ဖို့မကြိုးစားနဲ့၊ မေမေ လက်မခံနိုင်ဘူး"

စိတ်ဓာတ်ခိုင်မာပြတ်သားလှချည်လား။

ရှင်း...

နောက်ဆုတ်ချင်နေတဲ့ ခြေလှမ်းတွေကို မေမေမြင်တယ် ပေါ့နော်။ ဒါကြောင့် အစပြတ်အောင် မေမေ တုံးတိတိဖြတ်ချပေး လိုက်တာပေါ့လေ။

"ဒီမှာ...ရှင်း"

"ဗျာ"

"မေမေ မင်းကိုအမိန့်ပေးမယ်"

သူ...

ခေါင်းလေးငုံ့ကာ နာခံလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အခုချက်ချင်း မကြွေနဲ့လိုက်သွားတော့"

"ဟုတ်ကဲ့ပါ မေမေ"

"တာဝန်ကျေအောင် ထမ်းဆောင်ပါရှင်း"

"ဟုတ်"

"မေမေ့ကိုစိတ်ပျက်အောင်မလုပ်နဲ့"

"ဟုတ်"

"မေမေ့မျှော်လင့်ချက်တွေအားလုံး ရှင်းရဲ့လက်ထဲကို ထည့်ပေးလိုက်တယ်နော်၊ ဒါကို ရှင်း အမြဲတမ်းသတိထားပါ"

"ဟုတ်"

"သွားတော့ ရှင်း"

ရှင်း…

ငြိမ်သက်စွာပင် မေမေ့အမိန့်တွေကို နာခံနေမိသည်။

မေမေ့ရဲ့ အမှာစကားဆုံးတာနှင့် ရှင်း ခေါင်းလေးဆတ်ခနဲ မော့ကာ မေမေ့မျက်နှာကို စူးစူးလေးတစ်ချက်စိုက်ကြည့်လိုက်၏။

ပြီးနောက်…

ဒေါ်ကြွေဘက်လှည့်စောင်းကြည့်ကာ…

"ကြီးကြွေ…ရှင်းတို့သွားကြရအောင်"

"အေး…အေး ကလေး"

ပြောပြီးတာနှင့် နေရာကနေ ချာခနဲနေအောင်ပင် ရှင်း ထွက်ခဲ့မိသည်။ မေမေ့ဘက်သို့ လုံးဝလှည့်မကြည့်တော့။





ရှင်းရဲ့ ခြေလှမ်းလေးတွေက နန်းတော်ကြီးတမျှ ကြီးမား ကျယ်ဝန်းခမ်းနားလှသော တိုက်အိမ်ကြီးရဲ့ အပြင်ဘက်သို့ ဦးတည် နေ၏။

"မကြွေ"

"ရှင်…မမကြီး"

"အရာရာကို စိတ်ချပါရစေ"

"ဟုတ်ကဲ့ မမကြီး"

"ဘာအမှားအယွင်းမှ မရှိစေနဲ့မကြွေ"

"ဟုတ်ကဲ့"

"သွားတော့"

"ဟုတ်"

အိမ်ဖော်ပွဲစား ဒေါ်ကြွေတစ်ယောက် အဝတ်ထုပ်လေး ကိုဆွဲကာ ဒေါ်နှင်းဆီနီကို တစ်ချက်မျှ ဦးညွှတ်ပြီး ကျောခိုင်းကာ လှည့်ထွက်ခဲ့သည်။

အပြင်မှာ…

အသင့်စောင့်နေတဲ့ တက္ကစီကားလေးပေါ် လှမ်းကြည့် တော့ ရှင်းပီတိက အခန့်သားကလေးထိုင်နေတာ တွေ့ရ၏။ ဒေါ်ကြွေ သက်ပြင်းလေးတစ်ချက်ခိုးရှိုက်ကာ တက္ကစီလေးပေါ် တက်လိုက်သည်။

ပြီးနောက်…



www.burmeseclassic.com

www.burmeseclassic.com



ကားဆရာအား သွားမည့်နေရာလေး ကပ်ပြီးပြောလိုက်၏။

ကားလေးက…

ငြိမ့်ခနဲ မောင်းထွက်သွား၏။

ကြီးမားကျယ်ပြန့်လွန်းသော ခြံကျယ်ကြီးထဲကနေ ကျော့ခိုင်းကာ လေအလျင်လိုပင် ကားလေးက ပြေးထွက်သွားချေတော့သည်။



## အခန်း [၂]

"စံရိပ်မြုံ"

ကားအဝင်ဝတံခါးလေးဘေးတွင် သစ်သားစာလုံးကြီးတွေနဲ့ ထွင်းထုထားသော ဆိုင်းဘုတ်လေး။

ထိုဆိုင်းဘုတ်လေးကို ဖတ်ပြီး ရှင်းရင်ထဲ ကြောက်စိတ်လေးများ အလိုလိုတိုးဝင်လာရ၏။ မြဲမြဲအောင်ရပ်နေတဲ့ ဒူးတွေက အလိုလိုကျေးညွှတ်ချင်နေသည်။ လူခေါ်ဘဲလ်လေးကို အဆက်မပြတ်တီးနေတဲ့ ခေါ်ကြွေကိုကြည့်ပြီး တားဆီးလိုစိတ်တွေ ပြင်းပြလာရ၏။

သို့သော်…

ရှင်း မတားဆီးမိပါ။



www.burmeseclassic.com

www.burmeseclassic.com



ဝင်းတံခါးသံဇန်းကြီးကို ငေးစိုက်ကာ ကြည့်နေမိသည်။

ဝမ်းနည်းအားငယ်စိတ်တွေကို ဖြေသိမ့်ကာ တစ်ယောက်တည်း အားတင်းနေမိ၏။

ရှင်း…

ဒီခြံကြီးထဲကို ရအောင်ဝင်ရမည်ဆိုတဲ့ စိတ်ဓာတ်ကို မွေးထားမိသည်။

"ဘယ်သူနဲ့တွေ့ချင်လို့လဲ ခင်ဗျာ"

မေးသံတစ်ခုကြောင့် ရှင်းရဲ့အတွေးလေးများပျောက်ကာ အသံလာရာဆီသို့ မော့ကြည့်လိုက်တော့ အသားညိုညို ထောင်ထောင်မောင်းမောင်း ခြံစောင့်လူကြီးတစ်ယောက်ကို တွေ့လိုက်ရ၏။

"ကျွန်မ…ပွဲစားမကြွေပါ၊ ဒေါ်တော်ဝင်နန်းက မှာထားလို့လာခဲ့တာပါ"

"ခဏစောင့်ဦးနော်"

"ဟုတ်ကဲ့"

လူထွားကြီးက ပြန်လှည့်ထွက်သွားပြန်၏။

ရှင်းနဲ့ဒေါ်ကြွေ…

ခြံတံခါးအပြင်ဘက်လေးမှာ ရပ်စောင့်ပြီး ကျန်ခဲ့ရပြန်သည်။

သိပ်မကြာပါ ထိုလူထွားကြီးပြန်ရောက်လာပြီး လူဝင်ပေါက်တံခါးချပ်လေးအား ဖွင့်ပေးပြီး ဝင်စေ၏။





"ဝင်ကြ…ဒေါ်တော်ဝင်နန်း စောင့်နေတယ်"

"ဟုတ်ကဲ့ရှင့်"

ဒေါ်ကြွေ နောက်ကနေ ခပ်ရှိရှိလေး လိုက်ဝင်လိုက်တဲ့ ရှင်းကို ထိုလူထွားကြီးက စူးစူးနင့်နင့်ကြီး စိုက်ကြည့်တာမို့ ရင်တထိတ်ထိတ်ခုန်ကာ ကြောက်ဒူးလေးတွေပင် တုန်သွားရသည်။

"ဒီကောင်လေးကို လာပို့တာလား"

"ဟုတ်ကဲ့ရှင့်"

"ဖြစ်ပါ့မလားကွာ…ကြည့်ရတာ ဖြူဖတ်ဖြူရော်နဲ့ နွဲ့နွဲ့လေး"

"ရှင်"

ခြံစောင့်လူထွားကြီးရဲ့ စကားကြောင့် ဒေါ်ကြွေ မျက်ဝန်းအကြည့်တွေက ထိုလူကြီးဘက် ရောက်သွားရ၏။ လူထွားကြီးဘာကိုဆိုလိုလိုက်မှန်း ဒေါ်ကြွေ သိပုံမရ။

"မိုးဝသန်အကြောင်း ကြားပြီးရဲ့လား"

"ဟင့်အင်း"

"ကောင်းပါ့ဗျာ"

လူကြီးက သူ့နဖူးသူရိုက်ကာ တအံ့တသြရှိနေတော့သည်။

ရှင်း…

ထိုလူကြီးရဲ့ ပြောဆိုပြုမူပုံကိုကြည့်ပြီး ကြောင်ငေးငေးလေး ဖြစ်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလူကြီး ဘာတွေပြောနေတာလဲ။

ရှင်း နားမလည်ပါ။

ရှင်းလိုပဲ ဒေါ်ကြွေကိုကြည့်ရတာလည်း သိပ်ပြီးနားမရှင်းတဲ့ပုံစံလေး ဖြစ်နေတာ တွေ့ရသည်။

"ကဲ…ဒီတည့်တည့်ဆက်သွားတော့ တိုက်ကြီးထဲမှာ ဒေါ်တော်ဝင်နန်း စောင့်နေတယ်"

"ဩော်…ဟုတ်ကဲ့ရှင့်"

ဒေါ်ကြွေက အဝတ်အိတ်လေးကိုဆွဲပြီး ဆေးဖြူသုတ်ထားသော တိုက်အိမ်ကြီးဆီသို့ ဦးတည်၍ ဆက်လျှောက်သွားသလို ရှင်းပီတိမှာလည်း ခြေလှမ်းသွက်သွက်လေးလှမ်းကာ ဒေါ်ကြွေနောက်ကနေ လိုက်ပါခဲ့ရတော့သည်။

အိမ်တံခါးဝကြီးကိုတွန်းပြီး ဝင်လိုက်သည့်ဆိုတာနှင့် အေးမြတဲ့အတွေ့အထိကြောင့် ရှင်းရဲ့ခန္ဓာကိုယ်လေး စိမ့်တက်သွားသလိုပင် ခံစားလိုက်ရသည်။ အဲယားကွန်းကို အဆုံးထိများ ဖွင့်ထားသလားမသိ တကယ့်ကို အေးစိမ့်နေ၏။ အစကတည်းက ခြေဖျားလက်ဖျားလေးတွေ အေးစက်နေတဲ့ ရှင်းတစ်ယောက် ထုံကျင်လာသလို ခံစားရကာ လူက သတိပင်လစ်ချင်ချင်။ ခေါင်းလေးငုံ့နေရာမှ မိမိတိုးဝင်ရှင်သန်ရမည့် ပတ်ဝန်းကျင်အသစ်ကို မရဲတရဲလေး စပ်စုလိုက်မိသည်။

အားပါးပါး….။





ရှင်း ကြည့်ခဲ့ဖူးတဲ့ စင်ဒရဲလားကာတွန်းကားထဲက နန်းတော်ကြီးထဲကို အရှင်လတ်လတ်ကြီး ရောက်နေတာများလားဟု စိတ်မှာ ထင်မှတ်သွားမိ၏။

ခန်းလုံးပြည့်ခင်းထားသော ကတ္တီပါကော်ဇောနီနီကြီးတွေ အနားသတ်မှာ ကြိုးထုံးလှလှလေးတွေ အပွင့်ဖော်ထားသည့် ကတ္တီပါလိုက်ကာချပ်ကြီးတွေ နံရံချပ်ကြီးအပြည့် ထွင်းထုထားသော ပန်းကနုတ် ရုပ်လုံးကြွကြီးတွေကြောင့် စံရိပ်မြုံ၏ ထည်ဝါခမ်းနားမှုသည် မြင်ရသူ ရှင်းအဖို့ အံ့သြမှင်သက်စရာ ဖြစ်နေရတော့သည်။

မိုးပေါ်သို့ မော့ကြည့်မိတော့ ဖန်မီးဆိုင်းကြီးက ဝင့်ကြွားလင်းဖြာလို့။

"လာကြဟော့"

ခေါ်သံသည် မဝေးလွန်းသော နေရာမှထွက်လာတာမို့ ထိုနေရာလေးဆီသို့ ရှင်း လှမ်းကြည့်တော့ အိမ်တော်ထိန်းကြီး ဖြစ်ဟန်တူသော လူကြီးတစ်ယောက်က ရှင်းနှင့်ဒေါ်ကြွေကို လှမ်းခေါ်နေခြင်းဖြစ်သည်။

"လာ…ရှင်း"

"ဟုတ်"

ဒေါ်ကြွေနှင့်အတူ ရှင်းပီတိတစ်ယောက် အိမ်တော်ထိန်းလူကြီး၏ အနောက်ကနေ ခပ်ရိုရိုလေး လိုက်သွားခဲ့ကြ၏။

"မေမေကြီး မကြွေတို့ရောက်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်…အေး…အေး"

ဒေါ်တော်ဝင်နန်းတစ်ယောက် ဧည့်ခန်းကျယ်ကြီးရဲ့ မလှမ်းမကမ်းလေးတွင် ခေါင်းလေးတွေ အသီးသီးငုံ့ကာ ရပ်နေကြသည့် အလုပ်သမားပွဲစား မကြွေနှင့် အသက်ဆယ်နှစ်ကျော်ကျော်အရွယ် ကောင်လေးတစ်ယောက်ဆီ လှမ်းကြည့်ကာ ခေါင်းလေးကို ညင်သာစွာ ညိတ်ပြလိုက်သည်။

"လာ…မကြွေ"

"ဟုတ်ကဲ့ မမကြီး"

ခေါ်သံက မတိုးလွန်းမကျယ်လွန်းလှပေမယ့် အတော်ကို ဩဇာအာဏာရှိသော အသံတစ်ခုပဲဖြစ်သည်။ ဒါ စံရိပ်မြုံပိုင်ရှင် ဒေါ်တော်ဝင်နန်းဆိုသူရဲ့ အသံပဲ။ ဒေါ်ကြွေက ရှေ့သို့တိုးသွားပြီး ကတ္တီပါကော်ဇောလေးပေါ် အဝတ်ထုပ်လေးကို ချကာ ခပ်ရိုရို လေး ထိုင်ချလိုက်တာမို့ ရှင်းလည်း ဒေါ်ကြွေနည်းတူ ပုံဆစ်တုပ် လေး ငြိမ်သက်စွာထိုင်လိုက်မိသည်။

"မင်းလာပို့တာ ဒီကလေးလား"

"ဟုတ်ကဲ့ မမကြီး"

"အင်း…အရွယ်လေးကတော့ မဆိုးပါဘူး၊ ဒါပေမယ့်"

ဒေါ်တော်ဝင်နန်းရဲ့ စကားသံလေးက အဆက်အစပ်မရှိ ရပ်တန့်သွား၏။

"ကောင်လေး…မျက်နှာမော့စမ်း"





ဟင်…။

အမိန့်ပေးသံတစ်ခုက ရှင်းရဲ့နားစည်ထဲ တိုးဝင်လာ၏။ ရှင်း ခန္ဓာကိုယ်လေး ဆတ်ခနဲတုန်ကာ စိတ်တွေ အလှုပ်ရှားကြီး လှုပ်ရှားသွားရသည်။ ဒေါ်တော်ဝင်နန်းက ခေါင်းလေးငုံ့ချထားတဲ့ ရှင်းပီတိကို မော့ခိုင်းနေတာလေ။

"ရှင်း"

ဒေါ်ကြွေ အသာလေးလက်တို့လိုက်တာမို့ ရှင်း ကြောက် စိတ်တွေကို မျိုသိပ်ကာ ခေါင်းလေးကို ဆတ်ခနဲ မတ်ထောင်လိုက် သည်။ မျက်နက်ဝန်းဝိုင်းဝိုင်းလေးတွေနှင့် ဒေါ်တော်ဝင်နန်းဆိုတဲ့ အဘွားကြီးဆီ လှမ်းကြည့်လိုက်၏။

အမလေး…။

ရှင်း လန့်သွားရသည်။

ဖျားသွားရ၏။

စူးရှတဲ့ မျက်ဝန်းစိမ်းများအောက်တွင် အသက်ရှူမှား လောက်အောင်ပင် ဖြစ်သွားရ၏။

ဒေါ်တော်ဝင်နန်း။

အသက်အရွယ်အားဖြင့် အဘွားကြီးတစ်ယောက်ဟု ခေါ်လို့ရပေမယ့် နုပျိုမှုကတော့ အံ့မခန်းပါပဲ။ ဖြူနုနေသော အသား အရေ၊ သေသပ်စွာ ထုံးဖွဲ့ထားသော ဆံထုံးကြီးရဲ့အလယ်တည့်တည့် ဦးခေါင်းထက်တွင် ထိုးထားသော စိန်ဆံထိုးကြီးနှင့် မာန်မာနတွေ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ တင်းမာနေတဲ့ မျက်နှာထားတင်းတင်းကြီးတွေကြောင့် ရှင်း အကြည့်လေးကို လွှဲလိုက်မိသည်။

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"ရှင်း...ရှင်းပီတိပါ"

"အသက်ကရော"

"ဆယ့်သုံးနှစ်ပါခင်ဗျာ"

ဒေါ်တော်ဝင်နန်း ခေါင်းလေးကို ညင်သာစွာညိတ်လိုက်၏။

ကောင်လေးက ဆင်းရဲနွမ်းပါးတာလေးကလွဲပြီး ရုပ်ရည်လေးက ထင်မထားလောက်အောင် သန့်ပြန့်နေ၏။ အသားလေးက ဖြူဖွေးပြီးသန့်စင်နေတာပဲ။ အဝတ်အစား စုတ်နွမ်းနွမ်းကြောင့် အရောင်အသွေးမထွက်ဘဲ ရှိနေခြင်းပင်။

"ဒီကလေးက သိပ်ပြီးလိမ္မာတာ မေမေကြီးရဲ့၊ နောက်ကြောင်းလည်းရှင်းတယ်၊ သူ့မိဘတွေက သူငယ်ငယ်လေးထဲက သေသွားကြပြီလေ၊ သူ့ကို ရွာကကျွေးမွေးပြုစုထားရတာ၊ အခုတော့ သူ့အားသူကိုးနိုင်တဲ့အရွယ်ရောက်လို့ မြို့မှာ အလုပ်သွင်းပေးမယ်ဆိုပြီး ခေါ်လာခဲ့တာ၊ ပြီးတော့ မေမေကြီးမှာထားတာကိုလည်း သတိရလို့လေ"

ဒေါ်ကြွေတစ်ယောက် လေသံအေးအေးလေးနှင့် ရှင်းပြနေမိ၏။ ဒေါ်တော်ဝင်နန်းရဲ့ မျက်နှာကိုလည်း ရဲရဲမကြည့်ရဲပါ။





ရင်ထဲမှာ တထိတ်ထိတ်နှင့် ရင်ခုန်သံတွေ မြန်ဆန်နေရ၏။

ငြင်းပယ်လိုက်မှာ စိုးရွံ့နေမိသည်။

"မကြွေ"

"ရှင်"

"ကောင်လေးကိုထားခဲ့"

"ရှင်"

ဒေါ်ကြွေ မျက်ဝန်းလေးတွေ ပြူးဝိုင်းသွားရသည်။

"ရော့...ညည်းအတွက်ပွဲစားခ"

အို...။

ဒေါ်ကြွေရင်ထဲ အတိုင်းမသိ ဝမ်းသာလုံးဆို့သွားရသည်။ ဒေါ်တော်ဝင်နန်း ကမ်းပေးနေတဲ့ ငွေစက္ကူအချို့ကိုကြည့်ပြီး မျက်နှာကြီးက ဝင်းလက်သွားရ၏။

"မိုးဝသန်အတွက် ဒီကောင်လေးကိုထားခဲ့မကြွေ"

"ဒါ...ဒါဆို ရှင်း...ရှင်းကို အလုပ်ခန့်လိုက်ပြီပေါ့နော် မေမေကြီး၊ မကြွေ ဝမ်းသာလိုက်တာ"

"သိပ်ပြီးဝမ်းမသာနဲ့ဦး မကြွေ"

"ရှင်"

"မိုးဝသန် ကျောင်းကပြန်မလာသေးဘူး"

"ရှင်"

"ငါ့မြေး အလိုမရှိဘူးဆိုရင် ဒီကလေးကို တစ်မိနစ်၊



www.burmeseclassic.com

www.burmeseclassic.com



တစ်စက္ကန့်တောင် ဒီမှာထားမှာမဟုတ်ဘူး၊ ဒီပွဲစားခကို ပေးထားတယ်ဆိုတာ ငါ့မြေးခေါင်းတစ်ချက်ခါတာနဲ့ ညည်း ဒီကလေးကို ပြန်ခေါ်သွားလို့ရအောင် လမ်းစရိတ်တစ်ခါတည်းပေးထားတာ၊ ကဲ ညည်းသွားနိုင်ပြီ၊ ညည်းရှိနေမယ့်လိပ်စာကို အိမ်တော်ထိန်းကြီး ဦးထေကို ပေးထားခဲ့၊ ဒီကလေးကိုလာပို့လို့ရအောင် လိပ်စာပေးခဲ့ မကြွေ"

"ဟုိ…ဟို"

"ငါ့စကားကုန်သွားပြီ မကြွေ၊ ညည်းပြန်နိုင်ပြီ"

ဟာ…။

တင်းမာပြတ်သားလွန်းသော စကားတွေကြောင့် ရှင်းပီတိရဲ့ ရင်ထဲမှာ စိုးရိမ်ထိတ်လန့်မှုလေးတွေ ကြီးစိုးသွားရသည်။ နားစည်ထဲမှာ မေမေ့ရဲ့ အမှာစကားသံတွေက ဆူညံစွာပင် ပြန်ကြားယောင်မိ၏။

"ဒီတိုက်ကြီးထဲမှာ နေရအောင်ကြိုးစားရမယ် ရှင်း၊ ဘယ်တော့မှပြန်မလာရစေနဲ့၊ မင်းပြန်လာရတဲ့နေ့က မေမေ အရှုံးကြီးရှုံးသွားတဲ့နေ့ပဲ၊ အသက်နဲ့ခန္ဓာ ကင်းကွာတဲ့နေ့ပဲ ရှင်း၊ အဲဒီတိုက်ကြီးထဲကို ရအောင်ဝင်၊ မေမေပြန်မခေါ်မချင်း နေလို့ရအောင်ကြိုးစား ရှင်း" တဲ့။

မေမေ…

ရှင်း ဘယ်လိုလုပ်ရမလဲ။





မေမေ့ကိုပေးထားတဲ့ ကတိတည်နိုင်ဖို့ဆိုတာ မိုးဝသန်ရဲ့ လက်ထဲမှာ ရောက်နေပြီမေမေ။ ရှင်း…ရှင်း ဘယ်လိုလုပ်ရမလဲဟင်။ အဲဒီကောင်လေး မနေစေချင်ရင် ရှင်းပြန်ရမှာ။ ရှင်း ရှင်း သိပ်ကြောက်တယ် မေမေ။

"ဦးထေ"

"ဗျာ…မေမေကြီး"

"ကောင်လေးကို ယာယီနေရာပေးလိုက်၊ မြေးလေးမိုးဝသန်ကိုပြပြီးမှ အလုပ်ခန့်မယ်၊ မကြွေကို ပြန်ခိုင်းလိုက်တော့"

"ဟုတ်ကဲ့ မေမေကြီး"

ပြီးပြီ။

အဘွားဒေါ်တိမ်နန်းစံရဲ့ အမှာစကားကဆုံးသွားပြီ။

ဒေါ်ကြွေနဲ့ ရှင်းတို့ နေရာလေးကနေထကာ အိမ်တော်ထိန်းကြီး ဦးထေနောက် လိုက်ပါခဲ့ရ၏။

"ရှင်း"

"ဗျာ"

"အားတင်းထားနော်…မိုးဝသန်ထားချင်အောင် ကြိုးစား"

"ဟုတ်"

"ဒေါ်ကြွေ ပြန်မယ်"

"ဟုတ်ကဲ့ ဒေါ်ကြွေ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြွေက ရှင်းရဲ့အဝတ်အစားထုပ်လေးကို ပြောင်းပေးရင်း မှာနေ၏။ ရှင်းရင်ထဲ ဝမ်းနည်းစိတ်၊ ကြောက်ရွံ့စိတ်တွေအပြင် စိုးရိမ်စိတ်တွေပါ တစ်ပြိုင်တည်းတိုးဝင်လာကြသည်။ မျက်ဝန်းအိမ်မှ မျက်ရည်ကြည်လေးများ ဝေ့ဝဲတက်လာရပေမယ့် ဖောက်ခနဲ ကြွေဆင်းကျမသွားအောင် ထိန်းချုပ်တားဆီးထားမိသည်။

ဆံနွယ်ညိုလေးတွေကို ထိုးဖွကာ နှုတ်ဆက်ပြီး ထွက်ခွာသွားတဲ့ ဒေါ်ကြွေနောက်ပိုင်းလေးကို ငေးကြည့်ကာ အားငယ်စိတ်များ တဖွားဖွားဖြစ်ပေါ်နေရသည်။

"ကောင်လေး"

"ဗျာ"

"လိုက်ခဲ့"

"ဟုတ်ကဲ့"

အိမ်တော်ထိန်းကြီး ဦးထေရဲ့အမိန့်အောက်တွင် လွန်ဆန်ရဲခြင်းမရှိစွာ ရှင်းပီတိတစ်ယောက် ကိုယ့်အဝတ်ထုပ်လေးကိုယ်ဆွဲကိုင်ကာ ခြေလှမ်းသွက်သွက်လေးတွေနှင့် လိုက်ပါသွားမိတော့သည်။



အခန်း [၃]

"ရှင်းပီတိ"

"ဗျာ"

"လိုက်ခဲ့"

"ဗျာ"

"မိုးဝသာနှဲ့တွေ့ရမယ်"

ဟာ...။

ရှင်းပီတိခန္ဓာကိုယ်လေး လေထဲလွင့်ခနဲ မြောက်တက်သွားသလို ခံစားလိုက်ရသည်။ ဦးထေဆိုတဲ့ အိမ်တော်ထိန်းကြီးရဲ့ စီစဉ်ပေးမှုကြောင့် ခြံနောက်ဘက်က အလုပ်သမားတန်းလျားလေးတွင် ရှင်းပီတိနေဖို့ အခန်းလေးတစ်ခန်း ရခဲ့သည်။ ကျဉ်းမြောင်း



www.burmeseclassic.com

www.burmeseclassic.com



လွန်းသော ထိုအခန်းလေးကိုကြည့်ပြီး ရှင်း ငိုချင်သွားရ၏။ အခန်းလေးထဲမှာ သင်ဖြူးဖျာလေးတစ်ချပ်၊ ခေါင်းအုံးတစ်လုံး၊ စောင်တစ်ထည်နှင့် ခြင်ထောင်သေးလေးတစ်ခုသာရှိပြီး တခြားဘာမှမရှိချေ။

ရှင်းနေခဲ့ရသော အိပ်ခန်းလေးနှင့် တခြားစီပါပဲ။

အိစက်နေတဲ့ မွေ့ယာကြီးနဲ့ နူးညံ့တဲ့ ဂွမ်းစောင်ကြီးကို မျက်ဝန်းထဲပြန်မြင်ယောင်ပြီး ဝမ်းနည်းသွားရသည်။ မေမေ့ကျေးဇူးတွေကြောင့် မတောင့်မတာဘဝလေးထဲတွင် နေခဲ့ရတာကြောင့် မေမေ့ကို ပို၍ပင် လေးစားကြည်ညိုသွားရသည်။

ဒါကြောင့်...

မေမေ့ရဲ့စိတ်ချမ်းသာမှုတွေကို အစွမ်းကုန် ဖြည့်ဆည်းဖို့ ရှင်း ဆုံးဖြတ်လိုက်မိ၏။ မေမေ့ရဲ့ မျှော်လင့်ချက်တွေ ရှင်းပီတိကြောင့် မဆုံးရှုံးစေရဘူးဆိုတာကိုပေါ့။

"ကောင်လေး လာလေ၊ ဘာငိုင်တိငိုင်တိုင်လုပ်နေတာလဲ"

ရှင်း...

ရှေ့ကနေ ဆတ်တောက်တောက်သွားနေတဲ့ ဘကြီးထေ နောက်သို့ ခြေလှမ်းသွက်သွက်လှမ်းကာ လိုက်သွားမိသည်။ အိမ်တော်ထိန်းကြီးကတော့ ရှင်းကို တစ်စက်ကလေးမျှပင် လှည့်စောင်းမကြည့်တော့။





"ရှင်းပီတိကို ခေါ်လာပါပြီ မေမေကြီး"

ဧည့်ခန်းကျယ်ကြီးထဲ ရောက်ပြီဆိုတာနှင့် အိမ်တော်ထိန်းကြီးဦးထေက ခေါင်းလေးငုံ့ကာ အရိုအသေပေးပြီး ရှင်းလိုက်ပါလာပြီဆိုတဲ့အကြောင်းကို အသိပေးလေလျှင် အဘွား ဒေါ်တော်ဝင်နန်းဆီက ချိုသာနူးညံ့တဲ့စကားသံလေး ထွက်လာ၏။

"မြေး...ဝသသန်လေး၊ ဒါ မြေးလေး လက်တိုလက်တောင်းခိုင်းဖို့ ဘွားနန်းခေါ်ထားတာ၊ မြေးလေး သဘောကျရဲ့လား၊ မြေးသဘောမကျရင် ချက်ချင်းပဲ သူ့ကိုပြန်ပို့မှာ"

ဟင်...။

ရှင်းပီတိ မျက်ဝန်းလေးတွေ ပြူးဝိုင်းသွားရသည်။

အဘွားတော်ဝင်နန်းရဲ့ စကားကြောင့် ရင်တထိတ်ထိတ်ခုန်သွားရသူက ရှင်းပီတိပါပဲ။ ပြန်ပို့မှာဆိုတဲ့ စကားလုံးကြောင့် ရှင်း ဘယ်လိုမှ ဂဏှာမငြိမ်နိုင်လောက်အောင် ပြူးပြာသွားရသည်။

မျှော်လင့်ချက်ကြီးစွာနှင့် မိုးဝသသန်ဆိုတဲ့ ရှင်းထက် အသက်နှစ်နှစ်လောက်ကြီးပုံရသော ရွှေရောင်ဆံပင်တိုတို၊ ပြာလဲ့သော မျက်ဝန်းတစ်စုံနှင့် ဖြူဖွေးဝင်းစိုနေသော အသားအရေလေးကို ပိုင်ဆိုင်ထားသည့် ကောင်ချောလေးဆီ လှမ်းကြည့်လိုက်မိ၏။

ထိုကောင်လေးကလည်း ရှင်းပီတိကို ခပ်စူးစူးလေး စိုက်ကြည့်နေတာမို့ မျက်ဝန်းအကြည့်ချင်း ဆုံသွားရသည်။

မငြင်းလိုက်ပါနဲ့ မိုးဝသသန်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်းကို မငြင်းလိုက်ပါနဲ့နော်။

ရှင်းကို…

လက်ခံပေးပါ မိုးဝသန့်ရယ်။

ရှင်း…

ဒီမှာနေခွင့်ရမှ ဖြစ်မှာမို့ပါ။ ရှင်းကို ခေါင်းလေးခါယမ်းပြီး မငြင်းလိုက်ပါနဲ့ မိုးဝသန့်ရယ်။

ရှင်း…

စိတ်ထဲကနေ တတွတ်တွတ်ရေရွတ်ကာ တောင်းပန်နေမိသည်။ ရှင်းရဲ့အနာဂတ်က မိုးဝသန့်လက်ထဲမှာ ရှိနေပြီဆိုတဲ့အသိကြောင့် ရှင်းရင်ထဲကနေ အကြိမ်ကြိမ်တောင်းဆိုနေမိ၏။

"မြေးလေး…ဘယ်နှယ့်လဲ သဘောမကျဘူးလား"

"စောင့်ကြည့်ဦးမယ် ဘွားနန်း"

"ဟော"

မြေးဖြစ်သူရဲ့စကားကြောင့် ဒေါ်တော်ဝင်နန်းရဲ့ မျက်ခုံးလေးတွေ ပင့်တက်သွားရ၏။

"ဟုတ်တယ် ဘွားနန်း၊ ဝသန့်အတွက် ဒီကောင် ဘယ်လောက်ထိ အလုပ်လုပ်ပေးနိုင်သလဲဆိုတာ စမ်းသပ်ကြည့်ရဦးမယ်"

"ဒါဆို…ရှင်းပီတိကို လက်ခံထားရမယ်ဆိုတဲ့သဘောလား မြေးလေး"





"ယာယီအားဖြင့်တော့ ဟုတ်တယ် ဘွားနန်း၊ ဒီကောင် ဝသန့်ဒဏ်ကို ဘယ်လောက်ထိ ခံနိုင်ရည်ရှိသလဲဆိုတာ စမ်းသပ်ဦးမယ်၊ ဝသန့်မကြိုက်ဘူးဆိုမှ ပြန်နှင်ခိုင်းလိုက် ဘွားနန်း"

"အဟင်း…ဟင်း ဟုတ်တာပေါ့ကွယ်၊ စမ်းသပ်သင့်တာပေါ့၊ ဘွားနန်းမြေးကတော့လေ တကယ်ပါပဲ ဘယ်လိုအရာမျိုးကိုမဆို တစိုက်မတ်မတ်လေ့လာသုံးသပ်ပြီးမှ ဆုံးဖြတ်ချက်ချတော့တာပဲ၊ ကောင်းတယ် ကောင်းတယ်၊ မြေးလေးပြောသလိုပဲ လုပ်ကြတာပေါ့"

ဒေါ်တော်ဝင်နန်းတစ်ယောက် မျက်နှာတည်တည်လေးနဲ့ တကယ့်လူကြီးလေးတစ်ယောက်လို ပြောလိုက်တဲ့ အသည်းကျော် မြေးလေး မိုးဝသန့်ကိုကြည့်ပြီး သဘောတွေအကျကြီး ကျနေရသည်။

"ကဲ…ဦးထေ…ကြားတယ်နော် ပွဲစားမကြွေကို ရှာပြန်ခိုင်းလိုက်တော့၊ ဒါပေမယ့် အချိန်မရွေး ဆက်သွယ်လို့ရနိုင်မယ့် လိပ်စာကိုတော့ တောင်းထားလိုက်ဦးထေ"

"ဟုတ်ကဲ့ပါ မေမေကြီး"

"ခေါ်သွားတော့ ဦးထေ"

"ဟုတ်ကဲ့"

ဦးထေ ခေါင်းလေးညိတ်ကာ ရှင်းပီတိဘက်သို့ မျက်နှာအလှည့်။



www.burmeseclassic.com

www.burmeseclassic.com



"နေဦး…ဘကြီးထေ သူ့ကိုခေါ်မသွားနဲ့ဦး"

ဟင်…။

တားဆီးလိုက်တဲ့ မိုးဝသန်ရဲ့ အသံစူးစူးလေးကြောင့် ရှင်း ခန္ဓာကိုယ်လေး ဆတ်ခနဲတုန်သွားရ၏။ ဘာပဲပြောပြော မိုးဝသန် မငြင်းပယ်လိုက်တဲ့အတွက် ရှင်း ဝမ်းအသာကြီး သာသွားမိတာအမှန်ပါပဲ။ သို့ပေမယ့် မိုးဝသန်ရဲ့ 'စမ်းသပ်ဦးမှာ' ဆိုတဲ့ စကားလေးကြောင့် ရှင်းပီတိစိတ်တွေ အလှုပ်ရှားကြီးလှုပ်ရှားနေရသည်။

သူ ဘာတွေစမ်းသပ်ဦးမလဲ မသိပါဘူး။

ရှင်း…

ကြောက်ဒူးလေးတွေ တုန်နေရသည်။

သို့ပေမယ့်…

ယိုင်နဲ့ချင်နေတဲ့စိတ်ကို နိုင်အောင်ထိန်းချုပ်ထားမိသည်။ မိုးဝသန်ဆိုတဲ့ ကောင်လေးဆီက ဘယ်လိုတုံ့ပြန်မှုတွေ ကျရောက်လာမလဲဆိုတာ စောင့်စားရင်း ရှင်းပီတိ ငြိမ်သက်နေမိသည်။ အခိကက ရှင်းပီတိ ဒီခြံကြီးထဲမှာ နေထိုင်ခွင့်လေးရဖို့ပဲလေ။

"ဟေ့ကောင်"

ဟင်

ရင့်သီးလိုက်တဲ့ ခေါ်သံကြီးက ရှင်းရဲ့နားစည်ထဲ ကိုးလို့ကန့်လန့်ကြီး တိုးဝင်လာ၏။ ဒါ မိုးဝသန်ရဲ့ခေါ်သံပါပဲ။ နားခါး





လိုက်တာ။

"မင်းနာမည်က ဘယ်သူ"

မေးသံက မာဆတ်ဆတ်။

"ရှင်း…ရှင်းပီတိပါ"

"ကောင်းပြီ ရှင်းပီတိ၊ မင်း ငါနဲ့လိုက်ခဲ့"

"ဗျာ"

"လိုက်ခဲ့လေ… ဘာအူကြောင်ကြောင်လုပ်နေတာလဲ"

"ဟုတ်…ဟုတ်ကဲ့ခင်ဗျ"

ရှင်းပီတိတစ်ယောက် ရှေ့ကနေ ဆောင့်ကြွားဆောင့်ကြွားနှင့် ခေါင်းလေးမော့ကာ ထွက်သွားသော မိုးဝသန်နောက်သို့ ထပ်ကြပ်မကွာ နောက်ကနေ လိုက်ပါခဲ့မိသည်။ မိုးဝသန်က ခြံကျယ်ကြီးထဲသို့ ဆင်းသွားတာလေ။ ဒီတော့ ရှင်းပီတိရဲ့ တိုက်ကြီးထဲကနေထွက်ပြီး ခြံထဲလိုက်ဆင်းခဲ့ရတာပဲပေါ့။

"ရှင်းပီတိ"

"ဗျာ"

"စက်ဘီး သွားယူခဲ့လို့ပြောတာ၊ ငါ စက်ဘီးစီးချင်လို့ မင်းအနောက်က လိုက်တွန်းပေး"

"ဟုတ်…ဟုတ်ကဲ့ မိုးဝသန်"

"ဘာ ဟေ့ကောင် မင်း…မင်း ငါ့ကိုဘယ်လိုခေါ် လိုက်တယ် ရှင်းပီတိ"



www.burmeseclassic.com

www.burmeseclassic.com



ဟင်

သူ့ရုပ်အကျီကော်လံစလေးကို ခပ်တင်းတင်းဆုပ်ကိုင်ပြီး တင်းမာသောမျက်နှာထား၊ စိမ်းသက်သောမေးသံကြောင့် ရှင်းပီတိ မျက်နှာလေး သေးငယ်သွားရ၏။ ဘာများမှားသွားလို့လဲ။ မိုးဝသန် လို့ ခေါ်လိုက်တာလေ။ ဒါ သူ့နာမည်အရင်းပဲဥစ္စာ။ ဒါကို သူက ဘာကြောင့်များ ဒေါသတကြီး ရန်လိုသွားရတာပါလိမ့်။ ရှင်းပီတိ စဉ်းစားလို့မရပါ။

"ဟို…ဟို…ဘာ…ဘာဖြစ်လို့လဲဟင်၊ ရှင်း…ရှင်း ဘာ မှားသွားလို့လဲ မိုးဝသန်ရယ်"

"ခေါ်ပြန်ပြီ ဒီမိုးဝသန်လို့၊ မင်းနဲ့ငါက အဆင့်ချင်းတူ တာမဟုတ်ဘူး ရှင်းပီတိ၊ မင်းက ငါ့ရဲ့အခိုင်းစေတစ်ယောက်ပဲ မိုးဝသန်လို့ ပြန်ခေါ်ခွင့်မရှိဘူးကွ၊ အစ်ကိုလေးဝသန်လို့ခေါ်၊ ကြားလား ဟေ့ကောင်"

"ဟုတ်…ဟုတ်ကဲ့ အစ်ကိုလေးဝသန်"

ဒီတော့မှ ကော်လံစကို ဆုပ်ကိုင်ထားသော လက်ကိုဖြေ လွှတ်ကာ…

"အေး…သွားတော့"

"ဟုတ်ကဲ့ခင်ဗျ"

ရှင်းပီတိ

အစ်ကိုလေးမိုးဝသန်ရှေ့ကနေ ကပျာကယာလေး ပြေး





ထွက်ခဲ့မိသည်။ မြင်မြင်ချင်း သောက်နဲ့ထွင်းဆိုသလိုပါပဲ။ မိုး ဝသန်ဆိုတဲ့ ခြံကြီးရှင်သူဌေးမကြီး ဒေါ်တော်ဝင်နန်းရဲ့မြေးက ပညာ ပြခဲ့ချေပြီ။

ရှင်း

ဘယ်လိုမှမတတ်နိုင်ပါ။

မိုးဝသန်ရဲ့ စေခိုင်းခြင်းကို ကျေနပ်အောင်လုပ်ပေးရမည်။ ဒါမှ မိုးဝသန်က အလုပ်ခန့်ဖို့ အမိန့်ပေးမှာလေ။ ဒီတိုက်ကြီးထဲ မှာ အဘွားတော်ဝင်နန်းရဲ့ အမိန့်သြဇာညောင်းသလားမှတ်တယ် မိုးဝသန်က ပို၍ပင် သြဇာညောင်းနေ၏။

မိုးဝသန် ဒါဆိုဒါပဲ။

မိုးဝသန်ရဲ့ စကားအတိုင်း တည်မြဲအောင်သာ ကြိုးစား ဖြည့်ဆီးနေကြသည်။ အဲဒီအထဲမှာ ရှင်းပီတိလည်း အပါအဝင်ပေါ့။ ရှင်းပီတိက အခုဆိုရင် ဒီခြံကြီးထဲက အလုပ်သမားတစ်ယောက် ဖြစ်သွားပြီလေ့။

အထူးသဖြင့်…

မိုးဝသန်အတွက် သီးသန့်ခိုင်းဖို့ခေါ်ထားတဲ့ အလုပ် သမားအသစ်လေး။ မိုးဝသန်ကျေနပ်မှ အလုပ်တည်မြဲရမည့်ဘဝ။ ဒီတော့ ရှင်းဘာလုပ်ရမလဲ။ မိုးဝသန်·စိတ်ကျေနပ်အောင် ဖြည့်ဆီး ပြီးနေရုံကလွဲပြီး ဘာမှုမတတ်နိုင်တော့ချေ။

ဂိုထောင်လေးထဲကနေ ပြိုင်ဘီးပုံစံ စက်ဘီးအသေးစား



www.burmeseclassic.com

www.burmeseclassic.com



လေးကို တွန်းတုတ်ကာ မိုးဝသန်ရှိနေသော နေရာလေးဆီ ရှင်းပီတိ ပြန်လာခဲ့မိသည်။

"အစ်ကိုလေး မိုးဝသန်၊ စက်ဘီးစီးလို့ရပါပြီ"

"အေး"

မိုးဝသန်တစ်ယောက် စက်ဘီးလေးပေါ်သို့ အကျအန တက်ထိုင်လိုက်သည်။

"ရှင်းပီတိ"

"ဗျာ"

"နောက်က လိုက်တွန်းပေး"

"ဟုတ်...ဟုတ်ကဲ့ အစ်ကိုလေးဝသန်"

"ဖြည်းဖြည်းတွန်းနော် အရမ်းတွန်းလို့ စက်ဘီးလဲကျရင် မင်းမလွယ်ဘူး"

"ဟုတ်ကဲ့ပါ ခင်ဗျ"

ရှင်းပီတိ ခေါင်းလေးညိတ်ကာပင် တရိုတသေလေး ဖြေမိသည်။

"တွန်းတော့ ရှင်းပီတိ"

တွန်းတော့ဟုပြောတာနှင့် ရှင်းပီတိတစ်ယောက် စက်ဘီးနောက်ဘက် ကယ်ရီယာခုံလေးကို သေချာကိုင်ကာ လိုက်တွန်းပေးနေမိသည်။ ခြံကြီးက ကျယ်လွန်းသဖြင့် စက်ဘီးလေးက နင်းချင်တိုင်း နင်းလို့ရနေ၏။





မိုးဝသန်

တမင်းသက်သက် ရှင်းပီတိကိုညှင်းတာပဲ။

စက်ဘီးမစီးတတ်တာလည်းမဟုတ်ဘဲ တမင်သက်သက် ရှင်းပီတိကို လိုက်တွန်းခိုင်းနေ၏။ စောစောက အိမ်ထဲမှာမို့ ဖိနပ်က နောက်ဖေးမီးဖိုချောင် တံခါးပေါက်တက်တွင် ချွတ်ထားခဲ့သည်။ ဒါကြောင့် ရှင်းပီတိမှာ ဖိနပ်မပါချေ။

ကွန်ကရစ်ခင်းထားသော လမ်းလေးအတိုင်း ရှင်းပီတိ တစ်ယောက် စက်ဘီးလေးကို လိုက်တွန်းပေးနေရ၏။ ငယ်က လည်းငယ်၊ ခရီးကလည်း ပန်းနေတာမို့ ခဏလေးအတွင်းမှာပဲ ရှင်းပီတိရဲ့ အသက်ရှူသံလေးကျယ်လောင် မြန်ဆန်လာရ၏။

စက်ဘီးလေးနောက်သို့ မပြေးရုံတမယ် လိုက်နေရတာ မို့ ခြေဖဝါးနုနုလေးတွေ ကျိန်းစပ်ကာ နာကျင်လာရသည်။ ခန္ဓာ ကိုယ်တစ်ခုလုံး ချွေးတွေရွှဲနစ်ကာ ဟောဟဲလိုက်အောင် အမောဆို့ နေရ၏။

သို့သော်...

ရှင်းပီတိ မရပ်ရဲပါ။

မိုးဝသန်ဆီက တော်တော့လို့ မပြောမချင်း ဆက်ပြီးတွန်း ပေးနေမိသည်။

"ရှူး...ရှဲ...ဟူး"

"ရှူး...ရှဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟောဟဲ"

"ဟောဟဲ"

ရှင်းပီတိ

မခံမရပ်နိုင်လောက်အောင် မောလာရသလို ဒူးလေးတွေက ကွေးညွှတ်ချင်နေပြီ။ ခြေသလုံးဆီမှ နာကျင်သောဝေဒနာက ပို၍တိုးလာ၏။

"ဟော့ကောင် ရှင်းပီတိ၊ တွန်းလေကွာ အားမရှိဘူးလားကွ၊ ဘာလဲ အခုကတည်းက အချောင်ခိုချင်နေပြီလား ဟော့ကောင်၊ ဒီပုံစံနဲ့အလုပ်လာလျှောက်ရသေးတယ်လို့ကွာ၊ တွန်းစမ်းပါကွ"

ဟင်

မိုးဝသသန့်ရဲ့ စကားလေးကြောင့် ရှင်းပီတီ မရပ်ရဲတော့ဘဲ ဆက်တွန်းပေးနေမိ၏။

"ရှူး...ရှူး"

"ဟောဟဲ...ဟောဟဲ"

အသက်ရှူသံက ပို၍ပြင်းထန်လာ၏။

နာကျင်နေသော ခြေသလုံးကြွက်သားဆီမှ ဝေဒနာဆိုးကို ဖြေဖျောက်ကာ ရှင်းပီတိစက်ဘီးလေးကို ဆက်ပြီးတွန်းပေးနေမိသည်။

"လုပ်စမ်းပါကွာ...ယောကျ်ားမဟုတ်တဲ့အတိုင်းပဲ မြန်မြန်လေးတွန်းစမ်း၊ ရှင်းပီတိရ ဟား...ဟား"





မိုးဝသသန့်တစ်ယောက် တအားကို အူမြူးနေရသည်။ ဘွားဘွား တော်ဝင်နန်းက သူ့အတွက် အဖော်ရအောင်ဆိုပြီး ကောင်လေးတစ်ယောက်ကို ခိုင်းဖို့ခေါ်ပေးထားတယ်တဲ့လေ။

အရင်ကောင်တွေတုန်းကတော့ မိုးဝသသန့်ရဲ့ဒဏ်ကို မခံနိုင်ကြလို့ တစ်ရက်ပဲနေပြီး နောက်နေ့ပြန်ပို့ခိုင်းကြ၏။ အလကား စိတ်ဓာတ်မခိုင်မာတဲ့ကောင်တွေ။ မိုးဝသသန့် အလိုမရှိပါဘူး။ ပျော့ညံ့ညံ့နဲ့ သူများဆီက လစာငွေကို အလကား အချောင်ခိုပြီး လိုချင်နေကြသည်။

အခုလည်း...

ရောက်လာပြန်ပြီ တစ်ယောက်။

ရှင်းပီတီတဲ့။

ဒီကောင့်ပုံစံကိုကြည့်ကတည်းက မိုးဝသသန့် ရယ်ချင်နေရသည်။

ပျော့ညံ့ညံ့နဲ့ ဖြူရော်ရော်လေး။

ဒီကောင်လည်းပြေးမှာပဲ။ မိုးဝသသန့် ထုတ်စရာတောင်လိုမှာမဟုတ်ချေ။

သူ့ဒဏ်ကို ဘယ်လိုလူမျိုးကမှ ဒဏ်မခံနိုင်။ ရှင်းပီတိဆိုတဲ့ကောင်ကို ဘွားဘွားတော်ဝင်နန်းပြတော့ မိုးဝသသန့် အံ့သြသွားရသည်။ သူ့ထက်ပင် အသားအရေလေး ဖြူဝင်းနေစ်ကာ ချောမောနေတဲ့ ရှင်းပီတိကိုကြည့်ပြီး မနာလိုစိတ်လေး ဝင်သွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးဝသန်ခိုင်းဖို့တဲ့။

ထင်တောင်မထင်ရ။

တကယ့်အဝတ်အစားကောင်းတွေ ဝတ်ရရင် ဒီကောင် တော်တော်ချောမှာ။ မိုးဝသန် ကျောင်းကပြန်ရောက်ကတည်းက ရှင်းပီတိရဲ့ ချစ်စရာကောင်းတဲ့ အကြောင်းလေးတွေက အိမ်ကလူတွေရဲ့ ပါးစပ်ဖျားမှာ ရေပန်းစားနေခဲ့၏။ လူတိုင်းက ရှင်းပီတိလေး ဘဝကို သနားနေကြသည်။

မိုးဝသန် မကျေနပ်။

ဒါကြောင့် တမင်ခိုင်းစေဖို့ ဘွားနန်းကို ပြန်မပို့ခိုင်းတာ။

မင်း...

ငါ့အနားမှာပဲ ငါ့အမိန့်ကိုနာခံရင်း နေရမယ် ရှင်းပီတိ။ မင်းဟာ ငါ့အတွက် အမြဲရှိနေပေးရမယ့်လူတစ်ယောက်ပဲ ဖြစ်နေရမယ်။ ငါ မင်းကိုပြန်မလွှတ်ဘူး ရှင်းပီတိ။ မင်းဟာ ငါ့ရဲ့ထာဝရ အလုပ်သမားပဲ ဖြစ်နေစေရမယ်။

မိုးဝသန် စိတ်ထဲကနေ ကြိတ်ပြီး ကြိမ်းဝါးနေမိသည်။

ရှင်းပီတိမျက်နှာဆီ လှမ်းကြည့်တော့လည်း ဒီအလုပ်ကိုမရမှာသေလောက်အောင် ကြောက်ရွံ့နေတာတွေ့တော့ မိုးဝသန် ပို၍ပင် ပျော်ရွှင်ကျေနပ်သွားရသည်။ အလိုလိုက်ခြင်းခံထားရသော မိုးဝသန်ရဲ့ တစ်ဖက်သားအပေါ် အနိုင်ကျင့်ပြီးမှ ကျေနပ်တတ်တဲ့ အကျင့်ဆိုးလေးက ခိုတွယ်ကာ ရှင်းပီတိကို ပညာကောင်းကောင်း





ကြီး ပေးနေမိသည်။

"ဟာ"

"ဘုန်း"

"အောင်မလေးဗျ"

ဟင်...။

မိုးဝသန်ရဲ့ စက်ဘီးလေး ရှေ့သို့ ဝေါခနဲရောက်သွားရ၏။

အတွေးလွန်ပြီး စက်ဘီးကို တအားဆောင့်နင်းမိသွားသည်။ ကုန်းလျှောအဆင်းလေးမို့ ရှင်းပီတိ ဘယ်လိုမှမတတ်နိုင်တော့ပုံရ၏။ သူ့စက်ဘီးကို တွန်းနေရာမှ လွှတ်လိုက်၏။ ပြီးနောက် သူ့ခန္ဓာကိုယ်အရှိန်ကို သူမထိန်းနိုင်ဘဲ လဲကျကျန်ရစ်ခဲ့သည်။

ကျွီ...။

မိုးဝသန် စက်ဘီးလေးကို ဘရိတ်ဖမ်းညှစ်ကာရပ်ပြီး ပြန်ကွေ့လိုက်သည်။ ပြီးနောက် ဖြေးညှင်းစွာနင်းပြီး လဲကျနေသော ရှင်းပီတိရှေ့တွင် စက်ဘီးလေးထိုးရပ်ကာ စက်ဘီးပေါ်ကမဆင်းဘဲ ခြေတစ်ဖက်ကို မြေမှာထောက်ကာ အားပြုရပ်လျက် ငုံ့ကြည့်လိုက်ပြီး...

"ဟော့ကောင်...ရှင်းပီတိ၊ ဘယ်လိုလဲ အဆင်ပြေတယ် မဟုတ်လား"

"ဟောဟဲ...ဟုတ်၊ ဟောဟဲ ပြေ...ပြေပါတယ် အစ်ကိုလေးဝသန်"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေရင် ထတော့ပေါ့ကောင်"

"ဟုတ်ကဲ့..အစ်ကိုလေးဝသသန်၊ ရှူး..ရှူး"

"မင်း...သွားနားတော့"

"ဗျာ"

"အနားယူတော့လို့ပြောတာ"

"ဟုတ်...ဟုတ်ကဲ့ခင်ဗျ"

ပြောပြီးတာနှင့် မိုးဝသသန် စက်ဘီးလေးနင်းကာ တိုက်အိမ်ဖြူဖြူကြီးဆီသို့ ဦးတည်ကာထွက်သွား၏။

ရှင်းပီတိ

မြေပေါ်လဲကျနေရာမှ ဖြည်းဖြည်းချင်းထထိုင်ကာ ကျော ခိုင်းထွက်ခွာသွားတဲ့ မိုးဝသသန်ဆီ လှမ်းကြည့်ပြီး စိုးရိမ်စိတ်လေးများ ခိုတွယ်သွားမိသည်။ တံတောင်ဆစ်နှင့် ဒူးခေါင်းဆီမှ စိမ့်ထွက်နေသော ဒဏ်ရာမှ သွေးတို့ကို မကြည့်အားဘဲ မိုးဝသသန်ဆီ စိုးရိမ်တကြီး လှမ်းကြည့်နေမိသည်။

စိတ်ပျက်သွားပြီလား။

မိုးဝသသန် အလုပ်မခန့်ချင်လောက်အောင်ပဲ ရှင်းကို စိတ်ပျက်သွားပြီလားဆိုတာကိုတွေးမိပြီး ရင်တစ်ခုလုံး လေးပိသွားရချေတော့၏။



အခန်း [၄]

"တောင်းပန်ပါတယ်...အစ်ကိုလေးဝသသန့်ရယ်၊ နောက်တစ်ခါကျရင် ဒါမျိုးမဖြစ်စေရပါဘူး၊ ရှင်း တောင်းပန်ပါတယ်နော်၊ ရှင်းကို ပြန်မလွှတ်ပါနဲ့ အစ်ကိုလေးရယ်"

ရှင်းပီတိ မျက်ရည်လေးတွေ တစ်ပေါက်ပေါက်စီးကျကာ ခြေသလုံးလေးဖက်ပြီး မိုးဝသသန်ကို တောင်းပန်နေမိသည်။ ရှင်းပြန်လို့မဖြစ်ပါ။ မေမေက ဘာယ်လိုအကြောင်းကြောင့် ဒီခြံကြီးထဲမှာ နေစေချင်မှန်း မသိပေမယ့် မေမေ့ဆန္ဒလေးပြည့်အောင် ရှင်းနေပေးချင်မိသည်။

"မဖြစ်ဘူး...ရှင်းပီတိ၊ မင်းက သိပ်ပျော့ညံ့တဲ့ကောင်ပဲ၊ ငါက အခြောက်လိုလို၊ ဂန်ဒူးလိုလို ပျော့ညံ့တဲ့ကောင်ဆိုရင် လုံးဝ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရတာမဟုတ်ဘူး ရှင်းပီတိ''

''ရှင်း…ရှင်း မပျော့ညံ့ပါဘူးဗျာ''

''စက်ဘီးလေးလိုက်တွန်းရတာတောင် ခဏလေးရှိသေးတာ၊ မင်းက ခွေယိုင်နေပြီ၊ မင်းလိုကောင်မျိုးကို ငါက ဘယ်လိုအားကိုးရတော့မလဲ ရှင်း၊ ငါ့ဒဏ်ကို မင်းမခံနိုင်ပါဘူးကွာ''

ရေကူးကန်ပြာလဲ့လဲ့လေးတွင် ရေကူးဖို့ ပြင်ဆင်နေတဲ့ မိုးဝသန်နောက် တကောက်ကောက်လိုက်ကာ ရှင်းပီတိ လိုက်တောင်းပန်နေမိသည်။ မိုးဝသန်ကတော့ ခေါင်းကို အဆက်မပြတ် ခါယမ်းနေတော့တာပဲလေ။

မိုးဝသန် မထားဘူးဆိုရင် ရှင်းပီတိ ပြန်ပို့ခံရမည်။

ဘယ်လိုအကြောင်းမျိုးနှင့်မှ အဘွားတော်ဝင်နန်းက လက်ခံမထားဘူးဟု ပြတ်ပြတ်သားသား အမိန့်ချထားသည်။

''ရှင်း…ရှင်း ကတိပေးပါတယ် အစ်ကိုလေးရယ်၊ နောက်တစ်ခါ အစ်ကိုလေး စိတ်မညစ်စေရပါဘူးဗျာ''

မိုးဝသန်

ရှင်းပီတိရဲ့မျက်နှာလေးဆီ စူးနေအောင် စိုက်ကြည့်လိုက်မိသည်။ ချောမောလွန်းတဲ့ မျက်နှာလေးဆီမှာ စိတ်ရှုပ်ထွေးမှုတွေနဲ့ မှုန်ကုတ်နေရ၏။

ရှင်းပီတိ။

လူပုံစံက ပျော့ညံ့ညံ့။





မိုးဝသန်ခိုင်းစေဖို့ ဘွားနန်းခေါ်ပေးထားတဲ့ ရှင်းပီတိ။

ဒီကောင် လက်ကြောတင်းမဲ့ကောင် မဟုတ်ဘူးဆိုတာ မိုးဝသန် ရိပ်မိပေမယ့် ဒီကောင်အနားမှာရှိနေတာကို မိုးဝသန် ဘာကြောင့်နှစ်သက်နေမိသလဲဆိုတာ စဉ်းစားမရပါ။ သို့သော် တစ်ဖက်သားစိတ်ညစ်နေတာကို ကြည့်ပြီးမှ ပျော်ရွှင်တတ်သော မိုးဝသန်အတွက် အခုလည်း ရှင်းပီတိကို ပြန်ပို့ခိုင်းမည်ဟု တမင် စနောက်လိုက်ခြင်းဖြစ်သည်။

ဒါကို…

ရှင်းပီတိဆိုတဲ့ကောင်က တကယ်ထင်မှတ်ကာ ငိုယိုပြီး တောင်းပန်နေတော့၏။ အဲဒါကိုပဲ မိုးဝသန် စိတ်ထဲကနေ ရယ်နေမိတာလေ။ မိုးဝသန် ပြန်ခိုင်းချင်မှဖြင့် ရှင်းပီတိကို အသိပေးစရာလိုတော့မလား၊ ဘွားနန်းကို တစ်ခွန်းပြောလိုက်တာနှင့်ပြီးပြီ။ ဒါကို ရှင်းပီတိဆိုတဲ့ကောင် လုံးဝမစဉ်းစားတတ်ချေ။ တကယ့်ကို ရိုးသားတဲ့ ရှင်းပီတိပါပဲ။

''တကယ်ပြောတာပါ အစ်ကိုလေးဝသန်ရယ်၊ ရှင်း နောက်တစ်ခါဆို ဒီထက်ပိုပြီး ကြိုးစားပါ့မယ်၊ ရှင်းကို မပြန်ခိုင်းပါနဲ့နော်၊ အဟင့်…ဟင့်…အီး…ဟီး…ဟီး''

''ဟာ…ဟော့…ဟော့ကောင် မငိုနဲ့လေ၊ မင်း…မင်း ဘာလို့ငိုရတာလဲ''

မိုးဝသန် လန့်ရပြီ။



www.burmeseclassic.com

www.burmeseclassic.com



အံ့သြရပြီ။

သူ့ရှေ့မှာ တစ်စုံတစ်ယောက် ဝမ်းနည်းပက်လက် ငိုတာမျိုး ဒီကစ်ခါသာမြင်ဖူးတာမို့ မယုံကြည်နိုင်လောက်အောင်ပင်ဖြစ်ကာ ဘာလုပ်လို့လုပ်ရမှန်းပင် မသိတော့ချေ။ ငိုနေတဲ့ ရှင်းပီတိကို ငေးကြောင်ပြီးကြည့်နေမိ၏။

"အီး…ဟီး…ဟီး…အစ်…အစ်"

ရှင်းပီတိ ငိုပစ်လိုက်မိသည်။

ရှင်းခန္ဓာကိုယ်တစ်ခုလုံး လှုပ်ခါယမ်းနေအောင်ကို ငိုပစ်လိုက်မိသည်။

ရှင်း

ဘယ်လိုမှ ပြန်လို့မဖြစ်ဘူးဆိုတာ ရှင်း အသိဆုံးပဲလေ။ အခုတော့ ရှင်းရဲ့ ညှို့ဖျင်းမှုကြောင့် မိုးဝသန် စိတ်ပျက်သွားချေပြီ။ ဒါကို ရှင်း ဘယ်လိုဖြေပေးရမှန်းပင် မသိတော့ပါ။ အထင်ထပ် အခါခါ တောင်းပန်နေကာကိုပင် မိုးဝသန်က လက်မခံတော့ဘူးလေ။

"ဟော့ကောင်…ကိတ်လေကွာ ဘာလို့ငိုနေတာလဲကွ။ ပြဿနာပဲ"

မိုးဝသန်

အတင်းပဲ ကိတ်ခိုင်းနေမိသည်။ ဒီကောင် အခုလိုငိုနေတာ တွေ့ရပြန်တော့လည်း စိတ်ထဲ တစ်မျိုးကြီးဖြစ်နေရသည်။ ဘယ်လို





ခံစားမှုကြီးလဲဆိုတာ မိုးဝသန် ကိုယ်တိုင် ငယ်ရွယ်လွန်းသေးလို့လားမသိ ဝေခွဲတတ်ခဲ့ပါ။

"ဟော့ကောင်…တိတ်ပါတော့ကွာ၊ ငါ မင်းကိုမပြန်ခိုင်းတော့ပါဘူး၊ ငါ မင်းကိုစတာပါကွာ၊ တိတ်တော့"

ဟင်

အစ်ကိုလေး မိုးဝသန်စကားကြောင့် ရှင်းပီတိရဲ့ ငိုသံလေး တိခနဲတိတ်သွား၏။ ရှင်းပီတိကိုစတာတဲ့။ တကယ်ပြန်မလွှတ်ဘူးတဲ့လေ။

"တကယ်…တကယ် လားဟင် အစ်ကိုလေးဝသန်"

ရှိုက်သံလေးနဲ့ မေးနေတဲ့ ရှင်းပီတိကို သူ ခေါင်းလေးဆတ်ခနဲညိတ်ပြလိုက်မိသည်။

"ဟာ…ဝမ်းသာလိုက်တာ၊ ဝမ်းသာလိုက်တာ အစ်ကိုလေးရယ်၊ ဟား…ဟား…ဟား"

အဲ

ရှင်းပီတိရဲ့ ရယ်သံလေးကြောင့် မိုးဝသန် မျက်လုံးပြူးရပြန်ပြီ။

တတ်သည်းတတ်နိုင်လွန်းတဲ့ ရှင်းပီတိပဲ။ အခုလေးတင် မျက်ရည်တွေ အတောင့်လိုက်ထွက်ငိုပြီး ချက်ချင်းပင် တဟားဟား ရယ်နေပြန်၏။ ဘယ်လိုကောင်မှန်းကို မသိတော့ဘူး။ အပြောင်းအလဲမြန်လိုက်တာ မပြောပါနဲ့တော့။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလေးဝသန်"

"ဘာလဲ"

"ရေကူးမလို့လား"

"ဟုတ်တယ်"

"ဒါဆို ခဏလေးနော် အစ်ကိုလေးဝသန်"

"ဟာ…ဟော့ကောင် ဒါကဘယ်သွားမလို့လဲ"

မိုးဝသန်ရဲ့ မေးသံကမဆုံးသေး ပြောပြောဆိုဆိုပါပဲ ရှင်းပီတိက သွက်လက်စွာပင် နေရာလေးကနေ သုတ်ခနဲထကာ ပြေးထွက်သွားတာမို့ ဘယ်လိုမှ မတားဆီးနိုင်တော့ဘဲ ဒီကောင်လုပ်သမျှကို ငြိမ်ပြီးကြည့်နေရတော့သည်။

တကယ်တမ်းပြန်တွေးတော့လည်း သူ့မှာကစားဖို့ အဖော်တစ်ယောက်လိုအပ်နေတာတော့ အမှန်ပါ။ ခြံထဲရှိ အလုပ်သမားအားလုံး ယောကျ်ားအသက်ကြီးကြီးတွေချည်းပဲမို့ မိုးဝသန်နဲ့အတူ ကစားပေးမယ့်အဖော်မရှိ။

ဒါကြောင့်…

ဘွားနန်းက ကလေးကစားဖော်တစ်ယောက် ရှာပေးခြင်းဖြစ်သည်။ အရင်က သူ့အတွက် ကစားဖော်ကောင်လေးတွေ အလုပ်သမားပွဲစားကတစ်ဆင့် လာပို့ဖူးသည်။ သို့သော် အရွယ်ငယ်တာကတစ်ကြောင်း သူ့ဒဏ်ကိုမခံနိုင်တာကတစ်ကြောင်း မိဘတွေဆီ ပြန်ချင်သည်ဟုဆိုကာ ပို့ခိုင်းခဲ့၏။





တစ်လလောက်နေပြီးမှ ပြန်ကြတာမို့ ဒီကောင်တွေပြန်သွားတော့ မိုးဝသန်စိတ်ထဲ ဟာတာတာကြီး ဖြစ်နေခဲ့ရသည်။ အဖော်မဲ့သွားတဲ့ဒဏ်ကို တော်တော်ကြီးခံရသည်။ ဒါကြောင့် သူဆုံးဖြတ်ထားတာက ဒီကောင်တွေလာရင် တစ်ပတ်အတွင်း ဘယ်လောက်ထိ သူ့အပေါ် သည်းခံနိုင်သည့်စိတ် ရှိမလဲဟု စမ်းသပ်ကြည့်ဖို့ပဲ။ အဆင်မပြေလျှင် ချက်ချင်းကိုပြန်လွှတ်မယ်။

ဒါမှ…

သံယောဇဉ်ဖြစ်ပြီး သူတစ်ယောက်တည်း ပျင်းရိစွာ မကျန်ခဲ့မှာလေ။

ရှင်းပီတိကိုမြင်တော့ ကလေးသဘာ၀ မနာလိုစိတ်လေး သူ့ရင်ထဲတိုးဝင်လာရ၏။ ဆံနွယ်ညိုတိုတို၊ ဖြူဥနေတဲ့အသားနှင့် ချောမောလွန်းသော မျက်နှာလေးကြောင့် ရှင်းပီတိကိုကြည့်ပြီး အမြင်ကတ်မိသည်။ အဝတ်အစားကြောင့်သာ ဒီကောင်က ညစ်စုတ်စုတ်လေးဖြစ်နေတာလေ။ မျက်ဝန်းဝိုင်းဝိုင်းလေးတွေ၊ မျက်တောင်ကော့စိပ်စိပ်လေးတွေ၊ မျက်ခုံးထူထူသွယ်တန်းတန်းလေးတွေ၊ နှာတံချွန်ချွန်၊ နှုတ်ခမ်းလုံးလုံးလေးတွေကြောင့် ရှင်းပီတိဆိုတဲ့ကောင်ကဖြင့် မြင်သူကြည့်မဝနိုင်လောက်အောင်ကို ချောတာ။

သို့ပေမယ့်…

ဒီကောင်က သူ့ဒဏ်ကိုတော့ခံ၏။ မနေ့ညနေက စက်ဘီးကို လိုက်တွန်းနေတဲ့ ရှင်းပီတိ ဘယ်လောက်မောနေပြီဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



မိုးဝဿန် တွေ့သွားပဲ။ တမင်မမြင်ချင်ဟန်ဆောင်ပြီး ဆက်တွန်းခိုင်းတာ။

ဒါကို…

ရှင်းပီတိက မငြူစူချေ။

သူတမင် ကုန်းဆင်းလေးကို အရှိန်နဲ့ဆင်းတော့ ရှင်းပီတိ လဲကျပြီးကျန်ခဲ့၏။ ဒါကိုတောင် မငိုဘဲ သူ့ရှေ့တွင် အပြုံးလေးတွေနှင့် နေပြခဲ့၏။

အံ့သြစရာပဲ။

ဒီကောင် နေစရာတကယ်မရှိလို့လားမသိ။ သူပြန်ခိုင်းမှာတော့ အသေကြောက်သည်။ ချော်လဲပြီး တံတောင်ဆစ်တွေ၊ ဒူးတွေ ပေါက်ပြဲသွားတာ မငိုဘဲ သူ့အလုပ်ထုတ်မှာကိုတော့ ထိတ်လန့်ကြောက်ရွံ့စွာ ငိုတော့၏။

အဲဒီအချက်လေးကိုတော့ မိုးဝဿန် ကျေနပ်မိသည်။

မိုးဝဿန်တစ်ယောက်…

ပြာလဲ့လဲ့ကလေး ရေကူးကန်လေးကိုကြည့်ပြီး တစ်ချက်ပြုံးကာ ရေထဲသို့ ဝုန်းခနဲ ခုန်ဆင်းလိုက်သည်။ ပြီးနောက် ပျော်ရွှင်မြူးတူးစွာ တစ်ယောက်တည်း ကူးခတ်နေမိ၏။ ကန်ဘောင်ဘေးတစ်ဖက်နှင့်တစ်ဖက် ခေါက်တုံ့ခေါက်ပြန် ကူးနေမိသည်။

"အား…ဖူး…ဖရူး"

အနည်းငယ် မောသွားသဖြင့် ကန်ဘောင်တန်းကို





ကိုင်ကာ နားလိုက်၏။

"ရော့…အစ်ကိုလေး"

အချိုရည်ဗူးလေးကို သူ့မျက်နှာလေးရှေ့ ထိုးပေးလာသူက ရှင်းပီတိရယ်ပါ။ မျက်နှာလေးကလည်း ပြုံးရွှင်လို့။ သူ့လက်ထဲမှာလည်း မျက်နှာသုတ်ပဝါပိုင်းလေးကို ကိုင်ထားသေးသည်။

"ဖောက်ပေးလေကွာ"

"ဖောက်ပြီးသား အစ်ကိုလေးရဲ့"

အံမယ်…

တယ်ဟုတ်ပါလား။

ဒီကောင်က ဘယ်ဆိုးလို့လဲ။ အရင်ကောင်တွေထက် သာသွားပြီ။ အရင်ကောင်တွေတုန်းကဆို သူရေကူးလျှင် အခုလို အချိုရည်သောက်ချင်လျှင် သူကပင် သွားယူခိုင်းခဲ့ရ၏။ ပြီးတော့ အချိုရည်ဗူးကို ဘယ်လိုဖောက်ပေးရမှန်း မသိကြချေ။

ရှင်းပီတိကတော့ ဒီလိုမဟုတ်ချေ။

ရေကူးကန်က သူတက်လျှင် ရေသုတ်နိုင်အောင် မျက်နှာသုတ်ပဝါပိုင်းပင် တစ်ခါတည်းယူလာသည်။ မိုးဝဿန် ကျေနပ်သွားရ၏။ ဒီကောင်လည်း အလိုက်သိမှုကို လက်ဖျားလေးပင် ခါသွားရသည်။

"ရှင်းပီတိ"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း...ရေကူးတတ်လား"

"ဟင့်အင်း"

"ယောကျ်ားဖြစ်ပြီး ရေမကူးတတ်ဘူးလားကွ"

"ဗျာ"

"မင်းအရွယ်မပြောနဲ့ ငါတို့ကျောင်းမှာဆို ငါးနှစ်ကလေး အရွယ်တောင် ရေကူးတတ်နေပြီ"

"ဒါ...ဒါက"

"မင်း ရေကူးသင်ရမယ် ရှင်းပီတိ"

ဟင်...။

ရှင်းပီတိ မျက်လုံးပြူးသွားရသည်။

အစကတည်းကမှ ရေဆိုအသေကြောက်တဲ့ ရှင်းပီတိ ကန်ရေပြင်ပြာလဲ့လဲ့ကြီးကို ကြည့်ပြီး အကြောက်ကြီးကြောက်သွား ရ၏။

ရှင်း...

ရေကူးသင်ရမယ်တဲ့။

ဟင့်အင်း

မသင်ချင်ဘူး။ ရှင်း ဒီရေကန်ကျယ်ကြီးထဲ မဆင်းရဲပါ ဘူး။

"ဟေ့ကောင်...ဘာလို့နောက်ဆုတ်သွားတာလဲ၊ လာ လေ"





"ရှင်း...ရှင်း ကြောက်တယ်"

"ဘာကွ"

"ရှင်း...ရေမှာမကူးတတ်တာ"

"ငါသင်ပေးမှာပေါ့ကွ ရေကူးတာပဲဟာ ဘာခက်လို့ လဲ၊ ရေထဲခုန်ချပြီး ဒီလိုလေး လက်လေးယက်ပြီးကူးလိုက်၊ ရတာပဲ ဟာ"

ရှင်းပီတိ...

ခေါင်းလေးကို အဆက်မပြတ် ခါယမ်းလိုက်မိသည်။

"ရှင်း...ရှင်း မသင်ချင်ဘူး အစ်ကိုလေးဝဿန်"

"မရဘူး...မင်းသင်ရမယ်၊ ရှင်း ဒါ ငါ့အမိန့်ပဲ"

ဟာ...။

ဒါ အမိန့်ပဲတဲ့။

အစ်ကိုလေး မိုးဝဿန်က ရှင်းကို စိမ်းစိမ်းကြီးစိုက်ကြည့် ကာ ရေကူးသင်ဖို့ အမိန့်ပေးနေပြီလေ။

"ဟေ့ကောင် ရှင်းပီတိ မင်းမလာသေးဘူးလား"

မိုးဝဿန် အတင်းခေါ်မိသည်။ သူတစ်ယောက်တည်း ရေကူးရတာ ပျင်းမိသည်။ အဖော်နဲ့ ပြိုင်ကူးရင် သိပ်ကောင်းမှာပဲ ဆိုတဲ့အတွေးက ရုတ်တရက်ဝင်လာ၏။ ဒါကြောင့် ရှင်းပီတိကိုပါ ရေကူးသင်ပေးဖို့ ဆုံးဖြတ်လိုက်မိခြင်းပင်။ ဒါကို ဟိုကောင်ရှင်းပီတိ က အသေအလဲငြင်းဆန်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မသင်ချင်ဘူး အစ်ကိုလေးရဲ့၊ ရှင်း ကြောက်တယ်၊ မကူးချင်ဘူး"

"မရဘူး မင်းလာမလား မလာဘူးလား"

"မလာဘူး"

အသံတုန်တုန်လေးနဲ့ ပေပြီးငြင်း၏။

"ဒါဆို မင်းအလုပ်ထွက်တော့ ရှင်းပီတိ"

"ဗျာ"

"မင်းရှာပြန်တော့ ဟော့ကောင်"

ရှင်းပီတိ ကြက်သေသေသွားရသည်။

ရေကူးမသင်ချင်ရင် ပြန်တော့တဲ့။

ရှင်း...

မကြားချင်ဆုံး စကားလေးတွေပါပဲ။

မိုးဝသန်

ရှင်းကို နောက်ကျောခိုင်းကာ ကန်ရေပြင်လေးထဲတွင် ပြန်ပြီးကူးခတ်နေသည်။ လုံးဝ သူ့ကိုလှည့်မကြည့်တော့ချေ။

ဘာလုပ်ရမလဲ။

ရှင်းပီတိ အိမ်ပြန်လို့မှမဖြစ်တာ။ မေမေ ပြန်မခေါ်မချင်း ရအောင်ခိုကပ်နေရမည်တဲ့။ ဘယ်လိုအကြောင်းပြချက်မျိုးနဲ့မှ ပြန်ခွင့် မရှိ။ မေမေ့ရဲ့ တစ်ခုတည်းသော မျှော်လင့်ချက်တွေကို ရှင်းပီတိ မရိုက်ချိုးချင်။





ရှင်းပီတိ

လက်ထဲတွင်ကိုင်ထားသော မျက်နှာသုတ်ပဝါလေးကို လွှတ်ချလိုက်သည်။

ပြီးနောက်...

ပြာလဲ့လဲ့ ရေကူးကန်ကြီးအနားသို့ တိုးကပ်လာခဲ့၏။ ကြောက်စိတ်နှင့်အတူ အသားလေးတွေ တဆတ်ဆတ်တုန်ကာ စိတ်တွေက မတည်ငြိမ်ချင်။ ရေကူးကန်လေးကို စူးစူးလေးငုံ့စိုက်ကြည့်လိုက်ပြီး...

"ဝုန်း"

"ဗွမ်း"

"ဟာ...ရှင်း"

ဗွမ်းခနဲ ရေပွက်ထသံကြောင့် ရေကူးနေရာမှ မိုးဝသန် ရပ်တန့်ကာ နောက်လေးကို လှည့်ကြည့်ပြီး မျက်လုံးကြီးတွေ ပြူးဝိုင်းသွားရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၅]

''အဟွတ်…ဟွတ်''

''ဝေါ့''

''ရှင်း…ဟော့ကောင် ရှင်း၊ မင်း…မင်း သတိရပြီလား''

လည်ချောင်းတစ်ခုလုံး ယားယံကာ ချောင်းတွေတဟွတ်ဟွတ်ဆိုးနေသည့်ကြားကနေ ရှင်းပီတီ ခေါင်းလေးညိတ်ပြမိသည်။

လူက…

ယခုတိုင် မြက်ခင်းပြင်မှာပက်လက်။

ရှင်း ဘာဖြစ်သွားတာလဲဆိုတာကို ကောင်းကောင်းသိလိုက်တဲ့အတွက် အခုလို ကန်ဘောင်မြက်ခင်းစိမ်းပေါ် ရောက်နေတာကို အံ့သြနေရသည်။





ဘေးနားမှာ စိုးရိမ်တကြီး စိုက်ကြည့်နေတဲ့ မိုးဝသသန်။

ဒါဆို…

ရှင်းကို ရေထဲကနေ ဆယ်ထုတ်ခဲ့တာ အစ်ကိုလေးဝသသန်ပေါ့။

ရှင်း…

သေပြီထင်ထားတာ။

မပြောမဆို ရေထဲတအားခုန်ချလိုက်တဲ့ ရှင်းပီတီ ခြေထောက်တွေ လက်တွေကို အသည်းအသန် ရုန်းခတ်လိုက်သော်လည်း ပါးစပ်ထဲ၊ နှာခေါင်းထဲ၊ မျက်လုံးထဲ ဝုန်းခနဲတိုးဝင်လာတဲ့ ရေတွေကို ဘယ်လိုမှမတားဆီးနိုင်ဘဲ ရုန်းရင်းကန်ရင်း ပြန်မြုပ်သွားရသည်။

ကျန်တာဘာမှမသိတော့။

ရှင်းမျက်လုံးတွေ ဖွင့်နိုင်တဲ့အချိန်မှ ရှင်းပီတီက ရေထဲမှာမဟုတ်ဘဲ ကန်ဘောင်ဘေးက မြက်ခင်းစိမ်းလေးပေါ်မှာ ရောက်နေပြီလေ။

''ရှင်း…မင်းကွာ မပြောမဆိုနဲ့ ဘယ်လိုလုပ်လိုက်တာလဲကွ၊ သေတော့မှာပဲ၊ အဲဒီလို မဟားတရားကြီး ရမ်းသန်းခုန်ချရသလားကွ၊ ငါတောင်လန့်သွားတာပဲ''

''……''

ရှင်း ပြန်မဖြေနိုင်ပါ။ ရှင်း သေလောက်အောင် ကြောက်



www.burmeseclassic.com

www.burmeseclassic.com



ရွှံ့နေမိသည်။

ရေကူးဘောင်းဘီတိုလေးနဲ့ အပေါ်ပိုင်းဗလာကျင်းနေသော ခန္ဓာကိုယ်လေးကို စိုးရိမ်တကြီး ငုံ့မိုးကြည့်ကာ ဆုပ္ပုပဟိန်းဟောက်နေတဲ့ အစ်ကိုလေးမိုးဝဿန်ကို ကြည့်ပြီး အသံလေးတွေ တိတ်ဆိတ်နေမိသည်။

""ထ···ဟောကောင် ငါ မင်းကိုတွဲပြီး လိုက်ပို့ပေးမယ်""

""ရပါတယ်""

""ဘာရတာလဲ၊ အခုတောင် ခေါင်းမထောင်နိုင်သေးဘဲနဲ့များ""

မိုးဝဿန်အပြောကြောင့် ရှင်းပီတိ လှဲနေရာမှ ဆတ်ခနဲ ငုတ်တုတ်ထထိုင်လိုက်မိသည်။ ခေါင်းထဲ မိုက်ခနဲမူးဝေသွားပေမယ့် ဒါလေးတောင်ခံနိုင်ရည်မရှိဘူးဟု ဝေဖန်ပြစ်တင်မှာစိုး၍ ရအောင်ပင် ထရပ်လိုက်၏။

""ဒါက ဘယ်လဲ""

""အစ်ကိုလေးအတွက် မျက်နှာသုတ်ပဝါ သွားယူပေးဖို့""

ခပ်လှမ်းလှမ်းက ရှင်းလွှတ်ချခဲ့သည့် မျက်နှာသုတ်ပဝါပိုင်းလေးဆီ ယိုင်ခွေချင်နေသည့် ခြေလှမ်းကိုထိန်းလျှောက်ကာ သွားကောက်ပေးမိ၏။

""ရော့···အစ်ကိုလေး""

မိုးဝဿန်တစ်ယောက် သူ့ထံ မျက်နှာသုတ်ပဝါလေး





ကမ်းပေးနေတဲ့ ရှင်းပီတိဆိုတဲ့ကောင်ငယ်လေးကို ကြည့်ပြီး နှုတ်ခမ်းလေးတွေ မဲ့ကွေးစွာ တစ်ချက်ပြုံးလိုက်မိသည်။

ဒီကောင်···

စိတ်တော့မာသားပဲ။

ပျော့ညံ့တယ်ဆိုပြီး မိုးဝဿန်ဝေဖန်မှာကြောက်ပြီး ထရပ်လိုက်တာကို သူရိပ်မိသည်။ ဒီကောင် တော်တော်ခွဲကြီးတဲ့ကောင်ပဲ။ ဒီခြံကြီးထဲကနေ ထွက်မသွားရဖို့ပဲ ဦးတည်ထားတဲ့ပုံရသည်။

နေစရာတကယ်မရှိဘူး ထင်ပါရဲ့။

ရေကူးသင်မှထားမည်ဆိုတာနှင့် ဝုန်းခနဲကို ခုန်ချတော့တာပဲ။ မနည်းအကျီလည်ဂုတ်ကို ဆွဲမပြီး ကန်ဘောင်ပေါ်တင်ခဲ့ရသည်။ တော်သေးတာက ရှင်းပီတိရဲ့ ခန္ဓာကိုယ်က လေးပိမနေတာပဲ။ သူ့ထက် အသက်နှစ်နှစ်သာသာလောက်သာ ကွာပေမယ့် ထွားကြိုင်းမှုမရှိစွာပင် သေးညှက်ညှက်လေး ဖြစ်နေသည်။

ဒါကြောင့်လည်း···

မိုးဝဿန် ဆယ်မနိုင်ခဲ့ခြင်းပဲဖြစ်သည်။ ခန္ဓာကိုယ်တစ်ခုလုံး ရေတွေရွှဲနစ်ကာ ကြွက်စုတ်လေးတစ်ကောင်လို ဖြစ်နေသော ရှင်းပီတိကိုကြည့်ပြီး သက်ပြင်းမောလေး ချလိုက်ရ၏။

""မင်း အဝတ်အစားသွားလဲတော့ ရှင်းပီတိ""

မျက်နှာသုတ်ပဝါပိုင်းလေးကို ဆတ်ခနဲဆွဲယူကာ သတိပေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလေး ဘာခိုင်းဦးမလဲ"

"ဘာမှမခိုင်းဘူး၊ မင်းအရင်ဆုံး အဝတ်အစားတွေ သွား လဲတော့၊ တော်ကြာ အအေးပတ်ပြီး ဖျားနေဦးမယ်"

"ဟာဗျာ…ဒီလောက်လေးနဲ့တော့ မဖျားနိုင်ပါဘူး အစ်ကိုလေးဝသသန်ရ၊ ရှင်း အဲဒီလောက်မပျော့ညံ့သေးပါဘူး"

"ပြောသေးတာပဲ"

မိုးဝသသန်…

တော်တော်လေး အပြောကြီးလွန်းတဲ့ ရှင်းပီတိကို ကျော ခိုင်းကာ တိုက်ကြီးထဲဝင်ရန် ခြေလှမ်းလေးပြင်လိုက်သည်။

"အစ်ကိုလေးဝသသန်"

ခေါ်သံသဲ့သဲ့ကြောင့် မိုးဝသသန် ခြေလှမ်းလေးတွေ ရပ် တန့်ကာ လှည့်စောင်းကြည့်လိုက်၏။

"ကျေးဇူးတင်ပါတယ်"

ရှင်းပီတိထံမှ စကားသံတိုးလျလျလေး ထွက်လာ၏။

မိုးဝသသန်…

မျက်နှာလေး တစ်ဖက်သို့ပြန်လှည့်ကာ ခြေလှမ်းလေးတွေ ကို ရှေ့သို့ဦးတည်ပြီး တိုက်အိမ်ဖြူဖြူကြီးဆီသို့ ဆက်လျှောက်လာခဲ့ မိတော့သည်။

အံ့ဩစရာပါပဲ။

ရှင်းပီတိဆိုတဲ့ အလုပ်သမားကောင်လေးတစ်ယောက်





အတွက် သူ့စိတ်တွေ ထူပူသွားခဲ့တာလေ။ ရေထဲကို ဇွမ်းခနဲ ခုန်ချလိုက်တဲ့ ရှင်းပီတိကို စိုးရိမ်စိတ်တွေနဲ့ ရေထဲကနေ ဆယ်ထုတ် ကာ ကန်ဘောင်ပေါ်ရောက်အောင် ကြိုးစားခဲ့သည်။

ဘာကြောင့်လဲ။

သက်စွန့်ဆံဖျား ရှင်းပီတိကို သူကယ်တင်ခဲ့မိတာ ဘယ်လို တွန်းအားတွေကြောင့်များပါလိမ့်။

မစဉ်းစားတတ်တော့ပါ။

လူက ဖြူဖတ်ဖြူရော်နဲ့ ပြောလိုက်လျှင်လည်း ကလေး တစ်ယောက်လို တအီးအီးနဲ့ အသံပြုကာ ငိုတတ်တဲ့ ရှင်းပီတိဆိုတဲ့ ကောင်လေးကို ဒီခြံကြီးထဲကနေ နှင်ထုတ်ပစ်ဖို့ အင်အားတွေ ကင်းမဲ့ နေရသည်။

"မြေးလေး…ရေကူးပြီးပြန်လာတာလား"

"ဟုတ်ကဲ့ ဘွားနန်း"

"ဟိုကောင်လေးရော ရှင်းပီတိဆိုတဲ့ကောင်လေး ဘယ် ရောက်သွားလဲ၊ ဒီကောင်လေးကို အဝတ်အစားတွေ ထုတ်ခိုင်းလေ မြေးလေးရဲ၊ ဘာလို့ အားလုံးအဆင်သင့်ပြင်ဆင်မခိုင်းဘဲ မြေးလေး က ကိုယ်တိုင်လုပ်နေရတာလဲ"

"ဒီကောင် အဝတ်အစားသွားလဲနေလို့ ဘွားနန်း"

"ဟော…သူ…သူက မြေးလေးနဲ့အတူရေကူးတာလား"

"မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟော့တော့။

အဝတ်အစားတွေ လဲလှယ်နေရင်းကနေ ခေါင်းလေးခါပြကာ ငြင်းလိုက်တဲ့ မြေးလူချောလေးကိုကြည့်ပြီး ဒေါ်တော်ဝင်နန်းပင် အံ့သြသွားရသည်။ ရေအတူမကူးဘဲ ဘယ်နှယ့်ကြောင့် ဒီကောင်လေးက အဝတ်အစားတွေ သွားလဲရတာလဲ။

"မြေးလေး"

"ဗျာ"

"ဒီကောင်လေးက ဘာဖြစ်လို့ အဝတ်အစားသွားလဲနေရတာလဲကွဲ့"

"ဒီကောင့်ကို ရေအတူကူးဖို့ခေါ်တာ ဒီကောင်က ငြင်းတယ်လေ၊ ရေမကူးတတ်ဘူးတဲ့၊ ဒီတော့ ဝသန်က ရေမကူးတတ်ရင် သင်ပေးမယ်ပြောတော့လည်း မဟုတ်ပြန်ဘူး အဲဒါနဲ့ ရေထဲမဆင်းရင် အလုပ်ထွက်တော့လို့ ပြောလိုက်တာ အဲဒီကောင် ဗွမ်းခနဲခုန်ချတော့တာပဲ ဘွားနန်း၊ တော်သေးတာပေါ့ အဆယ်မြန်လို့"

"အမလေး...ဘုရား...ဘုရား ဖြစ်မှဖြစ်ရလေမြေးရယ် သူများကိုကယ်ရအောင်လို့ ငါ့မြေးလေးအသက်အရွယ်က ဘယ်လောက်ရှိသေးလို့လဲ၊ နောက်ဆို အဲဒီလိုစွန့်စားရတဲ့အလုပ်ကို ဘယ်တော့မှ မလုပ်ရဘူးနော် မြေးလေး၊ မြေးသာ တစ်ခုခုဖြစ်သွားရင် ဘွား ရင်ကျိုးရချည်ရဲ့ကွယ်"





ဒေါ်တော်ဝင်နန်း...

မြေးအတွက် အစိုးရိမ်ကြီး စိုးရိမ်သွားရသည်။ ကြည့်စမ်းပါဦး မြေးလေးအသက်က အခုမှ ဆယ့်လေးနှစ်ပဲရှိသေးတာ ဒါကို လူစွမ်းကောင်းကြီးလုပ်ပြီး အသက်ကယ်ခဲ့သတဲ့လေ။

မဖြစ်ဘူး။

မဖြစ်ဘူး။

နောက်ဆိုရင် ဟိုကောင်လေးရှင်းပီတိကို သေသေချာချာ ဆုံးမထားမှပဲ။ ဘယ်နှယ့် ရေမကူးတတ်ဘဲနဲ့များ အစဉ်းစားအဆင်ခြင်မရှိ ရေထဲခုန်ချရတယ်လို့။ သင်းသေတာက အကြောင်းမဟုတ်ဘူး မတော်တဆ မြေးလေးကယ်နေရင်း တစ်ခုခု ထိခိုက်သွားတော့ ဘယ့်နှယ်လုပ်မလဲ။

"ကဲ...မြေးလေး အဝတ်အစားလဲပြီး မြေးလေးရဲ့ဒက်ဒီဆီကို သွားတွေ့လိုက်ဦး၊ ဒက်ဒီက မြေးလေးကိုတွေ့ချင်လို့တဲ့"

"ဟုတ်ကဲ့...ဘွားနန်း"

ဒေါ်တော်ဝင်နန်းတစ်ယောက် မြေးဖြစ်သူ မိုးဝသန်လေးရဲ့ အခန်းလေးထဲကနေ ထွက်ခဲ့ပြီး အောက်ထပ်သို့ဆင်းခဲ့သည်။

"ဦးထေ"

"ဗျာ...မေမေကြီး"

"သွားစမ်း...ဟိုကောင်လေးကို အခုချက်ချင်းသွားခေါ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့စမ်း''

''ရှင်းပီတိကိုလား မေမေကြီး''

''အေး''

''ဟော···ဟိုမှာ ကောင်လေးလာနေပြီ''

ရှပ်အင်္ကျီအကွက် ဟောင်းနွမ်းနွမ်းလေးနှင့် ဘောင်းဘီတိုလေးကို ဝတ်ဆင်ထားသော ရှင်းပီတိဆိုတဲ့ ကောင်လေးက တိုက်ကြီးထဲသို့ ကုတ်ချောင်းကုတ်ချောင်းလေးနှင့် ဝင်လာတာ တွေ့ရ၏။

''ကောင်စုတ်လေး လာခဲ့စမ်း၊ ဒီနားကိုလာခဲ့စမ်း''

ရှင်းပီတိကို မြင်လိုက်တာနှင့် ဒေါသတွေနဲ့ ပွက်ပွက်ဆူထနေသော မျက်ဝန်းအကြည့်စိမ်းစိမ်းတွေ စိုက်ကြည့်ကာ လေသံမာမာကြီးနှင့် လှမ်းခေါ်လိုက်သော ဒေါ်စော်ဝင်နန်းဆိုတဲ့ အဘွားကြီးကိုကြည့်ပြီး ကြောက်ရွံ့စိတ်လေးတွေက ခန္ဓာကိုယ်တစ်ခုလုံးသို့ ပြန့်နှံ့သွားရသည်။

''ဟဲ့···လာလို့ပြောနေတယ်လေ၊ အခုမှ ဘာတွန့်ဆုတ်တွန့်ဆုတ် လုပ်နေတာလဲ''

''ဟုတ်···ဟုတ်ကဲ့ပါ ဘွားနန်း''

ရှင်းပီတိ

မျက်ရည်လေးဝဲဝဲ ကြောက်ဒူးလေးတုန်တုန်နှင့် အဘွား ဒေါ်စော်ဝင်နန်းအနားသို့ လက်ကလေးပိုက် ခေါင်းလေးငုံ့ကာ





တိုးကပ်သွားမိသည်။

''သေနာစုတ်လေး ကဲဟယ်···ဒေါက်''

''အာ''

ရှင်းပီတိခေါင်းလေး ထူပူသွားရသည်။

''နင်···နင်က ရေမကူးတတ်ဘဲ ရေထဲခုန်ချတယ် ဟုတ်လား၊ ကောင်စုတ်လေး၊ နင်သေတာ အကြောင်းမဟုတ်ဘူးဟဲ့ ငါ့မြေးက ကြားထဲကနေလိုက်ပြီး ဒုက္ခရောက်ရဦးမယ် ကောင်စုတ်လေးရဲ့၊ အဲဒါကို နင်နားလည်ရဲ့လား''

''အာ''

ပြောလည်းပြော ရှင်းပီတိရဲ့ နားရွက်လေးကို ပြတ်မတတ် လိမ်ဆွဲလိုက်တာမို့ မျက်ရည်လေးတွေပင် တစ်ပေါက်ပေါက် စီးကျလာရသူက ရှင်းပီတိရှယ်ပါ။

''မငိုနဲ့···ငါ့ရှေ့မှာ မျက်ရည်လာထွက်ပြမနေနဲ့၊ နင့်ကို မသနားဘူး၊ ဘယ့်နှယ်တော် ရေထဲခုန်ချရတယ်လို့၊ ရူးများရူးနေလား၊ ဟင် နင့်မှာဦးနှောက်ရှိသေးရဲ့လား''

''အား···နာတယ်···နာတယ်၊ အဟီး···ဟီး''

''နာတယ် ဟုတ်လား၊ နင့်အသားကျတော့ နာတယ်၊ နင့်ကြောင့် ငါ့မြေးလေး ရေနစ်မသေတာကံကောင်းပဲ၊ အယုတ်တမာလေးရဲ့၊ ကဲဟယ်···ကဲဟယ်''

''အား···အီး···ဟီး···ဟီး''



www.burmeseclassic.com

www.burmeseclassic.com



နားသယ်စဆံပင်လေးကို ပြတ်ထွက်မတက် တအား ဆောင့်ဆွဲပစ်လိုက်တာကြောင့် ရှင်းပီတိ ခြေဖျားလေးထောက်ကာ ပင် အပေါ်သို့ မြင့်တက်သွားရသည်။

အသည်းဆတ်ဆတ်ခါလောက်အောင် နာကျင်ခြင်း ဝေဒနာကြောင့် အသံလေးထွက်ကာပင် အော်ငိုပစ်လိုက်မိတော့၏။

"ပိတ်စမ်း…နှင့်ပါးစပ်ကိုပိတ်ထားစမ်း၊ နောက် ဒီလို လုပ်ဦးမလား"

"မ…မလုပ်တော့ပါဘူး ဘွားဘွားရယ်၊ ရှင်း ကြောက်ပါပြီဗျ၊ အဟီး…အီး…အီး"

"မှတ်ထား ငါ့မြေးလေးကို တစ်ခုခုထိခိုက်အောင် လုပ်လို့ကတော့ သေပြီသာမှတ် ကြားလား"

"ဟုတ်…ဟုတ်ကဲ့ခင်ဗျ၊ အီး…ဟီး…ဟီး"

"ပိတ်စမ်း နှင့်ပါးစပ်ကို အခုချက်ချင်းပိတ်ထား၊ ကျက်သရေမရှိတဲ့အသံနဲ့ လာငိုပြမနေနဲ့"

"အီး…အစ်…အစ်"

ပိတ်ထားဆို၍ ရှင်းပီတိတစ်ယောက် လက်ဝါးလေးနှင့် သူ့ပါးစပ်လေးကို ခပ်တင်းတင်းလေး ဖိပိတ်ထားမိသည်။

"သွား…အခုချက်ချင်း ငါ့ရှေ့ကထွက်သွားတော့၊ ကြာရင် ငါတစ်ခုခုလုပ်မိတော့မယ် သေနာစုတ်လေး"

"အစ်…အစ်"





ရှင်းပီတိတစ်ယောက်

ငိုသံလေးမထွက်အောင်ထိန်းရင်း အဘွားဒေါ်တော်ဝင်နန်းရှေ့ကနေ မပြေးရုံတမယ် ခြေလှမ်းကျဲကလေးတွေနှင့် ထွက်ခဲ့ရသည်။

သူ…

ဘယ်ကိုသွားရမှာပါလိမ့်။

အပေါ်ထပ်က မိုးဝသန့်ရဲ့ အခန်းကို သွားရမလား။ ဒါမှမဟုတ် ခြံကြီးရဲ့နောက်ဖက် တန်းလျားလေးထဲက သူ့အခန်းလေးဆီကိုလား။ မစဉ်းစားတတ်ပါ။ လောလောဆယ်တော့ အဘွားဒေါ်တော်ဝင်နန်းရဲ့ လက်ချက်ကြောင့် သူ့ခေါင်း၊ သူ့နား ရွက်၊ သူ့နားသယ်စပ်တွေ ထူပူကျိန်းစပ်နေရသည်။

နောက်ဆုံးတော့…

ကူရာကယ်ရာ အားပေးနှစ်သိမ့်သူ တစ်ယောက်မှမရှိသော ပတ်ဝန်းကျင်သစ်လေးတွင် တစ်ယောက်တည်း ဝမ်းနည်းအားငယ်ကာ တသိမ့်သိမ့် ငိုရှိုက်နေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၆]

"ဟော့ကောင် ရှင်းပီတိ"

"ပြောလေ…အစ်ကိုလေးဝဿန်"

"ငါ…ဒါတွေနဲ့မကစားချင်တော့ဘူးကွာ၊ မင်းသိမ်းလိုက်တော့"

"ဟုတ်ကဲ့ အစ်ကိုလေးဝဿန်"

စစ်သားရုပ်လေးတွေနှင့် စစ်တိုက်တမ်း ကစားနေရာမှ ဘယ်လိုစိတ်ကူးပေါက်သွားသည်မသိ မဆော့တော့ဘူးတဲ့။ မိုးဝဿန် ဆော့ချင်တဲ့ကစားနည်းကို ရှင်းပီတိ လိုက်ကစားပေးရပြီ။ မိုးဝဿန် မကစားချင်တော့လျှင် တစ်ခုမကျန် ကောက်သိမ်းကာ နေရာတကျ ပြန်ထားပေးရသည့်အလုပ်က ရှင်းပီတိရဲ့အလုပ်





ပဲ။

တစ်ခန်းလုံးအပြည့် ပွစိတက်နေအောင် ဖွထားတဲ့ အရုပ်တွေကို ရှင်းပီတိ လိုက်သိမ်းနေမိသည်။

အစ်ကိုလေးမိုးဝဿန်က အခန်းလေးထဲက ထွက်သွား၏။

ရှင်းပီတိ နေရာတကျ စီရီထားပေးနေစဉ် အစ်ကိုလေး မိုးဝဿန် အခန်းထဲ အပြေးတစ်ပိုင်း ပြန်ဝင်လာပြန်သည်။

"ဟော့ကောင်…ရှင်းပီတိ"

"ဗျာ"

"ငါ…စွန်လွှတ်ချင်တယ်"

"ဗျာ"

"မင်း…ရစ်လုံးနဲ့စွန်ကိုယူပြီး ခြံထဲကိုလိုက်ခဲ့"

"ဟုတ်…ဟုတ်ကဲ့ အစ်ကိုလေးဝဿန်"

"ချက်ချင်းလိုက်ခဲ့နော် မကြာစေနဲ့"

"ဟုတ်ကဲ့ ခင်ဗျ"

ရှင်းပီတိ

သိမ်းလက်စပစ္စည်းတွေကို အမြန်ဆုံးအပြီးသတ်ကာ ရစ်လုံးနှင့် စွန်လေးကိုယူပြီး အစ်ကိုလေး ပြန်ဆင်းသွားတဲ့ ခြံလေးဆီသို့ အပြေးလေးသွားကာပေးမိ၏။ ခြံလေးထဲရောက်တော့ ရှင်းပီတိ ဟောဟဲလိုက်ကာ မောနေပြီ။

"ရှင်းပီတိ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"မင်းက ကြာလှချည်လား"

"ဟို…ဟို ပစ္စည်းတွေသိမ်း သိမ်း"

"မလိုချင်ဘူး ငါ့ကိုဆင်ခြေမပေးနဲ့၊ ငါက ချက်ချင်းလာဆိုရင် မင်းရောက်လာရမှာကွ၊ အခုတော့ ငါဘယ်လောက်ထိစောင့်နေရလဲ"

"ရှင်း…ရှင်း မှားသွားပါတယ်"

"ကိုယ့်အမှားကိုယ်သိရင် ထိုင်ထအကြိမ် (၅၀)လုပ်စမ်း" ။

"ဗျာ"

"လုပ်လေ"

"ဟုတ်…ဟုတ်ကဲ့ အစ်ကိုလေးဝဿန်"

ရှင်းပီတိ…

ဘာမှစောဒကတက်မနေတော့ဘဲ မျက်နှာလေး သုန်မှုန်ကာ စိတ်တွေဆိုးနေတဲ့ အစ်ကိုလေး မိုးဝဿန် ကျေနပ်စေရန် ထိုင်ထအကြိမ် ငါးဆယ်ကို လုပ်လိုက်မိသည်။ အကြိမ် (၅၀) ပြည့်တော့မှ ကျေနပ်သွားဟန်ရှိသော အစ်ကိုလေးရဲ့ မျက်နှာညူတင်းတင်း ပြေလျော့ကာ…

"ငါ့ကို စွန်တင်ပေး ရှင်းပီတိ"

"ဟုတ်ကဲ့"





ညောင်းချိချိဖြစ်နေတဲ့ ခြေထောက်တွေ အနားရဖို့ မစဉ်းစားအား အစ်ကိုလေးမိုးဝဿန်အတွက် စွန်ကိုတင်ပေးဖို့ စက္ကူစွန်လေးကို ဆွဲကာ ခပ်ဝေးဝေးသို့သွားပြီး လွှတ်တင်ပေးလိုက်၏။

အစ်ကိုလေး မိုးဝဿန်က…

ရစ်လုံးလေးကို ကျွမ်းကျင်စွာကိုင်ပြီး စွန်ကြိုးကို လျှော့လိုက်တင်းလိုက်နှင့် စက္ကူစွန်လေး ဦးမော့အသွား လေထဲထောင်တက်သွားအောင် ဆွဲတင်နေ၏။ စက္ကူစွန်လေးက ဝိုင်းပတ်ပတ်လည်နေရာမှ ကြိုးလေးအတင်းတွင် ဆတ်ခနဲ ထောင်တက်သွားသည်။

ရှင်းပီတိ

စိတ်ဝင်တစား ငေးမောကြည့်နေမိသည်။

တော်လိုက်တဲ့ မိုးဝဿန်ပါပဲ။

ခဏလေးအတွင်းမှာပင် စက္ကူစွန်လေးကို လေထဲလွင့်မျောသွားအောင် တင်နိုင်ခဲ့သည်။ တဖြည်းဖြည်း မြင့်တက်သွားတဲ့ စွန်လေးကိုကြည့်ပြီး ရှင်းပီတိ ဝမ်းသာနေမိသည်။

ထိုစဉ်…

"ဟာ…ငြိသွားပြီကွ"

အစ်ကိုလေးမိုးဝဿန်ဆီမှ အထိတ်တလန့် ငြီးငြူသံကြောင့် စက္ကူစွန်နီနီလေးဆီ လှမ်းကြည့်လိုက်တော့ စတီးတိုင်စည်လုံးကြီးတင်ထားသော ရေစင်ကြီးပေါ်တွင် စွန်လေးက ငြိကာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရစ်လုံးလေးကို တစ်ဖက်ကကိုင်ပြီး ကျန်လက်တစ်ဖက်က ကြိုးစလေးကိုကိုင်ကာ ဆတ်တောက်ဆတ်တောက်နှင့် စွန်လေးလွတ်အောင် ကြိုးစားနေတဲ့ အစ်ကိုလေးမိုးဝသန်ကို ငေးကြည့်နေမိ၏။

"မရတော့ဘူး"

အတော်လေးကြိုးစားပြီးမှ လက်လျှော့ကာ ရှင်းပီတိဆီသို့ လှမ်းကြည့်သည်။ ရှင်းပီတိလည်း ဘာလုပ်ပေးရမှန်းမသိအောင် ဖြစ်နေရစဉ်...

"ဟေ့ကောင်...ရှင်းပီတိ"

"ဗျာ"

"မင်း...တက်ပြီးဖြုတ်ကွာ"

"ဗျာ"

"စွန်ငြိနေတယ်၊ မမြင်ဘူးလား ရှင်းပီတိ"

"ဟို...ဟို အဲ...အဲဒါက"

ရှင်းပီတိ

ဆက်မပြောရဲတော့ပါ။

ဘယ်လိုမှမဖြစ်နိုင်တဲ့ကိစ္စပဲ။

စွန်လေးက ရေစင်အမြင့်ကြီးပေါ်မှာ ငြိနေတာလေ။

ရှင်း မတက်ရဲပါဘူး။

ဒီလောက်အမြင့်ကြီးဟာကို။





တွေးတောင်မတွေးကြည့်ဖူးခဲ့တဲ့ ရေစင်အမြင့်ကြီးပေါ်ကို ဘာမဟုတ်တဲ့ စက္ကူစွန်လေးကိုဖြုတ်ဖို့ ရှင်းပီတိက တက်ပေးရမတဲ့လား။ မဖြစ်နိုင်တာ ချော်ကျသွားတော့ ဘယ့်နှယ့်လုပ်ရမလဲ။

အသက်နဲ့ခန္ဓာ အိုးစားကွဲရမည့်အဖြစ်ပဲ။

ရှင်း

ကြောက်ဒူးတွေ တုန်နေမိသည်။

"ဟေ့ကောင်...ဘာလုပ်နေတာလဲ သွားလေ"

ဟင်

အစ်ကိုလေးမိုးဝသန်က ဖွတ်အတင်းကို တက်ခိုင်းနေ၏။

ရှင်း...

ရင်တွေတလှပ်လှပ် အခုန်မြန်လာရ၏။ တဆတ်ဆတ်တုန်ယင်နေသော ခြေထောက်လေးကို မနည်းသယ်မကာ စွန်လေးငြိနေသော အနောက်ဘက် ယွန်းယွန်းမှ ရေစင်ကြီးရှိရာသို့ လှမ်းလျှောက်သွားမိ၏။ မတက်ရဲဘူးလို့လဲ ရှင်း ပြန်မပြောရဲပါ။

"ဟေ့ကောင်...တုန့်နှေးတုန့်နှေးနဲ့ မြန်မြန်သွားစမ်းပါကွ"

မိုးဝသန် စိတ်မရှည်ချင်တော့။

စွန်လေးက မထင်မှတ်ဘဲ ရေစင်ပေါ်က သံတိုင်တွေကြားကို စိုက်ဆင်းပြီးငြိသွားတာလေ။ ဒါကို တက်ပြီးဖြုတ်မှဖြစ်မည်။

"ဟေ့ကောင်...ရှင်းပီတိ မြန်မြန်သွားပါကွ၊ ယောကျ်ားမဟုတ်တဲ့အတိုင်းပဲကွာ၊ တကယ့်ကြောက်ပဲ၊ ဒါကြောင့် မင်းကို



www.burmeseclassic.com

www.burmeseclassic.com



သတ္တိရှိသွားအောင် တမင်တက်ခိုင်းတာ၊ သွား…သွား ခပ်မြန်မြန်သွား”

ရှင်း…

သွားနေတဲ့ခြေလှမ်းတွေက ရေစင်ကြီးအနားသို့ ရောက်လေ ပို၍လေးလံလာလေပါပဲ။ ရှင်းကို နာမည်ပေါင်းစုံတပ်ပြီး ပြစ်တင်ဝေဖန်နေတဲ့ မိုးဝသန်ရဲ့ အသံတွေက နားစည်ထဲမှာ ဆူညံကာ ပွက်လောရိုက်နေ၏။

ငိုချင်လာသည်။

ကြောက်စိတ်၊ ဝမ်းနည်းအားငယ်စိတ်များနှင့် ရင်က တလှပ်လှပ်တုန်ယင်လာရ၏။ မျက်ဝန်းလေးတွေထဲတွင် စို့သီလာသော မျက်ရည်များကြောင့် အမြင်အာရုံတွေ ဝေဝါးသွားရသည်။

ကြောက်တယ်။

ရှင်း သိပ်ကြောက်တယ်။

မတက်ရဲဘူး။

ရှင်း…

ဒီလောက်အမြင့်ကြီးပေါ် တစ်ခါမှလည်း မတက်ဖူးဘူးလေ။

ရှင်းပီတိတစ်ယောက်

မိုးဝသန်ဆိုတဲ့ ကောင်ချောလေးရှိရာဆီ လှမ်းကြည့်လိုက်တော့ စိတ်မရှည်ဟန် ဒေါသမျက်နှာနဲ့ ခါးလေးနှစ်ဖက်ကို ခပ်တင်း





တင်းထောက်ကာ စူးစူးလေး စိုက်ကြည့်နေတာ တွေ့ရသည်။

ဒါဟာ မိုးဝသန်ရဲ့အမိန့်ပဲ။

ရှင်း မတက်လို့ လုံးဝမရဘူးဆိုတဲ့ သဘောပဲပေါ့လေ။

ရှင်းပီတိ

နားလည်လိုက်ပါပြီ။

မိုးဝသန်ရဲ့စကားကို နာခံရမှာပေါ့။

မိုးဝသန် စိတ်တိုင်းကျဖြစ်အောင် ရှင်းက လုပ်ဆောင်ပေးရမှာလေ။ မိုးဝသန် ခိုင်းစေဖို့အတွက် ရှင်းကို လခပေး၊ နေစရာပေးပြီး ခေါ်ထားတာပဲမဟုတ်လား။ ဒီတော့ ရှင်း မဖြစ်မနေ မိုးဝသန်ရဲ့ဆန္ဒကို ဖြည့်ဆည်းပေးရမည်လေ။

ရှင်းပီတိ

အံလေးကို တင်းတင်းစေ့ကြိတ်လိုက်သည်။

ပြီးနောက်…

ရေစင်ကြီးပေါ်တက်သည့် သံလှေကားထစ်လေးပေါ်ကို လက်ကိုမြဲမြဲကိုင်ကာ စတက်လိုက်သည်။

တစ်ထစ်ချင်း ဖြေးညင်းစွာတက်လိုက် လက်တန်းလေးကို အပေါ်အထစ်ဆီရွှေ့ကာ ဒူးပြုလိုက်နှင့် တစ်ထစ်ပြီးတစ်ထစ် တက်မိ၏။

ရင်ထဲအသည်းထဲမှာတော့ တလှပ်လှပ်အေးလို့။ အသက်ပင်ရဲရဲမရှူရဲလောက်အောင် ဖြစ်နေရသည်။ တွယ်တက်နေသည့်



www.burmeseclassic.com

www.burmeseclassic.com



ခြေလေး တစ်ချက်မျှ ချော်ထွက်မသွားရအောင် သတိထားနေရ၏။

ကြောက်လိုက်တာ။

အောက်ဖက်ကိုလည်း ပြန်ပြီးငုံ့မကြည့်ရဲချေ။

အသားလေးတွေ တဆတ်ဆတ်တုန်ကာ ခန္ဓာကိုယ်တစ်ခုလုံး ဇောချွေးတွေပင်စိမ့်ကာ ပျံ့တက်လာရသည်။ ရက်စက်လိုက်တဲ့ မိုးဝဿန်။ ရှင်းကိုမှ အခုလိုအလုပ်မျိုးရွေးပြီး ခိုင်းရက်လွန်း၏။

တဖြည်းဖြည်း…

တက်ရင်း တက်ရင်းနှင့် ရေစည်ကြီးရှိရာ ဟိုးအမြင့်ဆုံး ရေစင်အပေါ်ပိုင်းဆီသို့ ရှင်းပီတိ ရောက်ခဲ့သည်။ ချည်သားရှပ်အကွက်ကို ဘောင်းဘီပေါင်တိုလေးနှင့် တွဲဝတ်ထားသော ရှင်းပီတိ ပုံစံလေးက အင်မတန်မှ လွတ်လပ်ပေါ့ပါးစွာ ရှိနေခဲ့၏။ လှေကားထစ်တွေ ဆုံးသွားလို့ ရေစင်ကြီးပေါ် ရောက်တော့ သံလက်ရန်းလေးကိုကိုင်ကာ ထရပ်လိုက်သည်။

"ဘုရား…ဘုရား"

ဝှေ့ခနဲ တိုက်ခတ်လိုက်တဲ့ လေကြမ်းကြမ်းတစ်ခုကြောင့် ခန္ဓာကိုယ်တွင် ဝတ်ထားသော အင်္ကျီလေး တဖျပ်ဖျပ်ယိမ်းခါကာ ခေါင်းထဲ မိုက်ခနဲဖြစ်တဲ့အထိ ခံစားလိုက်ရသည်။ ကြောက်စိတ်တို့က ဘယ်လိုမှထိန်းချုပ်မရတော့ဘဲ မတ်တပ်လေးရပ်နေရာမှ သံတိုင်တွေကိုကိုင်ကာ ထိုင်ချလိုက်မိ၏။





အောက်ကိုငုံ့ကြည့်လိုက်တော့ မြေပြင်ကအဝေးကြီးမှာ။

"အီး…ဟီး…ဟီး ကြောက်တယ်၊ ကြောက်တယ်၊ ရှင်းကြောက်တယ် အီး…ဟီး…ဟီး"

ရှင်း…

မျက်လုံးလေးကိုစုံမှိတ်ကာ အော်ငိုပစ်လိုက်သည်။ အစ်ကိုလေး မိုးဝဿန်ကို ကြောက်၍သာ ဘာမှပြန်မပြောရဲဘဲ သတ္တိရှိဟန်နှင့် ရေစင်ကြီးပေါ် လှေကားထစ်လေးတွေအတိုင်း တက်ခဲ့ရပေမယ့် တကယ့်လက်တွေ့မှာတော့ သေမတတ်ကို ကြောက်မိသည်။

"အမေရေ…ရှင်းကိုကယ်ပါဦး၊ ရှင်း ကြောက်တယ်၊ အီးဟီး…ဟီး ရှင်း ပြန်မဆင်းရဲတော့ဘူးဗျ"

"ဟေ့ကောင် ရှင်းပီတိ"

ဟင်

နောက်ကနေ လှမ်းအော်လိုက်တဲ့ အစ်ကိုလေးမိုးဝဿန်ရဲ့ခေါ်သံ။

"အီး…ဟီး…ဟီး"

"ဟေ့ကောင်…မငိုနဲ့လေ မင်းဘာဖြစ်လို့အော်ငိုနေတာလဲ"

"အစ်ကိုလေး…ရှင်း…ရှင်း ကြောက်တယ်"

ဟင်



www.burmeseclassic.com

www.burmeseclassic.com



မိုးဝသန် ခေါင်းလေးကုတ်ကာ စိတ်အညစ်ကြီး ညစ်ထွေးသွားရသည်။ ဘယ်နှယ့် ဟုတ်တိပတ်တိ အပေါ်ကိုတက်ပြီးကာမှ ကြောက်လို့ဆိုပြီး အော်ငိုသတဲ့လေ။

မိုးဝသန်ရဲ့ မျက်နှာလေးပေါ်မှာ စိတ်ရှုပ်ထွေးမှုတွေကြောင့် မှုန်ကုတ်ကုတ်လေးဖြစ်နေရ၏။ စွန်လေးငြိနေတာကိုလည်း မဖြုတ်ပေးသေးချေ။

"ဟော့ကောင် ရှင်းပီတိ"

"....."

"စွန်ကြိုးငြိနေတာကို ဖြုတ်ပေးဦးလေကွာ"

"......"

"ဟော့ကောင် ရှင်း ငါပြောတာ ကြားရဲ့လား"

ကလေးဆိုကော့ ကိုယ့်စွန်ရရေးကိုပဲ စိတ်ကလောနေမိ၏။ အတ္တကြီးစွာပင် ရှင်းပီတိရဲ့ ခံစားချက်ထက် ကိုယ့်လိုအင်ဆန္ဒလေးကိုပဲ တောင်းဆိုနေမိသည်။

"ဟော့ကောင် ရှင်း ငါ့စွန်ကိုဖြုတ်ပေးလေ"

ရေစင်မြင့်ကြီးပေါ်ကို မော့ကြည့်ကာ မိုးဝသန် အော်နေမိသည်။

စွန်လေးက ရှင်းပီတိရဲ့ လက်တစ်ကမ်းအလိုလေးမှာ ရှိနေတာလေ။ အဲဒါလေးကို ဖြုတ်ပြီး အောက်ကိုချပေးလိုက်ရင်ပဲ ပြီးပြီ။ ဒါကို...





ဟိုင်ကြောက် ရှင်းပီတိက ဖြုတ်မပေးဘဲ ထိုင်ငိုနေ၏။

"ဟော့ကောင်...ရှင်းပီတိ"

"ဗျာ"

"ငါ့စွန်ကိုဖြုတ်ပေးလေကွာ မင်း ဘာလုပ်နေတာလဲ"

"ဟုတ်...ဟုတ် ဟုတ်ကဲ့၊ အဟင့်...အီး...ဟီး"

ရှင်းပီတိ

မျက်ရည်များကို လက်ဖနောင့်လေးနဲ့ပွတ်ကာ စွန်လေးရှိရာသို့ လှမ်းကြည့်ပြီး မရဲတရဲလေးသွားကာ ဖြုတ်ပြီး အောက်သို့ပစ်ချပေးလိုက်သည်။

စက္ကူစွန်နီနီလေးက လေထဲတွင်ဝေ့ကာ ဝိုက်ကာနှင့် မြေပြင်လေးပေါ်သို့ တရွေ့ရွေ့ဆင်းလာ၏။ မိုးဝသန် မျက်နှာလေးပြုံးသွားရသည်။ မိုးဝသန် ကျေနပ်သွားရသည်။ ဒါ သူ့အဖြစ်ချင်ဆုံးဆန္ဒပဲလေ။ ဒါလေးပြည့်ဝသွားတဲ့အတွက် မိုးဝသန် တအားကို ဝမ်းသာပျော်ရွှင်သွားရပြီ။

စွန်လေးကို ကောက်ယူလိုက်သည်။

ပြီးနောက်...

နေရာလေးကနေ ချာခနဲနေအောင် ပြေးထွက်ခဲ့မိတော့သည်။

"အစ်ကိုလေး"

ရှင်းပီတိရဲ့ ခေါ်သံလေး ပြာတက်သွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



စွန်နီနီလေးကို ရလိုက်သည်နှင့် အစ်ကိုလေးမိုးဝသန်က ရှင်းပီတိ ဘယ်လိုပုံစံမျိုးနဲ့ ရှိနေသလဲပင်မကြည့်တော့ဘဲ နေရာက နေ ပြေးထွက်သွားတော့သည်။

"အစ်ကိုလေးဝသန်…အီး…ဟီး…ဟီး အစ်ကိုလေး ရေ၊ ရှင်းကိုလာခေါ်ပါ၊ ရှင်း ပြန်မဆင်းရဲလို့ပါဗျာ၊ ရှင်း သိပ် ကြောက်လို့ပါ၊ ရှင်းကို လာခေါ်ပါဗျာ၊ ရှင်း အောက်ကိုပြန်မဆင်း ရဲတော့လို့ပါ၊ အီး…ဟီး…ဟီး"

ရေစင်ကြီးအပေါ်ကနေ မျက်ရည်တွေ တသွင်သွင်စီးကျ ပြီး အော်ဟစ်တောင်းပန်နေတဲ့ ရှင်းပီတိ။ ကူမယ့်သူမရှိ၊ ကယ်မဲ့ သူဝေးနေရသည့် အဖြစ်ရယ်ပါ။

မရှိ။

ခြံကြီးထဲမှာ လူရိပ်လူယောင်တစ်ယောက်မျှ မရှိပါ။

ကြောက်စိတ်တွေကြောင့် ရှင်းပီတိရဲ့ ခန္ဓာကိုယ်လေး တဆတ်ဆတ်တုန်နေရပြီ။ ဝမ်းနည်းစိတ်တွေကြောင့် တသိမ့်သိမ့် ရှိုက်ငိုနေခဲ့ရပြီလေ။

"အဟင့်…ဟင့် အီး…ဟီး"

"အီး…ဟီး…ဟီး"



## အခန်း [၅]

"အမလေး…အရေးထဲမှ ဒီကောင်စုတ်လေးက ဖျားနေ ရသေးတယ်၊ အလုပ်ဝင်တာမှ ဘယ်လောက်မှ မကြာသေးဘူး ပညာ က ပြချင်နေပြီ၊ သောက်လုပ်မလုပ်ချင်လို့ အပျင်းထူပြီး နေမကောင်း တာကို အကြောင်းရှာပြနေတာလေ၊ သင်းတို့အကြောင်း မသိရင် ခက်မယ် ဟွန်း"

အလုပ်သမားတန်းလျားလေးရှေ့ဆီက လွင့်ပျံလာသော ဒေါ်ဘွားဒေါ်တော်ဝင်နှန်းရဲ့ စကားသံလေးကြောင့် အိပ်ရာလေးထက် တွင် ခွေခွေလေးလှဲနေတဲ့ ရှင်းပီတိတစ်ယောက် ညှင်သာစွာ ထထိုင် လိုက်မိသည်။ အပြင်က စကားသံကို နားစွင့်လိုက်မိ၏။ ချက်ချင်း ထဖို့လုပ်တော့ ခေါင်းထဲက မူးတူးကြီးဖြစ်ကာ ဆက်ပြီးထိုင်နေလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရသည်။

""ဦးထေ""

""ချာ""

""သွားခေါ်ခဲ့စမ်း…အဲဒီကောင်လေးကို သွားနှိုးစမ်း ဦးထေ""

""ဟုတ်…ဟုတ်ကဲ့ခင်ဗျ""

ဦးထေတစ်ယောက် အိမ်ရှင်သူဌေးမကြီး ဒေါ်တော်ဝင်နန်းရဲ့ ခိုင်းစေချက်ကို မလွန်ဆန်ရဲစွာပင် ရှင်းပီတိနေတဲ့ အိပ်ခန်းလေးရှေ့သို့ ရောက်သွားရသည်။

""ဒေါက်…ဒေါက် ရှင်း ကောင်လေးရေ တံခါးဖွင့်စမ်း""

အခန်းတံခါးချပ်လေးကို ခပ်ဖွဖွခေါက်ကာ နှိုးမိ၏။

ဦးထေ သိနေသည်။

ရှင်းပီတိဆိုတဲ့ကောင်လေး တကယ်ပဲဖျားနေတာပါ။

မနေ့က…

ခြံနောက်က ရေစင်မြင့်ကြီးပေါ် တက်ခိုင်းပြီး စက္ကူစွန်လေးကို တက်ဖြုတ်စေတဲ့ မိုးဝသန်ရဲ့ စေခိုင်းချက်ကြောင့် အကြောက်လွန်ပြီး ကောင်လေးဖျားသွားတာလေ။ ဟော်တော်ဆိုးတဲ့ မိုးဝသန်။ ရေစင်ပေါ်မှာ ရှင်းပီတိရှိနေတာကို ဘယ်သူ့ကိုမှ အသိမပေးချေ။

အိမ်တော်ထိန်းကြီး ဦးထေတစ်ယောက် ရေစက်မောင်း





တင်ခိုင်းပြီး ရေပြည့်မပြည့်သွားကြည့်တော့မှ ငိုရှိုက်သံသဲ့သဲ့လေးကြောင့် မော့ကြည့်မိတော့ ရေစင်မြင့်ကြီးပေါ်မှာ ရောက်နေတာက ရှင်းပီတိဆိုတဲ့ကောင်လေး ဖြစ်နေသည်။

ဦးထေ မျက်လုံးကြီး ပြူးသွားရသည်။

ထောင်ထောင်မောင်းမောင်း ထွားထွားကြိုင်းကြိုင်း လူကြမ်းကြီးရဲ့ ရင်ထဲက အူတွေအသည်းတွေ ဆတ်ဆတ်ခါသွားအောင်ပင် တုန်လှုပ်သွားရ၏။ စိုးရိမ်တကြီး ရေစင်ပေါ်တက်ကာ ရှင်းပီတိဆိုတဲ့ကောင်လေးကို ချီပြီးပြန်ဆင်းခဲ့ရသည်။

ကြောက်စိတ်တွေကြောင့် အသားလေးတွေ တဆတ်ဆတ်တုန်နေတဲ့ ရှင်းပီတိ။ မိုးဝသန်ဆိုတဲ့ကောင်ဆိုးလေးရဲ့ ချောက်ချမှုမှာ လှလှပပလေးမိသွားတဲ့ ရှင်းပီတိက ထိုအဖြစ်လေးကြောင့် ကိုယ်တွေပူနွေးကာ ဖျားတော့၏။ ဒါကြောင့် ဦးထေ အနားယူခိုင်းခဲ့မိသည်။ ဒါကို မိုးဝသန်ဆိုတဲ့ကောင်လေး ဘာတွေပြဿနာရှာပြန်ပြီလဲမသိ။ ဒေါ်တော်ဝင်နန်းတစ်ယောက် အလုပ်သမားတန်းလျားလေးဆီကို လူကိုယ်တိုင်ပင် ရောက်လာခဲ့ရသည့်အထိပင်။

""ဒေါက်…ဒေါက် ကောင်လေး""

ကျွီခနဲ ပွင့်လာတဲ့ အခန်းတံခါးလေးကြောင့် ဦးထေငုံ့မိုးကြည့်လိုက်မိတော့ နွမ်းလျသော မျက်နှာလေးနဲ့ ယိုင်နဲ့နဲ့လေးရပ်နေတဲ့ ရှင်းပီတိဆိုတဲ့ကောင်လေးကို တွေ့လိုက်ရသည်။

""ဘကြီးထေ""



www.burmeseclassic.com

www.burmeseclassic.com



အဖျားသွေးကြောင့် မျက်နှာလေးက ရဲရဲနေသည်။ ခေါင်းလေးကလည်း အားမရှိ။ အရွယ်လေးနဲ့မလိုက်အောင် ဆိုးဝါးလိုက်တဲ့ ကံကြမ္မာဆိုးရဲ့ ရိုက်ခတ်တဲ့ဒဏ်ကို ခံစားနေရတဲ့ ရှင်းပီတိလေးကို ကြည့်ပြီး ဦးထေပင် စိတ်မကောင်းဖြစ်သွားရသည်။ သနားစရာကောင်းလိုက်တဲ့ကလေး။ မိဘတွေရင်ခွင်မှာ ပျော်ရွှင်နေရမယ့် အရွယ်လေးမှာ သူများအိမ်တွင် မှီခိုနေထိုင်ပြီး အလုပ်လုပ်နေရသည်။

"မင်းကို မေမေကြီးခေါ်နေတယ်"

"ဟုတ်ကဲ့"

ပြောပြောဆိုဆို ဦးထေရှေ့ကနေ နေ့ကွေးသော ခြေလှမ်းလေးတွေနှင့် ထွက်သွားတဲ့ ရှင်းပီတိဆိုတဲ့ ကောင်လေးကိုကြည့်ပြီး သက်ပြင်းမောကြီးကို မှုတ်ထုတ်ကာ အနောက်ကနေ လိုက်သွားမိတော့သည်။

"ဟဲ့…ကောင်စုတ်လေး နင်က ငါ့မြေးလေးဆီကို မလာနိုင်လောက်အောင် အပျင်းထူနေတယ်ပေါ့လေ"

"ရှင်း…ရှင်း နေမကောင်းလို့ပါဘွားနန်း"

"အဲဒါငါမသိဘူး"

"ဗျာ"

ဟင်…

အဲဒါ ငါမသိဘူးတဲ့။





တစ်ဖက်သားနေထိုင်မကောင်း ဖြစ်နေတာကို မစာနာနိုင်လောက်အောင် ညှာတာစိတ်ကင်းမဲ့လွန်းတဲ့ ဒေါ်တော်ဝင်နန်းကို ငေးမောကြည့်ပြီး အိမ်တော်ထိန်းကြီး ဦးထေပင် မျက်လုံးပြူးသွားရသည်။

အတ္တကြီးလိုက်တဲ့ ဒေါ်တော်ဝင်နန်း။

ဂုဏ်ပကာသနတွေ မက်မောလွန်းတဲ့ ဒေါ်တော်ဝင်နန်း။

သူ့မြေးကို အဆင့်အတန်းမရှိတဲ့လူတွေနဲ့ တွေ့သွားမှာစိုး၍ အလုပ်သမားကိုပင် အမျိုးသမီးမခေါ် တစ်ခြံလုံး ယောကျ်ားအလုပ်သမားတွေချည်းပဲ ခန့်ထား၏။ မြေးက အခုမှဆယ့်လေးနှစ်သားပဲ ရှိသေးတယ် စိုးရိမ်ပူပန်နေလိုက်တာ မပြောပါနဲ့တော့။ မိုးဝသန်ကို မွေးထားတဲ့ မိဘများဖြစ်တဲ့ ဦးသူတော်နှင့် ဒေါ်ဒေဝီခင်ပင် အခုလောက်ထိ အယူမသည်းကြချေ။ ဒေါ်တော်ဝင်နန်း တစ်ဦးတည်းသာ သဲကဲနေခြင်းဖြစ်သည်။

အခုလည်း မိုးဝသန်က ရှင်းပီတိကိုမေးလိုက်တာနှင့် ဒေါ်တော်ဝင်နန်းကိုယ်တိုင် ရှင်းပီတိကို လာခေါ်နေပြီလေ။ နေမကောင်းလို့ အိပ်နေပါတယ်ဆိုတာပင် လက်မခံနိုင်ဘဲ သူ့မြေး မိုးဝသန် စိတ်ချမ်းသာရေးပဲ ဦးတည်နေတဲ့ ဒေါ်တော်ဝင်နန်းရဲ့ အတ္တကြီးမှုကို ဦးထေပင် စိတ်ပျက်သွားမိရ၏။

သို့သော်…

မိမိက ဒီခြံကြီးရဲ့ အလုပ်သမားတစ်ယောက်ပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



ဒီခြံကြီးရဲ့ အရိပ်ကိုမှီခိုပြီး ရှင်သန်နေရတဲ့ဘဝမို့ ဘာမှ မတတ်နိုင်။

“ဒီမှာကောင်စုတ်လေး”

“ပြော…ပြောပါ ဘွားနှန်း”

“မင်းကို ငါအပြတ်သားဆုံးပဲ ပြောမယ်၊ မင်းဘာသာ ဘာကြီးပဲဖြစ်နေနေ ငါ့မြေးမိုးဝသန်က လိုအပ်တယ်ဆိုရင် မင်းရှိနေပေးရမယ်၊ ငါ့မြေးခိုင်းတာကို မင်းလုပ်ရမှာ မင်းရဲ့တာဝန်ပဲ ရှင်းပီတိ၊ အဲဒါကိုမှ မင်းဖက်က ပျက်ကွက်မယ်ဆိုရင်တော့ ဒီခြံကြီးထဲမှာ မင်းမနေရဘူး။ မင်းကို မကြွေလက်ထဲပြန်ထည့်မယ် ရှင်းပီတိ။ အလကားနေရေသာခိုနေတာ လုံးဝလက်မခံနိုင်ဘူး၊ မကျေနပ်ရင် အချိန်မရွေးပြန်နိုင်တယ်”

“ရှင်း…ရှင်း မပြန်ပါရစေနဲ့ ဘွားနှန်းရယ်၊ ရှင်းကို ဒေါ်ကြွေလက်ထဲ ပြန်မအပ်ပါနဲ့နော်၊ ရှင်း အလုပ်လုပ်ပါ့မယ်၊ ရှင်း မပြန်ပါရစေနဲ့ဗျာ”

လက်အုပ်လေးချီကာ မျက်ရည်လေး တစ်ပေါက်ပေါက်ကျပြီး တောင်းပန်နေတဲ့ ရှင်းပီတိလေးကိုကြည့်ပြီး ဦးထေ ရင်နင့်သွားရသည်။

“ကောင်းပြီ ရှင်းပီတိ၊ မင်းက မပြန်ချင်ပါဘူးဆိုရင်တော့ ငါပြောတဲ့အတိုင်း အလုပ်ကိုကြိုးကြိုးစားစားလုပ်၊ မဟုတ်ရင်တော့ အထုပ်ပြင်ပြီး ရွာကိုပြန်တော့ပဲ၊ သွား အခုချက်ချင်း မိုးဝသန်ဆီ





ကိုသွားတော့”

“ဟုတ်…ဟုတ်ကဲ့ ဘွားဘွားနှန်း”

“အို…ဟဲ့…ဟဲ့ ဒီအတိုင်းကြီးသွားမလို့လား၊ နင်ဟာလေ တကယ့်ကို အလိုက်မသိတဲ့ကောင်လေးပဲ၊ အိပ်ရာထတဲ့ အဝတ်အစား နံစော်စော်ညစ်စုတ်စုတ်ကြီးနဲ့ သွား သွား အဲဒီအဝတ်အစားတွေလဲပြီးမှသွား၊ တော်ကြာ ငါ့မြေးလေး အခန်းထဲ အနံ့တွေ နံနေဦးမယ်”

“ဟုတ်…ဟုတ်ကဲ့ အဘွားနှန်း”

ရှင်းပီတိတစ်ယောက် ဘွားတော်ဝင်နှန်းရှေ့တွင် ယိုင်ခွေခွေလေး မနေရဲတော့ပါ။ ရှင်းကိုပြန်ခိုင်းမှာ ကြောက်သည်။ ဒါကြောင့် ရှင်းပီတိ အဝတ်အစားလေးတွေကို အပြေးလေး လဲလှယ်ကာ ဝတ်လိုက်၏။

ပြီးနောက်…

အပြင်ကို အပြေးလေးပြန်ထွက်ကာ တိုက်အိမ်ဖြူဖြူကြီးဆီသို့ အမြန်ဆုံးနှုန်းနှင့် ရောက်အောင်သွားနေမိတော့သည်။

ရှင်းပီတိတစ်ယောက်…

တိုက်ကြီးထဲကိုရောက်တော့ ဟောဟဲစိုက်နေ၏။ သို့သော် အမောမဖြေရဲပါ။ အပေါ်ထပ်သို့ လှေကားထစ်လေးတွေအတိုင်း ပြေးတက်ရပြန်သည်။ ခန္ဓာကိုယ်တစ်ခုလုံး ချွေးတွေရွှဲနစ်နေသည်။ အသက်ရှူသံတွေပြင်းထန်ကာ ရင်ဘတ်လေးပင် နိမ့်တုန်မြင့်တုန်

၈



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေရပြီ။ သို့သော် မိုးဝသန်ရဲ့ အခန်းရှေ့လေးရောက်တာနှင့် တံခါးလေးကို ကပျာကယာခေါက်လိုက်ရ၏။

"ဟင်…ရှင်း"

မိုးဝသန်…

အခန်းတံခါးလေးကိုအဖွင့် တံခါးဝလေးတွင် ရပ်ကာ မျက်လုံးလေးစုံမှိတ်ပြီး အမောဖြေနေတဲ့ ရှင်းပီတိကို တွေ့လိုက်ရာ မျက်ဝန်းပြာလဲ့လဲ့လေးတွေက ပြူးကျယ်ဝိုင်းစက်သွားရသည်။ ဒီကောင် ဘယ်ကိုရောက်နေမှန်းမသိလို့ အိမ်ရှိလူတွေကို လိုက်မေးနေတာပါ။ မထင်မှတ်ဘဲ ရှင်းပီတိကို မြင်တွေ့လိုက်ရတာမို့ မိုးဝသန် မျက်နှာလေး ပြုံးပျော်သွားရ၏။

မနေ့က…

ရှင်းပီတိကို ရေစင်ကြီးပေါ်မှာ တမင်ပစ်ထားခဲ့မိသည်။ အဲဒါကလည်း ဒီကောင်သတ္တိရှိရှိနဲ့ ပြန်ဆင်းလာအောင် တမင်ရည်ရွယ်ပြီး ထားခဲ့တာလေ။ ပြီးမှ မိုးဝသန် ပြန်စဉ်းစားမိသွားရတာက ရှင်း တကယ်မှ ပြန်ဆင်းလာရဲပါ့မလားဆိုတာကိုပေါ့။ မိုးဝသန် သတိရပြီး ရေစင်မြင့်ကြီးရှိရာကို အပြေးလေးပြန်သွားကြည့်တော့ ရှင်းပီတိတစ်ယောက် ရေစင်ကြီးပေါ်မှာ ရှိမနေတော့ချေ။ ဒါဆို ဒီကောင် သတ္တိရှိသားပဲဟု ကြိတ်ပြီးချီးကျူးနေမိတုန်း အိမ်တော်ထိန်းကြီး ဦးထေက ရှင်းပီတိကို ရေစင်ပေါ်ကနေ ပွေ့ချီပြီး ခေါ်ခဲ့ရကြောင်း ပြောနေသံကို ကြားလိုက်ရသည်။ စိတ်ထဲမှာ နည်းနည်း





တော့ မကျေနပ်မိပေမယ့် ရှင်း ပြန်ဆင်းလာခဲ့နိုင်ပြီဆိုတဲ့သတင်းကြောင့် မိုးဝသန် ဖြေသိမ့်နိုင်ခဲ့သည်။

ဒီမနက်

အစောကြီးထဲက မိုးဝသန် အိပ်ရာနိုးခဲ့၏။

ထူးဆန်းတာက ရှင်းပီတိတစ်ယောက် သူ့ထံကို ရောက်မလာခြင်းပဲ။ မိုးဝသန်စိတ်ထဲ စိုးရိမ်ပူပန်မှုတွေ ဖိစီးနေသည်။

အရင်နေ့တွေကဆို ဒီကောင် အစောကြီးရောက်လာပြီး သူ့ကျောင်းသွားဖို့ လာနှိုးကာ အဝတ်းပဲ ရေမိုးချိုး ပြင်ဆင်ခိုင်းတတ်၏။ မိုးဝသန် ရေချိုးခန်းထဲဝင်လျှင် ရှင်းပီတိက သူဝတ်မယ့် ကျောင်းဝတ်စုံ ခြေအိတ်၊ ဖိနပ်ကအစ သေသေသပ်သပ်လေး ထုတ်ပေးထားတတ်၏။ ပြီးလျှင် တစ်နေ့တာအတွက် သင်မည့် သင်ခန်းစာအုပ်များကို အချိန်ဇယားလေးတွေကြည့်ပြီး ကျောပိုးအိတ်ထဲထည့်ထားပေးတတ်၏။ ပြီးလျှင် ကွန်ပါဖူးလေးကိုစစ်သည်။

အထဲမှာ…

ခဲတံကျိုးနေတာတွေ့လျှင် ချွန်ထားပေး၏။

တော်တော်လေး အလိုက်သိတဲ့ ရှင်းပီတိရယ်ပါ။

ဒီကောင်ရောက်လာတာကို အစက ကြည့်ရတာ အဆင်မပြေခဲ့ပေမယ့် အနီးကပ်နေပြီး ဒီကောင့်ရဲ့ သည်းခံနိုင်မှု အလိုက်သိမှု သစ္စာရှိမှု ရိုးသားမှုလေးတွေကြောင့် အခုဆိုလျှင် ရှင်းပီတိပြန်သွားမှာပင် ကြောက်ရွံ့ကာနေမိသည်။ ရှင်းပီတိကိုမမြင်၍ တိုက်ကြီးအနှံ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရှာမိ၏။

အရောင်နွမ်းနွမ်း ရှပ်အင်္ကျီလက်တို အကွက်စိပ်လေးကို ဘောင်းဘီတိုပွပွလေးတွေနဲ့ တွဲတွဲပြီး ဝတ်ဆင်ထားတတ်တဲ့ ရှင်းပီတိကို ခင်တွယ်နေမိသည့် သူ့စိတ်ကို နားမလည်နိုင်လောက် အောင်လည်း ဖြစ်ရသည်။

အရင်ကောင်လေးတွေတုန်းကဆို တစ်ပတ်တောင် မခံကြ ချေ။ သူ့အလုပ်မထုတ်ရခင် ပြန်တော့မယ်ဟုပြောကာ ရွာကိုပြန် ပြေးကြသည်။ ဒီကောင်ကျတော့ အဲ့ဒီလိုမဟုတ် တကယ့်ကို အနစ် နာခံပြီးတော့ကို ကုပ်ကပ်နေတာ။ ပြန်တော့လို့ နှင်ထုတ်မှာကို ရှင်းပီတိက အသေကြောက်တာလေ။

အဲ့ဒီအားနည်းချက်ကိုသိလေ မိုးဝသန်က ဖိနိုင်လေပါပဲ။

ရှင်းပီတိကို မင်းပြန်တော့၊ အလုပ်ထွက်တော့လို့ ပြောပြော ပြီး တဖက်သတ် အနိုင်ကျင့်တတ်သည်။ မိုးဝသန့်ရဲ့ စိတ်ထဲမှာ ရှင်းပီတိကို အခက်အခဲ အကြပ်အတည်းထဲ တွန်းတွန်းပို့ပြီး ဒီကောင် စိတ်ရှုပ်ထွေးပြီး ညစ်နေတတ်တဲ့ပုံလေးကို မြင်နေရတာ ကြည်နူး မိသည်။

သို့ပေမယ့်...

တကယ်တမ်းလက်တွေ့ ရှင်းပီတိကို မတွေ့မမြင်ရတော့ မိုးဝသန် ပျာယာခတ်သွားရ၏။ ရှင်းပီတိရဲ့ နံမယ်လေးကိုခေါ်ပြီး ရှာနေမိသည်။ မိုးဝသန် ဘယ်လောက်ပဲရှာနေနေ ရှင်းပီတိရဲ့





အရိပ်ကိုပင် မတွေ့ရချေ။

မိုးဝသန် မျက်လုံးပြူးရပြီ။

စိတ်တွေတအားကို လှုပ်ရှားသွားရသည်။

အလုပ်များ ထွက်သွားပြီးလားဆိုတဲ့ အသိကြောင့် မိုးဝသန် ပျာသွားရသည်။ အဘွားနန်းဆီကို အပြေးလေး သွားကာ မေး၏။ ဘွားနန်းလည်း ရှင်းပီတိကို မိုးဝသန်မေးသံလည်းကြား ရော ပြူးပျာနေအောင်ပင် အလုပ်သမားတန်းလျားဆီကို သွားမေးနေ တော့၏။

မိုးဝသန်

ရှင်းပီတိများ ထွက်ပြေးသွားပြီလားဆိုတဲ့ အသိကြောင့် ဝမ်းနည်းသွားရ၏။ အခန်းလေးထဲတွင် ငူငူငိုင်ငိုင်ကြီးထိုင်ကာ နေမိသည်။ မျက်နှာလဲမသစ်နိုင် မနက်စာလည်း မစားနိုင်ဘဲ ကြောင်အအကြီး ဖြစ်နေရ၏။

တံခါးခေါက်သံသဲ့သဲ့ကြောင့် ထိုင်ရာကနေ ထခဲ့ရပေမယ့် ရှင်းပီတိ ဖြစ်နေလိမ့်မယ်ဟု ထင်မထားမိချေ။

မိုးဝသန် ရှင်းပီတိဆိုတဲ့ကောင်ကို တကယ်ပဲ ခင်တွယ် နေမိရပြီ။ ရှင်းပီတိ ပြန်များသွားပြီလားဆိုတဲ့ အသိကြောင့် ရှင်းပီတိ နေချင်အောင် သူ့ဖက်ကကောင်းကောင်းမွန်မွန် မဆက်ဆံခဲ့မိခြင်း အပေါ် နောင်တလေးတွေပင် ရသွားရသည်။

သို့ပေမယ့်...



www.burmeseclassic.com

www.burmeseclassic.com



တံခါးဝလေးတွင်ရပ်နေသူမှာ ရှင်းပီတိမှ ရှင်းပီတိအစစ်ဖြစ်နေ၏။

မိုးဝသန် ဝမ်းသာသွားရသည်။

ပျော်ရွှင်သွားရ၏။

"ရှင်း …ငါ…ငါ မင်းပြန်သွားပြီလို့တောင် ထင်နေတာ။ တော်သေးတာပေါ့ကွာ၊ မင်း…မင်း မပြန်သွားလို့"

"ရှင်း…နေမကောင်းလို့ အိပ်ရာထ နောက်ကျသွားတာပါ အစ်ကိုလေးဝသန်၊ ရှင်းကိုခွင့်လွှတ်ပါနော်"

ရှင်း မျက်နှာငယ်လေးနှင့် တောင်းပန်လိုက်မိသည်။

မိုးဝသန်

ရှင်းပီတိမျက်နှာလေးကို ခပ်စူးစူးစိုက်ကြည့်လိုက်မိ၏။

"ရှင်းကို…ခွင့်လွှတ်တယ်မဟုတ်လားဟင် အစ်ကိုလေးဝသန်"

"ဟင့်အင်း"

ဟာ…

ခေါင်းလေးကိုဆတ်ခနဲ ခါယမ်းပြလိုက်တဲ့ အစ်ကိုလေးမိုးဝသန်ကြောင့် ရှင်းပီတိရဲ့ မျက်နှာလေး ညှိုးငယ်ကာဖျော့တော့သွားရ၏။

"မင်းကို ခွင့်မလွှတ်နိုင်ဘူးရှင်း၊ ငါ ဒီတစ်မနက်လုံး ဘယ်လောက်တောင် စိတ်ညစ်သွားရလဲ မင်းသိလား။ မင်းကြောင့်





အခုချိန်ထိ ငါမျက်နှာလဲမသစ်ရသေးဘူး၊ နံနက်စာလဲ မစားရသေးဘူး။ မင်းပြန်များသွားပြီလားဆိုပြီး စိတ်တွေပူနေခဲ့တာလေ"

အစ်ကိုလေး ဝသန်ရယ်။

မပြန်ပါဘူး အစ်ကိုလေးဝသန်။

ရှင်း…ဒီတိုက်ကြီးထဲမှာ မေမေဆီက ပြန်လာဖို့ ခွင့်ပြုချက် မရမချင်း နေမှာပါ။ ကျေးဇူးတင်ပါတယ် အစ်ကိုလေးမိုးဝသန်။ ရှင်းကို မပြန်စေချင်တဲ့အတွက် အရမ်းပဲ ကျေးဇူးတင်ပါတယ်ဗျာ။

"ရှင်းပီတိ"

"ဗျာ"

"မင်းအပြစ်ကို မင်းသိပြီမဟုတ်လား"

"ဗျာ"

"ငါ့ကိုစိတ်ညစ်အောင်လုပ်တဲ့အပြစ်လေ"

"ဒါ…ဒါက"

"ငါ့ကို အကြောင်းပြချက်မပေးနဲ့ရှင်း ငါမကြားချင်ဘူး"

"ဟုတ်…ဟုတ်ကဲ့ပါ အစ်ကိုလေးဝသန်။ ရှင်း…ရှင်း မှားခဲ့ပါတယ်"

"အဲ့ဒါဆို…လာခဲ့"

"ဗျာ"

"ဘာကြောင်ကြည့်နေတာလဲ၊ ငါရေချိုးတော့မလို့၊



www.burmeseclassic.com

www.burmeseclassic.com



အိမ်နေရင်းအဝတ်အစားတွေ လာထုတ်ပေးလေ။ တော်သေးတာပေါ့ ဒီနေ့ ကျောင်းပိတ်ရက်ဖြစ်နေလို့ မဟုတ်ရင်၊ မင်းကြောင့် ငါကျောင်းပျက်ရပြီပဲ''

''အဟီး…ဟီး''

''ဘာရယ်တာလဲ ရှင်း၊ ရုပ်ကိုစပ်ဖြီးဖြီးနဲ့''

''အစ်ကိုလေးဝဿန်''

''ဘာလဲ''

''အစ်ကိုလေးဝဿန် ရှင်းကို ချစ်သွားပြီမဟုတ်လား''

''ဘာကွ''

''ရှင်းပြန်သွားမှာကို အစ်ကိုလေးဝဿန် စိုးရိမ်နေပြီလေ''

''တော်စမ်းပါကွာ''

''ဟား…ဟား''

ရှက်သွေးလေးတွေဖြာကာ အပြုံးလေးတွေနဲ့ ခေါင်းလေးကို တအားခါယမ်းလိုက်တဲ့ အစ်ကိုလေးဝဿန်ရဲ့ ပုံစံလေးကိုကြည့်ပြီး ဝမ်းသာအားရ တဟားဟားအော်ရယ်လိုက်သူက ရှင်းပီတိပဲဖြစ်သည်။

ဘာပဲပြောပြော…

ရှင်းအပေါ်မှာ ဘယ်လောက်ပဲ အနိုင်ကျင့်ခဲ့ကျင့်ခဲ့၊ အခုလို ရှင်းမရှိတော့မှာလေးကို စိုးရိမ်ပူပန်တာလေးကြောင့် ရှင်းပီတိ ကျေနပ်ပျော်ရွှင်သွားရတာ အမှန်ပင်ဖြစ်သည်။





''ဟား…ဟား''

''ဟော့ကောင်…မရယ်နဲ့နော်၊ ငါ ဒေါသထွက်လာပြီ၊ မင်းမျက်နှာကို လက်သီးနဲ့ဆွဲထိုးပစ်မှာ''

''ဟား…ဟား''

ရှင်းပီတိလေးရဲ့ ရယ်သံလေးက ရပ်မသွားပါ။

''ရှင်းနော်…မရယ်နဲ့လို့ပြောနေတယ်''

''ဟား…ဟား''

''ဟော့ကောင်''

ရှင်းပီတိကို မျက်နှာထားတည်တည်ကြီးနဲ့ ကြာရှည်စွာ မကြိမ်းမောင်းနိုင်ခဲ့ပါ။

ဟန်ဆောင်ခြင်းဆိုတာ အင်မတန်ပင်ပန်းစရာ အလုပ်တစ်ခုမှန်း မိုးဝဿန် သိလိုက်ပြီလေ။

နောက်ဆုံးတော့…

ရှင်းပီတိနှင့်အတူ သူပါလိုက်ရယ်မိသွားရတော့သည်။

ဟား…ဟား။

ဟား…ဟား။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၈]

ရှင်းပီတိဆိုတဲ့ ကောင်လေးတစ်ယောက် မိုးဝသန်ဆိုတဲ့ ကျွန်တော့်ဘဝထဲကို မထင်မှတ်ဘဲ တိုးဝင်လာခဲ့သည်။ ဘယ်ဘဝ ရေစက်ကြောင့်လဲတော့ မသိပါ ရှင်းပီတိကို ကျွန်တော်တအားကို ခင်တွယ်သွားမိတာ အမှန်ပင်ဖြစ်၏။

ဒီကောင်ပုံစံက ခွဲ့တဲ့ခွဲ့တဲ့နှင့် တကယ်ကို အချိုးမပြေလှသော်လည်း ကျွန်တော့်အနားတွင် ဒီကောင်ရှိနေတာကိုပဲ ကျေနပ်နေမိသည်။ မိုးဝသန်ရဲ့ တောင်းဆိုမှုကြောင့် ရှင်းတစ်ယောက် ဒီတိုက်ကြီးထဲတွင် မြဲမြဲစွာရှင်သန်ခွင့်ရခဲ့သည်။

ယခုဆိုလျှင်...

ရှင်းပီတိတစ်ယောက် ဒီခြံကြီးထဲကိုရောက်နေခဲ့တာ





နှစ်တွေအလီလီပြောင်းကာ လူပျိုကြီးဖားဖားပင် ဖြစ်နေခဲ့ချေပြီ။ ဖြူသောအသားအရည် နုသောမျက်နှာလေးအပြင် ရိုးသားတည်ငြိမ်လွန်းသော အသွင်လေးကြောင့် ရပ်ကွက်ထဲက မိန်းကလေး အတော်များများရဲ့ ပါးစပ်ဖျားမှာ ရှင်းပီတိဆိုတဲ့ကောင်ရဲ့ နာမည်လေးက စွဲထင်နေတော့၏။

မိုးဝသန်

ဒီကောင်ကိုမနာလိုတာအဲ့ဒါပဲ။

အမြဲတမ်း

ဒီကောင့်ရဲ့ ဂုဏ်သတင်းပဲ မွှေးပျံ့နေတတ်တာလေ။ မိုးဝသန်လည်း ချောတာပါပဲ။ ငွေကြေးချမ်းသာပြည့်စုံလွန်းတဲ့ ဂုဏ်ရှိန်ကြောင့် မိုးဝသန်ရဲ့ပုံစံ ဆောင့်ကြွားကြွားက နှင်းဆီပျိုတို့ရဲ့ ရင်ခုန်သံကို အနည်းငယ်တော့ တုန်လှုပ်စေသည်။

ငွေကြေးကြောင့် မိုးဝသန်အနားကို ကပ်ချင်နေကြတာမို့ အဲ့ဒီမိန်းကလေးတွေကို မိုးဝသန် လုံးဝအထင်ကြီးလို့မရချေ။ မိုးဝသန်လိုချင်တာ တကယ့်ကို အတွင်းကျတဲ့ အဖြူထည်ချစ်ခြင်းပဲ။ သို့ပေမယ့် အခုချိန်ထိ မိုးဝသန် ရှာမတွေ့သေးပါချေ။

"ဟေ့ကောင်...ရှင်း"

သူ့အဝတ်အစား ဗီရိုလေးကို သေချာရှင်းလင်းကာ... သပ်သပ်ရပ်ရပ်ဖြစ်အောင် စီပေးနေသော ရှင်းပီတိက ခေါ်သံကြောင့် လှည့်စောင်းကြည့်၏။ တီရှပ်ပွပွ ဂျင်းဘောင်းဘီရှည်နှင့် ချောမော



www.burmeseclassic.com

www.burmeseclassic.com



လွှမ်းနေသော ရှင်းပီတိမျက်နှာကို ခပ်စူးစူးစိုက်ကြည့်ကာ မိုးဝသသန့် စိတ်မရှည်သံကြီးနှင့် မေးမိ၏။

"မင်း အခုတလော တစ်ခြံကျော်က မေဖူးဆိုတဲ့ ကောင်မလေးနဲ့ တွဲဖြစ်နေတယ်ဆို"

"ဗျာ"

"မင်း…မလွှန့်လွှန့်ဘူးလား ရှင်း"

"ဘာ…ဘာကိုလဲ အစ်ကိုလေးဝသသန့်"

"ကောင်မလေးတွေနဲ့ပဲ တစ်ချိန်လုံး တပူးတွဲတွဲနေတာကို ပေါ့ကွ"

"ဒါ…ဒါက…ရိုးရိုးခင်တာပါ"

"ဘာ…ဘာပြောတယ်၊ ရိုးရိုးခင်တာ ဟုတ်လား။ အဟွန်း…ယုံအောင်လည်းဖြီးပါကွာ၊ ငါက ငထုံငအမဟုတ်ပါဘူး"

"တကယ်ပြောတာပါ အစ်ကိုလေးဝသသန့်ရာ၊ မေဖူးက ရှင်းကို ရိုးရိုးသားသားပဲခင်တာပါဗျ၊ သူကြိုက်နေတာ အစ်ကိုလေးဝသသန့်ကိုပါ"

"ဘာရယ်"

ရှင်းပီတိစကားကြောင့် မိုးဝသသန့်ရဲ့ မျက်ခုံးတူတန်းတန်းကြီးတွေက ဖျတ်ခနဲ ပင့်တက်သွားရ၏။

"တကယ်ပြောတာ၊ ရှင်းနဲ့တွေ့တိုင်း အစ်ကိုလေးဝသသန့်





ရဲ့အကြောင်းကိုချည်းပဲ မေးမေးနေတာ ဖြေရလွန်းလို့ စိတ်တောင် မရှည်ချင်တော့ဘူး၊ ဒါကြောင့် ပြောတာပေါ့ မေဖူးစိတ်ဝင်စားတာ အစ်ကိုလေးပါလို့"

ဟင်…

ဟုတ်ရဲ့လား။

မေဖူးလို သိပ်လှတဲ့ ကောင်မလေးတစ်ယောက်နဲ့ တတွဲတွဲနေပြီး ဒီကောင့်စိတ်တွေ ရိုးသားတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။ ပြီးတော့ မေဖူးက သူ့အကြောင်းတွေ မေးတဲ့အကြောင်းကို ရှင်းပီတိ တစ်ခါမျှကို မပြောဖူးချေ။

"ငါမယုံပါဘူးကွာ၊ မင်းလား ရင်မခုန်မှာ၊ မေဖူးက ဒီလောက်လှတာ"

"အဟွန်း…တကယ်ပါဗျာ၊ ရှင်း မညာပါဘူး၊ မေဖူး လှတာ လက်ခံပါတယ်၊ ဒါပေမယ့် ရှင်း စိတ်မဝင်စားပါဘူး၊ အစ်ကိုလေးကို စိတ်ဝင်စားနေတဲ့ဟာကို ရှင်းက ဘယ်လိုလုပ်ပြီး စိတ်ကူးယဉ်ရမလဲ၊ ရှင်းဘဝကို ရှင်းအသိဆုံးပါ၊ ရှင်းဘဝက အိပ်ရာပေါ်လှဲပြီး နဖူးပေါ်လက်တင် စိတ်ကူးလေးယဉ်လို့ရတဲ့ဘဝ မဟုတ်ပါဘူး"

အဲ…

ပြောနေရင်း ရှင်းပီတိရဲ့ အသံလေးက အက်ကွဲတုန်ယင်ကာ အဖျားခတ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းအိမ်လေးထဲမှာလည်း အားငယ်စိတ်လေးတွေခိုဝင်ကာ မျက်ရည်ကြည်လေးလဲ့လို့။

ဒီကောင်မှာလေ…

သိပ်ပြီး အိုက်တင်ကောင်းတာပဲ။

ဒါကြောင့်လည်း ကောင်မလေးတွေက ရှင်းပီတိမှ ရှင်းပီတိ ဖြစ်နေကြတာထင်ပါရဲ့။ ယောကျ်ားတစ်ယောက်ဖြစ်တဲ့ မိုးဝသဿန်ပင် ရှင်းပီတိရဲ့ပုံစံလေးကိုကြည့်ပြီး ရင်ထဲနင့်သည်းသွားရသည်။

ပြောပြီးတဲ့ ရှင်းပီတိကတော့ သူ့အလုပ်သူဆက်လုပ်နေ၏။

"ရှင်း"

"ဗျာ"

"မင်း…ငါ့ကို မေဖူးရဲ့အကြောင်း တစ်ခါမှကို မပြောဖူးဘူးနော်"

ဟင်…။

အစ်ကိုလေးမိုးဝသဿန်ရဲ့ စကားကြောင့် ရှင်းပီတိရဲ့ ခန္ဓာကိုယ်လေး ဆတ်ခနဲတုန်သွားရသည်။

"ဟုတ်တယ်မို့လား ရှင်း"

"ဟို…ဟို ဒါ…ဒါက"

ရှင်းပီတိ…

ဘာပြန်ဖြေလို့ ဖြေရမှန်းမသိအောင်ပင် ဖြစ်သွားရ၏။





အစ်ကိုလေးမိုးဝသဿန်ရဲ့ မသင်္ကာမျက်ဝန်းအကြည့် စူးစူးကို ရင်မဆိုင်ရဲစွာ အကြည့်နက်နက်လေးကို လွှတ်ပစ်လိုက်ရသည်။

တကယ်တော့…

မေဖူးကို ရှင်း တအားခင်သည်။

မေဖူးနဲ့ အနီးကပ်ခင်မင်ရင်းနှီးတော့မှ စိတ်သဘောထားဖြူစင်ပြီး မာနကင်းကာ လူတန်းစားမခွဲခြားတတ်သော စိတ်ဓာတ်နှင့် အကျင့်လေးတွေကို သိရပြီး လေးစားခဲ့ရသည်။ ဒါကြောင့် မေဖူးကို တည်ငြိမ်အေးဆေးသော ဘဝလေးတစ်ခုကိုပဲ ပိုင်ဆိုင်စေချင်သောစိတ်တွေ ဖြစ်မိ၏။

ဒါကြောင့်…

အစ်ကိုလေးမိုးဝသဿန်နှင့် မေဖူးကို ရှင်းပီတိ မနီးစပ်စေချင်ပါ။

အစ်ကိုလေးမိုးဝသဿန်က အချစ်ကို ကစားစရာတစ်ခုလို သဘောထားတတ်သူလေ။ ရည်းစားတွေကလည်းများမှများ။ မေဖူးတန်းစီလျှင်တောင် နံပါတ်စဉ်က ကြီးနိုင်သည်။ ပြီးတော့ အလေးအနက်မရှိ ခပ်လွယ်လွယ်မေ့ဖျောက်တတ်တဲ့ အကျင့်ဆိုးတွေကြောင့် မေဖူးကို မချစ်စေချင်ပါ။

အစ်ကိုလေးရဲ့ ခပ်ပေါ့ပေါ့နေထိုင်တတ်မှုကို အသွားနန်းက မဆုံးမတဲ့အပြင် သဘောတွေတောင်ကျနေသေးသည်။ ဒါမှအတွေ့အကြုံရှိမှာဆိုပြီး မြှောက်ၡပင်ပေးသေး၏။



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုလေးမိဘများဖြစ်တဲ့ အန်ကယ် သူတော်နှင့် အန်တီ ဒေဝီခင်တို့က အစ်ကိုလေးငယ်ငယ်ကတည်းက မြန်မာနိုင်ငံမှာမနေဘဲ နိုင်ငံခြားမှာ စီးပွားတွေသွားရှာနေကြတော့ ပိုဆိုးတာပေါ့။ အစ်ကိုလေးက လွတ်ချင်တိုင်း လွတ်နေသည်။

ရှင်းပီတိ…

ဒီခြံကြီးထဲကို ရောက်လာကတည်းက ဒီကနေ့အထိ တစ်ခါမျှ မြင်ဖူးခြင်းမရှိတဲ့ အစ်ကိုလေးမိုးဝသန်ရဲ့ မိဘများကို တစ်ခါတလေတော့ ဒီကိုလာစေချင်မိသည်။

ဒါမှလည်း…

အစ်ကိုလေးကို ဆုံးမမှာလေ။

"စဉ်းစားလှချည်လား ရှင်း၊ ဘာလဲ မင်း ပြန်မပြောနိုင်တော့ဘူးမဟုတ်လား"

"အစ်ကိုလေးဝသန်"

"ပြော"

"ရှင်း ပြောရင်စိတ်ဆိုးမလားဟင်"

"ဘာကိုလဲကွ"

"တကယ်တော့ အစ်ကိုလေးဝသန်နဲ့ မေဖူးကို ချစ်သူတွေမဖြစ်စေချင်ဘူး"

"ဘာ"

အစ်ကိုလေးမိုးဝသန်ရဲ့ အော်သံကြီးက မိုးကြိုးပစ်ချလိုက်





သံကြီးအလား ကျယ်လောင်စွာပင်ထွက်လာသည်။

သို့သော်…

ရှင်းပီတိအရေးမစိုက်နိုင်တော့ပါ။

အမှန်တရားအတိုင်း ဝန်ခံလိုက်ဖို့ ရှင်းပီတိဆုံးဖြတ်ထားမိသည်။ အလုပ်ကနေထုတ်ချင်လည်း ထုတ်ပါစေတော့။ မေဖူးရဲ့ လှပနေတဲ့ အနာဂါတ်လေးကို စိတ်ရှုပ်ထွေးမှုတွေနှင့် မရှင်သန်စေလိုပါ။ ဒါဟာ ရှင်းပီတိရဲ့ စိတ်ရင်းအမှန်ပဲလေ။

"ဟုတ်တယ် အစ်ကိုလေးဝသန်"

"မင်း…မင်း"

"မေဖူးဟာ သိပ်ကိုအပြစ်ကင်းစင်လွန်းတဲ့ မိန်းကလေးတစ်ယောက်ပါ။ စိတ်သဘောထားဖြူစင်တယ်၊ တည်ငြိမ်ရိုးသားတယ်၊ ပညာတတ်ပြီး လှပချမ်းသာတယ်။ အဖက်ဖက်က လက်ညှိုးထိုးပြရက်စရာ တစ်စက်ကလေးမှမရှိတဲ့ မိန်းကလေးပါ။ အဲ့ဒီမိန်းကလေးဟာ အချစ်နဲ့ပတ်သတ်ပြီး ဘာအထိအတွေ့မှ မရှိဖူးဘူးလေ။ ဒါကြောင့် မော်ဝင်မျက်လှည့်ဆန်လွန်းတဲ့ အစ်ကိုလေးဝသန်ရဲ့ အချစ်နဲ့တွေ့ရင် သူကြံ့ကြံ့ခံနိုင်မှာ မဟုတ်ဘူး။ သူယိုင်လဲသွားလိမ့်မယ်။ သူစီးမျောသွားလိမ့်မယ်။ အဲဒါကို ရှင်း လက်မခံနိုင်ဘူး။ သူ့ဘဝလေးကို ဘယ်လိုဆိုးဝါးတဲ့ ထိုးနှက်ချက်တွေနဲ့မှ မရှင်သန်စေချင်တဲ့ ဆန္ဒကြောင့် အစ်ကိုလေးကို စိတ်ဝင်စားနေတဲ့ အကြောင်း မပြောပြခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟာ…

မိုးဝသဿန် တုန်လှုပ်သွားရသည်။

အံ့ဩလွန်းစွာ ရှင်းပီတိဆိုတဲ့ ကောင်ချောလေးရဲ့ မျက်နှာလေးကို မျက်လုံးပြူးကြီးတွေနှင့် မှင်သက်စွာ ငေးစိုက်ကြည့်နေမိတော့သည်။

“အခုတောင် သူ့အပေါ်မှာထားတဲ့ ဖြူစင်တဲ့မေတ္တာစေတနာကို အစ်ကိုလေးဝသဿန် အထင်အမြင်လွဲမှားနေလို့သာ ဖွင့်ပြောလိုက်ရတာ။ မဟုတ်ရင် ရှင်း တကယ်ပြောမိမှာမဟုတ်ဘူး။ မေဖူးဘက်က စိတ်ဝင်စားနေတယ်ဆိုတာကို ရှင်းဘယ်တော့မှ အသိပေးမိမှာမဟုတ်ဘူး အစ်ကိုလေးဝသဿန်”

ဟင်

ဘာတွေလဲ။

ရှင်းပီတိဆိုတဲ့ကောင်ရဲ့ သဘောထားကဘာတွေလဲ။

သူလည်းကြိုက်တာမဟုတ် သူများကြိုက်တာကျတော့လည်း လက်မခံ။ ဒီကောင် ရူးများရူးနေပြီလား။ မေဖူးနဲ့ပတ်သတ်ပြီး ရှင်းပီတိရဲ့ ခံစားချက်က ထူးဆန်းနေသည်။ မိုးဝသဿန် လိုက်မမှီလောက်အောင် ရှင်းပီတိရဲ့ စိတ်ဓာတ်တွေက ခိုင်မာပြတ်သားလွန်းနေ၏။ သူနဲ့လုံးဝမချစ်စေချင်ဘူးတဲ့။

ဒီကောင်…

မိုးဝသဿန်ဆိုတဲ့ သူ့ကို ဘယ်လိုများ အမြင်ရှိနေသလဲမသိ





တော့။

မိုးဝသဿန်ဆိုတဲ့သူက ရှင်းပီတိရဲ့ အလုပ်ရှင်လေ။ အလုပ်ရှင်တစ်ယောက် ကိုယ်ရေးကိုယ်တာကိစ္စကို ဝင်ရောက်စွက်ဖက်နေတဲ့ အလုပ်သမားပဲ။ အခုလိုပြောလိုက်လျှင် ဒီကောင်အလုပ်ပြုတ်ပြီး ရွာကိုလွင့်သွားနိုင်တယ်ဆိုတာ မေ့များမေ့နေလား မသိပါဘူး။ တော်တော် အသိဉာဏ်မဲ့တဲ့ကောင်ပဲ။

“မင်းစကားကို ငါတော်တော် စိတ်ဝင်စားသွားပြီရှင်းပီတိ”

“ဗျာ”

“အံ့ဩစရာပဲ၊ ငါ့စိတ်တွေ အရမ်းကိုလှုပ်ရှားနေတယ်”

“ဟာ”

“အခုလိုပြောလိုက်ရင် ကိုယ့်ရဲ့အနာဂတ် ဘယ်လိုဖြစ်သွားနိုင်တယ်ဆိုတာ သိသိကြီးနဲ့ မေဖူးဆိုတဲ့ ကောင်မလေးတစ်ယောက်အတွက် ရှေ့ကနေ ကာကွယ်ဖို့ကြိုးစားတဲ့ မင်းကိုကြည့်ပြီး ငါကြက်သီးတောင် ထသွားရပြီ၊ အဲ့ဒီတော့ ယောကျ်ားတစ်ယောက်ရဲ့ စိတ်တွေကို လှုပ်ရှားစရာကောင်းလောက်အောင် ထိန်းချုပ်နိုင်ခဲ့တဲ့ မေဖူးဆိုတဲ့ ကောင်မလေးကို ငါလျှော့မတွက်ရဲတော့ဘူး၊ ငါ သူ့အနားကို ရောက်အောင်တိုးကြည့်မယ်၊ ငါ အရမ်းစိတ်ဝင်စားသွားပြီ ရှင်း၊ မင်းကြောင့် မေဖူးကို ငါ စိတ်ဝင်စားသွားရတာလေ ငါဆုံးဖြတ်လိုက်ပြီ၊ သူ့ကို မနက်ဖြန်ကစပြီး



www.burmeseclassic.com

www.burmeseclassic.com



ငါကြိုးစားတော့မယ်''

''အစ်ကိုလေးဝဿန်''

''မင်းပါးစပ်ပိတ်ထားတော့ ရှင်း၊ ငါ ဘာမှမကြားချင်တော့ဘူး၊ အခုအချိန်မှာ မင်းလုပ်ရမယ့်အလုပ်က မေဖူးဆီကိုသွားပြီး ငါ့ဘက်က စိတ်ဝင်စားနေပြီဆိုတဲ့အကြောင်း သတိသွားပေးဖို့ပဲ ရှင်း''

''ရှင်း ခွင့်မပြုနိုင်ဘူး အစ်ကိုလေးဝဿန်''

''ဘာ''

''မေဖူးကို တကယ်မချစ်ဘဲ စိတ်ဝင်စားရုံလေးနဲ့ လိုက်တာကိုပေါ့''

''အပွန်း...ပွန်း''

မိုးဝဿန် နှုတ်ခမ်းလေးတွန့်ကွေးကာ မဲ့ပြုံးလေးပြုံးလိုက်မိသည်။ ရှင်းပီတိရဲ့ ဆတ်ဆတ်ထိမခံဖြစ်နေတဲ့ ပုံစံလေးကိုကြည့်ပြီး မိုးဝဿန် အသည်းတွေပင် ကျလိကျလိယားနေရသည်။

ဒါ့ကြောင့်လည်း

သူ့ရဲ့ ဆုံးဖြတ်ချက်ကို ပိုပြီးခိုင်မာစွာ ချလိုက်မိတာလေ။

''ရှင်း တောင်းပန်ပါတယ်ဗျာ၊ မေဖူးကို အစ်ကိုလေးဝဿန်ရဲ့ သားကောင်အဖြစ် မသွတ်သွင်းလိုက်ပါနဲ့၊ ရှင်း တောင်းပန်ပါတယ်၊ မေဖူး မေဖူးက အရမ်းကို ရိုးသားဖြူစင်တဲ့ မိန်းကလေးပါဗျာ''





ရှင်းပီတိ...

တောင်းပန်နေမိသည်။

တားဆီးနေမိ၏။

သို့ပေမယ့်

အစ်ကိုလေး မိုးဝဿန်ကတော့ နည်းနည်းလေးမျှပင် အရေးမစိုက်ပါချေ။ ဆုံးဖြတ်ချက်ကို မပြင်ပါချေ။

ရှင်းပီတိ

ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိအောင် ဖြစ်နေရသည်။

မေဖူးကို

သွားပြီးတားဆီးလျှင်လည်း အရာထင်မှာ မဟုတ်ဘူးဆိုတာ သိနေသည့်အတွက် ရှင်းပီတိ အခက်ကြီးခက်နေရတော့၏။

''အစ်ကိုလေးဝဿန်''

''ဘာလဲ''

''တကယ်ပဲ မေဖူးနောက်ကိုလိုက်ဖို့ ဆုံးဖြတ်လိုက်ပြီလား''

''အင်း''

''ဒါဆို ရှင်း ဒီနေ့ပဲ အလုပ်ထွက်တယ်''

''ဘာကွ''

''ရှင်း ဒီခြံကြီးထဲမှာဆက်ပြီး မနေနိုင်တော့ဘူး'' ဟင်...



www.burmeseclassic.com

www.burmeseclassic.com



မိုးဝသဿန် မျက်လုံးကြီးတွေ ပြူးဝိုင်းသွားရသည်။

ရှင်းပီတိက…ဒီနေ့ပဲ အလုပ်ထွက်တော့မယ်တဲ့။

ဒါ…

သက်သက်မဲ့ အကြပ်ကိုင်တာပဲ။

"ရှင်း ရွာကိုပဲပြန်တော့မယ်"

ဟာ…

ပြောပြီးတာနှင့် သူ့အခန်းထဲကနေ လှစ်ခနဲနေအောင် ပြေးထွက်သွားတဲ့ ရှင်းပီတိကို ဘယ်လိုမှ မတားဆီးနိုင်တော့ဘဲ မိုးဝသဿန်တစ်ယောက် ပါးစပ်လေးအဟောင်းသားနှင့် ကျန်နေခဲ့ရတော့သည်။

[]



အခန်း [၉]

ဒီစံရိပ်မြုံခြံကြီးထဲသို့ ရှင်းပီတိရဲ့ဆန္ဒ တစ်စုံတစ်ရာမပါဘဲ ရောက်ခဲ့ရတာပါ။ အခုဆိုလျှင် ရှင်းပီတိရဲ့ အသက်ဆယ့်ကိုးနှစ်ထဲကို ရောက်နေပြီ။ မေမေ့ရဲ့ စေခိုင်းချက်တစ်ခုတည်းနှင့် ဒီခြံကြီးထဲမှာ အနှိပ်စက်ခံ၊ အဆူအဆဲခံပြီးနေခဲ့တာ အခုဆိုလျှင် ခုနစ်နှစ်တင်းတင်းပြည့်ခဲ့ပြီလေ။

"မေမေပြန်လာလို့မပြောမချင်း ရှင်းပြန်မလာရဘူး" ဆိုတဲ့အမိန့်ကို မထင်မှတ်ဘဲ ချိုးဖောက်မိခဲ့ပြီ၊ မေဖူးလိုဖြူစင်ရိုးသားတဲ့ မိန်းကလေးတစ်ယောက်အတွက် မေမေ့ရဲ့ အမှာစကားတွေကို မျက်ကွယ်ပြုပြီး မိုးဝသဿန်ရှေ့မှာ အလုပ်ထွက်တော့မည်ဟု ပြတ်ပြတ်သားသား ပြောပစ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ရှင်း

ဘာဆက်လုပ်ရမလဲ။

မိုးဝသဿန်ကိုလည်း ပြောပြီးသွားပြီ။

ရွာကိုပဲ ပြန်တော့မယ်လို့လေ။

အခန်းကျဉ်းလေးထဲမှာ စိတ်ရှုပ်ထွေးနောက်ကျိကာ ရှင်းပီတိတစ်ယောက် ငူငူငိုင်ငိုင်လေး ထိုင်နေမိ၏။ ရွာကိုပြန်မယ်လို့သာ ပြောခဲ့တာ အဝတ်အစားတွေကို သိမ်းဆည်းဖို့ကျတော့ တွန့်ဆုတ်နေမိသည်။

မေမေသာ သူမခေါ်သေးဘဲ ပြန်ရောက်လာတဲ့ ရှင်းပီတိကိုမြင်လျှင် သွေးတိုးကာ ခေါက်ခနဲလဲကျသွားနိုင်သည်။ ရှင်းပီတိဆီကို တစ်နှစ်ကိုတစ်ကြိမ်လောက် လာကြည့်ခိုင်းတဲ့ ဒေါ်ကြွေက နေတစ်ဆင့် လိမ္မာပါးနပ်စွာဆက်ပြီး ကြိုးစားနေထိုင်ဖို့ မှာမှာတတ်၏။

ဒါကိုကြည့်ခြင်းအားဖြင့်

ရှင်းပီတိကို ပြန်မလာစေချင်သေးမှန်း သိနေရသည်။

သို့သော်...

အခုတော့ မေဖူးကြောင့် ရှင်းပီတိပြေးရတော့မည်။

မေမေ့ဆီလည်း မပြန်ရဲ။

အစ်ကိုလေး မိုးဝသဿန်ရဲ့ လက်အောက်မှာလည်း မနေချင်တော့။





"ရှင်းရေ...ရှင်း...ဒေါ်ကြွေလာတယ်ဟေ့"

ဟာင်

အပြင်ကခေါ်သံကြောင့် ရှင်းပီတိရဲ့ ခန္ဓာကိုယ်လေး ဆတ်ခနဲတုန်သွားရပြီ။

ဒေါ်ကြွေတဲ့။

ရှင်းပီတိဆီကို လာတွေ့တယ်တဲ့လေ။

အလျှဉ်းသင့်လိုက်တာ။

ရှင်းလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိအောင် ဖြစ်နေချိန်ဆိုတော့ ဒေါ်ကြွေလာတာနှင့် အတော်ပဲပေါ့။ ဒေါ်ကြွေနှင့် တစ်ခါတည်း ပြန်လိုက်ရအောင်ပြောမည်။ ဒေါ်ကြွေ ရှင်းပြလျှင် မေမေက လက်ခံသွားမှာပါ။ အတွေးလေးကြောင့် ရှင်းမျက်နှာလေး ရွှင်ပြသွားရ၏။

"ရှင်း"

"လာပြီ...လာပြီ...ကြီးကြွေ"

ဒေါ်ကြွေခေါ်သံကြားမှ ကပျာကယာ တံခါးချက်လေးထဖွင့်ပေးလိုက်သည်။ အခုလို အခက်တွေ့နေချိန်မှာ ကြီးကြွေရောက်လာတာ အတော်ပဲလေ။

"ရှင်း"

"ကြီးကြွေ"

"နေကောင်းတယ်နော်၊ အားလုံးအဆင်ပြေတယ် မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား ရှင်း"

"ဟုတ်ကဲ့ ကြီးကြွေ"

"အေးကွယ်…ဒါနဲ့များတောင် ဘာဖြစ်နေတယ်မသိဘူး ဒေါ်နှင်းဆီနီက မကြွေဆီကို ဖုန်းလှမ်းဆက်ပြီး ရှင်းပီတိဆီကို သွားခိုင်းနေတယ်၊ အခုတလော ရှင်းတစ်ယောက် အဓိပ္ပါယ်မရှိတဲ့ အလုပ်တွေကို လုပ်နေလို့ဆိုပြီးလေ၊ မေဖူးဆိုတဲ့ ကောင်မလေးနဲ့ တတွဲတွဲ နေနေတယ်လို့ပြောတယ်၊ အဲဒါဟုတ်လား ရှင်း"

"ဗျာ"

ရှင်းပီတိရဲ့ မျက်လုံးလေးပြူးကျယ်ဝိုင်းစက်သွားရပြီ။

နှုတ်ခမ်းအိအိလုံးလုံးလေးတွေက ဖျတ်ခနဲ ပွင့်ဟသွားရ၏။

မယုံနိုင်ပါ။

ရှင်း ဘယ်လိုမှ မယုံကြည်နိုင်တော့ပါ။

ဒီမှာ ဖြစ်နေတဲ့ကိစ္စအားလုံး မေမေကသိပြီး ဒေါ်ကြွေကို ရှင်းဆီလွှတ်လိုက်တာတဲ့။ အံ့သြစရာကောင်းလိုက်တာ။

ဘယ်လိုလုပ်ပြီး မေမေကသိနေတာလဲ။

ရှင်းပီတိ မေဖူးဆိုတဲ့ ကောင်မလေးနဲ့ မိတ်ဆွေတွေ ဖြစ်နေကြတဲ့အကြောင်းကို မေမေက ဘယ်ကနေဘယ်လို သတင်း ကြားသွားတာပါလိမ့်။ သေချာတာကတော့ ရှင်းပီတိနေတဲ့ နေရာ နှင့် မေမေရှိနေတဲ့နေရာသည် အင်မတန်မှ ဆက်စပ်လို့မရအောင် ပင် ဝေးကွာလွန်းသည်။





"ဖြေလေ…ရှင်း၊ မနှင်းဆီပြောတာတွေ ဟုတ်လားလို့"

ဒေါ်ကြွေမေးသံက ဒေါသသံလေးပင် စွက်နေသယောင်။

"ဟို…ဟို…အဲ…အဲ့ဒါက"

"ကြည့်စမ်း…ရှင်း၊ စကားတွေက ထစ်ငေါ့နေတာပဲ၊ ဒါဆို မင်း မမကြီးပြောသလို တကယ်ပဲ ခြေရှုပ်နေတယ်ပေါ့လေ"

"ကြီးကြွေ"

"တိတ်စမ်း…ရှင်း၊ မင်း ဘာအကြောင်းပြချက်မှ မပေးနဲ့ ကြီးကြွေ မကြားချင်ဘူး၊ အဓိပ္ပါယ်မရှိတဲ့လုပ်ရပ်တွေကို အခုချက် ချင်း ရပ်တန်းကရပ်တော့၊ မမကြီး မင်းကို အရမ်းစိတ်ဆိုးနေတယ် ရှင်း"

မေမေ စိတ်ဆိုးနေပြီတဲ့။

ဘုရား…ဘုရား။

မှားပြီ။

ရှင်း…အမှားကြီးမှားခဲ့ပြီ။

မေမေ့စကားတွေ နားမထောင်ဘဲ ပတ်ဝန်းကျင်နှင့် ရောရောနှောနှော နေခဲ့မိတာ ရှင်း အမှားကြီးမှားသွားပြီလေ။

ဒုတိယအမှားက မိုးဝသန်ကို အလုပ်ကနေထွက်တော့ တယ်လို့ ပြောခဲ့မိတဲ့ အမှားပဲ။

ရှင်း…

ရှင်း…



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ရဲ့ အမိန့်တွေကို ဆန့်ကျင်နေမိပြီ။

"မင်းမို့လုပ်ရက်တယ်ရှင်း၊ မင်းအပေါ်မှာ မမကြီးက ဘယ်လောက်ထိ မျှော်လင့်ချက်တွေ ထားသလဲဆိုတာ မသိတာလည်း မဟုတ်ဘဲနဲ့၊ အခုလို အရေးမပါတဲ့ ဓာတ်ရှုပ်တွေကို မင်းမို့လို့ လုပ်တယ်၊ မင်း မမကြီးကို မချစ်ဘူးလားဟင် ရှင်း၊ မမကြီးရဲ့ စိတ်ချမ်းသာမှုလေးကိုတောင် မဖြည့်ဆည်းနိုင်လောက်အောင် မင်းရဲ့ စိတ်တွေ ပြောင်းလဲကုန်ပြီလား၊ ဘာလဲ ရှင်း အရွယ်လေးရောက်လာပြီဆိုတော့ ခြေရာနှိုင်းပြီပေါ့လေ၊ အာခံချင်နေပြီပေါ့လေ"

"မဟုတ်ဘူး"

"မဟုတ်ဘူး ကြီးကြွေ"

ရှင်းပီတိ ခေါင်းလေးကို သွက်နေအောင် ခါယမ်းပြလိုက်မိသည်။

"ဒါဆို မိုးဝသန် အနားမှာမနေဘဲ ဟိုကောင်မလေးတွေနဲ့ သွားပြီး ရောနှောနေတာလဲ၊ အိမ်ရှင်တွေ စိတ်ပျက်သွားရင် ဘယ့်နှယ်လုပ်မလဲ ရှင်း၊ မင်းကို ဒီခြံကြီးထဲကနေ ထွက်သွားခိုင်းရင် ဘယ်လိုလုပ်မလဲ"

"ကြီးကြွေ"

"ပြော"

"ရှင်းကို ဘာ့ကြောင့် ဒီခြံကြီးထဲမှာ နေစေချင်ရလဲ ကြီးကြွေ၊ အခုအချိန်ထိ မိုးဝသန်ရဲ့ ခိုင်းဖက်တစ်ယောက်အဖြစ်





ရှိနေစေရတဲ့ အဓိကအကြောင်းအရင်းက ဘာလဲ"

ဟင်...

ရှင်းပီတိရဲ့အမေးကြောင့် ဒေါ်ကြွေ ပါးစပ်ကြီးအဟောင်းသားဖြစ်ကာ ဘာပြောလို့ ပြောရမှန်းမသိအောင်ပင် ဖြစ်ရသည်။

"ရှင်း သိချင်လို့ပါ၊ မေမေက ရှင်းကို ဒီခြံကြီးထဲမှာ ဘာကြောင့် နေခိုင်းခဲ့ရတာလဲ ကြီးကြွေရယ်"

"အဲ့ဒါ ဒေါ်ကြွေမသိဘူး ရှင်းပီတိ၊ ဒေါ်ကြွေသိတာ တစ်ခုပဲရှိတယ်၊ အဲဒါ၊ မမကြီးရဲ့ ကျေးဇူးတရားကိုပဲ၊ ဒေါ်ကြွေအပေါ်မှာ တင်နေတဲ့ မမကြီးနှင်းဆီနီရဲ့ ကျေးဇူးတွေပဲ ရှင်းပီတိ၊ အဲ့ဒီအတွက် ဒေါ်ကြွေဘက်က ဘာမဆို ပြန်ပေးဆပ်မှာပဲ၊ မမကြီးဖြစ်ချင်တာအားလုံး ဒေါ်ကြွေဖြစ်အောင် လုပ်ပေးမယ်၊ ဒါပဲ ရှင်း"

ပြတ်သားလိုက်တဲ့ ဒေါ်ကြွေ။

မေမေအတွက် ဘာမဆို ပေးဆပ်မည်တဲ့။

ရှင်း နားမလည်တာတစ်ခုက မေမေဟာ ဘာအဆက်စပ်မှ မရှိတဲ့ ဒီစံရိပ်မြုံထဲကို ဒေါ်ကြွေကနေတစ်ဆင့် ဝင်ခိုင်းခဲ့ရတာလဲ။ မေမေလိုချင်နေတာဘာလဲ သေချာတာကတော့ ဒီစံရိပ်မြုံထဲက လူတွေနဲ့ မေမေဟာ ဘယ်လိုမှ သွေးသားတော်စပ်နေမှု မရှိဆိုတာပဲ။

"ရှင်း"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ရော့"

ဟင်…

ဟမ်းဖုန်းလေးတစ်လုံး။

"မမကြီးနှင်းဆီနီက မင်းကိုပေးခိုင်းလိုက်တာ၊ သူ မင်းကိုစိတ်မချတော့ဘူး၊ မင်းကို လူကိုယ်တိုင်လာမတွေ့နိုင်လို့ ဖုန်းနဲ့စကားပြောလို့ရအောင် ပေးထားတာ၊ မင်းသေချာဖွက်ထား ရှင်း"

သူ့လက်ထဲ ဟမ်းဖုန်းလေးကရောက်လာ၏။

"ဖုန်းကိုလုံးဝသုံးစရာမလိုဘူး ရှင်း၊ တစ်နေ့လုံး ဖုန်းပိတ်ထားရမယ်၊ ညဆယ်နာရီလောက်မှ စက်ကိုဖွင့်လိုက် အဲဒီအချိန်ကြရင် မင်းဆီကို မမကြီး ဖုန်းလှမ်းဆက်လိမ့်မယ်"

ည…

ဆယ်နာရီမှာ မေမေဖုန်းဆက်မယ်တဲ့။

ရှင်း ရင်တွေတထိတ်ထိတ်ခုန်ကာ ခြေလက်တွေပင် အေးစက်စက်ကြီး ဖြစ်ချင်နေသည်။

ဘယ်လိုလုပ်ရမလဲ။

မိုးဝသန်ကို အလုပ်ထွက်တော့မယ်လို့ ပြောခဲ့မိတာကို ဘယ်လိုပြန်ပြင်ပြောရမလဲ။ မေဖူးရဲ့ မျက်နှာလေးကို ပြန်မြင်ယောင်မိပြန်တော့ ရှင်းရဲ့ရင်ထဲက နှလုံးသားလေးတွေက နာကျင်စူးမျက်သွားရသည်။

တစ်ဖက်ကလည်း ကျေးဇူးရှင်မေမေ။





မေမေ့ကျေးဇူးတွေက ရှင်း ဒီတစ်သက်ဆပ်လျှင်တောင် မကျေနိုင်ပါ။ အဲဒါတွေကိုသိလေလေ ရှင်း တွေဝေရလေလေပါပဲ။

"ရှင်း…ဒေါ်ကြွေပြောတာကြားရဲ့လား"

"ကြား…ကြားပါတယ် ဒေါ်ကြွေ"

"မမကြီး မင်းသတင်းကိုကြားလို့ အိပ်ရာထဲတောင် လဲသွားတယ်၊ မင်း ဆင်ဆင်ခြင်ခြင်နေစမ်း ရှင်း"

ဟာ

မေမေက အိပ်ရာထဲတောင်လဲသွားတယ်ဆိုပါလား။

ရှင်း…

တစ်အားကို စိတ်ပူပန်သွားရသည်။

"မင်းခေါင်းထဲမှာ စွဲမြဲနေအောင် ရိုက်သွင်းထားဖို့က မင်းမေမေ ဒေါ်နှင်းဆီနီရဲ့ ကျေးဇူးတရားတွေပဲရှင်း။ ကျန်တာတွေ မင်းဦးနှောက်ထဲ ထည့်စရာမလိုဘူး၊ အားလုံးကိုထုတ်ပစ်လိုက်"

ဟာ…

အားလုံးကို ထုတ်ပစ်လိုက်တဲ့။

"ပြီးတော့ မမကြီးနှင်းဆီနီက ပြောလိုက်တယ်၊ မကြာခင် မိုးဝသန်ရဲ့ မိဘတွေ မြန်မာနိုင်ငံကို ပြန်ရောက်လာတော့မယ်တဲ့ရှင်း၊ အဲဒီအခါကျရင် ဒီ့ထက်ပိုပြီး သတိရှိရှိနဲ့နေဖို့ လိုလာပြီတဲ့လေ"

"ဘယ်လို ကြီးကြွေ၊ မိုးဝသန်ရဲ့မိဘတွေ ဟုတ်လား"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းလိုက်တာ။

ဒီတိုက်ကြီးထဲမှာ နေနေတဲ့ ရှင်းပီတိပင် ဒီသတင်းကို မကြားမိချေ။

ဒါကို…

မေမေ ဘယ်လိုကနေဘယ်လို ကြားတာပါလိမ့်။

"အနေအထိုင်ပိရိပါစေ ရှင်း ဘယ်သူ့မှုရိပ်မိသွားလို့ မဖြစ်ဘူး"

ဒေါ်ကြွေအသံက တိုးလျှလျှလေး။

ဒါဆို…

ရှင်း ကောင်းကောင်းကြီး သဘောပေါက်လိုက်ပြီ။

"ကဲ…ဒေါ်ကြွေ ပြန်တော့မယ်ရှင်း၊ အဘွားဒေါ်တော်ဝင်နန်းက သူ့အလုပ်သမားတစ်ယောက်ဆီ အမျိုးအဆွေတွေလာတွေ့တာမျိုး သိပ်ကြိုက်တာမဟုတ်ဘူး၊ ဒေါ်ကြွေ ပြန်မှဖြစ်တော့မယ်"

"ဒေါ်ကြွေ"

"ပြော"

"ရှင်း…ရှင်းကို မိုးဝဿန် အလုပ်ထုတ်တော့မယ်ထင်တယ်၊ အဲ…အဲဒါ"

"ဘာလဲ မေဖူးကိစ္စကြောင့်လား"

"ဗျာ"

"မကြီးနှင်းဆီနီက မှာလိုက်တယ်၊ ဘာကိစ္စနဲ့မှ အလုပ်မထွက်လာရဘူးတဲ့ရှင်း၊ မင်းကို ဒီအချိန်ထိ မိုးဝဿန်နားမှာ နှစ်မြုပ်





ထားတာ အလကားမဟုတ်ဘူးတဲ့၊ အဲဒါကြောင့် ရအောင်ဆက်နေရမယ်လို့ မှာလိုက်တယ်"

ဟာ…

ဒီတစ်ကြိမ်လဲ ရှင်းပီတိ အံ့ဩရပြန်ပါပြီ။

မေမေက သူမထင်ထားလောက်အောင် အစွမ်းထက်ပြီး အကွက်ကျကျစီစဉ်နိုင်သူပဲ ဖြစ်သည်။

"ဒေါ်နှင်းဆီနီရဲ့ ကျေးဇူးတရားကိုပဲ မင်းရဲ့အသိစိတ်တွေထဲမှာ စွဲမြဲထားစမ်းပါ ရှင်းပီတိ"

ရှင်းပီတိရဲ့ခေါင်းလေး ငုံ့လျှိုးစိုက်ကျသွားရသည်။

ဒေါ်ကြွေပြောတာ အမှန်ပါပဲ။

ရှင်းပီတိဆိုတာ မေမေ ကျွေးမွေးစောင့်ရှောက်ခဲ့လို့ လူဖြစ်လာခဲ့ရတဲ့ကလေးပါ။ ရှင်းကိုမွေးပြီးပြီးချင်း အမေက မီးတွင်းထဲမှာ ဆုံးပါးသွားခဲ့သလို ရှင်းပီတိရဲ့ အဖေကလည်း ကံဆိုးမိုးမှောင်ကျကာ အိမ်ကိုအပြန်လမ်းတစ်ဝက်တွင် ကားတိုက်မှုဖြစ်ပြီး နေရာတွင် ဆုံးသွားခဲ့သည်။

ထိုသတင်းကိုကြားပြီး ရှင်းတို့မြို့လေးကို အလည်အပတ်ရောက်နေတဲ့ မေမေနှင်းဆီနီက မွေးကင်းစနီတာရဲကလေး ရှင်းကို ရပ်ကွက်လူကြီးတွေရှေ့တွင် တရားဝင် အမွေစားအမွေခံအဖြစ် မွေးစားခဲ့၏။

ရှင်းပီတိဆိုတဲ့ နာမည်ကိုပေးခဲ့တာ မေမေနှင်းဆီနီပါပဲ။

မေမေ့ကြောင့် ရှင်းပီတိဆိုတာ လူဖြစ်လာခဲ့ရတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါ...

တကယ့်အမှန်တရားတွေပဲ ဖြစ်သည်။

ရှင်း...

ဘယ်တော့မှ မမေ့ပါဘူး။

ဒါကြောင့်လဲ...

မေမေဖြစ်ချင်တဲ့ဆန္ဒတွေအားလုံး ပြည့်အောင်ဖြည့်ဆည်းပေးဖို့ ရှင်း ဆုံးဖြတ်ခဲ့တာပေါ့။

"ရှင်း"

"ဗျာ"

"မမကြီးရဲ့အမိန့်ကို နာခံပါ၊ မမကြီးနှင်းဆီနီရဲ့ ဆန္ဒတွေကို ဖြည့်ဆည်းပေးပါ"

ဒေါ်ကြွေရယ်...

ရှင်း နားလည်ပါပြီဗျာ။

ရှင်း သဘောပေါက်သွားပါပြီ။

မေမေ့အတွက်...

ရှင်း သိပ်ချစ်တဲ့မေမေ့အတွက် ရှင်းပြန်ပြီး ပေးဆပ်မှာပါ ဒေါ်ကြွေရယ်။ ရှင်း ကတိပေးပါတယ်ဗျာ။



## အခန်း [၁၈]

ရှင်း...

မင်းတကယ်ပဲ ပြန်တော့မှာလားဟင်။

မေဖူးအတွက်နဲ့ ငါ့အပေါ်ထားခဲ့တဲ့ မင်းရဲ့သံယောဇဉ်ကြိုးတွေကို တကယ်ပဲ ဖြတ်ပစ်တော့မှာလား ရှင်းရာ။

မထင်ဘူးကွာ။

မင်း...

အဲဒီလောက်ခံစားချက် ပြင်းထန်နေလိမ့်မယ်လို့ ငါတယ်မထင်ခဲ့မိဘူးရှင်းရယ်။ ဒါကြောင့် ငါ မင်းကို မခံချင်စိတ်နဲ့ပြန့်ပြီး တုံ့ပြန်ခဲ့မိတာပါ။ ဒါပေမယ့် မင်းပြန်သွားမှာကိုတော့ ငါမလိုလားဘူးရှင်း။



www.burmeseclassic.com

www.burmeseclassic.com



မိုးဝသန်စိတ်တွေ အလှုပ်ရှားကြီး လှုပ်ရှားနေရသည်။

ရှင်းပီတိက ရွာကိုပြန်တော့မယ်တဲ့။

သူ…

ဘယ်လိုတားဆီးရမလဲ။

အခန်းလေးထဲမှာ အတွေးစိတ်တို့ တဝဲလည်လည်နှင့်ရှိနေရ၏။ လူကထိုင်ရမလို ထရမလိုနှင့် တစ်ယောက်တည်းယောက်ယက်ခတ်နေရသည်။

ဟာ…

ဟုတ်ပြီ။

ဘွားနန်း…

ဘွားနန်းကို သွားပြီးတားခိုင်းရမယ်။

ကြည့်စမ်း…

မိုးဝသန် ဒါကိုဘာကြောင့်များ မေ့လျော့နေခဲ့ရပါလိမ့်။

ဘွားနန်းသာသိလျှင် ရှင်းပီတိ လုံးဝငြင်းဆန်နိုင်မှာမဟုတ်ချေ။ ဘာပဲဖြစ်ဖြစ် ရအောင်တားဆီးခိုင်းရမှာပဲ။ ရှင်းပီတိပြန်လို့လုံးဝမဖြစ်။ ဒီကောင့်ကို မိုးဝသန် ခင်တွယ်နေမိရပြီ။ နောက်လူအသစ်နဲ့လည်း အစားမထိုးချင်ပါဘူး။

ဘာပဲပြောပြော…

ရှင်းပီတိက သူ့အနွံအတာကိုခံ၏။ စိတ်လည်းရှည်သည်။ အလုပ်လုပ်လျှင်လည်း သေသေသပ်သပ်ရှိတာကြောင့် မိုးဝသန်





ဒီကောင့်ကိုသဘောကျ၏။ လက်လွှတ်မခံချင်။ ပြီးတော့ ရှင်းပီတိက မိဘမရှိတစ်ကောင်ကြွက်လေ။ ဒီကောင့်မှာ ပြန်စရာအိမ်မရှိတာ မိုးဝသန်သိသည်။

မေဖူးကြောင့်သာ ပြန်မယ်ပြောတာ တကယ်ပြန်လျှင် ရှင်းပီတိအတွက် အခက်အခဲတွေအများကြီး ရှိနေနိုင်၏။ ဒါကြောင့် ရှင်းပီတိကို မိုးဝသန် မပြန်စေချင်ပါ။ ရှင်းပီတိ ဆင်းရဲဒုက္ခရောက်နေမှာ မိုးဝသန် မလိုလားဆုံးပါပဲ။

သူ…

ဆုံးဖြတ်ချက်လေးချပြီး အောက်ထပ်သို့ အပြေးလေးဆင်းခဲ့မိသည်။

"ဘွားနန်း…ဘွားနန်းရေ"

"ဘွားနန်း"

မိုးဝသန်တစ်ယောက် တိုက်ကြီးထဲမှာ အဘွားဖြစ်သူကိုတစ်ခန်းဝင်တစ်ခန်းထွက် လိုက်ရှာနေမိသည်။

"ဘွားနန်းရေ"

"လူလေး မိုးဝသန်၊ ဘာအလိုရှိလို့လဲဟင်"

"ဟာ ဦးထေ ဘွားနန်းရော ဘွားနန်းဘယ်သွားလဲဦးထေ၊ ကျွန်တော် ဘွားနန်းကို တွေ့ချင်လို့လိုက်ရှာနေတာ"

"ဘွားနန်း စောစောက ပွဲစားဒေါ်ကြွေနဲ့ စကားပြောနေတာပဲ လူလေးရဲ့၊ အခုတော့ ခြံထဲဆင်းလမ်းလျှောက်နေပြီထင်



www.burmeseclassic.com

www.burmeseclassic.com



တယ်''

ဟင်...

ပွဲစားဒေါ်ကြွေနဲ့ စကားပြောနေတာဆိုပါလား။

မိုးဝသန် မျက်လုံးပြူးရပြီ။

ဒေါ်ကြွေဆိုတာ ရှင်းပီတိကို လာပို့ခဲ့တဲ့ အလုပ်သမား ပွဲစားကြီးလေ။ ဒါကို မိုးဝသန် ကောင်းကောင်းကြီး မှတ်မိနေသည်။

ဒါ...

ဒါဆို...

ရှင်းပီတိ တကယ်ပဲပြန်သွားပြီလား။

မိုးဝသန်စိတ်တွေ ထိန်းချုပ်မရလောက်အောင် လှုပ်ရှားကာ စိုးရိမ်ပူပန်မှုတွေ ကြီးမားသွားရသည်။

''ဒေါ်ကြွေ ဒီကိုလာတယ်၊ ဟုတ်လား ဦးထေ''

''ဟုတ်တယ် မောင်မိုးဝသန်၊ လာတာ သိပ်မကြာသေးဘူး၊ ရှင်းပီတိကို တွေ့ချင်တယ်ဆိုပြီး ခဏဝင်လာတာလေ''

''ဟာ...ဒါဆို ပြဿနာပဲ''

''ဘာဖြစ်လို့လဲ လူလေး၊ ဒေါ်ကြွေလာတာ ပြဿနာရှိလို့လား''

''ရှိတာပေါ့...ဦးထေရ၊ ရှင်းက အခုလေးတင် ကျွန်တော်နဲ့စကားများပြီး စိတ်ဆိုးသွားတာ၊ ဒေါ်ကြွေရောက်လာ





တာနဲ့ ရွာကိုတစ်ခါတည်း ပြန်လိုက်သွားတော့ ဘယ်နှယ့်လုပ်မလဲ။

မဖြစ်ဘူး။

မဖြစ်ဘူး...ဒေါ်ကြွေကိုခေါ်မသွားဖို့ သွားတားမှဖြစ်တော့မယ်၊ ဒီကောင်ကို ပြန်မလွှတ်နိုင်ဘူး''

''ဟေ''

မိုးဝသန်ရဲ့စကားကြောင့် အိမ်တော်ထိန်းကြီး ဦးထေပင် အံ့ဩသွားရသည်။ ရှင်းပီတိကို ပြန်မထည့်နိုင်ဘူးဆိုပါလား။ မိုးဝသန် တစ်ယောက် ဘာတွေဖြစ်နေတာလဲ။ ရှင်းပီတိနဲ့ ပြဿနာတွေဖြစ်ကြတယ်တဲ့။

''ဦးထေ''

''ဟေ...လူလေး၊ ပြောလေ''

''အဘွားခြံထဲ ဆင်းသွားတာ တကယ်လား''

''ဟုတ်တယ် မောင်မိုးဝသန်''

''ကျွန်တော် လိုက်သွားလိုက်ဦးမယ်''

မိုးဝသန်တစ်ယောက် ခြေလှမ်းကျဲကြီးတွေနှင့် ခြံထဲကို လိုက်သွားမိ၏။ ဦးထေပြောသည့်အတိုင်းပင် ခြံထဲမှာ အဘွားတော် ဝင်နန်းတစ်ယောက် လေညှင်းခံရင်း လမ်းလျှောက်နေ၏။ ခြံထဲသို့ ဝေ့ဝဲကာ ဒေါ်ကြွေရဲ့ အရိပ်အယောင်ကို ရှာမိသေးသည်။

သို့ပေမယ့်...



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ရ။

အဘွားဒေါ်တော်ဝင်နန်း တစ်ယောက်တည်းသာ ရှိနေသည်။

"မြေးလေး ဝဿန်"

သူ့ကိုမြင်တော့ လှမ်းဆက်မပြောက်တော့ဘဲ နေရာလေးမှာရပ်ကာ လှမ်းခေါ်၏။

"ဘွားနန်း…ဒေါ်ကြွေရော"

အလောတကြီး မေးလိုက်မိ၏။

"ဘာဖြစ်လို့မေးတာလဲ မြေး"

"သူပြန်သွားပြီလား ဘွားနန်း"

"အေး…ပြန်သွားပြီလေ မြေးရဲ့၊ ဒေါ်ကြွေကို ဘာပြောချင်လို့လဲ"

"ဘွားနန်း…ဟို…ဟိုလေ ရှင်း…ရှင်းပီတိရော ဒေါ်ဒေါ်ကြွေနဲ့ ပြန်လိုက်သွားပြီလား"

"ရှင်းပီတိ ဟုတ်လားမြေး"

"ဟုတ်တယ် ဘွားနန်း၊ ဒီကောင် ဒီကောင့်ကိုမတွေ့လို့ အဲဒါ ရွာကိုများ ပြန်လိုက်သွားပြီလားလို့မေးတာ"

မေးသာမေးရတာ။

ဘွားနန်း ခေါင်းလေးညိတ်ပြလိုက်မှာကို သေလောက်အောင် ကြောက်နေမိရသူက မိုးဝဿန်ပါပဲ။





သို့သော်…

သူထင်ထားသလို ဘွားနန်းက ခေါင်းမညိတ်ပြခဲ့ပါချေ။

"လိုက်မသွားပါဘူးမြေးရဲ့၊ မကြွေလာတွေ့တယ်ဆိုတော့ သူ့အခန်းမှာသူရှိနေမှာပေါ့၊ ရှင်းပီတိ လိုက်မသွားပါဘူး"

"ဟာ…တကယ်လား ဘွားနန်း"

"တကယ်ပေါ့ မြေးရဲ့၊ ဘွားနန်းက မြေးကိုညာပါ့မလား"

"ဟာဗျာ အဟွန်း တော်သေးတာပေါ့၊ ဝဿန်က ရှင်းပီတိဆိုတဲ့ကောင် တစ်ခါတည်းပြန်သွားပြီထင်နေတာ၊ စောစောက ဝဿန်ကြောင့် ဒီကောင်စိတ်ညစ်သွားတာလေ ဘွားနန်းရဲ့"

မြေးဖြစ်သူရဲ့ ရွှင်ဖျသွားတဲ့ မျက်နှာလေးကိုကြည့်ပြီး ဒေါ်တော်ဝင်နန်းတစ်ယောက် ကျေနပ်စွာပင် ပြုံးလိုက်မိသည်။ ထူးထူးဆန်းဆန်း ရှင်းပီတိကိုမှ သံယောဇဉ်ပိုနေတဲ့ မြေးကို အံ့လည်းဩမိသည်။ အရင်ကရောက်လာတဲ့ ကစားဖော်ကောင်လေးတွေဆို အလွန်ဆုံးတစ်ပတ်သာ သင့်မြတ်၏။ ပြီးလျှင် ဒီကောင့်မျက်နှာကို မကြည့်ချင်ဘူးဆိုပြီး ရွာအတင်းပြန်ပို့ခိုင်းတော့၏။

ရှင်းပီတိကိုတော့ မြေးကပြန်သွားမှာပင် စိုးရိမ်ပူပန်နေသေးသည်။

မြေးချောလေး မိုးဝဿန်။

ရှင်းပီတိမပြန်ဘူးဆို၍ ဝမ်းသာနေ၏။

လူငယ်ဆိုတော့လည်း သူငယ်ချင်း အပေါင်းအသင်းမင်



www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့လေ။ တစ်ယောက်တည်း ကျန်နေခဲ့ရမှာ ကြောက်နေရှာမှာပေါ့။ ရှင်းပီတိနေတဲ့ နှစ်ကလည်း နည်းမှမနည်းတော့တာ။

"ဘွားနန်း"

"ဟေ"

"ရှင်းပီတိကို ပြောပေးဗျာ၊ နောက်ဘယ်တော့မှ အလုပ်ထွက်ပြီး ရွာကိုပြန်မယ်ဆိုတဲ့ စကားမပြောရဘူးလို့"

"ဟေ"

"ဟုတ်တယ်...ဘွားနန်း၊ မိုးဝသဉ်နဲ့ပဲ တစ်သက်လုံးအတူတူနေရမယ်လို့ ပြောပေးနော် ဘွားနန်း၊ ကျွန်တော် အိမ်ထောင်ကျသွားရင်လည်း အိမ်တော်ထိန်းကြီး ဦးထေလို ကျွန်တော့်အိမ်မှာ တစ်သက်လုံးလိုက်နေပေးရမယ်လို့ တစ်ခါတည်းသာ ပြောလိုက်တော့ ဘွားနန်း"

မြတ်စွာဘုရား...

မြေးလေး မိုးဝသဉ်က သူ့အဖေလိုပဲ အစွဲအလမ်းကြီးတဲ့ ယောက်ျားတစ်ယောက်ပါပဲလား။

ဒေါ်တော့်ဝင်နန်း မျက်လုံးပြူးရပြီ။

ဒေါ်တော်ဝင်နန်း ရင်ဘတ်ကြီးကို ဖိထားရပြီ။

တဒိန်းဒိန်းမြည်ဟီးလာသော နှလုံးခုန်သံတွေကို ပြန်ကြားယောင်ကာ မြေးဖြစ်သူ မိုးဝသဉ်ရဲ့ မျက်နှာချောချောလေးကို ငေးကြည့်ကာ မှင်သက်နေရတော့သည်။





သူတော်...

မင်းသားလည်း မင်းနဲ့တစ်ပုံစံတည်းပါလားကွာ။

အစွဲအလမ်းကြီးတဲ့ နေရာမှာတော့ တစ်ပုံစံတည်းပဲ။

တော်သေးတာက...

မင်းရဲ့သား မိုးဝသဉ် စွဲလမ်းနေတဲ့ အလုပ်သမားကယောက်ျားလေးဖြစ်နေလို့ပဲ။

"ဘွားနန်း"

"ဘွားနန်း"

"ဟေ...အင်း...အဲ...ဘာ...ဘာလဲ မြေးလေးဝသဉ်"

"ဟာဗျာ...ဘွားနန်းကလည်း ဘာတွေ ဒီလောက်ထိအတွေးလွန်နေရတာလဲ၊ မြေးပြောတာကြားရဲ့လား"

"မြေး"

"ဗျာ"

"ရှင်းပီတိကို ဘာကြောင့် အဲဒီလောက်တောင် ခင်တွယ်နေရတာလဲ"

"ဗျာ"

"အလုပ်သမားနဲ့ အလုပ်ရှင်ဆိုတာ မြေးပြောသလိုတစ်သက်တာလုံးအတွက် ကိုယ်နေခိုင်းချင်သလို နေခိုင်းလို့ရတာဟုတ်ဘူးဆိုတာ မြေးလေးဝသဉ် မသိတာလည်းမဟုတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် တစ္ဆတ်ထိုးကြီး တောင်းဆိုရတာလဲ မြေးလေးရယ်။

ရှင်းပီတိကို ဘွားနန်း ဘယ်လောက်ပဲတားတား သူက ပြန်ချင်ပါတယ်ဆိုရင် ခွင့်ပြုရမှာ ထုံးစံပဲမြေးလေး"

"ဟာဗျာ…အဲဒါကိုမလိုချင်လို့ အခုလို အဘွားကိုပြောခိုင်းနေတာပေါ့၊ ရှုပ်တယ်ဗျာ ရှင်းပီတိကို တစ်သက်လုံးစာအတွက် ပိုက်ဆံပုံပေးပြီး ဒေါ်ကြွေကြီးဆီမှာဝယ်လိုက် ဝသန်ကတော့ ရှင်းပီတိကို လုံးဝပြန်မလွှတ်နိုင်ဘူး ဒါပဲ"

ဗုဒ္ဓေါ။

ပိုက်ဆံပုံပေးပြီး ဝယ်လိုက်တဲ့။

မဖြစ်နိုင်တာကိုမှ မြေးဖြစ်သူက တောင်းဆိုနေတာပါလား။

ဒေါ်ကော်ဝင်နန်းတစ်ယောက် အတွေကြီးလွန်းတဲ့ မြေးဖြစ်သူ မိုးဝသန်ကို ဘယ်လိုနားလည်ရမှန်းပင် မသိလောက်အောင် ဖြစ်နေရတော့သည်။

"မြေးလေး"

"ဗျာ"

"ရှင်းပီတိကို ဘာကြောင့်အခုလိုရှိနေရတာလဲ"

"ဗျာ"

"ရှင်းပီတိကိုကြည့်ရတာ ပျော့ညံ့ညံ့နဲ့ မင်းသိပ်ပြီးအားကိုးရမှာမဟုတ်ဘူး မြေးဝသန်၊ ဒါနဲ့များတောင် ဒီကောင်လေးကို မင်းအနားမှာ တစ်သက်လုံးရှိနေစေချင်တယ်ဆိုတော့"





"ဘွားနန်း"

"ဟော"

"ရှင်းပီတိက တခြားယောကျ်ားတွေလို ကျားကျားယား…း မရှိပေမယ့် စိတ်သဘောထားဖြူစင်ပြည့်ဝတယ်ဗျ၊ မာနမရှိ…။ အတ္တမရှိဘူး၊ ပြီးတော့ ဝသန် ရှင်းပီတိကိုချစ်တယ်"

ဟင်…

ရှင်းပီတိကို ချစ်တယ်တဲ့။

ဘုရား…ဘုရား။

မြေးလေးဝသန် စိတ်မှမှန်သေးရဲ့လား။ ရှင်းပီတိဆိုတာ …ကျ်ားလေးလေ။ ဒါကို မြေးက ချစ်နေတယ်ဆိုတာ စိုးရိမ်စရာ …ပဲ။

"ဘွားနန်း…ဘာကြောင့် မျက်လုံးကြီးပြူးသွားရတာလဲ၊ …းမှပြောတာက ရှင်းပီတိကို ညီအစ်ကိုလိုချစ်တယ်လို့ ပြောတာ …တွေးတွေ့ချော်ပြီး တစ်မျိုးထင်မနေနဲ့ဦး၊ ဝသန်က ရိုးရိုးသား…းခင်တွယ်တာ"

"အမလေး…မြေးရယ်၊ အဲဒီလိုလုပ်စမ်းပါ၊ ဘွားနန်း… မြေးပြောလိုက်လို့ မျက်လုံးတောင်ပြူးပြီး ရင်တွေတောင်တုန်…းရတယ်"

"ဘွားနန်းကလည်းဗျာ…အဟွန်း…ဟွန်း"

"ကဲပါ မြေးရယ်၊ ဒီလောက်ထိ ရှင်းပီတိကို မြေးအလို



www.burmeseclassic.com

www.burmeseclassic.com



ရှိနေတယ်ဆိုရင်တော့လည်း ဘွားက မကြွေကို ဖုန်းလှမ်းဆက်ပြီး ရမှာပေါ့၊ စိတ်ချပါ ရှင်းပီတိ မပြန်စေရဘူး''

''တကယ်နော် ဘွားနန်း''

''တကယ်ပါ မြေးရယ်''

''အဲဒါဆို ဝဿန်စိတ်အေးလိုက်တော့မယ်နော်''

''အေးပါကွယ်…အေးပါ''

''ကျေးဇူးပဲ ဘွားနန်း ဝဿန် သွားတော့မယ်''

''ကောင်းပါပြီကွယ်''

နှုတ်ဆက်ပြီး ကျောခိုင်းကာ လှည့်ထွက်သွားသော မြေ ဖြစ်သူရဲ့ ယောကျ်ားပီသစွာ ခန့်ညားလွန်းတဲ့ ခန္ဓာကိုယ် တော တောင့်တင်းတင်းလေးကို ငေးကြည့်ရင်း ဒေါ်တော်ဝင်နှ တစ်ယောက် သက်ပြင်းမောလေးကိုသာ ကြိတ်ပြီးချလိုက်ရမိတေ သည်။

အခန်း [၁၁]

''အစ်ကိုလေး ဝဿန်''

''ဘာလဲ''

''ရှင်း…ရှင်းကိုခွင့်လွှတ်ပါ''

''ဘာကွ''

မိုးဝဿန်တစ်ယောက် အူတူတူမျက်နှာလေးနဲ့ သူ့ကို လာ ...င်းပန်နေတဲ့ ရှင်းပီတိကိုကြည့်ပြီး ရယ်ချင်သွားရသည်။ ...သန်စိတ်ထဲမှာ ရှင်းပီတိနဲ့ပတ်သက်ပြီး ဘာအငြိုးအတေးမှ ...ဘူးဆိုတာ သူ့ကိုယ်သူအသိဆုံးပင်။

သို့ပေမယ့်…

ရှင်းပီတိနှင့် တွေ့လျှင် နည်းနည်းလောက် ညစ်ထားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ချင်စိတ်ကြောင့်သာ ခွင့်မလွှတ်နိုင်ဟန်ဆောင်ပြီး မျက်နှာထား
ကို ခပ်တည်တည်ကြီး လုပ်ထားပစ်လိုက်သည်။

ဒီကောင်နဲ့ မိုးဝသန်တို့ မေဖူးကိစ္စ စကားများထားကြ
လေ။ ရက်စက်လိုက်တဲ့ ရှင်းပီတိ။ ဘာမဟုတ်တဲ့ကိစ္စလေး
ခုနှစ်နှစ်လုံးလုံး အတူတူနေခဲ့ကြတဲ့ သံယောဇဉ်ကိုမှ မထောက်
ဘဲ အလုပ်ထွက်မည်ဟု ခြိမ်းခြောက်ခဲ့၏။ မိုးဝသန် မေဖူ
သိပ်ပြီးချစ်မြတ်နိုးလွန်းလို့တော့ မဟုတ်ပါ။ ကဲကဲဆတ်ဆ
ရှင်းပီတိကို အမြင်ကတ်ပြီး လိုက်ကြိုးစားဖို့ ဆုံးဖြတ်ခဲ့မိသ

ဒါကို…

ရှင်းပီတိက လုံးဝလက်မခံခဲ့ချေ။

အခုတော့…

ရှင်းပီတိတစ်ယောက် သူ့ကိုပြောသွားသလို အလုပ်
ထွက်ပြီး ဒီခြံကြီးထဲကနေ အဝေးဆုံးကိုသွားဖို့ဆိုတာကို မလု
ခဲ့ဘူးလေ။ ရှင်းပီတိဘက်က ထွက်မသွားနိုင်သလို မိုးဝသန်
တိုင်ကလည်း ရှင်းပီတိ ထွက်သွားမှာကို မလိုလားနိုင်ပါ။

ဒါကြောင့်…

ဘွားနန်းဆီမှာ သွားတောင်းဆိုခဲ့ပြီးပြီ။ ဒါကို ရှင်
မသိချေ။ သူ့ကိုခွင့်လွှတ်ဖို့ မျက်နှာငယ်ငယ်လေးနှင့် လာပြီး
ပန်နေ၏။

"အစ်ကိုလေး ဝသန်"





"ဘာလဲကွ"

"ရှင်းကို ခွင့်မလွှတ်ချင်တော့ဘူးလားဟင်၊ ရှင်း ရှင်း
မှားခဲ့ပါတယ်၊ တကယ်ဆိုရင် မေဖူးစိတ်ဝင်စားနေတဲ့သူက အစ်ကို
လေးဝသန်ကိုပါ၊ ဒါကိုသိသိကြီးနဲ့ ရှင်း တားဆီးခဲ့မိတာ၊ သိပ်ပြီး
မှားသွားပါတယ်ဗျာ၊ သူများချစ်ခြင်းကို ရှင်း မခွဲသင့်ဘူးဆိုတာ
နားလည်ပါပြီ၊ အစ်ကိုလေးဝသန်ရယ် နောက်ဆိုရင် ရှင်း ကိုယ့်
နေရာကိုယ်နေတတ်ဖို့ ကြိုးစားပါ့မယ်၊ ရှင်းကို အလုပ်မထုတ်ပါနဲ့
နော်"

"အောင်မာ…တော်တော်အပြောကောင်းတဲ့ကောင်၊
မင်းကို ငါက အလုပ်ဖြုတ်တာလား၊ မင်းပါးစပ်က ထွက်မယ်လို့
ပြောသွားတာလား၊ သေသေချာချာလည်း စဉ်းစားဦး"

"ဟုတ်ပါတယ် အစ်ကိုလေးဝသန်ရယ်၊ ရှင်း ရှင်း
မှားသွားပါတယ်၊ ရှင်းဘက်ကစပြောခဲ့တာပါ၊ ဒါပေမယ့် သေသေ
ချာချာ ပြန်စဉ်းစားမိလိုက်တော့ ရှင်းဘဝ အေးချမ်းစွာ မှီခိုခွင့်ရခဲ့
တာ ဒီခြံကြီးပဲရှိတာပါ၊ ရှင်း…ရှင်းမှာ ပြန်စရာအိမ်မရှိပါဘူး
အစ်ကိုလေးရယ်၊ အဟင့်…အီး…ဟီး"

ဟော…

ငိုပြန်ပြီ။

ပြောလည်းပြော တအီးအီးငိုချလိုက်ပြန်တဲ့ ရှင်းပီတိကို
ကြည့်ပြီး မိုးဝသန်ရဲ့ ချောမောခန့်ညားလွန်းတဲ့ မျက်နှာလေးမှာ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ရှုပ်ထွေးမှုတွေနှင့် မှုန်ကုပ်ကုပ်လေး ဖြစ်သွားရ၏။

"ရှင်း...နောင်တရပါပြီဗျာ၊ အဟီး...ဟီး နောက်ဆို အစ်ကိုလေးဝဿန် စိတ်ညစ်အောင် မလုပ်တော့ပါဘူးလို့ ကတိပေးပါတယ်၊ အီး...ဟီး...ဟီး"

မိုးဝဿန်တစ်ယောက် မျက်ရည်တွေစီးကျကာ ကြမ်းပြင်လေးထက်တွင် ချုံးပွဲချငိုကြွေးနေတဲ့ ရှင်းပီတိကိုကြည့်ပြီး စိတ်ပျက်စွာပင် ခေါင်းလေးကို ခါယမ်းလိုက်မိသည်။

မလွယ်။

ဒီကောင့်ပုံစံက တကယ့်ကိုမလွယ်။

ဘာမဟုတ်တဲ့ကိစ္စလေးကိုတောင် သူ့ရှေ့မှာ ကျုံ့ကျုံ့ပါအောင် ငိုနေခဲ့သည်။ အဲဒါကိုပဲ မိုးဝဿန်မကြိုက်တာ၊ ဘယ်နှယ့်ယောကျ်ားဖြစ်ပြီး တအီးအီးငိုပြနေရတယ်လို့။

မိုးဝဿန် ကြည့်မရတဲ့အချက်က အဲဒါပဲ။

စိတ်ခာတ်ပျော့ညံ့လွန်း၏။ ထစ်ခနဲဆို မျက်ရည်ကထွက်ပြီ။

"အီး...ဟီး...ဟီး"

"ဟေ့ကောင်...ဘာလဲကွာ၊ ကျက်သရေမင်္ဂလာမရှိ လာငိုနေတယ်၊ ငါက အိပ်ရာမှာအိပ်တယ်၊ မင်းက အောက်မှာငိုနေတယ်၊ ဘာလဲကွာ ငါ့ကို အသုဘအလောင်းကောင်လို့များ ထင်နေလား ရှင်းပီတိ"





အိမ်...။

အစ်ကိုလေး မိုးဝဿန်ပြောတော့မှပဲ လက်ရှိအနေအထားကို ရှင်းပီတိ သတိထားမိသွားရ၏။ ငိုရှိုက်သံလေး တိခနဲ တိတ်သွားရသည်။ ဟုတ်သားပဲ အစ်ကိုလေးမိုးဝဿန်က အိပ်ရာထက်မှာ အိပ်နေတာလေ။ ရှင်းပီတိက ခုတင်လေးအောက်တွင် ပုဆစ်တုတ်လေးထိုင်ပြီး ငိုနေတာဆိုတော့ အယူသီးလောက်စရာပဲပေါ့။

ရှင်းပီတိ

မျက်ရည်လေးတွေကို ကပျာကယာသုတ်ဖယ်လိုက်ရ၏။

"ဆောရီး...ဆောရီးပဲ အစ်ကိုလေးရယ်၊ ရှင်း မှားသွားပါတယ်၊ ရှင်းကိုခွင့်လွှတ်ပါနော်"

"ပြောလိုက်ရင် မှားပါတယ်၊ ခွင့်လွှတ်ပါနဲ့၊ လုပ်လိုက်ရင်တော့ အရမ်းချည်းပဲ"

"......"

ရှင်းပီတိ

ကိုယ့်အပြစ်နှင့်ကိုယ်မို့ ခေါင်းလေးငုံ့ပြီး ငြိမ်ခံနေမိသည်။

ရှင်းကို ဒေါ်ကြွေကြီးက သေသေချာချာမှာသွားတာလေ။ မိုးဝဿန်ကို ပြန်တောင်းပန်ရမယ်တဲ့။ ဒီတိုက်ကြီးထဲမှာ ရှင်းဆက်ပြီးနေရဦးမယ်တဲ့လေ။ မေမေ့ရဲ့ဆန္ဒတွေကို ဖြည့်ဆည်းဖို့ ရှင်းပီတိ ဆုံးဖြတ်ချက်ချကာ အစ်ကိုလေးမိုးဝဿန်ကို တောင်းပန်နေမိသည်။

"ရှင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"မင်းတကယ်ပဲ ဒီခြံကြီးထဲမှာ ဆက်နေချင်သလား"

"ဟုတ်…ဟုတ်ကဲ့ အစ်ကိုလေးဝသန်"

"ဒါဆို ငါနေစေချင်တဲ့ပုံစံနဲ့ပဲ နေရမှာနော် ရှင်း"

"ဟုတ်ကဲ့"

"ဒါဆို ဒီနေ့ကစပြီး မေဖူးဆိုတဲ့ ကောင်မလေးနဲ့ ကင်းအောင်နေတော့ ရှင်း"

"ဗျာ"

"မေဖူးနဲ့ ကင်းကင်းနေလို့ပြောတာ"

"ဟုတ်…ဟုတ်ကဲ့"

"ငါဘာလုပ်လုပ်၊ ဘယ်လိုနေနေ မင်းဝင်ပြီး မစွက်ဖက်ရဘူး"

"ဟုတ်…ဟုတ်ကဲ့"

"ငါထားသလိုနေ၊ ငါခိုင်းတာလုပ် ဘာဆင်ခြေမှပြန်မပေးရဘူး၊ ဘယ့်နှယ်လဲရှင်း"

"ဟုတ်ကဲ့"

"ပြီးတော့ ငါချစ်ချင်တဲ့သူကိုချစ်မယ်၊ ငါလမ်းခွဲချင်တဲ့သူနဲ့ လမ်းခွဲမယ်၊ ဒါကို မင်းမတားဆီးရဘူး"

"ဟုတ်"

ခေါင်းလေး တညိတ်တည်းညိတ်နေတဲ့ ရှင်းပီတီကိုကြည့်





ပြီး မိုးဝသန်ပင် ကြာတော့ သနားသွားရသည်။ ဒီကောင် တကယ့်ကို ပြောင်းလဲသွားတာပဲ။ မျက်ဝန်းလေးတွေထဲမှာ သိမ်ငယ်နေသည့် အရိပ်အယောင်လေးတွေက ထင်းလို့။

"ရှင်း"

"ဗျာ"

"ညကျရင် မေဖူးတို့ခြံရှေ့မှာ ဂစ်တာသွားတီးရအောင်"

"ဗျာ"

မိုးဝသန်…

ရှင်းပီတီရဲ့စိတ်ကို စာမင်စမ်းသပ်လိုက်သည်။ စောစောက ငုံ့လျှိုးနေတဲ့ခေါင်းလေးက ချက်ချင်းပင် ဆတ်ခနဲထောင်မတ်သွားတာ သတိထားမိသည်။ သို့သော် မမြင်ဟန်ပဲဆောင်လိုက်သည်။

"ဟုတ်…ဟုတ်ကဲ့ အစ်ကိုလေးဝသန် အစ်ကိုလေး သဘောပါပဲ"

ဟင်…။

ခေါင်းလေးညိတ်ကာ ထောက်ခံလိုက်တဲ့ ရှင်းပီတီကို ဇူးနေအောင် စိုက်ကြည့်တာ မယုံကြည်နိုင်လောက်အောင်ပဲ ဖြစ်နေရတော့သည်။ ဒီကောင် တကယ့်ကို ပြောင်းလဲသွားတာပါလား။ မေဖူးနဲ့ပတ်သက်ပြီး ဘာမှနာလိုစိတ်မှ ရှိမနေတော့ချေ။

"ရှင်း"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း...မေဖူးကို ကြိုက်နေလား"

"ဗျာ"

"မင်းစိတ်ထဲမှာ မေဖူးနဲ့ပတ်သက်ပြီး တစ်စုံတစ်ခုများ ရှိနေလားလို့မေးတာ၊ အမှန်အတိုင်းဖြေနော် ညာမယ်မကြိုးစားနဲ့"

"မရှိပါဘူး၊ အစ်ကိုလေးဝသန်"

အဲဒါကိုတော့...

ရှင်း ကျိန်ဆိုပြောရဲပါသည်။

မေဖူးလို အပြစ်ကင်းစင်တဲ့ မိန်းကလေးတစ်ယောက်ရဲ့ စိတ်မှာ နာကျင်မှုလေးတွေနဲ့ ဒဏ်ရာတွေရသွားမှာစိုး၍ ဖေးမချင် စိတ်ရှိတာကလွဲပြီး ရှင်းမှာ မရိုးသားတဲ့စိတ်လုံးဝမရှိချေ။

ဒါကို...

အစ်ကိုလေးဝသန်က သံသယရှိနေသေးပုံရသည်။

မြန်ဆန်လွန်းတဲ့ ရှင်းရဲ့အပြောင်းအလဲမြန်ဆန်မှုကြောင့် လည်း အစ်ကိုလေးဝသန်တစ်ယောက် လက်မခံနိုင်သလို ဖြစ်နေခြင်းရယ်ပါ။ ဒါကိုတော့ ရှင်းလင်းအောင် သူကြိုးစားမှဖြစ်မည်။

"ဒါဆို သွားရအောင် ရှင်း"

"ဗျာ"

"မင်းကို ငါမယုံနိုင်သေးဘူး၊ ဒီတော့ မင်းဘက်က တကယ်ကင်းရှင်းတယ်ဆိုတာ သက်သေပြနိုင်ရမယ်လေ၊ မေဖူးတို့ ခြံရှေ့သွားပြီး ဂစ်တာတီးသီချင်းဆိုရအောင် မင်းဂစ်တာကို ယူလာ





ခဲ့ ရှင်း"

"ဟုတ်...ဟုတ်ကဲ့ အစ်ကိုလေးဝသန်"

ရှင်းပီတိ

ထိုင်နေရာကနေ ဆတ်ခနဲထကာ အခန်းထောင့်တွင် ထောင်ထားသော ဂစ်တာလေးကို သွားယူလိုက်သည်။ မျက်နှာလေးမှာလည်း ချိုလွင်တဲ့အပြုံးလေး ပန်ဆင်ကာ အစ်ကိုလေး မိုးဝသန် ယုံကြည်စိတ်ချသွားအောင် နေပြနေမိ၏။

"သွားရအောင် ရှင်း"

"ဟုတ်"

ဂစ်တာလေးကို လက်မှာကိုင်ဆွဲပြီး ရှေ့ကနေ သွက်လက်သောခြေလှမ်းလေးတွေနဲ့ အခန်းထဲကနေ ထွက်သွားတဲ့ ရှင်းပီတိကို ကြည့်ပြီး မိုးဝသန် နှုတ်ခမ်းနီထွေးထွေးလေးက ပြုံးသွားသည်။

ဒီကောင်...

သူ့ကိုယုံကြည်အောင် နေပြနေတာ မိုးဝသန် ရိပ်မိတာပေါ့။

ထူးဆန်းလိုက်တဲ့ ရှင်းပီတိ။

တကယ်ပဲ မေဖူးကို ရိုးရိုးသားသားပဲ ခင်တွယ်နေတာကို။

မိုးဝသန် ဒီလောက်ဆိုရင် ရှင်းပီတိရဲ့ ရင်ထဲက ခံစားချက်အမှန်ကို ရိပ်စားမိပြီ။



www.burmeseclassic.com

www.burmeseclassic.com



“အို…ဟဲ့…ဟဲ့ ဒါကဘယ်လဲ”

ဂစ်တာတစ်လက်ကိုင်ဆွဲပြီး ထွက်တဲ့ မြေးဖြစ်သူ မိုးဝသန်နှင့် မြေးလေးရဲ့အကူ အလုပ်သမား ရှင်းပီတိကိုကြည့်ပြီး ဒေါ်တော်ဝင်နန်းတစ်ယောက် လှမ်းမေးလိုက်မိသည်။

“ဂစ်တာတီးမလို့ ဘွားနန်း”

“အပြင်မှာ လေစိမ်းတွေတိုက်ကတိုက်နဲ့ကွယ်”

“အဲဒါမှကောင်းတာပေါ့ ဘွားနန်းရဲ့၊ လေညှင်းခံပြီး ဂစ်တာတီး သီချင်းဆိုရတာ ဘယ်လောက်ဖီးဖြစ်လိုက်သလဲလို့၊ ကဲပါ ဘွားနန်းရှင်းပြနေရတာနဲ့ အချိန်တွေတောင် ကုန်နေပြီ၊ သွားတော့မယ်”

“ခြံထဲမှာပဲတီးနော် မြေးလေး”

“ဟာဗျာ…ဘယ်ကသာ ခြံထဲမှာတီးလို့ဖြစ်မလဲ၊ ကောင်မလေးခြံရှေ့မှာ သွားတီးမှ ရင်ခုန်စရာကောင်းမှာပေါ့ဗျ”

“ဘယ်ကကောင်မလေးလဲ မြေးရဲ့၊ အဘွားကိုလည်း ပြောပါဦး”

“တစ်ခြံကျော်က မေဖူးတို့ခြံလေ”

မေဖူးတို့ခြံရှေ့တဲ့။

သိပြီ။

မေဖူးကို ဒေါ်တော်ဝင်နန်း ကောင်းကောင်းကြီးသိသည်။ မိဘတွေက ကုမ္ပဏီပိုင်ရှင်သူဌေးတွေ။ ပြီးတော့ မေဖူးဆိုတဲ့ကောင်





မလေးက တစ်ဦးတည်းသောသမီးလေး။ ရပ်ကွက်ထဲမှာ လှတာရော၊ ပညာတတ်တာရော၊ ချမ်းသာကြွယ်ဝတာရော၊ အရှုပ်အရှင်းကင်းတာရော မေဖူးဆိုတဲ့ကောင်မလေးရဲ့ ဂုဏ်သတင်းက မွှေးပျံ့နေ၏။

မြေးက ဒီလိုမိန်းကလေးကို စိတ်ဝင်စားတယ်ဆိုတော့ စိတ်ဓာတ်မြင့်တာပေါ့။ ဒီတစ်ချက်တော့ မြေးဖြစ်သူက သူ့အဖေ သူတော်ထက် သာသွားပြီ။ သူတော်ရွေးချယ်လိုက်လျှင် တကယ့် ကဂျိုးကကြောင်တွေချည်းပဲ။ မိမိအမုန်းခံပြီး လိုက်ဖျက်ရ၏။

“ဘွားနန်း”

“ဟေ”

“မြေးတို့သွားပြီနော်”

“ဪ…အေး…အေး သွားကြ…သွားကြ၊ မိုးတော့ သိပ်မချုပ်စေနဲ့ကြားလား”

“ဟုတ်”

မိုးဝသန် ခေါင်းသာညိတ်ပြကာ အမြဲလိုလို နောက်ကျမှ အိမ်ထဲဝင်တတ်တာ ထုံးစံတစ်ခုလိုဖြစ်နေပြီ။ ဒါကို ဘွားနန်း မသိတာလည်းမဟုတ်။ သို့ပေမယ့် ထိုသို့သိနေရင်းနှင့်ပဲ အမြဲလိုလို ပြောတတ်သည့် ဘွားနန်းကိုတော့ တကယ်ချီးကျူးသည်။

ရှင်းပီတိနဲ့ မိုးဝသန်တို့ လမ်းမကြီးတစ်လျှောက် စကားမှမပြောဖြစ်ဘဲ မေဖူးတို့အိမ်လေးဆီသို့ ဦးတည်ကာ သွားနေမိ၏။ နီယွန်မီးတိုင်များမှ ဖြာကျနေသော အလင်းကြောင်း



www.burmeseclassic.com

www.burmeseclassic.com



သူ့နံဘေးတွင် ရစ်တာလေးကိုင်ဆွဲပြီး လျှောက်နေတဲ့ ရှင်းဆီ အကဲခတ်သလို စောင်းငဲ့ကြည့်မိ၏။

ရှင်းရဲ့မျက်နှာလေးက ခံစားချက်တွေ ကင်းမဲ့နေသလိုပင် ထင်ရလောက်အောင် မျက်ဝန်းလေးတွေက ရီဝေငေးမှိုင်နေခဲ့သည်။ စိတ်နဲ့ကိုယ် မကပ်သလိုဖြစ်နေ၏။ မေဖူးကြောင့်လည်း မဖြစ်နိုင်ပါ။

ထိုညက

ရှင်းပီတိကို စိတ်စမ်းသည့်အနေနှင့် မေဖူးတို့ခြံရှေ့ အုတ်ခုံပုလေးတွင်ထိုင်ကာ ဂစ်တာတီးပြီး ချစ်သီချင်းလေးတွေ သီဆိုခဲ့ကြသည်။

မိုးဝသဿန်နှင့်အတူ အပြိုင်ဆိုနေတဲ့ ရှင်းပီတိကိုကြည့်ပြီး ကျေနပ်စွာပင် သူပြုံးလိုက်မိ၏။ မိုးဝသဿန် ရင်ထဲကနေ ကြိတ်ပြီး စကားလေးတွေ ပြောနေမိသည်။

မင်းမဆိုးဘူး ရှင်းပီတိ။

မင်းက…

ငါ့အကြိုက်ကို တကယ်သိတဲ့ကောင်ပဲ။

ဒါကြောင့်…

ငါက မင်းကို တစ်သက်လုံးအတွက် အပိုင်သိမ်းပိုက်ချင်တာ။ မင်းကို လက်မလွှတ်ချင်ဘူး ရှင်းပီတိရာ။



အခန်း [၁၂]

မိုးဝသဿန် အိပ်ပျော်နေရာမှ ဆတ်ခနဲ နိုးသွား၏။ နာရီကို လှမ်းကြည့်မိတော့ နံနက်ကိုးနာရီထိုးနေပြီ။

ကြည့်စမ်း…

အချိန်မနည်းတော့ပါလား။

အိပ်ရာကနေ ကပျာကယာထကာ အခန်းတံခါးဖွင့်ပြီး ဝရန်တာဆီထွက်လိုက်တော့ နေပူရှိန်ကြောင့် မျက်လုံးတွေပင် ပြာမိုက်သွားရသည်။ ဒီအချိန်ထိ သူတစ်ခါမှ အိပ်မပျော်ဖူးပါချေ။

မနေ့ညက…

ဂစ်တာတီးခြင်းရဲ့ အကျိုးဆက်ကြောင့် အိပ်ရေးပျက်ကာ အခုလို နေမွန်းတည့်ချိန်လောက်ရောက်မှ အိပ်ရာထနိုင်ခြင်းပဲဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

ရှင်းပီတိ။

ဒီကောင် ဘာဖြစ်လို့များ လာမနိူးပါလိမ့်။

အရင်ကဆို…

မနက်စောစော ကျန်းမာရေးလေ့ကျင့်ခန်း လုပ်ဖို့ဆိုပြီး ရှင်းပီတိ လာလာနှိုးတတ်၏။ သေချာတာကတော့ ဒီကောင်လည်း ညကအိပ်ရေးပျက်တာနှင့် နှပ်နေလောက်ရောပေါ့။

မိုးဝသန်

ဝရန်တာလေးကနေ ခွာပြီး အောက်ထပ်သို့ ဆင်းခဲ့လိုက်သည်။ မီးဖိုချောင်ဘက်သို့ ဝင်ခဲ့မိ၏။

"ဦးလေးသက်"

"ဟော…မိုးဝသန်လေး အိပ်ရာကနိုးပြီလား၊ နံနက်စာ စားတော့မလား လူလေး၊ ဦးသက်ပြင်လိုက်တော့မယ်"

"ဟာ…မပြင်နဲ့ဦး ဦးလေးသက်၊ ကျွန်တော် မျက်နှာ တောင်မသစ်ရသေးဘူး၊ ဒါနဲ့ ရှင်းပီတိလာသေးလား၊ ဒီကောင့်ကို မတွေ့လို့"

"ဟော…မိုးဝသန်ပြောမှပဲ သတိထားမိတော့တယ်၊ ဒီကောင် အခုထိမလာသေးဘူး၊ ဒီကောင် ညက အဆောင်ထဲကို ညဦးနက်မှပြန်လာတာကွ၊ ဒါကြောင့် မနိုးသေးဘူးထင်တယ်"

"ဟုတ်လား…ဒါဆို ကျွန်တော်သွားနှိုးလိုက်ဦးမယ်"





"ဟော"

"သူကချည်း ကျွန်တော့်ကို နှိုးနှိုးနေတာလေ၊ ဒီတစ်ခါ တော့ ကျွန်တော့်အလှည့်ပဲ၊ သွားပြီး ဒုက္ခပေးလိုက်ဦးမယ်"

"ဪ…အေး…အေး"

မိုးဝသန်…

စားဖိုမှူးကြီး ဦးလေးသက်ကို မျက်လုံးလေးတစ်ဖက်မှိတ် ပြကာ မီးဖိုခန်း ဘေးပေါက်တံခါးမှ အနောက်ဖက်ရှိ အလုပ်သမား တန်းလျားလေးဆီသို့ ထွက်ခဲ့မိသည်။

တန်းလျားလေးဆီရောက်တော့ ခြေသံဖွဖွနင်းလျက် သစ် အိမ်လေးထဲသို့ ဝင်ခဲ့၏။ ရှင်းပီတိ အခန်းရှေ့ အသာလေးရပ်ကာ အခန်းတံခါးလေးကို အသာလေးတွန်းကြည့်လိုက်သည်။ တံခါးရွက် လေးက ညင်သာစွာ ပွင့်ဟသွားသည်။

ဒီကောင်…

ညက အိပ်ချင်မူးတူး ထိုးအိပ်သွားဟန်ရှိ၏။ အခန်းတံခါး ကို ချက်မထိုးထားချေ။

မိုးဝသန် ခြေသံဖွဖွနင်းပြီး ကြမ်းပြင်လေးပေါ်တွင် သင်ဖြူးဖျာလေးနှင့် စောင်လေးခြုံကာ ကွေးကွေးလေးအိပ်ပျော်နေ သော ရှင်းပီတိအနားသို့ တိုးကပ်သွားမိ၏။

"အင်း…ဟင်း…ဟင်း"

"အီး…ဟီး…ဟီး"



www.burmeseclassic.com

www.burmeseclassic.com



ဟာ…

မိုးဝသန်ရဲ့ လှမ်းလက်စခြေလှမ်းလေးတွေက တစ်ဝက်တပျက်တွင် ရပ်တန့်သွားသည်။ ရှင်းပီတိထံမှ ညည်းသံသဲ့သဲ့ ငြီးငြူသံလေးကို ကြားလိုက်ရသဖြင့် မိုးဝသန် မျက်ဝန်းညိုလေးတွေ ပြူးဝိုင်းသွားရ၏။ စိမ်းထူထူ မျက်ခုံးကြီးနှစ်ဖက် တွန့်ကြုံ့သွားရသည်။

"ဟင်း…ဟင်း…ဟင်း"

ညည်းသံလေး ဒုတိယအကြိမ် ထွက်လာချိန်တွင်တော့ မိုးဝသန်တစ်ယောက် ရှင်းပီတိအနားသို့ ဝုန်းခနဲ ရောက်သွားရတော့၏။

"ရှင်း"

"ဟေ့ကောင် ရှင်း"

စိုးရိမ်တကြီး ရှင်းပီတိရဲ့ ခန္ဓာကိုယ်လေးအား လှုပ်နှိုးလိုက်၏။

"ဟင်း…ဟင်း"

ငြီးသံလေးမှတစ်ပါး ပြန်ထူးသံက ထွက်မလာချေ။

မိုးဝသန် ရှင်းပီတိရဲ့ နဖူးပြင်လေးအား စမ်းလိုက်၏၊

"ဟာ"

ရှင်းပီတိ။

ကိုယ်တွေ ခြစ်ခြစ်တောက်ပူနေပါလား။





မျက်လုံးလေးတွေပင် ဖွင့်မကြည့်နိုင်လောက်အောင် ဒီကောင် အဖျားတွေတက်နေသည်။

စိုးရိမ်ကြီးစွာ ခန္ဓာကိုယ်ပေါ်မှ စောင်ကို ဆွဲခွာလိုက်၏။

"ကြည့်စမ်း…ချွေးတွေလည်းရွှဲလို့၊ ဒီကောင်တော့ ဒုက္ခဖြစ်တော့မှာပဲ"

မိုးဝသန့်တစ်ယောက်တည်း ငြီးငြူကာ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိ ဖြစ်နေ၏။

"မဖြစ်ဘူး…အဝတ်အစားတွေ အရင်လဲမှပဲ၊ ချွေးနဲ့အအေးပတ်တော့မှာပဲ၊ ဟော့ကောင် ရှင်း ထစမ်း အဝတ်အစားလဲရအောင်၊ မင်းတစ်ကိုယ်လုံး ချွေးတွေထွက်နေတယ်ကွ"

မိုးဝသန့်

အဝတ်တန်းပေါ်တွင် လှန်းထားသော ရှင်းပီတိရဲ့ အဝတ်အစားတွေထဲမှ ချည်အင်္ကျီနှင့် ပုဆိုးတစ်ထည်ကို ဆွဲယူကာ ရှင်းပီတိအိပ်ရာလေးနံဘေးတွင် ဒူးထောက်ထိုင်ချလိုက်သည်။

"ရှင်း"

"ဟေ့ကောင်…ရှင်းပီတိ၊ ထလေကွာ"

"ဟင်း…ဟင်း"

အဖျားရှိန်ကြောင့် ပြန်ပင်ထူးသံမပေးနိုင်ဘဲ ငြီးငြူနေတဲ့ ရှင်းပီတိကိုကြည့်ပြီး စိုးရိမ်မှုတို့က အထွတ်အထိပ်သို့ ရောက်နေရသူက မိုးဝသန်ရယ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲပြောပြော…

ရှင်းပီတိ အခုလိုဖြစ်ရတာ မိုးဝသသန်ရဲ့ အပြစ်မကင်းချေ။

ညက

ရှပ်ချည်သားပါးပါးလေးနဲ့ သန်းခေါင်ကျော်တဲ့အထိ လေစိမ်းတွေတိုက်နေတဲ့ အပြင်မှာ မိုးဝသသန်နဲ့အတူ ဂစ်တာတီးနေခဲ့ရတာလေ။ သူကတော့ အနွေးထည်ဝတ်ခဲ့ပြီး ရှင်းပီတိက လက်တိုအင်္ကျီလေးနဲ့သာရှိခဲ့၏။

ဒါကြောင့်…

ရှင်းပီတိ အအေးပတ်ပြီး ဖျားသွားတာ။

တစ်နေ့ကုန်တစ်နေ့ခန်း အလုပ်လုပ်ရလို့ ပင်ပန်းတာလည်း ပါသည်။

မိုးဝသသန်

ရှင်းပီတိကို အခုလိုပုံစံလေးနဲ့ မြင်လိုက်ရပြန်တော့လည်း မနေနိုင်ပြန်ပါ။ နှိုးမရသည့်အဆုံးမှာတော့ ရှင်းပီတိကို ဆက်ပြီး မနှိုးချင်တော့ဘဲ အဝတ်အစားတွေ ကိုယ်တိုင်လဲပေးဖို့သာ ပြင်ဆင်လိုက်၏။

ဟာ…

မိုးဝသသန် မျက်လုံးတွေ ပြူးထွက်သွားရသည်။

အင်္ကျီလေးကို လဲပေးမယ့်လက်တွေ တဆတ်ဆတ်တုန်ယင်ကာ ဆတ်ခနဲ ရုပ်သိမ်းသွား၏။ ဒူးလေးထောက်ပြီး ထိုင်နေရာ





မှ ဗင်ထိုင်ကျကာ ရှင်းပီတိအနားကနေ အနောက်ဘက်သို့ တွန်းဆုတ်သွားမိတော့၏။

အံ့သြခြင်း၊ မယုံကြည်နိုင်ခြင်းကြီးစွာဖြင့် ရှင်းပီတိဆီ နှင်သက်စွာ ကြည့်နေမိသည်။ တဒိန်းဒိန်းခေါင့်ခုန်နေတဲ့ ရင်ခုန်သံတွေက အပြင်သို့ လျှံထွက်လာသလားပင် သူ့ကိုယ်သူ ထင်မှတ်နေမိ၏။

လှိုင်းဂှက်ချက်တစ်ခု။

သွေးပျက်တုန်လှုပ်စရာကောင်းတဲ့ လှိုင်းဂှက်ချက်တစ်ခု။

မိုးဝသသန် သိလိုက်ရ၏။

ရှင်းပီတိ။

ကြည့်စမ်း…

ဒီကောင် ယောကျ်ားလေးမဟုတ်။

ရှင်းပီတိက…

အားလုံးထင်မှတ်ထားသလို ယောကျ်ားလေးတစ်ယောက် မဟုတ်ချေ။ အကြီးကျယ်ဆုံး လှိုင်းဂှက်မှုကြီးတစ်ခုကို မိုးဝသသန် သိလိုက်ရပြီ။

မိုးဝသသန်…

ဘာလုပ်လို့ဘာကိုင်ရမှန်းမသိအောင်ပင် ဖျားသွားရသည်။

ဘွားနန်းသာသိလျှင်ဆိုတဲ့ အသိက သူ့ခေါင်းထဲ အလိုလိုတိုးဝင်လာ၏။ ဒါကို ရှင်းပီတိကတော့မသိချေ။ အဖျားတွေတက်



www.burmeseclassic.com

www.burmeseclassic.com



ကာ ကယောင်ကတမ်းတွေပင် ပြောနေ၏။

"ဘယ်လိုလုပ်ရမလဲ"

"ငါ ဘယ်လိုလုပ်ရမလဲ"

မိုးဝဿန် တွေဝေနေမိသည်။

ရှင်းပီတိရဲ့ မျက်နှာလေးဆီလည်း ထပ်ပြီးမကြည့်ရဲတော့။

"ဟင်း…ဟင်း"

ငြီးသံသဲ့သဲ့လေးက သူစိတ်ကို အကြီးအကျယ် တုန်လှုပ်နေစေခဲ့သည်။ အလင်းရောင်အောက်တွင် ဖြူနုရှင်းသန့်နေတဲ့ ရှင်းပီတိရဲ့ မျက်နှာလှလှလေး။

မိုးဝဿန်…

ငေးစိုက်ကာ ကြည့်နေမိသည်။

"မင်း…ဘာဖြစ်လို့ ညာရတာလဲရှင်းရယ်"

သူ…

ခပ်တိုးတိုးလေး မေးမိသည်။

သို့သော်…

ရှင်းပီတိကတော့ မကြားချေ။

"အနည်းဆုံးတော့ ငါ့ကိုမညာသင့်ဘူးလေ ရှင်း၊ ငါက မင်းကို ဒီလောက်သံယောဇဉ်ရှိတာ"

မိုးဝဿန်

စကားသံလေးတွေ ပြတ်တောက်သွားရသည်။





ရင်ထဲ လှိုက်ခနဲဆို့တက်လာသော ဝမ်းနည်းစိတ်ကြောင့် မိုးဝဿန်ရဲ့ စကားလုံးလေးတွေက တစ်ဝက်တပြက်မှာပဲ တိမ်မြုပ်သွားရသည်။

"ရှင်း"

"ငါ…မင်းကို မသေစေချင်ဘူး"

ဒါ

သူ့ရဲ့ဆန္ဒအမှန်ပါပဲ။

ရှင်းပီတိဆိုတဲ့ ဖြူနွဲ့နွဲ့ကောင်လေးအပေါ်မှာ ထားတဲ့ သူ့ရဲ့ မှန်ကန်တဲ့စေတနာမေတ္တာပဲ ဖြစ်သည်။

မိုးဝဿန်…

ရှင်းပီတိနားကို ပြန့်ပြီး တိုးကပ်သွားမိပြန်သည်။ မိဘမရှိ၊ ခိုကိုးရာမဲ့နေသော ရှင်းပီတိကို ပစ်ပယ်မထားရက်နိုင်တဲ့စိတ်ကြောင့် အရာအားလုံးကို သတ္တိရှိရှိနှင့် ရင်ဆိုင်ဖို့ ဆုံးဖြတ်ချက်ချလိုက်သည်။

ရှင်းပီတိကို…

ဆေးခန်းပြဖို့ မိုးဝဿန် ကြိုးစားနေမိသည်။ အိမ်မှာဆရာဝန်ပင့်ပြီး ပြလို့ကတော့ ဘယ်လိုမှ မဖြစ်နိုင်။ အဘွားနန်း သိသွားလျှင် မိုးမီးလောင်သွားနိုင်သည်။

'စံရိပ်မြုံ'မှာ ဒေါ်တော်ဝင်နန်းမှလွဲ၍ တခြားဘယ်မိန်းမမှ မရှိစေရဆိုတဲ့ အမိန့်ကြောင့် ရှင်းပီတိရဲ့ကိစ္စသည် ပြဿနာအကြီးမားဆုံးဖြစ်သွားနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့…

ခြံထဲမှာရှိတဲ့ ယောက်ျားတွေအားလုံး ဘွားနန်းရဲ့ တကာယ့်ကို စိတ်ချယုံကြည်ရတဲ့ လူတွေချည်းပဲ။ တစ်စုံတစ်ယောက်သိသွားလျှင်လည်း ဘွားနန်းဆီကို သတင်းပေါက်ကြားသွားမှာ သေချာ၏။

မိုးဝသန် …

ဘာဆက်လုပ်လျှင် ကောင်းမလဲဟု စဉ်းစားနေမိသည်။ ဒီကောင့်ပုံစံက ဆေးခန်းပြရအောင် လမ်းပင်လျှောက်နိုင်မည့်ပုံမရ။ ထမ်းပြီးထုတ်ရမှာပဲ။

ဘယ်လိုလုပ်ရမလဲ။

မိုးဝသန် အကြံဉာဏ်ထုတ်နေမိ၏။

ဂဘားက ခြံထဲမှာရပ်ထားတာလေ။ အဲ့ဒီအထိ ထမ်းထုတ်ရလျှင် အားလုံးတွေ့မြင်သွားနိုင်သည်။ ထိုအခါ စစ်လားဆေးလားမေးလားမြန်းလားနှင့် ဇာတ်ရှုပ်သွားနိုင်၏။

အဓိက…

ဘွားနန်းပဲ။

အလုပ်သမားတစ်ယောက်ကို သူကိုယ်တိုင် ဆေးခန်းသွားပြပေးမှာ ဘယ်လိုမှ လက်ခံမှာမဟုတ်။ တားဆီးပြီး ဒရိုင်ဘာမောင်အုန်းနဲ့ သွားခိုင်းမှာပဲ။

ဘယ်လိုလုပ်ရမလဲ။





မိုးဝသန် ဘယ်လိုလုပ်ရပါမလဲ။

ဦးနှောက်ကို အကောင်းဆုံး အလုပ်ပေးလိုက်မိသည်။

ဟာ…

ဟုတ်ပြီ။

ခြံနောက်ပေါက်။

ကြည့်စမ်း

ဒါကို မိုးဝသန် ဘာလို့မေ့နေရတာလဲ။

မိုးဝသန်တို့ ခြံကျယ်ကြီးရဲ့ အနောက်မှာ အပြင်ကိုထွက်နိုင်သည့် လူဝင်ပေါက်သေးလေးတစ်ပေါက် ရှိသေးသည်။ ထိုကနေတခ်ဆင့် ရှင်းပီတီ ထုတ်သွားလျှင် အဆင်ပြေနိုင်၏။

ဟုတ်ပြီ…

အဲဒီလိုပဲ လုပ်ရမယ်။

မိုးဝသန် ဆုံးဖြတ်ချက်ချလိုက်ပြီးသည်နှင့် ရှင်းပီတီရဲ့ မျက်နှာလေးကို ခပ်စူးစူးလေး စိုက်ကြည့်ကာ တစ်ချက်ပြုံးလိုက်၏။

ပြီးနောက်

အခန်းလေးထဲကနေ သွက်လက်စွာ ထွက်လိုက်သည်။ အခန်းတံခါးလေးကို သေချာစွာ စေ့ပိတ်ထားလိုက်ပြီး နေရာလေးကနေ ထွက်လာခဲ့မိတော့သည်။



www.burmeseclassic.com

## အခန်း [၂၄]

"ရှင်း"

"ဗျာ"

"မင်း လမ်းလျှောက်နိုင်ရဲ့လား"

"ဟုတ်ကဲ့ အစ်ကိုလေးဝဿန်"

ပြန်ဖြေသံလေးထဲမှာ အင်အားတစ်စုံတစ်ရာ ပါဝင်မနေချေ။ ကြောက်စိတ်၊ စိုးရွံ့စိုးပ်တွေနှင့် ရှင်းပီတိရဲ့ ချက်နှာလေးကို စိုးရိမ်ပါကြီး ငေးစိုက်ကြည့်ကာ မေးလာတဲ့ အစ်ကိုလေးမိုးဝဿန်ရဲ့ အကြင်နာမျက်ဝန်းတစ်စုံအောက်တွင် စိတ်တွေ အသူပ်ရှုပ်ကြီး လှုပ်ရှားနေရသည်။ လမ်းကို ဖြည်းညှင်းစွာပင် လျှောက်လှမ်းနေမိ၏။





ရိုပ်မိသွားပြီလား။

ရှင်းပီတိရဲ့ လျှို့ဝှက်ချက်ကို အစ်ကိုလေးမိုးဝဿန်များ ရိပ်မိသွားပြီလားဆိုတဲ့အသိကြောင့် ခန္ဓာကိုယ်လေး တဆတ်ဆတ် တုန်ယင်သည့်အထိ ဖြစ်နေရသည်။ မျက်ဝန်းအကြည့်လေးကို မနည်းလွှဲဖယ်ထားမိ၏။

ရှင်းပီတိ

ဘယ်လိုအနေ ဘယ်လို ဒီဆေးခန်းကို ရောက်လာသလဲ တောင်မသိ။ မျက်ဝန်းလေးတွေ ပြန်ဖွင့်လိုက်ချိန်တွင် လင်းဖြာနေသည့် မီးရောင်နှင့် နံရံမျက်နှာကျက် ဖြူဖြူလေးကို မြင်တွေ့လိုက်ရ၏။ ပြီးနောက် နှာခေါင်းဝသို့ ရူးခနဲ တိုးဝင်လာတဲ့ဆေးနံ့။ ဒီတော့မှ ရှင်းပီတိဟာ ကိုယ့်အခန်းကျဉ်းလေးထဲမှာ မဟုတ်ဘဲ စိမ်းသက်တဲ့ နေရာတစ်ခုကိုရောက်နေမှန်း သတိပြုမိတော့၏။

"ရှင်း…မင်းသတိရပြီလား" ဆိုတဲ့ နွေးထွေးလိုက်ဖြာတဲ့ မေးသံလေးကြောင့် အသံရှင်ကို လှည့်စောင်းမကြည့်ဘဲ သိလိုက်သည်။ ဒါဟာ အစ်ကိုလေး မိုးဝဿန်ရဲ့ မေးသံပဲဆိုတာလေ။

ရှင်းပီတိရဲ့ မျက်နှာလေး ကွက်ခနဲ ပျက်သွားရ၏။ အလန့်တကြား ကုန်းရုန်းထဖို့ ကြိုးစားလိုက်တော့ ဦးခေါင်းမှ မူးမိုက်ကိုက်ခဲသော ဝေဒနာဆိုးကြောင့် ပြန်လဲကျသွားရသည်။

"မင်း…အရမ်းပျားနေတယ်ရှင်း၊ မထနဲ့" ဆိုတဲ့ သတိပေးသံကြောင့် လက်လျှော့အရှုံးပေးကာ ပြန်လှဲနေမိသည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေကမလုံချင်။ ခန္ဓာကိုယ်မှာ ဝတ်ဆင်ထားတဲ့ အဝတ်အစားတွေကို သတိထားမိကာ ရှင်း သွေးပျက်တုန်လှုပ် ချောက်ချားနေရသည်။

သချောတာကတော့

မနေ့ညက အဝတ်အစားတွေ မဟုတ်ဘူးဆိုတာဘဲ။

ဒါ...

ဘယ်သူလဲပေးခဲ့တာလဲ။

အစ်ကိုလေး မိုးဝသန်ပဲလား။

ဒါလည်းမဖြစ်နိုင်ပါဘူး။ အစ်ကိုလေး မိုးဝသန်က ဘယ်လိုလုပ်ပြီး အလုပ်သမားတန်းလျားကို တကူးတကကြီး လာမှာမို့လဲ။ ရှင်းပီတိ သချာစဉ်းစားနေမိသည်။ ညကများ ရှင်းပီတိကိုယ်တိုင် အဝတ်အစားတွေ လဲမိတာလား တစ်စုံတစ်ယောက် လဲပေးထားတာလားဆိုတာကို သေသေချာချာ ပြန်စဉ်းစားနေမိသည်။ ခန္ဓာကိုယ်ပေါ်က အဝတ်အစားသစ်သည် ရှင်းပီတိရဲ့ ဦးနှောက်ကို ကောင်းကောင်းကြီး အလုပ်ရှုပ်နေစေခဲ့တာတော့ အမှန်ပင်။

ဆရာဝန်မကြီးရဲ့ ဆေးစွမ်းကြောင့် ရှင်းပီတိသတိရကာ အနည်းငယ် ထူထူထောင်ထောင်ဖြစ်တော့ မိုးဝသန်ကပြန်ဖို့ အသိပေးလာ၏။

ရှင်းပီတိ။





လဲလျှောင်းနေရာမှ ဖြေးညှင်းစွာ ထလိုက်သည်။

ထိုအခါ...

အစ်ကိုလေး မိုးဝသန်သည် ရှင်းရဲ့လက်မောင်းလေးကို လာရောက်ဆုပ်ကိုင်ကာ ဖေးမတွဲကူ၏။ ရှင်းက ရပါတယ်ဟု ငြင်းငယ်လည်းမရချေ။ အားနည်းချိနဲ့စွာ ယိုင်နဲ့နဲ့လေး ဖြစ်နေတဲ့ ရှင်းကို နွတ်အတင်းတွဲမကာပင် လျှောက်စေခဲ့သည်။

ရှင်းပီတိ။

အစ်ကိုလေး မိုးဝသန်ရဲ့ အရိပ်အခြေကို အကဲခတ်နေမိ၏။

ရှင်းပီတိရဲ့အကြောင်းကို အစ်ကိုလေး သိနေပြီလားဆိုတဲ့ အဖြေကို သိချင်နေမိသည်။ သို့ပေမယ့် အစ်ကိုလေး မိုးဝသန်ရဲ့ မျက်နှာက အပြောင်းအလဲ မရှိချေ။ ဘာစကားမှလည်းမပြောဘဲ နေကောင်းလား၊ သက်သာလားဆိုပြီး ကျန်းမာရေးကိုပဲ ဂရုတစိုက် မေးနေခဲ့သည်။

ဆရာဝန်ညွှန်ကြားတဲ့ ဆေးတွေကို သေသေချာချာမှတ်ပြီး ကျသင့်ငွေများကို ရှင်းပေးနေ၏။

တကယ်ကို...

ဘာတစ်ခုမှမသိသလို အေးအေးဆေးဆေးပင် ရှိနေသည်။

အစ်ကိုလေးမိုးဝသန်က...

ကားလေးနားဆီသို့ရောက်တော့ ရှေ့ခန်းတံခါးလေးကို



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ပြီး ရှင်းပီတိကို အရင်ထိုင်စေသည်။ ပြီးမှ ကားတံခါးပြန်ပိတ်ပေးကာ တစ်ဖက်ခြမ်းသို့ သွက်လက်သော ခြေလှမ်းတွေနှင့်သွားပြီး ကားမောင်းသည့်နေရာတွင် ဝင်ထိုင်၏။

ပြီးနောက်

ကားလေးကို ဝေါခနဲနေအောင် မောင်းထွက်လိုက်တော့သည်။ ကားမောင်းနေစဉ် စကားတစ်ခွန်းမျှ မပြောသလို၊ ရှင်းဘက်ကိုလည်း တစ်ချက်ကလေးမျှပင် လှည့်စောင်းမကြည့်ချေ။ ရှေ့ကိုသာကြည့်ပြီး ကားကို ဂရုတစိုက်ပဲ မောင်းနေခဲ့သည်။

"ဟင် အစ်ကိုလေးဝဿန်၊ ဒါက ဘယ်နေရာကို သွားမလို့လဲ၊ ရှင်း စံရိပ်မြုံကိုပဲ ပြန်ချင်တာ"

"မဖြစ်ဘူး ရှင်း"

"ဗျာ"

"စံရိပ်မြုံကို မင်းပြန်ချင်လို့မဖြစ်ဘူး"

ဟာ။

စံရိပ်မြုံကို ရှင်းပီတိ ပြန်လို့မဖြစ်ဘူးတဲ့။

ဒါ...

ဘာစကားကြီးလဲ။

ရှင်းပီတိက ယောကျ်ားတစ်ယောက် မဟုတ်ဘူးဆိုတာသိလို့ ဝင်ခွင့်မပြုတော့တဲ့ သဘောလား။ စံရိပ်မြုံထဲကို ဘယ်လိုနည်းနဲ့မှ သူစိမ်းမိန်းကလေး အဝင်မခံတာ အဘွားဒေါ်တော်ဝင်နုန်းရဲ့





အမိန့်ပဲ။ ဘာကြောင့် ဒီလိုစည်းကမ်းချက်ကြီး ရှိနေခဲ့ရသလဲဆိုတဲ့ အချက်ကို ဘယ်သူမှ ရေရေရာရာ မသိကြပေမယ့် ထိုစံရိပ်မြုံကြီးထဲတွင် ရှင်းပီတိဆိုတဲ့ ကောင်မလေးတစ်ယောက် ခုနစ်နှစ်လုံးလုံး နေထိုင်ခဲ့သည်။ ဒါဟာ မေမေဒေါ်နှင်းဆီနီရဲ့ စေခိုင်းချက်ပဲ။ ဘယ်သူမှမရိပ်မိအောင် အနေအထိုင်ကျစ်ကျစ်လစ်လစ်နှင့် နေခဲ့သမျှ အခုတော့ အခက်ကြီးခက်နေရပြီ။

အစ်ကိုလေး မိုးဝဿန် ရိပ်မိသွားပြီထင်ပါရဲ့။ ကားလေးကို စံရိပ်မြုံနဲ့ ဆန့်ကျင်ရာဘက်သို့ ဦးတည်ကာ မောင်းနေသည်။

မေမေ

ရှင်းဘာယ်လိုလုပ်ရမလဲဟင်။

ရှင်း

စံရိပ်မြုံထဲ ဝင်ခွင့်မရတော့ရင် ဘယ်လိုလုပ်မလဲ မေမေ။

သေချာတာကတော့ အစ်ကိုလေး မိုးဝဿန် ရိပ်မိသွားပြီဆိုတာပဲ။ အဲဒီအတွက် ရှင်းကို ဘယ်လိုအပြစ်တွေ ပေးမလဲဆိုတာ စဉ်းစားမရသေးချေ။

ကားလေးက တိတ်ဆိတ်ငြိမ်သက်နေသည့် ရပ်ကွက်ထဲမှ ခြံကျယ်ကြီးတစ်ခုရှေ့တွင် ထိုးရပ်သွားသည်။ ပြီးနောက် ဟွန်းတီးသံ ကျယ်ကျယ်ပေါ်လာပြီး မရှေးမနှောင်းမှာပင် ခြံတံခါးမကြီးကို လာဖွင့်ပေးသော လူကြီးတစ်ယောက်အား တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြံတံခါးကြီး ပွင့်သွားတာနှင့် ကားလေးက ခြံကျယ်ကြီးထဲ ဝေါခနဲမောင်းဝင်ကာ တစ်ထပ်တိုက်ပုပုလေး တစ်လုံးရှေ့တွင် ထိုးရပ်သွားသည်။

"ဆင်းလေ ရှင်း"

"ဗျာ"

"အခုအချိန်မှာ မင်းအနားယူဖို့လိုတယ်၊ စံရိပ်မြုံမှာဆိုရင် မင်းအလုပ်လုပ်နေရမှာ၊ မင်း အားနည်းနေသေးတယ်လေ"

ထိုစကားလေးကို ရှင်းပီတိဘက် လှည့်စောင်းမကြည့်ဘဲ ပြောကာ အစ်ကိုလေး မိုးဝသန်တစ်ယောက် ကားပေါ်ကနေ ဖျတ်ခနဲဆင်းသွား၏။

ပြီးနောက်

ရှင်းပီတိရဲ့ ကားတံခါးချပ်လေးကို လာဖွင့်ပေးသည်။

ရှင်းပီတိ အစ်ကိုလေး မိုးဝသန်ရဲ့ စေတနာကို ကောင်းမွန်စွာ နားလည်လိုက်ပါ၏။ သို့ပေမယ့် ခြံစောင့်လူကြီးတစ်ဦးမှလွဲ၍ လူတစ်ဦးတစ်ယောက်မျှမရှိသော ထိုတိုက်အိမ်လေးထဲတွင် အစ်ကို လေးမိုးဝသန်နှင့်အတူ ရှိနေရမှာကိုတော့ စိုးထိတ်နေမိ၏။

"ရှင်း...ဆင်းလေ"

"ဘာလဲ...ကိုယ့်ကိုမယုံလို့လား"

အို...

ဒါ ဘာစကားကြီးလဲ။





သေချာပြီ။

အစ်ကိုလေး မိုးဝသန်...သိနေခဲ့ပြီလေ။

ရှင်းပီတိမျက်နှာလေး ပန်းသွေးရောင်လေး ရဲရဲထကာ ခေါင်းလေးမဖော်ရဲလောက်အောင်ပင် ရှက်သွားရသည်။

"ရှင်း"

"ဗျာ"

"ခင်းနှာခည် ရှင်းပီတိဆိုတာရော မှန်ရဲ့လား"

"ဗျာ"

"နောက်ထပ် နာမည်တစ်မျိုး ရှိနေသေးလားလို့ မေးတာပါ"

"........"

ရှင်းခေါင်းလေးပဲ ခါယမ်းပြလိုက်မိသည်။

အစ်ကိုလေးမိုးဝသန် သိသွားပြီဆိုတော့လည်း ရှင်းပီတိ ဆက်ပြီး လိမ်ညာနေလို့ ဘာထူးတော့မှာလဲ။ ဝန်ခံရုံပဲရှိတော့တာပေါ့။ ရှင်း ကားပေါ်ကနေ ဆင်းလိုက်၏။ ရှင်းပီတိ မျက်နှာလေး ချကာ ခပ်ရှိုးရှိုးလေးရပ်နေမိသည်။

ဝုန်းခနဲ

ခြံစောင့်ကြီးအောင့်ကြီး ကားတံခါးပြန်ပိတ်ပြီး ရှေ့ကနေ ခြေလှမ်းကျဲကြီးတွေနဲ့ တိုက်လေးဆီကို သွားနေတဲ့ အစ်ကိုလေး မိုးဝသန်ရဲ့ နောက်ကျောလေးကိုငေးကာ ခန္ဓာကိုယ်တစ်ခုလုံး



www.burmeseclassic.com

www.burmeseclassic.com



ကြောက်စိတ်တွေနှင့် တဆတ်ဆတ် တုန်ယင်နေရသည်။

သို့ပေမယ့်

အစ်ကိုလေး မိုးဝသန်နောက်ကနေ လေးလံထိုင်မှိုင်းသော ခြေလှမ်းလေးတွေနှင့် ရှင်းပီတိလိုက်သွားမိ၏။ ရင်ဆိုင်ရမည်။ ရှင်းပီတိရဲ့ ညံ့ဖျင်းမှုကြောင့် အခုလို အစ်ကိုလေး မိုးဝသန် သိသွားတာလေ။ စံရိပ်မြုံမှာ အလုပ်သမား မိန်းကလေး မခန့်ဘူးဆိုတာ သိသိကြီးနဲ့ ရှင်းပီတိက ယောကျ်ားလေးဟန်ဆောင်ပြီး လိမ်ညာဝင်ခဲ့မိတာကိုး။ ဒါဟာ အကြီးမားဆုံး လိမ်ညာမှုကြီးတစ်ခုပါပဲ။

အခုတော့

အိမ်ရှင် အစ်ကိုလေး မိုးဝသန်ကိုယ်တိုင်က သိသွားပြီ ဆိုတော့ ရှင်း ဘယ်လိုမှဆက်ပြီး ဖုံးကွယ်ထားဖို့ မဖြစ်နိုင်တော့ချေ။

"အစ်ကိုလေးဝသန်"

"လာ...ရှင်း၊ မင်း ဒီအခန်းထဲမှာခဏနားလိုက် မင်းအတွက် တစ်ခုခုပြင်ဆင်လိုက်ဦးမယ်၊ မင်း ဆေးသောက်ရဦးမယ်လေ၊ အစာတစ်ခုခုစားပြီးတော့မှ ဆေးသောက်တာ အကောင်းဆုံးပဲ၊ ကိုယ်သွားယူပေးမယ်ရှင်း"

"အစ်ကိုလေး ဝသန်၊ အဟင့် ဟင့်"

လှည့်ထွက်ဟန်ပြင်လိုက်တဲ့ မိုးဝသန်ရဲ့ ခြေထောက်ချော ကို ဖက်တွယ်ကာ တသိမ့်သိမ့် ရှိုက်ငိုနေတဲ့ ရှင်းပီတိ။





"အဟင့်...ဟင့်"

မကြည့်ရက်ပါ။

ရှင်းပီတိရဲ့ ငမ်းနည်းအားငယ်နေတဲ့ ပုံစံလေးကို မကြည့်ရက်ပြန်ပါ။

သနားနေမိ၏။

ကိုယ်ချင်းစာလို့ရနေသည်။

မိခရှိ ဘခရှိ နိုးကိုးရာမဲ့နေတဲ့ ရှင်းပီတိ အခုလို ယောကျ်ားလေးဟန်ဆောင်ပြီး မိုးဝသန်တို့ ခြံကြီးထဲမှာ အလုပ် လာလုပ်ခြင်းအပေါ် မိုးဝသန် နားလည်နေမိသည်။

"ရှင်းတောင်းပန်ပါတယ် အစ်ကိုလေးဝသန်ရယ်၊ ရှင်းကိုခွင့်လွှတ်ပါနော်၊ ရှင်း စံရိပ်မြုံခြံကြီးထဲကနေ ထွက်မသွားပါရစေနဲ့ အစ်ကိုလေးရယ်၊ ရှင်းကို မောင်းမထုတ်လိုက်ပါနဲ့နော်"

ရှင်းရယ်

တကယ်တော့

ကိုယ်လည်း မင်းထွက်သွားမှာကို မလိုလားခဲ့တာပါ ရှင်းပီတိရယ်။

မင်းကို မိန်းကလေးတစ်ယောက်ဆိုတာ မသိခဲ့တဲ့ အချိန်လေးတောင် မင်းရဲ့ အရိပ်လေးတွေ ပျောက်သွားမှာကို မလိုလားခဲ့တဲ့သူပါ။ ကိုယ့်အနားကနေ မင်းခွာသွားမှာစိုးလို့ ဒေါ်ကြွေကြီးကနေ အပိုင်ပေးဖို့ တောင်းဆိုမိခဲ့တဲ့သူပါ။ မင်း ကိုယ့်အနားမှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေတာလေးကိုပဲ နှစ်သက်နေခဲ့တဲ့ကိုယ်က အခုလို ပြောင်းလဲမှုကြီးကိုသိလိုက်ရတော့ ပိုပြီးတော့တောင် စိတ်တွေလှုပ်ရှားနေရပြီ ရှင်းရယ်။

ရင်မခုန်တတ်စဖူး ခုန်နေရပြီလေ။

အဲ့ဒါကို…

မင်းသိရဲ့လားဟင်။

"အစ်ကိုလေးဝသန်"

"တိတ်တော့ ရှင်း၊ မငိုနဲ့တော့ မင်းခေါင်းတွေ ကိုက်နေလိမ့်မယ်"

"ရှင်း စံရိပ်မြုံကို လိုက်ခွင့်ပေးပါနော်"

"မင်း နေကောင်းအောင် ဆေးသောက်မှဖြစ်မယ်"

မိုးဝသန် စကားလမ်းကြောင်းလွှဲလိုက်၏။

"ဟင့်အင်း၊ စံရိပ်မြုံကို ဝင်ခွင့်ရမယ်ဆိုမှ ရှင်းအသက်ရှင်မှာပါ၊ မဟုတ်ရင် ဆေးသောက်နေလည်း အလကားပါပဲ"

"ရှင်းပီတိ"

"ဗျာ"

"စံရိပ်မြုံမှာ ဘာကြောင့် အဲ့ဒီလောက်တောင် နေချင်ရတာလဲ"

စံရိပ်မြုံမှာ ရှင်း ဘာကြောင့် နေချင်ရသလဲတဲ့။

မေမေ့ကြောင့်။





ရှင်းပီတိရဲ့ ကျေးဇူးရှင် မေမေဒေါ်နှင်းသီရိအတွက် စံရိပ်မြုံထဲမှာ ရှင်း ဆက်ပြီးနေချင်တာပါ။ ရှင်းရင်ထဲကနေ ပြောနေမိသည်။

"ပြောလေ…ရှင်း"

"ရှင်းမှာ နေစရာမှမရှိတာ"

ရှင်းပီတိရဲ့ အဖြေလေးကြောင့် မိုးဝသန်ရင်ထဲ နာကျင်ူးရသွားရ၏။ နေစရာမရှိလို့ စံရိပ်မြုံမှာ နေခွင့်တောင်းနေတဲ့ ရှင်းပီတိကို ဘယ်လိုမှ မငြင်းပယ်ရက်လောက်အောင်ပင် ဖြစ်နေရသည်။

"အစ်ကိုလေး ရှင်းကို နေခွင့်ပြုမယ် မဟုတ်လားဟင်"

မျက်ရည်လေးတွေကြားမှ မျှော်လင့်တကြီး မေးနေတဲ့ ရှင်းကို ငေးစိုက်ကြည့်ကာ သက်ပြင်းမောလေးကို မှုတ်ထုတ်လိုက်မိသည်။

"အစ်ကိုလေးဝသန်"

"ရှင်းရယ် မင်းက နေခွင့်ပြုဖို့ မတောင်းဆိုခင်ကတည်းက ကိုယ်က ကိုယ့်အနားမှာ တစ်သက်လုံးထားဖို့ ဘွားနန်းဆီမှာ တောင်းဆိုခဲ့ပြီးသားပါ၊ မင်းမနေမှာတောင် ကိုယ်က စိုးရိမ်နေခဲ့ရတဲ့သူပါ ရှင်းရယ်"

အို…

အကြင်နာတွေ ပြည့်သိပ်နေတဲ့ ညှို့မျက်ဝန်းကြီးတွေနှင့် ပ်ရူးရူးလေးစိုက်ကြည့်ကာ ခပ်တိုးတိုးလေး ဖွင့်ပြောလာတဲ့ နူးညံ့တဲ့ ကားသံလေးတွေက အေးစက်တည်ငြိမ်နေသော ရှင်းပီတိရဲ့ နှလုံး



www.burmeseclassic.com

www.burmeseclassic.com



သားရေပြင်လေးကို လှိုင်းထစေခဲ့သည်။

ရှင်းပီတိရဲ့ခေါင်းလေး ဆတ်ခနဲငုံ့ကျသွားရ၏။

အစ်ကိုလေး မိုးဝသန်ရဲ့ ခြေသလုံးလေးဆီ ဖက်တွယ်ထားသော လက်ကလေးတွေ ပြုတ်ကျသွားရသည်။

"ရှင်း"

ကြမ်းပြင်လေးပေါ် ညင်သာစွာ ထိုင်ချလာပြီး ခပ်တိုးတိုး ခေါ်မိသည်။ ဝိုင်းစက်ကော့ရွန်းနေတဲ့ မျက်နက်ဝန်းတစ်စုံက ဖျတ်ခနဲ မော့ကြည့်လာစဉ်...

"မင်းကိုချစ်တယ်ရှင်း"

"ဗျာ"

"ဟုတ်တယ် ရှင်း၊ မင်းကို အရင်ကရော အခုထိရော ကိုယ်ချစ်နေဆဲပဲ၊ မင်းဘယ်လိုပဲ ပြောင်းလဲသွား ပြောင်းလဲသွား ကိုယ့်အချစ်ကတော့ ထာဝရ တည်မြဲနေမှာပါရှင်း၊ ကဲ ကိုယ်မင်းအတွက် စားစရာ သွားယူလိုက်ဦးမယ်နော်"

ပြောပြီးနေရာကနေ ဆတ်ခနဲထကာ ထွက်ခွာသွားတဲ့ အစ်ကိုလေး မိုးဝသန်ကိုကြည့်ပြီး ရှင်းပီတိတစ်ယောက် ကြောင်ငေးစွာပင် နေရာလေးမှာ ကျန်နေရစ်ခဲ့ရတော့သည်။



အခန်း [၁၄]

"မိုးဝသန် သိသွားပြီ၊ ဟုတ်လား ရှင်း"

မေမေ့မေးသံက ဖုန်းထဲတွင် ရွှင်မြူးနေသလို ထင်မိသည်။ ရှင်းအံ့သြသွားရ၏။ တကယ်ဆိုရင် ဒါဟာ သိပ်စိုးရိမ်ထိတ်လန့်စရာကောင်းတဲ့ အဖြစ်အပျက်ကြီးတစ်ခုပဲ မဟုတ်လား။ ဒါကို မေမေက ပျော်ရွှင်နေသေးသည်။

"မေမေ ရှင်းရဲ့ညံ့ဖျင်းမှုကြောင့် အခုလိုသိသွားတာပါ"

"နေဦး ရှင်း မေမေပြောတာ သေချာနားထောင်၊ ဘာပဲပြောပြော အခုအချိန်မှာ မိုးဝသန်သိသွားတာ အကောင်းဆုံးပဲ၊ သူမသိရင်တောင် မေမေက အသိပေးဖို့စီစဉ်နေတာ၊ ဟင်း...ဟင်း အခုအချိန်မှာ ရှင်းပီတိဆိုတာ သိပ်လှ၊ သိပ်ချစ်စရာကောင်းတဲ့

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ယောက်ပါလား ဆိုတာကို မိုးဝသန် သိသင့်နေပြီ''

''မေမေ''

''နေဦး ရှင်း မင်းဘာမှမပြောနဲ့၊ မိုးဝသန်ဟာ ရှင်းကို မိန်းကလေးတစ်ယောက်မှန်း သိသိကြီးနဲ့ စံရိပ်မြုံထဲကို ပြန်ခေါ်သွင်း သွားကတည်းက သူ့ရင်ထဲက ခံစားချက်အမှန်ကို မေမေ ရိပ်မိလိုက်ပြီ ရှင်း''

အို

အစ်ကိုလေးမိုးဝသန်ရဲ့ ရင်ထဲကခံစားချက်တဲ့။

''ရှင်း''

''မေမေ''

''မိုးဝသန် ရှင်းကိုချစ်နေပြီ''

''ဗျာ''

''ဟုတ်တယ် ရှင်း၊ မိုးဝသန်ရင်ထဲမှာ အချစ်တွေနဲ့ ပြည့်လျှံနေပြီ၊ အဲဒါ အသေချာဆုံးပဲရှင်း၊ မင်းသိပ်တော်တယ်ကွာ''

''မေမေ…ရှင်း…ရှင်း ဘာဆက်လုပ်ရမလဲဟင်၊ ရှင်း ပြန်လာခဲ့ရတော့မလား''

''ဘာ''

မေမေ့အော်သံကြီးက ဖုန်းလေးထဲမှတစ်ဆင့် သူမနားစည်ထဲ စူးရှစွာပင် တိုးဝင်လာ၏။ မေမေ့အော်သံကြောင့် ခန္ဓာကိုယ်လေး ဆတ်ခနဲ တုန်သည့်အထိ ရှင်း လန့်သွားရသည်။





''မလာရဘူး…ရှင်း၊ မင်း လုံးဝပြန်မလာရသေးဘူး၊ အနှစ်နှစ်ဆယ်ကျော်လုံးလုံး ငါရှုံးနိမ့်ခဲ့ရတဲ့ မာနတွေအတွက် ပြန်ရယူနိုင်ဖို့ဆိုတာ အဲဒီစံရိပ်မြုံမှာ မင်းဆက်နေမှဖြစ်မှာ''

ဟာ…။

အနှစ်နှစ်ဆယ်ကျော် ရှုံးနိမ့်ခဲ့ရတဲ့မာနအတွက်တဲ့။

ဘာတွေလဲ။

ရှင်း ဘာတစ်ခုမှနားမလည်ဘူး။

''ဒီမှာ…ရှင်း မင်း သေသေချာချာနားထောင်စမ်း၊ အခုအချိန်ကစပြီး မိုးဝသန်ဘက်က မင်းကိုချစ်တယ်လို့ ဖွင့်ပြောလာအောင် ကြိုးစားရမယ်''

''ဗျာ''

''မိုးဝသန်ရင်ထဲက အချစ်တွေကို ပိုင်ဆိုင်နိုင်အောင် ကြိုးစားဖို့ပြောတာ၊ နောက်နှစ်ရက်ဆိုရင် မိုးဝသန်ရဲ့မိဘတွေ မြန်မာနိုင်ငံကို ပြန်လာတော့မှာ၊ အဲ့ဒီအခါကျရင် ရှင်းနေရတာ ပိုပြီးအနေကြပ်သွားလိမ့်မယ် ရှင်း၊ ဒါကြောင့် မေမေပြောတဲ့အတိုင်းလုပ်ပါ''

''ဟုတ်ကဲ့ပါ မေမေ''

ရှင်း…

ခေါင်းခါငြင်းဆန်နိုင်ခြင်း မရှိစွာပင် မေမေ့ကို ကတိပေးလိုက်ရသည်။

''မေမေ''



www.burmeseclassic.com

www.burmeseclassic.com



"ပြော"

"ဦးသူတော်နဲ့ ဒေါ်ဒေဝီခင်တို့ ပြန်လာမယ်လို့ မေမေ ဘယ်လိုလုပ်သိလဲဟင်"

"အဟင်း…ဟင်း စံရိပ်မြုံမှာ အပ်ကျတာကအစ မေမေ သိတယ်ဆိုတာ မင်း မြဲမြဲမှတ်ထားလိုက် ရှင်း"

ဟာ…။

ရှင်းပီတိတစ်ယောက် ပါးစပ်အဟောင်းသားကလေးပင် ဖြစ်သွားရသည်။ အံ့သြစရာကောင်းလိုက်ပါဘိ။ အခုချိန်ထိ စံရိပ်မြုံကလူတွေအားလုံး ဦးသူတော်နဲ့ ဒေါ်ဒေဝီခင်တို့ ပြန်လာမှာကို ဘယ်သူမျှ မသိကြသေးချေ။

အစ်ကိုလေးမိုးဝသန်ရော အဘွားတော်ဝင်နန်းပင် မသိသေးတဲ့ကိစ္စကို မေမေက ဘာကြောင့် ခိုင်ခိုင်မာမာကြီး ပြောနေရသလဲ။ မေမေ့ဘက်က မှားတာတော့ မဖြစ်နိုင်ပါ။ မေမေဟာ သူမတူအောင် အင်မတန် စေ့စပ်သေချာတဲ့ အမျိုးသမီးတစ်ဦးဖြစ်သည်။ မေမေပြောလျှင် လွဲမှားသွားတာမျိုး တစ်ခါမျှမရှိချေ။ ထို့အတူ ရှင်းပီတိကိုလည်း ပေးထားတဲ့ တာဝန်ကို ကျေကိုကျေပွန်မှ လက်ခံသည်။ တစ်ခုခု လွဲချော်လိုက်တာနှင့် ပြစ်ဒဏ်ပေးတော့၏။

ရက်စက်စရာရှိလျှင် သူမတူအောင် ရက်စက်တတ်သော မေမေ့ကို ရှင်းပီတိ ကြောက်သည်။





"ရှင်း"

"ဗျာ"

"မိုးဝသန် ချစ်အောင်နေနော်"

"……"

"ကြားလား ရှင်း"

"ဟုတ်"

"ဖုန်းပြန်ပိတ်လိုက်တော့ ရှင်း"

"ဟုတ်"

တစ်ဖက်က မေမေ ဖုန်းပြန်ချသွားတာနှင့် တစ်ဆက်တည်း ရှင်းပီတိလည်း ဖုန်းလေးကို စက်ပိတ်ထားလိုက်တော့၏။

"ရှပ်…ရှပ်"

"ရှပ်"

ဟင်…

ခြေသံတစ်ခု။

တစ်စုံတစ်ယောက် ရှင်းပီတိရှိနေတဲ့နေရာလေးဆီသို့ လျှောက်လာနေသော ခြေသံသဲ့သဲ့လေးကို ကြားလိုက်ရတာမို့ လက်ထဲက ဟန်းဖုန်းလေးကို သစ်ပင်ခြုံကြီးတစ်ခုကြားသို့ ထိုးထည့်ကာ ဖွက်လိုက်မိသည်။

"ဘယ်သူလဲ…အဘထေလား၊ အဘသက်လား"

ရှင်း အသံကျယ်ကျယ်လေးနှင့် လှမ်းမေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ရှပ်…ရှပ်။

ခြေသံက တစ်စထက်တစ်စ ပိုပိုနီးလာ၏။ ရှင်းပီတိ ရင်တွေတဒိတ်ဒိတ် ခုန်မြန်နေရပြီ။ စိတ်တွေ အလှုပ်ရှားကြီး လှုပ်ရှားကာ ခြေဖျားလက်ဖျားလေးတွေ အေးစက်ကျင်ခဲနေရသည်။

"ဘယ်သူလဲလို့ မေးနေတယ်လေ"

"ကိုယ်ပါ ရှင်း"

"ဟင်…အစ်ကိုလေးဝဿန်"

ရုတ်တရက်…

အစ်ကိုလေးမိုးဝဿန်ကို တွေ့လိုက်ရသဖြင့် ရှင်းပီတိ အံ့သြသွားရ၏။ ဒီအချိန်ကြီး ရှင်းပီတိတို့ အလုပ်သမားတွေနေတဲ့ တန်းလျားလေးဆီ ဘာလို့လာတာပါလိမ့်။ ရင်တွေပင် အခုန်မြန်သွားရ၏။ မျက်လွှာလေးကိုချကာ ခပ်တိုးတိုးပြန်မေးမိသည်။

"ဘာကိစ္စရှိလို့လဲဟင် အစ်ကိုလေးဝဿန်၊ ရှင်းကို လိုက်ရှာနေတာလား"

"ဟုတ်တယ် ရှင်း၊ ကိုယ်မင်းကို ပြောစရာရှိလို့ လိုက်ရှာနေတာ"

"ပြောစရာရှိလို့..ဟုတ်လား"

"အင်း"

"ပြောလေ…အစ်ကိုလေးဝဿန်၊ ရှင်း နားထောင်နေပါတယ်"





ရှင်းက ပြောဆိုတော့လည်း မိုးဝဿန် ဘာပြောရမှန်းမသိချေ။ ရှင်းရဲ့မျက်နှာလေးကို စေ့စေ့ကြည့်နေမိသည်။

"ရှင်း"

"ဟုတ်ကဲ့"

"ကိုယ် ရှင်းကိုချစ်တယ်"

"ဗျာ"

"ဟုတ်တယ် ရှင်း၊ ကိုယ့်ရင်ထဲမှာ ဘယ်လိုမှဆက်ပြီး မျိုသိပ်မထားနိုင်တော့ဘူး၊ မင်းကိုချစ်တဲ့ အချစ်တွေနဲ့ ပြည့်ကြပ်နေလို့ အသက်ရှူတောင်မဝတော့ဘူး ရှင်း၊ ကိုယ် ဖွင့်ပြောမှဖြစ်တော့မယ်၊ ရှင်းရယ် ကိုယ့်ရင်ထဲက ခံစားချက်ကို အရိုးသားဆုံးဝန်ခံမှ ဖြစ်တော့မယ်ကွာ"

"ဟာဗျာ"

ရှင်းမျက်နှာလေး ရက်သွေးလေး ရဲစိုကာ ငုံ့ကျသွားရသည်။ ရင်ခုန်သံတွေလည်း ပို၍ပင် မြန်ဆန်လာရ၏။ နားထဲမှာ မေမေ့သတိပေးစကားသံလေးကို ပြန်လည်ကြားယောင်လာမိသည်။ မိုးဝဿန်ဆီက အချစ်တွေကို ရအောင်ယူတဲ့လေ။

"ရှင်း"

"ဗျာ"

"မင်း ကိုယ့်ကို ပြန်ချစ်နိုင်ပါ့မလားရှင်း၊ ကိုယ်က မင်းအပေါ် အမျိုးမျိုးနှိပ်စက်ခဲ့တာဆိုတော့ မင်းစိတ်နာနေလော့



www.burmeseclassic.com

www.burmeseclassic.com



ပြီပေါ့၊ ဒါ…ဒါပေမယ့်လည်း ရှင်းရယ်”

“ရှင်း မမုန်းပါဘူး အစ်ကိုလေးဝသန်”

“ဟင်”

“အစ်ကိုလေးကို ရှင်း စိတ်မနာပါဘူး၊ ဘာပဲပြောပြော အစ်ကိုလေးဝသန့်ကြောင့် စံရိပ်မြုံရဲ့အရိပ်မှာ ရှင်း မှီခိုခွင့်ရခဲ့တာပါ၊ အစ်ကိုလေးသာ လက်မခံခဲ့ရင် ရှင်း အခုလို အေးအေးဆေးဆေး မရပ်တည်နိုင်ပါဘူး အစ်ကိုလေးဝသန်”

“ရှင်းရယ်”

“ရှင်းဘဝက မိမရှိဘမရှိ ခိုကိုးရာမဲ့နေတဲ့ဘဝပါ၊ ဒါကို သိသိကြီးနဲ့ အစ်ကိုလေးကချစ်တယ်ဆိုတော့ ရှင်းလေ ယုံတောင် မယုံကြည်နိုင်တော့ဘူး၊ ဘယ်လိုမှ မဖြစ်နိုင်တဲ့အခြေအနေမှာ”

“တော်စမ်း…ရှင်း၊ ဘာမဖြစ်နိုင်တဲ့အခြေအနေလဲ၊ အားလုံး ဖြစ်နိုင်တယ်ကွ၊ ဖြစ်နိုင်တယ်၊ မဖြစ်နိုင်ဘူးဆိုတာ မိုးဝသန်ရဲ့ဘဝမှာ လုံးဝမရှိခဲ့ဘူးရှင်း၊ မင်းအထင်မသေးစမ်းပါနဲ့”

“ဒါပေမယ့်”

“ရှင်း”

အို

နွေးထွေးသော အကြင်နာလက်လေးက ရှင်းပီတိရဲ့လက်ကလေးပေါ် အုပ်မိုးကာ ဆုပ်ကိုင်လာ၏။

“ကိုယ့်ကို ပြန်ချစ်ပါ ရှင်းရယ်၊ အဲဒီအတွက် မင်းဘယ်





ဘူမှ နှောင်တမရစေရဘူးလို့ ကိုယ်ကတိပေးပါတယ်”

ရှင်းပီတိ ငြိမ်သက်နေမိသည်။

မေမေက…

မိုးဝသန်အချစ်ကို လက်ခံရမည်ဟု ပြောထားတာလေ။

သိပ်ခက်တာပဲ။

ရှင်းစိတ်တွေ လှုပ်ရှားရလွန်းလို့ အစ်ကိုလေးမိုးဝသန် များကာနေ ပြေးထွက်လိုက်ချင်စိတ်က ထိန်းချုပ်လို့မရ။ သို့ပေ ယ့် ထွက်လည်းမပြေးရဲပြန်။

“ရှင်း”

“ဗျာ”

အဟွန်း

ရှင်းရဲ့ထူးပုံလေးက အသည်းယားစရာ။

အသားလေးတွေ တဆတ်ဆတ်တုန်ပြီး သူ့ကိုထိတ်လန့်တဲ့ ရှင်းပီတိရဲ့ ဖြူစင်ရိုးသားတဲ့ ပုံစံလေးကိုကြည့်ပြီး ထိန်းချုပ်ထားတဲ့ သူ့စိတ်တွေ လွတ်ထွက်သွားရ၏။

“ချစ်တယ်…ရှင်းရယ်”

“အို…အစ်ကိုလေး”

“လွှတ်”

“လွှတ်ပါဗျ”

ရှင်းရဲ့ မှုမမှုန့်တဲ့တားဆီးသံ တိုးလျလျလေးက မိုးဝသန်



www.burmeseclassic.com

www.burmeseclassic.com



ကို ကိုးမဖောက်နိုင်တော့ပါ။ သန့်မာတောင့်တင်းသော သူ့လက်တွေက ရှင်းပီတိရဲ့ ကိုယ်လုံးလေးကို လွတ်ထွက်သွားမှာစိုးသည့်အလား ခပ်တင်းတင်းလေး ပွေ့ဖက်ထားမိသည်။ ပါးပြင်နုနုလေးထက် အနမ်းပွင့်လေးများ တစ်ပွင့်ချင်း ခြွေနေမိ၏။

ချစ်တယ် ရှင်းရယ်။

မင်းကိုသိပ်ချစ်တယ်။

ဟိုးအရင်ကတည်းက ကိုယ့်အနားကနေ မင်းထွက်သွားမှာကို သေလောက်အောင်ပဲ ကြောက်နေခဲ့ရတာပါ။ အဲဒီအချိန်ကတည်းက ကိုယ့်ရဲ့မသိစိတ်မှာ ခိုတွယ်ငြိနေခဲ့တာ ရှင်းပီတိဆိုတဲ့ကောင်မလေးပါပဲ။

အဲဒါ...

အသေချာဆုံးပဲ ရှင်း။

မိုးဝသန်တစ်ယောက် ရင်ထဲကနေ တိတ်တဆိတ်လေး ငြီးငြူနေမိတော့၏။

"အစ်ကိုလေးဝသန် လွှတ်...လွှတ်ပါဗျ"

"ဟင့်အင်း"

"ဟာဗျာ အစ်ကိုလေးဝသန်"

ရှင်းပီတိရဲ့ တားဆီးသံလေးက တစ်ဝက်တစ်ပျက်တွင်ပင် ပြတ်တောက်သွားရသည်။ တင်းကြပ်စွာ ထွေးပွေ့လာသော အပွေ့အဖက်များကြား ရှင်းပီတိ ခန္ဓာကိုယ်လေး မလှုပ်သာ၊ မရုန်းသာဘဲ





ရှိနေရ၏။ ကြမ်းရှသော အနမ်း၊ နူးညံ့သောအတွေ့အထိတွေကြား အလဲလဲအပြိုပြို ဖြစ်နေရသည်။

"မောင့်ကိုချစ်ပါနော် ရှင်း၊ မောင့်ကို မမုန်းလိုက်ပါနဲ့ ရှင်းရယ်၊ မင်းမရှိရင် မောင်နေတတ်မှာမဟုတ်တော့ဘူးကွာ၊ မောင့်အနားက ထွက်ခွာမသွားပါနဲ့ ရှင်းရယ်၊ မောင့်ကို ထားမသွားပါနဲ့နော်"

အစ်ကိုလေးမိုးဝသန့်ရယ်...။

စိုးရွံ့တောင်းပန်နေသံလေးကို ပီသစွာပင် ကြားလိုက်ရချိန်တွင် ရှက်လန့်တကြား ရုန်းထွက်ဖို့ ကြိုးစားနေတဲ့ ရှင်းပီတိ တစ်ယောက် ငြိမ်ကျသွားရသည်။ ရှင်းအသိဆုံးပါပဲ။ အစ်ကိုလေးဟာ ရှင်းရဲ့ အလုပ်မသေသပ်မှုနဲ့ ပျော့ညံ့မှုလေးတွေကို အားမရလွန်းလို့သာ အမြင်ကတ်တာကလွဲပြီး ရှင်းကို အလုပ်ကနေ ထုတ်ပယ်ပြီးဂျာကိုပြန်ခိုင်းတာမျိုးကြတော့ တစ်ခါမျှကို မလုပ်ခဲ့ချေ။ ဒါဟာ ရှင်းအပေါ်မှာထားခဲ့တဲ့ အစ်ကိုလေးဝသန့်ရဲ့ သန့်စင်တဲ့ မေတ္တာ အစစ်အမှန်ပါပဲ။

"ရှင်း"

"ဟင်"

"မောင့်ကိုချစ်လားဟင်"

"......"

"ရှင်း"



www.burmeseclassic.com

www.burmeseclassic.com



"......"

"ဖြေပါ ရှင်းရယ်၊ မောင်ကြားချင်လို့ပါ"

ရှင်းပီတိ ရင်တွေခုန်နေရသည်။ သူ့ရင်ခွင်လေးထဲ ရောက်နေတဲ့ရှင်းကို ချစ်သလားလို့ တွင်တွင်မေးနေတဲ့ အစ်ကိုလေး မိုးဝဿန်ရဲ့ မျက်နှာကိုလည်း မော့မကြည့်ရဲ။ ရှက်ရွံ့စွာ ခေါင်းလေးငုံ့ထားမိ၏။

"မောင့်ကိုချစ်တယ် မဟုတ်လားဟင်ရှင်း"

"မောင်ရယ်"

ဟာ

ချိုမြသော ခေါ်သံသဲ့သဲ့လေးကြောင့် မိုးဝဿန် ခန္ဓာကိုယ်တစ်ခုလုံး ကြက်သီးလေးများပင် ဖျန်းခနဲ တသွားရသည်။ မယုံကြည်နိုင်သလို ရှင်းမျက်နှာလေးဆီ ငုံ့မိုးကြည့်လိုက်မိ၏။

"ရှင်း...မင်း...မင်း မောင့်ကိုဘယ်လိုခေါ်လိုက်တယ်"

"မောင်လို့ခေါ်တာလေ မကြိုက်ဘူးလားမောင်"

"ဟာဗျာ...ဘယ့်နှယ့်မကြိုက်ရမှာလဲရှင်းရယ်၊ ကြိုက်တာမှ ကြိုက်ကြိုက်နဲ့တောင် မြည်သေး"

"မောင်ကလည်း အဲ့ဟင်း...ဟင်း"

"ရှင်း"

"မောင်"

"ရှင်းလည်း မောင့်ကိုချစ်တယ်ပေါ့ ဟုတ်လား"





"သိပ်ချစ်တာပေါ့ မောင်ရယ်၊ ဒါကြောင့်လည်း မောင် ကောင်မလေးတွေနဲ့ တတွဲတွဲသွားလာနေတိုင်း ရှင်းရဲ့မသိစိတ်မှာ တိတ်တိတ်လေး သဝန်တိုနေတတ်တာပေါ့ မောင်ရယ်"

"ဟာကွာ...ရှင်းရယ် မောင့်အချစ်ရယ်၊ မောင်တောင်းပန်ပါတယ်ဗျာ၊ မောင့်ကို နားလည်ခွင့်လွှတ်ပေးပါချစ်ရယ်၊ အဲဒီအချိန်တုန်းက မောင်"

"တော်ပါတော့ မောင်ရယ်၊ မရှင်းပြပါနဲ့တော့ မောင့်ကို ရှင်း နားလည်နိုင်ပါတယ်"

"ရှင်းရယ်...ဘာပဲပြောပြော မောင့်ရင်ထဲမှာ ထာဝရရှိနေခဲ့တာ ရှင်းပီတိဆိုတဲ့ မင်းလေးတစ်ယောက်ဘည်းပါပဲကွာ၊ အဲဒါကိုတော့ မောင် ကျိန်ဆိုပြီးပြောရဲပါတယ် ချစ်ရ၊ မင်းကို မိန်းကလေးတစ်ယောက်လို့ သိလိုက်ရချိန်မှာ မောင်ဘယ်လောက်တောင် သွေးပျက်တုန်လှုပ်ချောက်ချားခဲ့ရသလဲဆိုတာ သိလားဟင်၊ မင်းကိုတစ်ခုံတစ်ယောက်မြင်ပြီး ဘွားနန်းကို သွားပြောမှာစိုးလို့ မောင်လေမနည်းကို လျှို့ဝှက်ထားခဲ့တာပါ၊ အဲဒါ ဘာဖြစ်လို့လဲသိလားဟင် ရှင်း မင်း ငါ့အနားကနေ အဝေးဆုံးကို ထွက်သွားမှာ မလိုလားလို့ပဲ ချစ်ရယ်"

"မောင်ရယ်"

ရှင်း နားလည်လိုက်ပါပြီ။

မောင့်ရင်ထဲက ခံစားချက်တွေကို ရှင်း ကောင်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြီး သိမြင်လိုက်ရပါပြီ။ အဲဒီအတွက်လည်း ရှင်း မောင့်ကို ပိုပြီး တော့တောင် ချစ်သွားရပါပြီမောင်ရယ်။ မေမေက ချစ်ခိုင်းလို့ ချစ်ရတာထက် ရှင်းပီတိရဲ့ ရင်ထဲအသည်းထဲက နှင့်သည်းနေ အောင်ပဲ ချစ်မိသွားတာပါ မောင်။

အဲဒါကို…

မောင် ယုံကြည်ပေးပါကွယ်။

ချစ်အနမ်းလေးတွေက နွေးမြစွာပင် မောင့်ထံမှ အတား အဆီးမဲ့စွာ ပြိုကျလာခဲ့သည်။ တစ်ယောက်နဲ့တစ်ယောက် ခပ်တင်း တင်းလေး ပွေ့ဖက်ထားတာမို့ ခန္ဓာကိုယ်လေးနှစ်ခု ပူးကပ်နေရ၏။ တကယ့်ကို ကြားလေသွေးရင် ဝေးမှာစိုးရွံ့နေသည့်အလား ထင်မှတ် နေမိသည်။

"ချစ်တယ် ရှင်းရယ်"

"ရှင်းလည်း အတူတူပါပဲမောင်ရယ်"

လှိုက်ဖိုသော စကားသံလေးတွေက ချစ်အနမ်းလေးတွေ အောက်တွင် ပြန်လည်၍ တိတ်ဆိတ်ကွယ်ပျောက်သွားရပြန်သည်။ နှစ်ဦးစလုံးရဲ့ ရင်ခုန်သံတွေက အပြင်သို့ ခုန်ထွက်လာသလို အတိုင်း သားကြားနေရသည်။

ချစ်တယ် ရှင်းရယ်။

ကိုယ်သိပ်ချစ်တယ်။



## အခန်း [၁၅]

ချစ်သူတွေဖြစ်သွားကြပြီဆိုတော့လည်း တကယ့်ကို မခွဲ နိုင်မခွာရက်ဖြစ်နေရသည်။ ရှင်းပီတိရဲ့ အနေအထိုင် သေသပ်ပိရိ လို့လားတော့မသိ ဘယ်သူကမျှ မိန်းကလေးတစ်ယောက်ဆိုတာ မရိပ်မိကြချေ။ ထို့အတွက် ရှင်းပီတိရော မိုးဝသန်ပါ အပူအပင် မဲ့ နေထိုင်နိုင်ခဲ့သည်။

"ရှင်း"

"အို…မောင်၊ ဘယ်လိုလုပ်လိုက်တာလဲ သူများတွေမြင် မှဖြင့်"

"မမြင်ပါဘူးကွာ"

မောင့်အတွက် နံနက်စာလေး ပြင်ဆင်နေရာမှ နောက် ကျောဘက်မှနေပြီး ပွေ့ဖက်ရစ်သိုင်းလာသော လက်တစ်စုံကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးလေးတွေ ပြူးကျယ်ဝိုင်းစက်သွားရသူက ရှင်းပီတိရယ်ပါ။

မောင်ဟာလေ…

အင်မတန် အကြောက်အရွံ့ကင်းတဲ့ ယောကျ်ားလေး တစ်ယောက်ပါပဲ။ ဒါကလည်း အဘွားဒေါ်တော်ဝင်နှန်းရဲ့ အလိုလိုက်မှုတွေကြောင့်လည်း ဖြစ်သည်။ မောင်က ဘယ်သူ့ကိုမှ အရေးမစိုက်တာ၊ သူဖြစ်ချင်တာကို ဖြစ်အောင်လုပ်၏။ သူလိုချင်တာကို ရအောင်ယူသည်။

"ဖယ်ပါ မောင်ရယ်၊ မောင့်အတွက် စားစရာတွေပြင်ဆင်လိုက်ဦးမယ်"

"ဟင့်အင်း"

အနောက်ကနေ သိုင်းဖက်ကာ ဖြူနုဝင်းမွတ်နေသော လည်ဂုတ်လေးဆီသို့ မောင့်နှုတ်ခမ်းလေးတွေ လာကပ်၏။ ရှင်းပီတိရဲ့ ရင်ထဲ စိမ့်ခနဲ အေးတက်သွားရသည်။ ဘယ်လိုမှ ရုန်းဖယ်လို့မရအောင်ဘဲ သန်မာတဲ့ မောင့်လက်တွေကြား မလှုပ်သာ၊ မရုန်းသာဘဲ ရှိရ၏။ လက်ထဲမှာကိုင်ထားသော မုန့်ပွဲပန်းကန်လေး လွတ်ကျမသွားအောင် ထိန်းနေရတာနှင့် မောင်ပြုသမျှ နေရတော့သည်။

"ရှင်း"

"မောင်"

"မောင့်ကိုချစ်လား"





"အဟင်း…ဟင်း"

"ဟော့ ဘာရယ်တာလဲကွ၊ မောင့်စကားထဲမှာ ဘာရယ်စရာပါလို့လဲ"

"အို…တိုးတိုးပြောပါမောင်ရယ်၊ ဦးလေးသက် ပြန်ဝင်လာလို့ ကြားသွားပါဦးမယ်"

"ကြားပါစေကွာ မောင်မေးတာကိုမှ ရှင်းက ကောင်းကောင်းပြန်မဖြေတာ"

"မောင်ရယ် တကယ်ပါပဲ၊ ကလေးဆိုးကြီးကျနေတာပဲ မောင့်ကိုသိပ်ချစ်တယ်ဆိုတာ မသိတာလည်းမဟုတ်ဘဲနဲ့များ ထပ်ခါထပ်ခါမေးနေရသေးတယ်"

"မေးရမှာပဲ ရှင်း၊ မောင့်ကိုချစ်တာ မေ့သွားမှာစိုးလို့ နေ့တိုင်းကိုမေးနေဦးမှာပဲ၊ ရှင်းက ဟန်ဆောင်သိပ်ကောင်းတယ်လေ၊ အဲ့ဒီအချက်ကို တွေးမိတိုင်း မောင့်စိတ်တွေ မအေးချမ်းဘူး၊ မောင့်ကိုချစ်တဲ့အချစ်မှာလည်း ဟန်ဆောင်မှုလေးတွေ ရှိနေမှာ သိပ်ကြောက်တယ်၊ ရှင်းကို မောင်မယုံရဲဘူး"

အို

မောင့်ရဲ့ တယုသန့်စွပ်စွဲချက်လေးကြောင့် ရှင်းစိတ်တွေ မလုံမလဲပင် ဖြစ်သွားရပါသည်။ မောင်ပြောမှပဲ ရှင်းပီတိ မောင့်အပေါ် ချစ်မိတဲ့အချစ်တွေကို ပြန်ပြီးဆန်းစစ်နေမိ၏။

ရိုးသားဖြူစင်ခဲ့ရဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



ရှင်း...

မောင့်အပေါ် တကယ်ပဲ ရိုးရိုးသားသား ချစ်ခဲ့ရဲ့လား။

တကယ်တမ်း

မေမေ့ရဲ့ဖိအားကြောင့် မောင့်အချစ်တွေကို ရအောင် ကြိုးစားခဲ့တာ မှန်ပေမယ့် မောင်နဲ့ ချစ်သူတွေဖြစ်ခဲ့ရတဲ့ အချိန်မှာတော့ ရှင်းရဲ့အချစ်တွေက တကယ့်ကို ဖြူစင်ရိုးသားခဲ့ပါသည်။ မချစ်ဘူးလို့ အချစ်ရူးတယ်ပဲပြောပြော မောင့်ကို ရှင်းပီတိ အရူးအမူးချစ်ခဲ့တာ အမှန်ပါ။

"ရှင်း"

"မောင်"

"မောင်လေ...ရှင်းမချစ်တော့မှာ သိပ်ကြောက်တယ်"

"မောင်ရယ်"

"တကယ်ပြောတာ ရှင်းရဲ့၊ မောင်က ဘယ်တုန်းကမှ အချစ်ကို လေးနက်ယုံကြည်မှုထားခဲ့တဲ့သူ မဟုတ်ဘူး၊ ပေါ့ပျက်ပျက်လေးနေခဲ့တာ၊ အဲဒါကြောင့်မို့ မောင်ဝဋ်လည်မှာ ကြောက်တယ်၊ အချစ်က မောင့်ကိုပြန်ပြီး ဆော့ကစားသွားမှာ သေလောက်အောင်ကြောက်တယ် ရှင်းရယ်၊ မောင်ရင်ဆိုင်နိုင်မှာ မဟုတ်ဘူး၊ ကံကြမ္မာဆိုတာကို မောင် မကြုံတွေ့ချင်ဘူး"

"မောင်ရယ်"

ချစ်ရသူမောင်ရဲ့ မျက်နှာချောချောကြီးကို စောင်းငဲ့ကြည့်





ကာ ရှင်းပီတိ ငိုချင်သွားရသည်။ တကယ်ဆိုရင် မောင့်ရဲ့စိုးရိမ်ထိတ်လန့်မှုတွေကို အာမခံချက်တွေ အထပ်ထပ်ပေးပြီး ရှင်းပီတိ နှစ်သိမ့်ရမှာပါ။ ရှင်းကိုချစ်ခဲ့ရလို့ မောင် ဘယ်တော့မှ အဲဒီလိုခံစားမှုမျိုး မရစေရပါဘူးလို့ ကတိတွေပေးသင့်တာလေ။

ရှင်း မလုပ်နိုင်ခဲ့ပါ။

မောင် စိတ်ချယုံကြည်သွားအောင် ရှင်းပီတိ မစွမ်းဆောင်နိုင်ခဲ့ပါ။

မေမေ

ကျေးဇူးရှင်မေမေရဲ့ မှာကြားချက်ထဲမှာ မိုးဝသသန့်ရဲ့ အချစ်တွေကို ရအောင်ကြိုးစားရမယ်လို့ပဲ ပြောခဲ့တာလေ။ အဲဒီ့အတွက် ရှင်း အရမ်းဝမ်းနည်းရပါတယ် မောင်၊ ရှင်း စိတ်မကောင်းပါဘူး။ ရှင်းက ငယ်ငယ်လေးထဲက ကိုယ့်ဘဝကိုယ် ပိုင်ဆိုင်ရတဲ့သူ တစ်ယောက်မဟုတ်ခဲ့ပါဘူး မောင်။

မေမေ ထားရာနေ၊ မေမေခိုင်းတာလုပ်၊ မေမေကျွေးတာစား၊ မေမေဆင်သလိုဝတ်ပြီး မေမေ့ရဲ့ ပြင်းရှတဲ့အမိန့်တွေအောက်မှာ ရှင်သန်လှုပ်ရှားခဲ့ရတဲ့ သူတစ်ယောက်ပါ။

ရှင်းဘဝကို လူတစ်လုံးသူတစ်လုံးဖြစ်အောင် ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့ရတဲ့ မေမေ့ကျေးဇူးတွေကို ရှင်း တကယ်မကန်းရက်ဘူး။ မေမေ့ကို ရှင်းသိပ်ချစ်တယ်။ မေမေ့စကားကို ဘယ်လိုအကြောင်းပြချက်မျိုးနဲ့မှ မငြင်းဆန်ချင်ဘူး မောင်။ အဲဒီအတွက်



www.burmeseclassic.com

www.burmeseclassic.com



ရှင်းကို မောင်ခွင့်လွှတ်ပါနော်။

"ရှင်း"

"မောင်"

"မောင့်ကို တစ်ခုခုပြန်မပြောတော့ဘူးလားဟင်"

"ရှင်း…ရှင်း ဘာပြောရမှာလဲ မောင်"

ဟာ

မိုးဝသာန်ရင်ထဲ ချစ်သူလေးရှင်းပိတိရဲ့ အမေးကြောင့် ဟာတက်သွားရသည်။

တကယ်ဆိုရင်

သူ့ရင်ထဲက ခံစားချက်တွေအတွက် တစ်စုံတစ်ခု လုပ်ပေးသင့်တာလေ။ ဒါကို မသိနားမလည်သလို ပြန်မေးလိုက်တဲ့ရှင်းကြောင့် သူ့စိုးရွံ့မှုတို့က အထွဋ်အထိပ်သို့ ရောက်သွားရ၏။

တကယ်ပဲ နားမလည်တာလား၊ နားမလည်ဟန်ဆောင်နေတာလားဆိုတာကို မိုးဝသာန် မခွဲခြားတတ်တော့ပါ။ နာကျင်နေသောရင်က ဖြေဆေးမရှိစွာ အဆိပ်သင့်နေရသည်။

"မောင်"

"ရှင်းရယ်…မောင်လေ ရှင်းကိုသိပ်ချစ်တယ်၊ ရှင်းကို ဘယ်လောက်ထိ ချစ်မိသွားသလဲဆိုရင် ရှင်းအတွက်ဆို အရာအားလုံး စွန့်လွှတ်ဆုံးရှုံးခံရဲတဲ့အထိပဲ ရှင်း၊ အဲဒီလောက်တောင် မောင့်ရင်ထဲက နှလုံးသားလေးက နင့်နင့်သည်းသည်း ချစ်နေမိတာ





ပါ"

"ယုံပါတယ် မောင်၊ မောင့်အချစ်တွေကို အကြွင်းမဲ့ယုံပါတယ်"

"ဒါနဲ့များတောင် ရှင်းရယ်၊ မောင့်ခံစားချက်လေးတွေ ဖြေသိမ့်နိုင်ဖို့ ရှင်းဘက်က ဝန်ခံကတိစကားလေးတစ်ခုတောင် မပြောနိုင်ခဲ့ဘူးဆိုတော့"

"မောင်"

"မောင်…သိပ်ဝမ်းနည်းတယ်ရှင်းရယ်"

အို…။

ဝေ့သီသွားတဲ့ မျက်ရည်စတချို့က မောင့်ရဲ့ ညို့မျက်ဝန်းလေးထဲမှာ ပြည့်အိုင်လို့နေတာပါလား။ မောင်ဟာ အဲဒီလောက် ခံစားသွားတတ်လိမ့်မယ်လို့ ရှင်း မယုံကြည်မိခဲ့တာ သိပ်မှားတာပဲ။

"မောင်"

"….."

"ရှင်း…မောင့်ကိုသိပ်ချစ်တယ်မောင်"

"ရှင်းရယ်"

"ဘယ်လိုအခြေအနေမျိုးပဲရောက်ရောက် ရှင်းချစ်တာ မောင်တစ်ယောက်တည်းကိုပါ၊ ဒီဘဝရော နောင်ဘဝပါ မောင်နဲ့ တွေ့ဦးမယ်ဆိုရင်လည်း မောင်တစ်ယောက်တည်းကိုပဲ ရှင်း ဆက်ချစ်နေဦးမှာပါကွယ်၊ အဲဒီခိုင်မာတဲ့ သစ္စာကတိကိုတော့ မောင့်



www.burmeseclassic.com

www.burmeseclassic.com



အတွက် ရှင်း ရဲရဲကြီးကတိပေးပါတယ်''

''ရှင်းရယ်''

မောင့်မျက်နှာချောချောက စိတ်သက်သာရာ ရသွားကာ ပြန်လည်၍ လန်းဆန်းလာ၏။ မောင့်နှုတ်ခမ်းထူထူလေးပေါ်မှာ ကြည်မွေ့သော အပြုံးပန်းလေးတွေ ပွင့်လာသည်။

''ကျေးဇူးပါပဲ ရှင်း''

''မောင်တစ်ယောက်တည်းကိုပဲ ချစ်ခဲ့လို့ ကျေးဇူးပါပဲ ရှင်းရယ်''

''မောင်ရယ်''

ချစ်သူရဲ့ အနမ်းနုနုလေးတွေက သူမရဲ့ နားသယ်စပ် ဆံနွယ်နုနုလေးဆီသို့ နွေးမြစွာ ကျရောက်လာ၏။ ထိုမှတစ်ဆင့် ဖြူနုဝင်းစိုနေသော ရွှေလည်တိုင်လေး။

ရှင်း...

မရုန်းဖယ်မိပါ။

ငြိမ်သက်စွာပင် မျက်ဝန်းလေးမှိတ်ပြီး မောင့်အနမ်းပွင့်လေး တွေကို ရင်ခုန်လှိုက်မောစွာ ခံယူနေမိသည်။

ပြီးမှ...

သတိရကာ မျက်ဝန်းလေးကို ဖျတ်ခနဲဖွင့်လိုက်ပြီး...

''မောင်''

''ဗျာ''





''ဖယ်ဦး မောင်၊ အဘသက် ဈေးကပြန်လာတော့မယ်''

''ဟာကွာ''

မောင်က စိတ်ညစ်သွားသလို ဟန်လေးရှိကာ မျက်နှာလေး ရှုံ့မဲ့သွား၏။

''တော်ကြာ…ဘွားနှမ်းသိသွားရင် ရှင်းကို ဒီခြံကြီးထဲက နေ မောင်းထုတ်နေဦးမယ်''

''မောင်းထုတ်တော့လည်း ဘာဖြစ်လဲရှင်းရဲ့၊ ပိုတောင် ကောင်းသေးတယ်၊ ဒါမှ ရှင်းနဲ့မောင် အေးအေးဆေးဆေး အတူနေ ခွင့်ရမှာ၊ ဘာမှမပူနဲ့ မောင်စုထားတဲ့ ငွေတွေ အများကြီးရှိတယ်၊ ခံရိုင်မြို့လောက် မပြည့်စုံပေမယ့် မိန်းမတစ်ယောက်ကို တင့်တောင်း တင့်တယ် ထားနိုင်ပါတယ်ရှင်းရယ်၊ အဟွန်း''

''တော်ပါ မောင်ရယ်၊ ဘွားနှမ်းလား လက်ခံမှာ၊ မောင့်လိုသူဌေးသားနဲ့ ရှင်းလို အိမ်အလုပ်သမားတစ်ယောက်ကို အေးအေးချမ်းချမ်း နေခွင့်ပေးမှာ၊ သိပ်ပြီးစိတ်ကူးယဉ်မနေပါနဲ့ မောင် ရယ်''

''ဘွားနှမ်းခွဲလည်း မောင် မကြောက်ပါဘူး၊ မောင်က ရှင်းကိုပဲလက်ထပ်မှာ၊ မောင် ဆုံးဖြတ်ပြီးသွားပြီ''

ဘုရားရေ။

လက်ထပ်မှာဆိုပါလား။

မောင်က ရှင်းကိုလက်ထပ်ဖို့ အထိတောင် ရည်ရွယ်ထား



www.burmeseclassic.com

www.burmeseclassic.com



တာတဲ့လား။ မယုံနိုင်စရာပါပဲ။ သို့သော် မောင်ကပြောလျှင် ပြော သလိုလုပ်တတ်သောအကျင့် ရှိသူမို့ မောင့်စကားကို ရှင်း ယုံကြည် မိသည်။

ထိုစဉ်…

"ရှင်းရေ…ရှင်း"

"ဟင်"

"ဟာ"

အရှေ့ဘက်ဆီမှ ခေါသံသဲ့သဲ့ကြောင့် ရှင်းပီတိနှင့် မိုးဝသသန်တို့ လူချင်းခွာလိုက်မိသည်။ ကြောင်ငေးငေးလေးဖြစ်နေ တဲ့ ရှင်းကို အပြုံးလေးနှင့် ရှုတ်ဆက်ကာ ထမင်းစား စားပွဲဝိုင်းဆီ မောင်က ခြေလှမ်းကျဲကြီးများနှင့် လျှောက်လှမ်းကာ တည်တည်ငြိမ် ငြိမ်လေး သွားထိုင်နေသည်။

"ရှင်း"

"ဗျာ…အ…အဘထေ ဘာကိစ္စရှိလို့လဲ"

"ဩော်…မင်းမအားဘူးကို၊ ငါက မင်းကိုခိုင်းစရာလေး ရှိလို့ လိုက်ရှာနေတာ၊ နေ…နေ မင်းအလုပ်ပဲ မင်းဆက်လုပ်တော့"

မုန့်ပွဲပန်းကန်လေး လက်ထဲမှာကိုင်ထားတာတွေ့တော့ အိမ်တော်ထိန်းကြီး ဦးထေတစ်ယောက် ရှင်းအပါးမှ ပြန်လှည့်ထွက် သွား၏။

ဒီတော့မှပဲ…





ရှင်းပီတိလည်း အသက်ရဲရဲရှုရှိုက်တော့၏။

"ရှင်း"

"ဟင်"

"မနက်စာပြင်ပြီးရင် မောင့်အခန်းကိုရှင်းပေးဦးနော်"

"ရှင်း…အဝတ်တွေလျှော်ရဦးမယ် မောင်ရဲ့"

"မရဘူးကွာ…နောက်မှလျှော်၊ မောင့်အခန်းကို အရင်ဆုံး ရှင်းပေး"

ဟွန်း…

မောင်တမင်ညစ်တာ။

မောင့်အကြောင်း မသိရင်ခက်မယ်။

ဘာအမှုံအမွှားမှ မရှိတဲ့ သူ့အခန်းကို ရှင်းပေးဖို့ ခွတ် တင်းခေါ်နေတာလေ။ ရှင်း မသွားရဲပါဘူး။ အချစ်ကြမ်းလွန်းတဲ့ မောင့်ကြောင့် ရှင်း ရင်တွေခုန်ရလွန်းလို့ ကြာလျှင် နှလုံးရောဂါပါ ရနိုင်သည်။

ဒါကြောင့်…

တမင်ရှောင်ဖယ်ပြီး တခြားအလုပ်တစ်ခုခု အကြောင်းပြ ကာ ပုန်းရှောင်နေမိသည်။ ဒါကို မောင်ရိပ်မိဟန်ရှိကာ ခွတ်အတင်း စခိုင်းနေခြင်းပဲ ဖြစ်ပါ၏။

"ရှင်းနော် မင်း မောင့်အခန်းကို သန့်ရှင်းရေးလုပ်ဖို့ ပျက်ကွက်နေ၊ တစ်ခန်းလုံး ဖုန်တွေ၊ သဲတွေ ထူနေပြီသိရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ထူပါစေပေါ့"

"မောင် ဘယ်လောက် အသန့်အပြန့်ကြိုက်တယ်ဆိုတာ မသိတာလည်းမဟုတ်ဘဲနဲ့၊ မရဘူး မနက်စာစားပြီးတဲ့အထိ မောင့်ကိုစောင့် ပြီးရင် အတူတူသွားမယ်"

"မောင်နော်…မညစ်နဲ့၊ ရှင်းမှာ လျှော်ရမယ့်အဝတ်တွေ အများကြီးရှိသေးတယ်၊ ရှင်းမလျှော်ရင် မောင်ပဲမဝတ်ရမှာနော်၊ ပြီးတော့ အဝတ်အစားတွေလည်း မီးပူတိုက်ဖို့ အများကြီးကျန်သေးတယ်၊ မောင့်ကြောင့် အခုလို အလုပ်တွေစုပုံနေတာ သိရဲ့လား"

ရှင်း

ဗွတ်ခမ်းလေးချွန်ကာ ရန်တွေ့မိသည်။

တကယ်ပါပဲ…

အလုပ်ကောင်းကောင်း လုပ်ရသည်မရှိ။ တစ်ချိန်လုံး ချစ်စကားတွေပြောပြီး သူ့အနားမှာပဲ ရှိနေစေ၏။ ရှင်းမှာ အလုပ်တွေ စုပုံနေရပြီ။ သိပ်ဆိုးတဲ့မောင် မီးပူတိုက်လျှင်လည်း မီးပလပ်ကို ဗွတ်အတင်းဆွဲဖြုတ်တာနှင့်၊ သန့်ရှင်းရေးလုပ်လည်း လူကိုအလွတ်မပေးဘဲ တစ်ချိန်လုံး နှောင့်ယှက်နေတော့၏။

ဒီတစ်ခါတော့…

ရှင်းပီတိ လုံးဝမသွားဖို့ ဆုံးဖြတ်ထားသည်။

ရေချိုးခန်းထဲတွင် မောင့်အဝတ်အစားတွေ ဆပ်ပြာရည်စိမ်ထားသည်။ ဒါကို အဝတ်လျှော်စက်ထဲထည့်ကာ လျှော်ရမည်။





ပြီးလျှင် အခြောက်ခံစက်ထဲ ထည့်ရမည်။ အလုပ်တွေအားလုံး ပြီးအောင်လုပ်ဖို့ ဆုံးဖြတ်ထား၏။

"ရှင်း"

"ပြော"

"မောင့်ကို ချစ်တယ်ဆို"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ကွ…ကိုယ့်ချစ်သူကို ဘယ်သူက အေးအေးဆေးဆေး မတွေ့ချင်ဘဲရှိမလဲ၊ ကဲ ပြောဦး"

မောင်ပြောတာလည်း ဟုတ်ပါသည်။

ခက်တာက ရှင်းပဲ။

အရင်ကလိုမဟုတ်ဘဲ စိုးရိမ်ကြောင့်ကြစိတ်တွေကြောင့် တစ်ထုံတစ်ယောက် ရိုပ်မိသွားမှာ အကြောက်ကြီးကြောက်နေမိသည်။ ကိုယ့်စိတ်ကိုယ်မလုံ။ အရင်ကလည်း ဒီလိုပဲ အမြဲဝင်ထွက်နေကျ ဟာကို အခုမှ အသစ်အဆန်းဖြစ်ကာ ကြောက်ရွံ့နေမိသည်။

"ရှင်း"

"….."

"မောင်…အေးအေးအေးပဲ နေပါ့မယ်ကွာ၊ စကားလေးပဲ ပြောရအောင်၊ အပြင်မှာ အခုလိုပြောရတာ မလွတ်လပ်လို့ပါ"

"….."

ရှင်း ငြိမ်သက်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာငယ်လေးနဲ့ တောင်းပန်နေတဲ့ မောင့်ကိုကြည့်ပြီး ရှင်းပီတိပင် သနားသွားရ၏။

"ရှင်း"

"ကဲပါ....မနက်စာပဲ မြန်မြန်စားပါဦး"

"ဟာ...ဒါ...ဒါဆို"

"မောင့်အခန်း သန့်ရှင်းရေးပဲ အရင်လုပ်တော့မယ်၊ ကဲ ကျေနပ်ပြီလား"

"OK"

"ဟင်း...ဟင်း"

ရှင်းပီတိတစ်ယောက် လက်ညှိုးလေးနဲ့ လက်မလေးကို ကွေးဝိုင်းကာ ကျန်လက်ချောင်းလေး သုံးချောင်းကို ထောင်လျက် သူမမျက်နှာလေးရှေ့ဆီ ထောင်ပြလာတဲ့ မောင့်ရဲ့ ဝမ်းသာပျော်ရွှင်သွားတဲ့ ပုံစံလေးကိုကြည့်ပြီး သဘောကျစွာ တဟင်းဟင်း ရယ်လိုက်မိပါတော့သည်။



## အခန်း [၁၆]

"မေမေကြီး...မေမေကြီး ဆရာနဲ့ဆရာကတော်တို့ ပြန်လာကြတယ်ဗျ"

"ဘာ"

"ဟုတ်တယ် မေမေကြီး၊ ဆရာနဲ့ ဆရာကတော်တို့ အခုပဲ အိမ်ကိုရောက်လာကြပြီ၊ မေမေကြီးကို ဝမ်းသာသွားအောင် အကြောင်းမကြားဘဲ ပြန်လာကြတာတဲ့လေ"

ဟင်

ဒေါ်တော်ဝင်နန်းတစ်ယောက် အိမ်တော်ထိန်းကြီး ဦးထေ ပြောပြနေတဲ့ စကားလေးကို နားထောင်ပြီး ရင်ခုန်သံတွေပင် မမှန်ချင်တော့ပေ။ သားဖြစ်သူနှင့် ချွေးမတို့ မြန်မာနိုင်ငံကို ပြန်ရောက်



www.burmeseclassic.com

www.burmeseclassic.com



နေပြီတဲ့။

ကြည့်စမ်း…

ဒါကို လုံးဝမိမိမသိခဲ့ရချေ။

အိမ်တော်ထိန်းကြီး လာသတင်းပေးမှပဲ ဒေါ်တော်ဝင်နန်း သိခွင့်ရခဲ့သည်။ ဒါကြောင့် ခြံထဲ ကားဟွန်းသံကျယ်ကြီး တီးပြီး ဆူညံနေပါတယ်မှတ်တယ် သားဖြစ်သူတို့ ပြန်ရောက်လာကြတာ ကိုး။

"အခု သူတို့ဘယ်မှာလဲ ဦးထေ"

"ညှိခန်းထဲမှာလေ မေမေကြီး"

"အေး…အေး ငါ့ကိုတွဲပို့စမ်း၊ ဦးထေ ဝမ်းသာပြီး စိတ်တွေလှုပ်ရှားလွန်းလို့ ခြေလှမ်းတွေတောင် ခွေယိုင်နေရပြီ"

"ဟုတ်ကဲ့ မေမေကြီး"

ဦးထေတစ်ယောက် မေမေကြီး တော်ဝင်နန်းကို လက်မောင်းလေးမှ သေချာတွဲကူကာ အောက်ထပ်သို့ လှေကားထစ် လေးများအတိုင်း တစ်ထစ်ချင်း ဆင်းနေမိသည်။

"တော်တော်ဆိုးတဲ့ပှာတွေ၊ မြန်မာပြည်ကို ပြန်လာမှာ များ မအေကို ကြိုကြိုတင်တင် အကြောင်းမကြားထားဘူး၊ ကြိုတင် ဝမ်းသာရအောင်တောင် ဖုန်းတစ်ချက်လှမ်းမဆက်ဘူးကွယ်"

"အခုတော့လည်း မေမေကြီး ဝမ်းသာအံ့သြရတာပဲ မဟုတ်လားဗျာ"





"ဒါပေါ့…ဦးထေ၊ ဪ ဒါနဲ့ မြေးလေးရော သူ့မိဘ တွေပြန်လာတာ သိရဲ့လား"

"မိုးဝသန် ရှင်းပိတိနဲ့ အပြင်ထွက်သွားတယ်လေ မေမေကြီး"

"ဟော…ထွက်ကြပြန်ပြီလား"

"ဟုတ်ကဲ့ မေမေကြီး"

"ဒီနှစ်ကောင်တော့ မဟုတ်သေးပါဘူး၊ အလကားနေ အပြင်ထွက်နေကြတာပဲ၊ ရိုးတော့မရိုးဘူး ဦးထေ"

ဦးထေ ငြိမ်သက်စွာပင် ဒေါ်တော်ဝင်နန်း ပြောတာတွေ ကို ဂရုတစိုက် နားထောင်နေလိုက်သည်။

"ဦးထေ"

"ဗျာ မေမေကြီး"

"မိုးဝသန်ဆီ ချက်ချင်းဖုန်းဆက်စမ်း၊ သူ့မိဘတွေ ပြန် ရောက်နေကဲ့အကြောင်း ပြောပြပြီး ချက်ချင်းပြန်လာခဲ့လို့ မှာလိုက်"

"ဟုတ်ကဲ့ မေမေကြီး"

ဒေါ်တော်ဝင်နန်းတစ်ယောက် အိမ်တော်ထိန်းကြီးကို မှာစရာရှိတာ မှာထားခဲ့ပြီး ညှိခန်းဆီသို့ တစ်ယောက်တည်း လျှောက်သွားမိ၏။

"ဟော…မေမေ"

ဦးသူတော်တစ်ယောက် ဒေါ်တော်ဝင်နန်းကို မြင်တော့



www.burmeseclassic.com

www.burmeseclassic.com



အပြေးလေး ဆီးကြိုပွေ့ဖက်လိုက်၏။

"သားရယ် မင်းကွာ အကြောင်းမကြား ဘာမကြားနဲ့ ဦးထေ လာသတင်းပေးတော့ မေမေဖြင့် ယုံတောင်မယုံဘူး"

ဒေါ်တော်ဝင်နန်းတစ်ယောက် ဝမ်းသာမျက်ရည်များ စီးကျလျက် သားဖြစ်သူကို အပြစ်တွေတင်နေမိ၏။

"အဟွန်း…မေမေအပြစ်တင်ရင်လည်း ခံရတော့မှာပဲ၊ သားတို့နှစ်ယောက်လည်း အလုပ်တွေက မအားပါဘူး၊ ဒေဝီက သူ့သားကို တွေ့ချင်တယ်ဆိုလို့သာ ဗြုန်းစားကြီး စီစဉ်ကြတာ၊ ဒေဝီခင်ကလည်း သူ့သားကိုလွမ်းနေတော့ ကမန်းကတန်း ဆုံးဖြတ်ပြီး လာခဲ့ကြတာလေ၊ ပြီးတော့ မေမေ့ကိုလည်း ရုတ်တရက် အံ့သြသွားစေချင်လို့ ကြိုတင်ပြီး အကြောင်းမကြားတော့တာလေ"

ဦးသူတော် လေပြည်အေးလေးနှင့် ရှင်းပြမိ၏။

"ဟုတ်တယ် မေမေ၊ ဒေဝီလည်း ဖုန်းနဲ့ပဲ စကားပြောနေရတာ အားမရလို့ နောက်ဆုံး မြန်မာနိုင်ငံမှာပဲ စီးပွားရေးလုပ်ပြီး နေတော့မယ်လို့တောင် စဉ်းစားနေမိပြီ၊ သားနဲ့ခွဲမနေချင်တော့ဘူးလေ"

ဒေါ်ဒေဝီက နှောင်တရစွာ ငြီးတွားမိသည်။

"ကောင်းတာပေါ့ ဒေဝီရယ်၊ သမီးက နိုင်ငံရပ်ခြားကို အားသာနေလို့သာ မေမေက ခွင့်ပြုလိုက်တာ၊ မေမေကတော့ ဒီမှာပဲ နေစေချင်တာကွဲ့၊ ဘာပဲပြောပြော ဒေဝီ အခုလိုပြန်လာတာ





ဝမ်းသာပါတယ်ကွယ်"

"ဒေဝီ…နားလည်နေပါပြီ မေမေ"

ဟင်

နားလည်ပါပြီတဲ့။ နားလည်လိုက်ပြီလို့ ပြောလိုက်တဲ့ ဒေဝီခင့်စကားသံလေးက ဝမ်းနည်းကြေကွဲနေသလိုပင်။ ဒေဝီ ဘာဖြစ်နေသလဲ။ ဒေဝီခင်တစ်ယောက် စီးပွားရှာချင်လှပါ သည်ဟု ခေါင်းမာမာနဲ့ ဆုံးဖြတ်ခဲ့တာလေ။ သားက ဆန့်ကျင်နေလျက်သားနဲ့တောင် ဒေဝီခင်က ခွတ်အတင်း သွားဖို့လုပ်ခဲ့တာ ဒေဝီခင်ရဲ့ဆန္ဒပဲ။

ဒေါ်တော်ဝင်နန်း ချွေးမဖြစ်သူကို မတားဆီးရဲ။ မိမိသားဘက်က အားနည်းချက်၊ ချို့ယွင်းချက်တွေ ရှိနေခဲ့တာမို့ ချွေးမဖြစ်သူရဲ့ တောင်းဆိုမှုအတိုင်း လိုက်လျောခဲ့ရသည်။ နောက်ဆုံး မိမိအချစ်ဆုံးသား၊ မခွဲခွာချင်ဆုံးသားအား ဇွတ်အတင်းပင် ချွေးမနောက် လိုက်သွားရန် တိုက်တွန်းခဲ့ရသည်။

ဒေဝီခင်ကား…

ချမ်းသာမှုကြောင့် ဂုဏ်မောက်နေတဲ့ မိန်းကလေး တစ်ယောက်။

ယောက္ခမကို နည်းနည်းလေးမှ အရေးစိုက်ခြင်းမရှိချေ။

ထင်တိုင်းကျဲနေတဲ့ ဒေဝီခင်ကို သားကလည်း အရေးမထား။ ဂရုစိုက်ခြင်းမရှိ။ သူနေတတ်သလိုနေ၏။ သူတော်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ရေးကိုကြည့်ပြီး စိတ်ဆင်းရဲနေရသူက ဒေါ်တော်ဝင်နန်း ပဲ ဖြစ်သည်။ ဝင်လည်းမစွက်ဖက်ရဲ။ အခုလည်း ဟိုမှာ ဘာတွေ ဖြစ်လာကြပြန်သလဲ မိမိမသိ။

"လောကမှာ ဂုဏ်တွေ၊ ငွေတွေ ဘယ်လောက်ပဲရှိရှိ ချစ်ခြင်းနဲ့ မေတ္တာတရားကို ဝယ်ယူပိုင်ဆိုင်ချင်တိုင်း ပိုင်ဆိုင်လို့မရ ဘူးဆိုတဲ့ အချက်ကို ဒေဝီ ကောင်းကောင်းကြီး နားလည်သွားပါ ပြီ၊ အဲဒါကြောင့်လည်း သတ္တိမဲ့စွာနဲ့ ရှောင်ပုန်းချင်နေတဲ့ စိတ်တွေ ကို ဒေဝီ စွန့်လွှတ်လိုက်ဖို့ ဆုံးဖြတ်လိုက်ပြီ မေမေ"

"ဒေဝီ…သမီး ဘာတွေပြောနေတာလဲကွယ်၊ ခရီးရောက် မဆိုက် စိတ်ပင်ပန်းစရာတွေ မတွေးပါနဲ့၊ သမီးအနားယူလိုက်ပါဦး ကွယ်"

"အနားယူလည်း ပြေပျောက်သွားမှာမှ မဟုတ်တာ၊ သေမှပဲ"

"ဒေဝီ"

ချွေးမဖြစ်သူရဲ့စကားကို မကြားရဲစွာ တားဆီးမိသူက ဒေါ်တော်ဝင်နန်း။

ဒေဝီဟာ ဘယ်လိုကြောင့်တောင် သေစကားတွေအထိ ပြောနေရတာလဲ။

"ဟုတ်တယ် မေမေ၊ ဒေဝီ ဘာမှရင်ထဲမှာမထားတော့ ဘူး၊ သား မိုးဝသန်ကလွဲပြီး အားလုံးကို ထုတ်ပစ်လိုက်ပြီ၊ ဒေဝီ





လေ သားလေးကို အခုလိုပစ်ပယ်ပြီး ကိုယ့်ခံစားချက်နောက်ကို လိုက်နေမိတာ သိပ်နောင်တရတာပဲ"

"ဒေဝီရယ်"

ဒေါ်တော်ဝင်နန်းရင်ထဲ နင့်သည်းသွားရသည်။

ဒါ…

မိမိလုပ်ခဲ့တဲ့ အပြစ်တွေပဲ။

ကြားက မြေဇာပင်ဖြစ်ခဲ့တဲ့သူက ဒေဝီခင်။ သားသူတော် က ဒေဝီခင်ပြောနေတဲ့ စကားတွေကို တစ်စက်ကလေးမျှပင် အလေးအနက်မထားဘဲ နေရာကနေ ထွက်သွားဖို့လုပ်၏။

"သား"

"……"

ဒေါ်တော်ဝင်နန်းက တားဆီးမိသည်။

မလုပ်သင့်ပါဘူး။

ဒေဝီခင်အပေါ် အဲဒီလောက်ထိ သွေးအေးအေးနဲ့ မရက် စက်သင့်ပါဘူးကွယ်။ သူက အပြစ်မဲ့တဲ့သူပါ။

ဒေါ်တော်ဝင်နန်း အမိပွါယ်ပေါင်းများစွာ ပြည့်နှက်နေ သော မျက်ဝန်းလေးတွေနှင့် သားဖြစ်သူကို မော့ကြည့်လိုက်မိသည်။

"သား…ပစ္စည်းတွေသွားသိမ်းလိုက်ဦးမယ် မေမေ"

ပြောပြီးတာနှင့် ဦးသူတော် လှည့်ထွက်သွား၏။ ဒေါ်တော် ဝင်နန်း မတားဆီးနိုင်ခဲ့ပါ။ ချွေးမဖြစ်သူ ဒေဝီခင်ကို အားနာသော မျက်ဝန်းလေးတွေနှင့် လှမ်းကြည့်လိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



“ဒေဝီ သွားနားတော့မယ် မေမေ”

ဒေဝီရယ်။

အရင်ကလို ဒေါသတကြီး ပေါက်ကွဲပြီး အော်ဟစ်သောင်းကျန်းပစ်လိုက်ပါလားကွယ်။ မာနတွေနဲ့ ခေါင်းမော့ရင်ကော့ပြလိုက်ပါလားဟင်။ အခုတော့ တကယ့်ကို တည်ငြိမ်ရင့်ကျက်နေတဲ့ မိန်းမတစ်ယောက်လို အရာရာကို နားလည်ခွင့်လွှတ်ပေးနေတဲ့ ဒေဝီခင့်ကို မေမေ မျက်ဝန်းအကြည့်ချင်းတောင် မဆုံရဲလောက်အောင်ပဲ ဖြစ်နေရပြီကွယ်။

“မေမေ”

“ပြောလေ သမီး”

“သား…ဝသန်ရောဟင်”

“သမီးတို့ပြန်လာမယ်မှန်း မသိတော့ အပြင်လျှောက်လည်နေတယ်လေ၊ မေမေ ဦးထေကို ဖုန်းဆက်ပြီး ခေါ်ခိုင်းထားပါတယ် ဒေဝီ၊ ဝသန် မကြာခင်ပြန်လာပါလိမ့်မယ်”

“သား ပြန်ရောက်လာရင် ဒေဝီဆီကို လွှတ်လိုက်ပါနော်”

“အေးပါကွယ်”

ချွေးမဖြစ်သူ ဒေဝီခင်ကို ခေါင်းလေးညိတ်ပြလိုက်မိ၏။

ဧည့်ခန်းကြီးထဲကနေ ထွက်ခွာသွားတဲ့ ဒေဝီခင် နောက်ကျောလေးကို ငေးကြည့်ပြီး ဒေါ်တော်ဝင်နန်း စိတ်မကောင်းကြီးစွာ သက်ပြင်းလေး ခိုးချလိုက်မိ၏။





ထိုစဉ်…

တူ…တူ။

တူ…။

တယ်လီဖုန်းမြည်သံလေးကြောင့် ဒေါ်တော်ဝင်နန်း ဖုန်းခွက်လေးကို ကိုင်လိုက်သည်။

“ဟဲလို”

“ဒေါ်တော်ဝင်နန်းလားရှင်”

“ဟုတ်တယ်၊ ငါ ဒေါ်တော်ဝင်နန်းပဲ၊ ဘာကိစ္စရှိလို့လဲ၊ အခုပြောနေတာရော ဘယ်သူလဲ၊ ဘယ်ကဆက်နေတာလဲ”

“ကျွန်မကို မေးခွန်းတွေ သိပ်မမေးပါနဲ့၊ ကျွန်မက ဒေါ်တော်ဝင်နန်းတို့ရဲ့ ဂုဏ်သိက္ခာကို ကယ်တင်ဖို့ ဆက်လိုက်တာပါ”

“ဘာရယ်…ညည်း ဘာပြောလိုက်တယ်”

“နားရှုပ်သွားလား ဒေါ်တော်ဝင်နန်း၊ တကယ်တော့ ရှင်တို့အိမ်မှာရောက်နေတဲ့ ရှင်းပီတိဆိုတာ တကယ့်ယောကျ်ားလေး တစ်ယောက်မဟုတ်ဘူး၊ မိန်းကလေးရှင့် မိန်းကလေး”

“ဘာ”

ဒေါ်တော်ဝင်နန်း မျက်လုံးကြီးတွေ အသမတန် ပြူးထွက်သွားရ၏။ ဖုန်းခွက်လေးကို ယောင်ရမ်းကာ နားနားကနေ ခွာလိုက်မိသည့်အထိ သွေးပျက်တုန်လှုပ်ချောက်ချား သွားရသည်။ ပြီး[illegible] စကားပြောခွက်ကို နားနားပြန်ကပ်ကာ လှုပ်ရှားနေတဲ့[illegible]ကို



www.burmeseclassic.com

www.burmeseclassic.com



တည်ငြိမ်အောင် ပြန်ထိန်းချုပ်ပြီး…

"ညည်း…ညည်း ဘယ်သူလဲ၊ ဒီအကြောင်းတွေကို ညည်း ဘယ်ကနေကြားလာတာလဲ၊ မဟုတ်ကဟုတ်ကတွေ လာမပြောနဲ့နော်"

"သြော်…တယ်ခက်ပါလား၊ ရှင်တို့ အကျိုးအတွက် လည်း ပြောပြရသေးတယ်၊ ဒီမှာ ဒေါ်တော်ဝင်နန်း ရှင်းပီတိဟာ မိန်းကလေးတစ်ယောက် ဟုတ်သလားမဟုတ်သလားတော့ မသိဘူး၊ အခု ရှင့်ကြီးရဲ့မြေး မိုးဝသန်နဲ့ ချစ်သူတွေဖြစ်ပြီး မိုးမမြင်လေမမြင် လျှောက်လည်နေကြပြီရှင့်"

"အမလေး"

"ဌပ်"

လက်ထဲက ဖုန်းခွက်လေး လွတ်ကျသွားရသူက ဒေါ်တော်ဝင်နန်း။

မျက်ဝန်းထဲမှာ

ရှင်းပီတိဆိုတဲ့ ကောင်လေးရဲ့ ဖြူနွဲ့နွဲ့ပုံရိပ်လေးတွေကို ပြန်မြင်ယောင်ကြည့်ပြီး သွေးပျက်နေရသည်။

"မေမေကြီး"

"မေမေကြီး…ဘာဖြစ်တာလဲဟင်၊ ဘာဖြစ်တာလဲ"

အနားကိုရောက်လာသူ အိမ်တော်ထိန်းကြီးဦးထေ…

"ဦး…ဦးထေ"

"ပြောပါ မေမေကြီး"





"သွားစမ်း ရှင်းပီတိအခန်းကို သွားမွှေနှောက်ပြီး သူ့ပစ္စည်းတွေ အကုန်ထုတ်ခဲ့စမ်း"

"ဗျာ"

"ဟဲ့…ဘာကြောင်နေတာလဲ သွားလေ၊ အခုချက်ချင်းသွား"

"ဟုတ် ဟုတ်ကဲ့"

ဒေါ်တော်ဝင်နန်း ဒေါသတွေ အကြီးအကျယ် ပေါက်ကွဲကာ အသားတွေပင် တဆတ်ဆတ် တုန်နေရသည်။

ရှင်းပီတိ

သင်းက မိန်းကလေးတဲ့။

ကြည့်စမ်း

စံရိပ်မြုံမှာ ဘယ်တော့မှ မိန်းကလေးအလုပ်သမား လုံးဝ မရှိစေရဆိုပြီး တင်းတင်းကြပ်ကြပ် တားဆီးနေတဲ့ကြားက ရှင်းပီတိ ဆိုတဲ့ ကောင်မလေးတစ်ယောက် ရအောင်ခိုးဝင်လာသည်။

ဘယ်လိုလုပ်မလဲ။

ဘယ်လိုလုပ်ကြမလဲ။

မြေး…

မြေးလေးမိုးဝသန်။

ရှင်းပီတိနဲ့ ချစ်သူတွေဖြစ်နေကြပြီတဲ့။

ဘုရား…ဘုရား။

ဒေဝီခင်သာသီရင်။ ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ဒီသတင်းပေါက်ကြားသွားရင် မိမိရဲ့ဂုဏ်သိက္ခာ ရစရာမရှိအောင် စုတ်ပြတ်သတ်သွားမှာပဲ။

လက်မခံနိုင်ဘူး။

ဒီကိစ္စကို ဘယ်လိုနည်းနဲ့မှ ခွင့်မပြုနိုင်ဘူး။

မြေးလေး မိုးဝသန်။

မြေးလေးမိုးဝသန်ရဲ့ ဘဝကို ရှင်းပီတိရဲ့ လက်ထဲမှာ အခြေမှမခံနိုင်ဘူး။

"မေမေကြီး"

ဦးထေရဲ့အသံကြောင့် ဒေါ်တော်ဝင်နန်းရဲ့ အကြည့်စိမ်းတောက်တောက်ကြီးတွေက ဆတ်ခနဲ ရွေ့လျားသွား၏။

"မှားသွားပြီး မေမေကြီး၊ ကျွန်တော်တို့ ထင်ထားတာတွေအားလုံး လွဲမှားသွားပြီ၊ ရှင်းပီတိက ယောက်ျားလေးမဟုတ်ဘူး မေမေကြီး"

"တောက်"

ဒေါ်တော်ဝင်နန်းရဲ့ တက်ခေါက်သံကြီးက ကြီးကျယ်ခမ်းနားလွန်းသော ညှို့ခန်းကြီးတစ်ခုလုံး ဟိန်းခနဲ တက်သွားရတော့သည်။



## အခန်း [၁၅]

"ဘွားနန်း မြေးတို့ပြန်ရောက်ပါပြီ"

တိုက်ထဲဝင်လိုက်သည်ဆိုလျှင်ပဲ အခေါက်ဝတံခါးနားတွင် ချတ်နှာထားတင်းတင်းကြီးနှင့် စောင့်ကြိုနေတဲ့ ဒေါ်တော်ဝင်နန်းကို မြင်လိုက်ရတာမို့ ရှင်းပီတိ ခေါင်းလေးငုံ့ချလိုက်မိ၏။

"ရှင်းပီတိ"

"ဗျာ"

"လာစမ်း"

"ဟုတ်"

အစ်ကိုလေး မိုးဝသန်နောက်တွင် ခင်ရိုရိုလေးရပ်နေတဲ့ ရှင်းပီတိ ဘွားတော်ဝင်နန်းရဲ့ခေါ်သံကြောင့် ခြေညှင်းစွာ ခေါင်းလေး



www.burmeseclassic.com

www.burmeseclassic.com



ငုံ့ပြီး လှမ်းလျှောက်သွားမိ၏။

"ကဲဟယ်"

"ဖြန်း…ဖြန်း"

"အို…အမေ့"

"ဟာ…ဘွားနန်း"

မိုးဝသသနဲ့ရဲ့ တားဆီးသံက နောက်ကျသွားရသည်။ ကြမ်းပြင်လေးပေါ် ခွေခနဲကျသွားတဲ့ ရှင်းပီတိကို ငေးကြောင်ကြည့်နေရာမှ အသိဝင်ပြီး ပြေးထူမည်အပြု သူ့လက်မောင်းတစ်ဖက်တစ်ချက်ဆီ ဖမ်းချုပ်လာသော အိမ်တော်ထိန်းကြီး ဦးထေနှင့် စားဖိုမှူးကြီး ဦးသက်တို့ကြောင့် သူ့စိတ်ကူးတွေ ပျက်ပြယ်သွားရတော့၏။

"နင်က ငါ့ခြံထဲကို ယောကျ်ားလေးဟန်ဆောင်ပြီး ခိုးဝင်လာတယ်ပေါ့လေ ဟုတ်လား၊ မလောက်လေး မလောက်စား တစ်ထွာတစ်မိုက်ဉာဏ်လေးနဲ့ ငါ့ကို လိမ်ညာလှည့်စားတယ်ပေါ့လေ ကဲဟယ်၊ အဲ့ဒါလိမ်ဦး ဖြန်း"

"အဲဒါ…ညာချင်ဦး"

"ဖြန်း"

"ဖြန်း"

"အ"

ရှင်းပီတိရဲ့ မျက်နှာလေး ချာလည်လည်သွားရသည်။ ပါးပြင်မှ စပ်ဖျင်းနာကျင်မှုကြောင့် တသိမ့်သိမ့်ရှိုက်ငိုလိုက်မိသည်။





"အဟင့်…ဟင့်"

"အဟင့်"

"တိတ်စမ်း…မငိုနဲ့၊ ညည်းမငိုနဲ့ အဲဒီမျက်ရည်တွေနဲ့ ငါ့မြေးရဲ့ နှလုံးသားတွေကို အရည်ဖျော်ဖို့ မကြိုးစားနဲ့ မိရှင်းပီတိ၊ ငါ လက်မခံနိုင်ဘူး ပိတ်ထား၊ ညည်းပါးစပ်ကို အခုချက်ချင်းပိတ်ထား"

"အဟင့်…ဟင့်"

"ပြောစမ်း၊ ညည်း ဘာအကြံအစည်နဲ့ အခုလို စံရိပ်မြုံ ထဲဝင်လာတာလဲ ပြောစမ်း"

"ရှင်း…ရှင်း နိုလှူံစရာမရှိလို့"

"တိတ်စမ်း ရှင်းပီတိ၊ အဓိပ္ပါယ်မရှိတဲ့ အကြောင်းပြချက်နဲ့ ငါ့မြေးလေးအနားမှာ တစ်ချိန်လုံးရှိပြီး ငါ့မြေးလေးရဲ့ နှလုံးသားကို လှည့်ဖြားဖို့ မကြိုးစားနဲ့၊ ငါ လုံးဝမယုံဘူး မယုံဘူး၊ မုန်းတယ် ညည်းကိုသိပ်မုန်းတယ်"

"ကဲဟယ်"

"ရွှမ်း"

"ရွှမ်း"

"ရွှမ်း"

"အမေ့"

ဒေါ်တော်ဝင်နန်းရဲ့ ရိုက်ချက်တွေက ရှင်းပီတိရဲ့ ခန္ဓာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လေးအနံ့ တရစပ်ကျလာ၏။ အကာအကွယ် အခုအခံမဲ့စွာ ရှင်းရဲ့ ခန္ဓာကိုယ်အနံ့ ကြက်မွှေးတံမြက်စည်း တုတ်တံလေးက လာထိတွေ့၏။

ဖြူနုသော အသားအရေလေးတွင် အရိုးရာနီရဲရဲကြီးတွေ စွဲထင်သွားရသည်။

"ဘွားနှန်း"

"ဟင်"

"ဟာ"

မိုးဝသန်ဆီမှ တားဆီးအော်ဟစ်သံကြီး ဟိန်းခနဲထွက်သွားရ၏။ မကြည့်ရက်ပါ။ ဘယ်လိုမှ မမြင်ရက်တော့ပါ။ ရက်စက်လွန်းတဲ့ ဘွားနှန်းရဲ့ အပြုံးတကြီး ရိုက်ချက်တွေကြားမှာ ချစ်သူ့ရဲ့ ခန္ဓာကိုယ်လေး လူးလိမ့်နေရသည်။

ထိုမြင်ကွင်းကို မိုးဝသန် ဘယ်လိုနှလုံးသားတွေနဲ့ ကြည့်နေနိုင်မှာလဲ။

"တောင်းပန်ပါတယ်၊ ဝသန်တောင်းပန်ပါတယ် ရှင်းကို မရိုက်ပါနဲ့တော့ ဘွားနှန်းရယ်၊ ရှင်းသိပ်နာနေပြီဗျ သူခံနိုင်ရည်မရှိတော့ဘူး၊ တော်ပါတော့ ဘွားနှန်းရယ် ဝသန်တောင်းပန်ပါတယ်ဗျာ၊ တကယ်ဆို ရှင်းမှာ အပြစ်မရှိပါဘူး၊ ရှင်းက ခိုကိုးရာမဲ့လို့ ဒီမှာ မှီခိုနေခဲ့တာပါ၊ အပြစ်ရှိတာက ဝသန်ပါဗျာ၊ ရှင်းကို မိန်းကလေးမှန်းသိသိကြီးနဲ့ ဝသန်ဘယ်သူ့မှကို အသိမပေးဘဲ





ဖုံးကွယ်ထားခဲ့တာပါ၊ ရှင်းကို ဝသန်က စပြီးချစ်ခဲ့တာပါ ဘွားနှန်းရယ် ဝသန် ရှင်းနဲ့ မခွဲနိုင်လို့"

"တိတ်စမ်း…မိုးဝသန်၊ မင်း မင်း လူမိုက် ငါ့ရဲ့ယုံကြည်မှုတွေကို အလွဲသုံးစားလုပ်တဲ့ကလေး၊ သွား သွားစမ်း သင်းမျက်နှာကို မကြည့်ချင်ဘူး အခုချက်ချင်း ဆွဲခေါ်ထုတ်ပြီး သူ့အခန်းထဲသော့ပိတ်ထားလိုက်စမ်း"

ဟင်…

ဘွားနှန်းဆီက ရူးရူးဝါးဝါး အမိန့်ပေးသံကြီးကြောင့် မိုးဝသန် မျက်လုံးကြီးတွေ ပြူးဝိုင်းသွားရ၏။

"လွှတ်"

"လွှတ်နော်"

"ကျွန်တော်မလိုက်ဘူး ရှင်းနဲ့ပဲနေမယ်၊ ရှင်း ရှင်းရေ"

မိုးဝသန် ရုန်းကန်နေမိသည်။

ကြမ်းပြင်လေးပေါ်တွင် တသိမ့်သိမ့် ငိုရှိုက်နေတဲ့ ရှင်းကို ကြည့်ပြီး မိုးဝသန် အပြေးလေး သွားနှစ်သိမ့်နိုင်ဖို့ မိုးဝသန် ရုန်းထွက်နေမိသည်။ သို့သော် မိုးဝသန်မလွတ်ပါ။ သန်မာတောင့်တင်းလွန်းသော လူသန်၊ လူထွားကြီးနှစ်ဦးရဲ့ ဖမ်းဆီးထိန်းချုပ်မှုအောက်တွင် ရုန်းမရဘဲ ရှိနေရသည်။

"ဘွားနှန်း ရှင်းကို မရက်စက်ပါနဲ့၊ ဝသန် ရှင်းကို ချစ်တယ် ဝသန်ဘဝမှာ ရှင်းမရှိလို့မဖြစ်ဘူး၊ လွှတ် လွှတ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်း"

"ရှင်းရေ"

မိုးဝသသနိတစ်ယောက် အော်ဟစ်ရန်းကန်တွန်းထိုးရင်း လူသန်ကြီးနှစ်ဦးရဲ့ ဆွဲခေါ်ရာနောက်သို့ ဒရွတ်တိုက်ပါသွား၏။

"အဟင့်…ဟင့်"

ရှင်းပီတိ ဝမ်းနည်းစွာ ရှိုက်ငိုမိသည်။

မောင့်ရဲ့ တောင်းပန်သံလေးတွေက ရှင်းရဲ့နားစည်ထဲ သံရည်ပူတွေနဲ့ လောင်းချသလိုပင် ပူလောင်နေခဲ့သည်။

ရှင်းသိပါသည်။

တစ်နေ့နေ့

တစ်ချိန်ချိန်ကြရင် အခုလိုအဖြစ်မျိုးတွေ ရင်ဆိုင်ကြုံတွေ့ရမည်ဆိုဟာ ရှင်း သိနေခဲ့ပါသည်။ မောင့်ကို ဒီခံစားမှုတွေ ခဏပေးချင်ပဲ မထင်မှတ်စွာ ပေးမိသွားရ၏။

မောင်…

မောင်ရယ်။

ရှင်းကို ခွင့်မလွှတ်ပါနဲ့ကွယ်။

ရှင်းဟာ…မောင်ချစ်သင့်တဲ့ မိန်းကလေးတစ်ယောက် မဟုတ်ပါဘူးမောင်။ ရှင်းက သိပ်မုန်းစရာကောင်းတဲ့ မိန်းကလေး တစ်ယောက်ပါကွယ်။

ဒါပေမယ့်…





ဒါပေမယ့် ရှင်း မောင့်ကို သိပ်ချစ်တယ်။

ရင်ထဲက နှလုံးသားတွေထဲမှာ နင့်နင့်သည်းသည်းကို ချစ်ခဲ့တာပါမောင်။ ရှင်းဘယ်လောက်ပဲ ဟန်ဆောင်ခဲ့ ဟန်ဆောင်ခဲ့ ရှင်း ဘယ်လိုပဲလိမ်ညာခဲ့ပါစေ မောင့်အပေါ် ချစ်ခဲ့တဲ့ အချစ်တွေက တကယ့်အချစ်စစ်တွေပါ။

"မောင်မုန်း"

"ဗျာ…မေမေကြီး"

"ဒီကောင်မကို ဆွဲထုတ်သွားစမ်း"

"ဗျာ"

"ဘာဗျာလဲ၊ ခြံထဲကနေ အခုချက်ချင်း ဆွဲထုတ်သွား လိုက်"

"ဟုတ် ဟုတ်ကဲ့ မေမေကြီး"

ဒေါ်တော်ဝင်နန်းဆီက တစ်ချက်လွှတ် အမိန့်ကျတာနှင့် ဒရိုင်ဘာ မောင်မုန်းတစ်ယောက် ရှင်းပီတိဆိုတဲ့ ကောင်မလေး အနားသို့ တိုးကပ်သွားကာ လက်မောင်းလေးတစ်ဖက်ကနေ ဆွဲမပြီး ထူလိုက်၏။

"ထတော့…ရှင်းပီတိ"

"အဟင့်…ဟင့်"

"အဟင့်…ဟင့်"

ရှင်းပီတိနေရာလေးကနေ ထရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထာဝရ ခွဲခွာရတော့မည်ဆိုသည့် အသိကြောင့် မောင်ရှိနေတဲ့ တိုက်ကြီးဆီ တချက်မျှ စောင်းငဲ့ကြည့်ပြီး ဒရိုင်ဘာမောင်အုန်းဆိုတဲ့ လူကြီးရဲ့ ခပ်ကြမ်းကြမ်း ဆွဲခေါ်မှုနောက်သို့ လိုက်ပါသွားမိ၏။

"သွားတော့ ရှင်းပိတိ"

ခြံပြင်ကိုရောက်တာနှင့် မောင်အုန်းက ရှင်းပိတိရဲ့ လက်မောင်းလေးကို လွှတ်ပေးကာ ခြံကြီးထဲပြန်ဝင်သွားပြီး ခြံတံခါးချပ်ကြီးကို ဝုန်းခနဲ ပြန်ဆွဲပိတ်သွားတော့သည်။

မောင်…

မောင်ရယ်။

ရှင်း…

မောင့်ကိုချစ်တယ်။

မောင်နဲ့ မခွဲနိုင်ပါဘူး မောင်ရယ်။

ဒါပေမယ့်…

ရှင်းသွားရတော့မယ် မောင်။

မောင့်ကိုထားပြီး ရှင်းထွက်သွားရတော့မယ်။

မောင်နဲ့အဝေးဆုံးကို ရှင်းသွားရတော့မယ် မောင်ရယ်။

"အဟင့်…ဟင့်"

ရှင်းပိတိ…

မောင်တို့ခြံကြီးထဲကို ငေးမောကြည့်ပြီး မျက်ရည်တွေ





တစ်ပေါက်ပေါက် စီးကျနေရပြီ။

အို…

ရှင်းပိတိရဲ့ မျက်ဝန်းအကြည့်လေးတစ်စုံက တိုက်အိမ်ကြီးရဲ့ ဝရန်တာလေးဆီအရောက်၊ နေရာလေးတစ်ခုတွင် ကိုခနဲရပ်တန့်သွားရတော့၏။

လူတစ်ယောက်…

ရှင်းပိတိရှိနေတဲ့ လမ်းမကြီးဆီသို့ ခပ်စူးစူးလေး ရပ်ကြည့်နေတဲ့ လူတစ်ယောက်။

ရှင်း…

တစ်ခါမှ မြင်တွေ့ခဲ့ဖူးခြင်းမရှိတဲ့ ထိုလူကြီးကို မျက်ရည်တွေကြားမှ ငေးမောကြည့်နေမိ၏။

ပြီးနောက်…

မျက်ဝန်းအကြည့်လေးကိုလွှဲကာ ကတ္တရာလမ်းမကြီးတစ်လျှောက် တသိမ့်သိမ့်ငိုရှိုက်ပြီး လှမ်းလျှောက်ကာ 'စံရိပ်မြုံ' ခြံကြီးနဲ့ဝေးရာသို့ တရွေ့ရွေ့ သွားနေမိတော့သည်။

မျက်ရည်လေးတွေက သူမ နင်းလျှောက်ရာ လမ်းမကြီးတက်သို့ တဖြုတ်ဖြုတ်ကြွေဆင်းလျက်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၁၈]

"သား…သားငယ်လေးရယ်"

ဒေါ်ဝေဝီခင် သားငယ်လေးရဲ့အဖြစ်ကိုကြည့်ပြီး ရင်နှင့်သွားရ၏။

သိပြီးပါပြီ။

သားငယ်လေးရဲ့ အဖြစ်တွေကို ယောက္ခမဖြစ်သူ ဒေါ်တော်ဝင်နှန်းဆီကနေ ကြားခဲ့ပြီးပါပြီ။ အလုပ်သမားကောင်မလေးနဲ့ ချစ်သူတွေ ဖြစ်နေကြတယ်တဲ့။ မယုံနိုင်စရာပါပဲ။ သားဟာ သူ့အဖေလို အစွဲအလမ်းကြီးလိမ့်မည်ဟု တစ်ခါမျှကို မစဉ်းစားခဲ့မိချေ။

အခုတော့…

ဦးသူတော်ရဲ့သား ပီသစွာပင် သားက အဖေ့ခြေရာအတိုင်း နင်းနေချေပြီ။ မိန်းကလေးတစ်ယောက်အတွက် ခေါင်းမထူနိုင်





လောက်အောင် အရက်တွေသောက်ထား၏။ သားရဲ့ အသည်းကွဲနေတဲ့ ပုံစံလေးကိုကြည့်ပြီး ဒေါ်ဒေဝီခင် သနားသွားမိ၏။

"ဝသန်"

"ဟင်…အင်း…ဘယ်…ဘယ်သူလဲ၊ ရှင်း…ရှင်းလား။ မောင့်ရဲ့ ရှင်းလား"

မူးမူးရူးရူးနှင့် ရှင်းပိတိကို တမ်းတနေ၏။

"မာမီပါ…သား"

"ဗျာ"

"သား…ဝသန်၊ ခေါင်းလေးထောင်ပြီး ကြည့်ပါဦး သားရယ်၊ မာမီ့ကိုတောင် မမှတ်မိတော့လောက်အောင်ပဲ သားရဲ့ အသိစိတ်တွေက ထွေပြားနေပြီလား"

"မာ…မာမီ"

"သားရယ်"

ဒေါ်ဒေဝီခင်…

သားရဲ့ ဆံနွယ်လေးများထဲသို့ လက်ချောင်းလေးများ ထိုးဖွကာ ပွတ်သပ်နှစ်သိမ့်ရင်း မျက်ရည်တွေစီးကျနေမိသည်။

"မာမီ…ငိုနေတာလား၊ မငိုပါနဲ့ဗျာ သားအတွက်နဲ့တော့ မာမီမငိုပါနဲ့၊ မာမီငိုတာကို သားမကြည့်ရက်ပါဘူး၊ တောင်းပန်ပါတယ် မာမီ၊ တောင်းပန်ပါတယ်ဗျာ၊ နိုင်ငံခြားကနေ သားကိုတွေ့ချင်လွန်းလို့ အရာအားလုံး စွန့်လွှတ်ပြီး ပြန်လာတဲ့ မာမီ့ကို အခုလို စိတ်ရှုပ်ထွေးစရာကောင်းတဲ့ ကြုံဆိုမှုတွေနဲ့ ဆီးကြိုခဲ့မိလို့ သား



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်ပါတယ်၊ ဒါပေမယ့် သား အရမ်းခံစားနေရတယ် မာမီ၊ ဘွားနန်းရဲ့ ရက်စက်မှုကို မထင်မှတ်ဘဲ ရရှိခဲ့လို့ ရင်တွေကွဲထွက် မတတ် ခံစားနေရတယ်ဗျာ၊ သားကို ခွင့်လွှတ်ပါ မာမီ၊ ရှင်းပီတီကို သိပ်ချစ်မိသွားတဲ့ သားရဲ့ရင်ထဲက နှလုံးသားဆန္ဒလေးကို မာမီခွင့်လွှတ်နားလည်ပေးပါနော်၊ သား ရှင်းပီတီကို မေ့နိုင်ဖို့ဆိုတာ အခုလိုလုပ်မှဖြစ်မှာမို့ပါ၊ ဆောရီးပဲ မာမီရယ်"

"သားရယ်"

ဒေါ်ဒေဝီခင် မျက်လုံးလေးမှေးစင်းကာ ခေါင်းလေး စိုက်ကျပြီး ရင်ထဲက ခံစားချက်တွေကို ဖွင့်ဟဝန်ခံကာ တောင်းပန် နေတဲ့ သားကိုကြည့်ပြီ မျက်ရည်မဆည်နိုင်လောက်အောင်ပင် ရှိနေရ သည်။

"မာမီ"

"ပြောလေ သား"

"မာမ့်ကို သားတစ်ခုလောက် မေးပါရစေ"

"မေးလေ သား"

"မာမီရော သားနဲ့ ရှင်းကို သဘောတူနိုင်ရဲ့လား"

"မိုးဝသန်ရယ်…ဒီမေးခွန်းကိုသားမို့ မာမီကိုမေးရက် တယ်၊ ဒေဝီခင်ဟာ ဘယ်လိုမိန်းမမျိုးလဲဆိုတာ သားမသိတာလဲ မဟုတ်ပဲနဲ့ကွယ်၊ လောကမှာ ဘယ်မိဘကမှ ကိုယ့်သားသမီးကို ကံကိုယုံပြီး ဆုးပုံကို နင်းဖို့မတိုက်တွန်းဘူးဆိုတာ မြဲမြဲမှတ်ထားလိုက် စမ်းပါ၊ မာမ့်ရင်ထဲ ဝင်ကြည့်စမ်း မာမ့်ရင်ထဲ ဒေါသမီးတွေ





ဘယ်လောက်ထိ တောက်လောင်နေလဲဆိုတာကိုပေါ့"

"ရပြီ မာမီ၊ ဒီလောက်ဆို သားသဘောပေါက်ပြီ"

"နေဦး သား၊ မာမ့်စကားမဆုံးသေးဘူး"

ဟင်…

မာမ့်စကားမဆုံးသေးဘူးတဲ့…

ရှင်းပီတီကို လက်ခံနိုင်ဘူးလို့ အတိအလင်းဝန်ခံလိုက်တဲ့ မာမ့်စကားက မိုးဝသန်အတွက် နောက်ထပ်မေးမြန်းစရာ မကျန် တော့လောက်အောင် ပြီးပြည့်စုံသွားတဲ့ စကားပဲ။ ဒီထက်ပိုပြီး ထပ်ဖြည့်စရာ မလိုတော့ဘူးလေ။

"ဒီမှာ…သား၊ မာမီဟာ ကိုယ့်မာန၊ ကိုယ့်ဂုဏ်သိက္ခာ ကိုယ့်အတ္တတွေနဲ့ တစ်သက်လုံး ဟန်ဆောင်ကောင်းကောင်းနဲ့ ရပ်တည်ပြနိုင်တဲ့ မိန်းမတစ်ယောက်လို့ ကိုယ့်ကိုကိုယ် အထင်ကြီး ခဲ့တယ်၊ သား ဒက်ဒီကို လက်ထပ်ခဲ့ချိန်မှာ သားဒက်ဒီရဲ့ရင်ထဲမှာ မာမ့် အတွက် ဘာအချစ်မှ ပါမလာပေမယ့်၊ ကြီးမြတ်တဲ့ ငွေတွေ၊ ဂုဏ်တွေနဲ့ မာမီ ရောင့်ရဲနိုင်လိမ့်မှာပဲဆိုပြီး ခွတ်တချွတ်ခေါင်းညိတ် လက်ခံခဲ့တယ်လေ၊ အဟင်း ဟင်း သိပါပြီ အရေးမပါလှပါဘူး ဆိုတဲ့ အချစ်ကို မင်းဒက်ဒီဆီက အောက်ကျခံပြီး မတောင်းဆိုဘူး ဆိုပြီး မာမ့်ဘာသာ ပျော်အောင်နေခဲ့တယ်၊ အချစ်မပါလည်း မာမီ အိမ်ထောင်ရေးကို တည်မြဲအောင် ထိန်းလို့ရတယ်ဆိုပြီး ကိုယ့်ကို ကိုယ် ယုံကြည်ထားခဲ့တယ်လေ"

မိုးဝသန်…



www.burmeseclassic.com

www.burmeseclassic.com



ကြေကွဲနင့်သည်းစွာ ရင်ဖွင့်နေတဲ့ မာမီကို တအံ့တသြ ငေးမောကြည့်နေမိသည်။

"ဒါပေမယ့်လည်းသားရယ်၊ မာမီ့ထင်မြင်ယူဆချက်တွေဟာ သိပ်ကိုမှားသွားခဲ့ပြီဆိုတာကို အခုတော့ နောင်တရစွာနဲ့ မာမီလက်ခံလိုက်ရတယ်ကွယ်၊ အရာရာမှာ ငွေတွေ၊ ဂုဏ်တွေထက် အချစ်ဆိုတာလည်း မရှိမဖြစ်လိုအပ်တယ်ဆိုတာကို မာမီနားလည်လိုက်တာသား၊ မင်းဒက်ဒီဆီက ဒီတစ်သက်အတွက် ဘယ်လိုနည်းနဲ့မှ ခံစားရရှိမှာ မဟုတ်တဲ့ အချစ်တွေအတွက် မာမီ့နှလုံးသားတွေ အသက်ရှင်လျက်နဲ့ သေဆုံးနေရသလိုပဲ ခံစားနေရတယ်၊ မာမီ နောက်ဆုတ်ချင်ပေမယ့် အရာရာဟာ လွန်သွားခဲ့ပြီ၊ နောက်ကျသွားပြီ၊ မာမီလက်လွှတ် ဆုံးရှုံးခဲ့ရသလိုပဲ မာမီရဲ့သား မိုးဝေသန့်ရဲ့ လက်ထက်မှာလည်း ဝဋ်ကြွေးကြီးစွာနဲ့ လက်လွှတ်ဆုံးရှုံးလိုက်ရတာကို မြင်ရတော့ မာမီဟာ သွေးပျက်မတတ် တုန်လှုပ်နေရပြီသား"

"မာမီ"

"ဟုတ်တယ် သား၊ သားရင်ထဲမှာ ခိုင်မာစွာတည်ငြိမ်နေတဲ့ ချစ်ခြင်းမေတ္တာတွေကို တွေ့မြင်နေရတဲ့အတွက် မာမီအနာရောဂါကို ပြန်ဝဦးစားသုံးသပ်ရတော့မယ်"

"ဟာ...ဟာဗျာ...ဒါ...ဒါဆို"

"ရှင်းပီတိကို မာမီအလိုမရှိပေမယ့် သားဘဝအတွက် မရှိမဖြစ် လိုအပ်နေတယ်ဆိုရင်တော့ မာမီလေ သားရဲ့အနာဂတ်လေး သာယာစိုပြေဖို့ လက်ခံသဘောတူပေးပါ့မယ် သားရယ်"





"မာမီ...မာမီရယ်၊ ဝမ်းသာလိုက်တာဗျာ ဝမ်းသာလိုက်တာ၊ ဒါ တကယ်ပဲလားမာမီ သားကို စာချော့တာ အိပ်မက်လှလှလေးတွေ ပေးနေတာတော့ မဟုတ်ပါဘူးနော်"

"တကယ်ပါ သားရယ်၊ မိဘဆိုတဲ့ အရှိန်အဝါသုံးပြီး ကိုယ့်သားရင်ထဲက အချစ်တွေကို အတ္တကြီးစွာနဲ့ တားဆီးချင်ပါဘူး၊ မာမီ့သားချစ်တဲ့ မိန်းကလေးက မာမီ့ချွေးမပါပဲသားရယ်"

"မာမီရယ် စိတ်သဘောထား ပြည့်ဝလိုက်တာဗျာ၊ ကျေးဇူးတင်ပါတယ်မာမီ၊ အခုလိုပြောပေးတဲ့အတွက် မာမီ့ကို သားကျေးဇူးတင်ပါတယ်ဗျာ။ ပြီးတော့ ဂုဏ်လည်းယူပါတယ် မာမီ၊ သားမှာ အခုလို တော်နားလည်တတ်တဲ့ အမေမျိုး ရှိခဲ့တဲ့အတွက် ဂုဏ်လည်းယူပါတယ်ဗျာ"

"ရှင်းပီတိကို ရှာခဲ့ပါသား၊ မာမီ့ဘက်က အချိန်အခါရွေး လိုက်လှဲနွေးထွေးစွာ ကြိုဆိုပေးပါ့မယ်"

"မာမီရယ်"

မိုးဝေသန့် မာမီ့ရင်ခွင်ထဲ ခေါင်းလေးတိုးဝင်ကာ အားကိုးတကြီး ဖက်တွယ်ထားလိုက်မိသည်။

ထင်မထားပါ။

မာမီ့ဆီမှာ အခုလို ပြတ်သားတဲ့ အယူအဆတွေရှိနေလိမ့်မယ်လို့ မိုးဝေသန့် ထင်မထားမိပါချေ။

"သားရယ်"

"မာမီ့ဘဝမှာ အရာအားလုံးကို ဆုံးရှုံးနေရသလို မိုး



www.burmeseclassic.com

www.burmeseclassic.com



နေရတာပါ၊ အဲ့ဒီဆုံးရှုံးမှုတွေထဲမှာ မာမီ့သား မိုးဝသသန့် မပါနေစေရဘူး၊ ဒါ မာမီရဲ့ဆုံးဖြတ်ချက်ပဲ"

"………"

"သားအပေါ်မှာ မာမီဟာ မိခင်တစ်ယောက်ရဲ့ ဝတ္တရားတွေ မကျေပွန်ခဲ့မိဘူးသား၊ ဒီတစ်ခါတော့ မာမီပြန်ပြီး ဖြည့်ဆည်းပေးဆပ်ပါ့မယ် မိုးဝသသန့်ရယ်"

"မာမီရယ်"

မိုးဝသသန့်

ဝမ်းသာနေမိသည်။

မာမီ့ဆီက အားပေးနှစ်သိမ့်လာတဲ့ စကားတွေဟာ သူ့ဘဝအတွက် တကယ့်ကို အကျိုးရှိတဲ့ အင်အားသစ်တွေပါပဲ။ ရှင်းပီတာကို ဒီခြံကြီးထဲကနေ မောင်းထုတ်လိုက်ပြီဆိုတဲ့ သတင်းလေးရပြီးကတည်းက သူ့ဘဝကြီးတစ်ခုလုံး အရောင်ကျသွားခဲ့တာပါ။ အခုတော့ မျှော်လင့်ချက် ရောင်ခြည်လေးတစ်မျှင်က စိန်းပိတ်အောင်မည်းမည်းမှောင်နေတဲ့ သူ့ဘဝထဲ ဖြာကျလာခဲ့ပြီ။

"ရှင်းကို တွေ့အောင်ရှာမယ်မာမီ၊ ရှင်းကို သားသိပ်ချစ်တယ်၊ ရှင်းသာမရှိရင် သားဘဝလည်း ရှိမှာမဟုတ်တော့ဘူး မာမီ"

"မာမိ နားလည်ပါတယ်ကွယ်"

"မာမီ"

"ပြောလေ သား"

"ဒက်ဒီကရော မာမီ"





"အဲဒါ မာမီမသိဘူးသား၊ သူ့ရင်ထဲက ဆန္ဒတွေကို မာမီစိတ်မဝင်စားဘူး မာမီ့သားအတွက် မာမီရပ်တည်ပေးမယ်၊ ဒါဟာ မာမီရဲ့ ဆုံးဖြတ်ချက်ပဲ"

"ဘွားနန်းကတော့ ကားမှာပဲ၊ အခုကိစ္စမှာ မာမီအပေါ် အထင်လွဲသွားနိုင်တယ်နော်၊ မာမီ ရင်ဆိုင်နိုင်ပါ့မလား"

"အဲ့ဒါ မာမီ့ကိစ္စပါ"

"ကျေးဇူးပဲ မာမီ၊ မာမီဟာ သားဘဝအတွက် တကယ့်ကို အားကိုးရတဲ့ သူရဲကောင်းတစ်ယောက်ပါပဲဗျာ၊ ဒေါ်ဒေဝီခင်ရဲ့ သားအဖြစ် ရှင်သန်ခွင့်ရတဲ့အတွက် သား တကယ်ကို ဝမ်းသာဂုဏ်ယူပါတယ်"

"ဒါပေါ့ သားရယ်၊ အဟင်း ဟင်း"

မာမီ့ရယ်သံညှင်းသွဲ့သွဲ့လေးက စမ်းချောင်းလေးတစ်ခု စီးဆင်းသံလေးလို နားထောင်ရတာ ကြည်မြပေစွ။

မိုးဝသသန့်

မာမီကိုမော့ကြည့်ကာ မာမီနည်းတူ ရယ်လိုက်မိသည်။

ဟား···ဟား။

ဟား··ဟား။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၁၉]

"ဂုဏ်ယူပါတယ်ရှင်း" လို့ လှိုက်လှိုက်လှဲလှဲ ရှင်းပီတီကို လက်ခွဲနှုတ်ဆက်ကာ ကြိုဆိုတဲ့ မေခွေရှေ့တွင် ဟန်ဆောင်ပြုံးလေးနဲ့တောင် နှုတ်မဆက်နိုင်လောက်အောင် ရှင်းပီတီရင်ထဲ ကြေကွဲဝမ်းနည်းနေမိသည်။

ရှစ်နှစ်တာနီးနီး စွန့်ခွာခဲ့ရသော ရှင်းရဲ့အခန်းလေးဆီကို ပြန်ရောက်လာခဲ့ရပေမယ့် ရှင်းရဲ့စိတ်တွေ ပျော်ရွှင်မနေခဲ့ပါ။

ကြည့်စမ်း…

မေမေက 'စံရိပ်မြုံ' ကို သွားရမယ်လို့ ရှင်းကိုပြောတုန်းက ဒီအိပ်ခန်းလေးကို စွန့်ခွာသွားရတော့မယ်ဆိုတဲ့ အသိနဲ့ ညလုံးပေါက် မအိပ်စက်နိုင်လောက်အောင် နှမြောတသစွာ ငိုကြွေးယ်





နေခဲ့တာလေ။

အခု…

ရှင်းစက်မောခဲ့တဲ့ အရာအားလုံးကို အရင်ကလိုပြန်ပြီး ပိုင်ဆိုင်ခွင့်ရခဲ့ပေမယ့် ပျော်ရွှင်ဝမ်းသာမနေတာ အံ့သြစရာပါပဲ။ ကျည်းမြောင်းလွန်းပြီး ဘာအဆောင်အယောင်မှ မရှိတဲ့ စံရိပ်မြုံခြံကြီးထဲက အလုပ်သမား တန်းလျားအိမ်လေးကို သတိရနေမိသည်။ မိုးစသသန်ဆိုတဲ့ ခပ်ညစ်ညစ်ကောင်လေးတစ်ယောက်ရဲ့ အနိုင်ကျင့်ဗိုလ်ကျဟန်ကလေးများကို ပြန်လည်မြင်ယောင်ကာ တမ်းတနေမိသည်။

ဘယ်လိုလုပ်ရမလဲ။

ရှင်း…

ဘယ်လိုလုပ်ရမလဲဟင်။

သိပ်ချစ်တယ်လို့ အရှိုးသားဆုံးဝန်ခံပြီး မိန်းကလေးတစ်ယောက်ဆိုတာ သိသိကြီးနှင့် ဖုံးကွယ်ကာ ခြံကျယ်ကြီးထဲဆက်နေခွင့်ပြုခဲ့တဲ့ မောင့်ကို ရှင်းပီတီ သတိတရ ရှိနေရသည်။

မောင့်ရဲ့ ချစ်စကားသံလေးတွေ၊ မွှတ်သိပ်တဲ့ အနမ်းလေးတွေကို အာရုံမှာ ခွဲမျှော်လို့မရအောင် ရှိနေရ၏။ မေမေ့ရဲ့ လောင်းနိုင်အောက်ကို ပြန်ရောက်လာတဲ့နေ့ကစပြီး ရှင်း အခန်းလေးထဲမှာ အောင်းပြီး ရင်ထဲက ဝေဒနာဆိုးကို ကြိတ်မှိတ်ခံစားနေရသည်။

"ဒေါက်…ဒေါက်"



www.burmeseclassic.com

www.burmeseclassic.com



အခန်းပြင်မှ တံခါးခေါက်သံကြောင့် ရှင်းပီတိ ခေါင်းလေး ဆတ်ခနဲ ထောင်မတ်သွားရ၏။

တစ်ခါတည်းသာ ခေါက်တတ်သော တံခါးခေါက်နည်း သုံးစွဲသူဟူ၍ ဒီတိုက်တစ်တိုက်လုံးတွင် မေမေသာရှိသည်မို့ အခန်းတံခါးရွက်လေးဆီသွားကာ ဖွင့်ပေးလိုက်မိသည်။

"ရှင်း"

"ဗျာ"

"အဟင်း…ဟင်း ဒါ စံရိပ်မြုံမဟုတ်တော့ဘူးလေ၊ ရှင်လို့ပဲ ပြောင်းထူးပါ"

"ဟုတ်ကဲ့ မေမေ"

ခေါင်းလေးညိတ်ကာ နာခံနေတဲ့ ရှင်းပီတိကိုကြည့်ပြီး ဒေါ်နှင်းဆီနီ ပြုံးလိုက်မိ၏။

"ရှင်း သိပ်ခံစားနေရလားဟင်"

"ရှင်"

"ကိုယ့်ချစ်သူကို မတူမတန်ပါဘူးဆိုပြီး ရက်ရက်စက်စက် အခွဲခံလိုက်ရလို့ သိပ်ပြီးဝမ်းနည်းနေလား ရှင်း"

"ဟို…ဟို"

"သိပါတယ် ရှင်းရင်ထဲမှာ ဘာတွေဖြစ်နေတယ်ဆိုတာ မေမေ နားလည်ပါတယ် ရှင်းရယ်"

"မေမေရယ်…ရှင်း…ရှင်း မှားသွားပါတယ်၊ နှလုံးသား





ခံစားချက်နောက်ကို ချက်ထန်းတာရွေလို့ လိုက်ချင်နေတဲ့ ပျော့ညံ့တဲ့စိတ်တွေအတွက် ရှင်းလေ…ရှင်း"

"ခင်ပါနဲ့ ရှင်းရယ်၊ ရှင်း ခင့်လိုက်ပါနဲ့၊ ဒါဟာ ငိုစရာ မဟုတ်ပါဘူး။ နာကြည်းစရာတွေပါရှင်း။ ကိုယ်ရှိခံစားလိုက်ရတဲ့ ကံကြမ္မာဟာ သူများတွေလို ခေါင်းမော့ရင်ကော့နိုင်တဲ့ ကံကြမ္မာမျိုး မဟုတ်ခဲ့ရတဲ့အတွက် နာကြည်းစရာတွေပါရှင်းရယ်၊ ငိုစရာ မဟုတ်ပါဘူး"

အို…

မေမေ ဘာတွေပြောနေတာလဲ။

ရှင်း…

ဘာမှနားမလည်ဘူး။

ရှင်းသိတာ အားပါးတရ ငိုချလိုက်ချင်တာပဲ။

"ရှင်း"

"ပြောပါ မေမေ"

"ရှင်း အားမငယ်ပါနဲ့၊ အခုလိုခံစားမှုမျိုး လောကဒီကမ္ဘာကြီးထဲမှာ ရှင်းပီတီဆိုတဲ့ မိန်းကလေးတစ်ယောက်တည်းကျမှ ရွေးကျရသလားဆိုပြီး ဝမ်းနည်းလိုက်ပါနဲ့၊ ရှင်း အခုလိုခံစားနေရသလို ရှင်းလိုပဲ ဟိုးလွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်တုန်းက အမျိုးသမီးတစ်ယောက်လည်း သွေးပျက်မတတ် ခံစားခဲ့ရဖူးတာပါ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ရှင်းပီတိ၊ အဲဒီလူဟာ ဘယ်သူလဲဆိုတာ ရှင်းသိတယ်မဟုတ်လားဟင်"

ရှင်းပီတိ

မေမေ့ရဲ့မေးခွန်းကို ချက်ချင်းပြန်မဖြေနိုင်ခဲ့ပါ။

"အဲဒါ ဒေါ်နှင်းဆီနီဆိုတဲ့ မေမေကိုယ်တိုင်ပဲ ရှင်းပီတိ"

"အို"

ရှင်းရဲ့မျက်ဝန်းလေးတွေ ပြူးဝိုင်းသွားရသည်။

ရှင်းရဲ့နှုတ်ခမ်းအိအိလေးတွေ ပိုင်းဟသွားရသည်။

မယုံကြည်နိုင်ခြင်း၊ အံ့သြခြင်း၊ စိုးရွံ့ထိတ်လန့်ခြင်းများစွာနှင့် မေမေ့မျက်နှာဆီ မော့ကြည့်လိုက်တော့ နာကြည်းရိပ်တွေနှင့် စိမ်းလက်နေသော မေမေ့မျက်ဝန်းအစုံကို ရင်ဆိုင်တွေ့လိုက်ရသည်။

"အဟင်း...ဟင်း ဒေါ်တော်ဝင်နန်း၊ ဒေါ်တော်ဝင်နန်း အခုချိန်ထိ ဂုဏ်တွေ၊ ငွေတွေ၊ ပကာသနတွေကို အတ္တကြီးစွာနဲ့ ဆုပ်ကိုင်ထားနေချင်တုန်းပဲကိုး၊ အသက်တွေ ဒီလောက်ကြီးတာတောင် တရားမရနိုင်သေးတဲ့ ဒေါ်တော်ဝင်နန်းပါလား၊ ဟင်း... ဟင်း"

မေမေ့ရယ်သံက ခြောက်ကပ်ကပ်နိုင်လှသည်။

မေမေ့ပုံစံက ဒဏ်ရာရသော ကျားတစ်ကောင်လို အငြိုးတကြီး လက်စားချေဖို့ ကြိုးစားနေသယောင် ရှိ၏။

"ရှင်းပီတိ"





"ရှင်"

"စံရိပ်မြုံကို ဘာကြောင့် မေမေသွားခိုင်းတာလဲဆိုတဲ့ အကြောင်းပြချက်ကို အရင်က မေးခဲ့ဖူးတယ်နော်"

"ဒါက"

"မေမေပြောပြမယ် ရှင်းပီတိ"

ဟင်...

မေမေပြောမယ်တဲ့။

ဆုံးဖြတ်ချက် ချထားဟန်ရှိသော မေမေ့ပုံစံက ရဲရင့်ပြတ်သားလွန်းနေ၏။ ရှင်းပီတိ စိတ်တွေ အလှုပ်ရှားကြီး လှုပ်ရှားနေရသည်။ မေမေ ပြောပြလာမယ့် အကြောင်းအရာတွေကို နားစွင့်ပြီး ရင်ခုန်သံတွေ မြန်နေရ၏။

"နှင်းနုလို့ အရင်ကခေါ်တဲ့ မေမေ့ဘဝအစ အသက်ဆယ့်သုံးနှစ်အရွယ်မှာ မိဘတွေ ဆုံးပါးသွားလို့ ခိုကိုးရာမဲ့နေတဲ့အချိန်ပေါ့၊ ဒေါ်တော်ဝင်နန်းတို့ဆီမှာ အိမ်အကူလုပ်ရတဲ့ အမျိုးသမီးကြီးရဲ့ ကျေးဇူးနဲ့ 'စံရိပ်မြုံ'ခြံကြီးထဲမှာ မှီခိုခွင့်ရခဲ့တယ်ရှင်း၊ အဲဒီအချိန်က ဒေါ်တော်ဝင်နန်းဆိုတဲ့ စံရိပ်မြုံပိုင်ရှင် သူဌေးမကြီးဆီမှာ သူတော်ဆိုတဲ့ ဆယ့်လေးနှစ်အရွယ် သားတစ်ယောက် ရှိနေခဲ့တယ်။

ပြောရရင်တော့ ငယ်ငယ်ထဲက ကစားဖက်လည်းဖြစ်၊ သံယောဇဉ်ကလည်းရှိကြတဲ့ နှင်းနုဆိုတဲ့ အိမ်ဖော်ကောင်မလေးနဲ့ သူတော်ဆိုတဲ့ သူဌေးသားလေးက အရွယ်လေးတွေ ရောက်တဲ့အခါ



www.burmeseclassic.com

www.burmeseclassic.com



မှာ စိတ်တွေပြောင်းပြီး ချစ်သူတွေဖြစ်ခဲ့ကြတယ်။

ကံကြမ္မာဆိုးလို့ပဲ ပြောရမလား၊ ရင်ခုန်စရာ နေ့တစ်နေ့လို့ သတ်မှတ်ရမလားမသိ ချစ်သူနှစ်ဦးက အချစ်နယ်တွေ ကျူးခဲ့ကြတယ်လေ''

ဘုရား…ဘုရား။

ရှင်း စိတ်ထဲကနေ ဘုရားကို ယောင်ရမ်းစွာပင် တမိသွားသည်။

''ဒေါ်တော်ဝင်နန်း သိတော့ မိုးမီးလောင်တာပေါ့၊ အဲဒီမှာတင် ဘူတော့်ကို တစ်ဖက်လှည့်နဲ့ ပြင်ဦးလွင်က ကော်ဖီစိုက်ခင်းတွေကို သွားဦးစီးဖို့ စေလွှတ်ပြီး သူတော်ထွက်သွားတာနဲ့ နှင်းနုကို ရက်ရက်စက်စက် ရိုက်နှက်ပြီး ခြံကြီးထဲကနေ အာင်းခွဲထုတ်ပြီး နှင်လွှတ်တော့တာပဲလေ၊ ဟင်း…ဟင်း ခြံထဲက ကားမောင်းသမား မောင်သန်းကိုလည်း ငွေတွေအများကြီးပေးပြီး အလုပ်ကဖြုတ် ပြီး သူ့ရွာမှာပဲ ယုပ်စားနိုင်းခဲ့တယ်။

သားဖြစ်တဲ့သူဆီကို ဖုန်းဆက်ပြီး နှင်းနုနဲ့ မောင်သန်းတို့ ခိုးပြေးသွားလေရဲ့လို့ သတင်းလွှင့်ပြီး ပြင်ဦးလွင်က ဘူဌေးသမီး ဒေဝီခင်နဲ့ အကင်းပေးစားခဲ့တယ်လေ''

''အို''

ရှင်းပီတိ ရင်ထဲ နင့်သည်းသွားရ၏။

''ဒေါ်တော်ဝင်နန်းက သူ့လုပ်ရပ်တွေကို ကျေနပ်အား၍





နေချိန်မှာ နှင်းနုကတော့ ကိုယ်ဝန်ကြီးတကားကားနဲ့ ဘဝကို မနည်းကြိုးစားရုန်းကန်ခဲ့ရတယ်၊ ဈေးဗန်းခေါင်းရွက်ပြီး အသက်ဆက်ရှင်နိုင်ဖို့ နေပူမရှောင် မိုးရွာမရှောင် ဆင်းရဲပင်ပန်းကြီးစွာ အလုပ်လုပ်ခဲ့ရတယ် ရှင်းပီတိ''

''မေမေရယ်''

''ဟင်း…ဟင်း အသည်းကွဲတဲ့ဒဏ်ရာ၊ ကဲ့ရဲ့ရှုံ့ချတဲ့ မျက်ဝန်းအကြည့်တွေကြားမှာ နှင်းနုနေထိုင်ခဲ့ရတာ ဘယ်လောက်တောင် ရင်နာဖို့ကောင်းသလဲ ရှင်းပီတိ၊ ကိုယ်ဝန်နွေ့စေ့လစေ့ကြီးနဲ့ ဈေးရောင်းရတဲ့ဒဏ်၊ အစားအသောက် ချို့တဲ့တဲ့ဒဏ်တွေကြောင့် အသက်က ငယ်ငယ်ရွယ်ရွယ် ရှိပေမယ့် ကလေးမွေးတော့ ကလေးက မီးတွင်းထဲမှာပဲ ဆုံးသွားတယ်လေ၊ နှင်းနုက အားနည်းပြီး အိပ်ရာကနေ မထနိုင်ခင်မှာပဲ ကလေးကို ရပ်ရွာက မြေမြှုပ်လိုက်ကြတယ်တဲ့၊ နှင်းနုကိုတော့ ကလေးမွေးမွေးချင်း ဆုံးတယ်လို့မပြောဘဲ ကလေးက ကျန်းမာရေးမကောင်းလို့ ကလေးဆေးရုံပို့ထားတယ်လို့ လိမ်ပြောကြတယ်''

''မေမေ…မေမေရယ်၊ အပ်ာင့်…ဟင့်''

ရှင်းပီတိ

မခံစားနိုင်တော့ပါ။ ဟန့်ဆောင်မကောင်းနိုင်တော့ပါ။ မေမေက မငိုပါနဲ့လို့ တားဆီးထားပေမယ့် ရှင်းပီတိ ထိန်းချုပ်နိုင်စွမ်းမရှိစွာပင် ငိုရှိုက်လိုက်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအချိန်မှာ နှင်းနုသိလိုက်တဲ့ အမှန်တရားက ငွေရှိရင် ဘာမဆိုဖြစ်တယ်ဆိုတာပဲ၊ လူကိုဂုဏ်ရှိစေတာလည်း ငွေပဲ၊ လူကိုအထင်ကြီးစေတာလည်း ငွေပဲလေ၊ ဟင်း…ဟင်း ဘယ်ရမလဲ ငွေကကိုယ့်ဆီ ရောက်မလာတော့ ငွေဆီကို ကိုယ်ကသွားရပြီပေါ့၊ ကိုယ့်ထက် အသက်တစ်ဝက်လောက်ကြီးတဲ့ လူချမ်းသာသူဌေးလူပျိုကြီးတစ်ယောက်နဲ့ အကြောင်းပါပြီး နှင်းနုဘဝ နေ့ချင်းညချင်းပဲ သူဌေးကတော် နှင်းနုဖြစ်ခဲ့တယ်၊ ဒါပေမယ့် နှင်းနုဆိုတဲ့နာမည်က လူတကာအနိုင်ကျင့်ဗိုလ်ကျ စော်ကားခံရတဲ့ နာမည်မို့လို့ နှင်းနုအစား ရဲရင့်တဲ့စိတ်နဲ့ သတ္တိ၊ ခွန်အားပြည့်နေတဲ့ နှင်းဆီနီဆိုတဲ့နာမည်နဲ့ ပြောင်းခဲ့တယ်"

"အဟင့်…ဟင့်"

"အဟင့်…ဟင့်"

"မေမေဟာ နှင်းဆီနီဆိုတဲ့ နာမည်ပြောင်းတဲ့နေ့မှာပဲ ကျိန်စာတစ်ခုကို ဆိုခဲ့တယ်၊ အဲဒါ နှင်းနုဆိုတဲ့ဘဝကို ဒဏ်ရာနက်နက်တွေ ထွေးခဲ့တဲ့ စံရိပ်မြုံမိသားစုကို ထိုက်တန်တဲ့ ပြစ်ဒဏ်ပေးဖို့ပဲ၊ ဒါကြောင့် မိုးဝသန်လက်ထက်မှာ အိမ်ဖော်တွေအားလုံးယောကျ်ားတွေချည်းပဲ ခန့်တော့တဲ့ စံရိပ်မြုံထဲကို ရှင်းပီတိဆိုတဲ့ မေမေ့ရဲ့ သမီးချောကို ယောကျ်ားလေးလို ပုံစံသွင်းပြီး ခိုးသွင်းခဲ့တာပဲ"

"အဟင့်…ဟင့်"





"အဟင့်…ဟင့်"

မေမေပြောပြနေတဲ့ အကြောင်းအရာလေးတွေကို နားထောင်ပြီး ရှင်း မေမေ့ရင်ထဲက နာကြည်းချက်တွေကို စာနာနားလည်နေမိသည်။ မေမေက ဘဝနဲ့ရင်းပြီး ဒုက္ခဆင်းရဲခြင်းတွေအားလုံး ပိုင်ဆိုင်ခဲ့ရတာကို။

"ရှင်းပီတိအပေါ် မေမေ မတရားခဲ့ဘူးဆိုတာသိပေမယ့် မေမေ အဖြစ်ချင်ဆုံး ဆန္ဒတစ်ခုကို ရအောင်ဖန်တီးခဲ့တယ်၊ အဟင်းဟင်း မေမေ့စိတ်ကူးတွေ ကောင်းလွန်းလို့ အခုဆိုရင် စံရိပ်မြုံကြီးထဲမှာ ငရဲကျနေပြီလေ၊ ဒေါ်တော်ဝင်နန်း ခေါင်းမီးတောက်နေပြီ၊ ဟင်း…ဟင်း တပြန် ဝဋ်လည်နေပြီ ရှင်းပီတိရဲ့"

"အဟင့်…ဟင့်"

"အခုဆို မိုးဝသန်လေ နေ့တိုင်းအရက်တွေမူးပြီး အသည်းကွဲတဲ့ဒဏ်ကို အကြီးအကျယ်ခံစားနေတယ်၊ အဟင်း…ဟင်း"

အို…

မောင်…မောင်က အရက်တွေ သောက်နေတယ်ဆိုပါလား။

မောင့်အကြောင်းလေးကို ကြားလိုက်ချိန်တွင် ရှင်းပီတိရဲ့ရင်တွေ အခုန်မြန်ဆန်သွားရပြန်သည်။ တကယ်ဆို မောင့်မှာ အပြစ်မှမရှိတာ။ မောင်က ဒေါ်နှင်းဆီနီနဲ့ ဒေါ်တော်ဝင်နန်းတို့ကြားမှာ



www.burmeseclassic.com

www.burmeseclassic.com



မြေဇာမြက်ဖြစ်ခဲ့ရသည်။

အဲဒီလိုပါပဲ…

ရှင်းကရော…

ရှင်းပီတိဆိုတဲ့ သူမကရော ဘာအပြစ်တွေရှိနေခဲ့လို့လဲ။

"ရှင်းပီတိကို တွေ့ချင်လွန်းလို့ ရန်ကုန်တစ်မြို့လုံး ပတ်ပြီး ရှာနေတယ်တဲ့လေ၊ အဟင်း…ဟင်း ဒီတစ်ခါတော့ သူတော်သားက သူတော်ထက် ခြေတစ်လှမ်းသာသွားပြီ၊ ရှင်းပီတိကို အဲဒီလောက်ထိ စွဲလမ်းသွားလိမ့်မယ်လို့တောင် ထင်မထားဘူး၊ လေးတော့ လေးစားစရာပဲ။ သူ့အဖေတုန်းက နှင်းနုကိုလိုက်ရှာဖို့ နေနေသာသာ အကြီးကျယ်ဆုံး၊ အခမ်းနားဆုံး မင်္ဂလာပွဲကြီး ကျင်းပပြီး ရှင်မြူးနေခဲ့တာလေ"

မောင်ရယ်။

ရှင်းပီတိကို လိုက်ရှာနေသတဲ့လားရှင်။

"ကောင်းတယ်…သိပ်ကောင်းတယ်၊ ရှာစမ်း သင်းကြိုက်သလောက်ရှာစမ်း၊ ရှင်းပီတိကို အလွယ်တကူနဲ့ ဘယ်တော့မှမတွေ့မြင်စေရဘူး၊ အသည်းကွဲနေစေရမယ်၊ နှလုံးသားကို အရက်ပြင်းပြင်းနဲ့စိမ်ပြီး သေလုမျောပါး ခံစားနေစေရမယ်၊ ဒါဟာ မေမေ အဖြစ်ချင်ဆုံးဆန္ဒပဲ"

မေမေရယ်…

နာနာကြည်းကြည်းလေး ကြုံးဝါးနေတဲ့ မေမေ့ကိုကြည့်ပြီး





မျက်ရည်တွေ တားစီးမရစွာ စီးကျလာရသည်။

"ရှင်ကွဲစမ်း အချစ်ဆုံးမြေးကိုကြည့်ပြီး ခံစားလိုက်စမ်း ဒေါ်တော်ဝင်နှမ်း ဒါဟာ ရှင် ပြန်ခံစားသင့်တဲ့ တန်ပြန်ခံစားချက်ပဲ ရှင် လက်ခံရမယ်၊ ဟား ဟား"

အို…

ရှင်း မကြားရဲစွာ နားလေးတွေကို ယောင်ရမ်းပိတ်ထား လိုက်မိသည်။

မေမေ…

မေမေရယ်…အငြိုးအတေးတွေ ကြီးလှချည်လားရှင်။

မေမေ့ရဲ့အချစ်တွေက အဆိပ်သင့်လိုက်တာ။ မေမေအရမ်းကို ပူလောင်နေမှာပဲနော်။ တစ်စုံတစ်ယောက်ကို နာကျင်မှုတွေ ခံစားစေဖို့ ကြိုးစားတယ်ဆိုတာ အဲဒီနာကျင်စေတဲ့ သူ့ရဲ့နှလုံးသားတွေ အရင်ဆုံး ပူလောင်မြိုက်အောင် ခံစားရပြီး ပေးနိုင်တယ်လို့ ကြားခဲ့ဖူးတယ်မေမေ။

မေမေလဲ…နှလုံးသားတွေ ပွဲကြွေမတတ် ခံစားနေရမှာပဲနော်။

ရှင်း

မေမေ့ကိုသနားလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၂၈]

"လက်မခံနိုင်ဘူးဒေဝီ၊ အခုကိစ္စကို မေမေလုံးဝ လက်မခံနိုင်ဘူး၊ ဒေါ်တော်ဝင်နန်းရဲ့ တစ်ဦးတည်းသောမြေးကို ဘာအခြေအမြစ်မှ မရှိတဲ့ မိန်းမတစ်ယောက်နဲ့ ကြည်ဖြူစွာ လက်ထပ်ပေးဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ဘူး"

ဒေါ်တော်ဝင်နန်းတစ်ယောက် သည်းခြေပျက်သူတစ်ယောက်လို မျက်လုံးပြူးကြီးတွေနှင့် ဒေါ်ဒေဝီခင်ကို စိုက်ကြည့်ကာ စူးစူးဝါးဝါး ထအော်၏။ ဒေါ်ဒေဝီခင်မမှုပါ။ သားအတွက်အရာအားလုံးကို ရင်ဆိုင်ဖို့ ဆုံးဖြတ်ထားမိသည်။

သားခံစားနေရတာကို ဒေါ်ဒေဝီခင် လုံးဝမကြည့်ရက်။

ပြီးတော့...





ဘာမဟုတ်တဲ့ ကိစ္စတစ်ခုနဲ့ တသက်လုံး နာကြည်းနေမှာလဲ မလိုလားနိုင်ပါ။ အချိန်တန်လို့ မိမိမလိုလားမနှစ်သက်တဲ့ မိန်းမတစ်ယောက်ကို ဇွတ်အတင်း လက်ထပ်ပေါင်းသင်းလျှင်လည်း ဘာမှမတတ်နိုင်။ မိမိကမှ သားကို မပစ်ပယ်နိုင်တာ။ ထိုအခါကျလျှင် ချွေးမကပြုရဦးမည်။

ဒေါ်တော်ဝင်နန်းရဲ့ဘဝမျိုး ဒေါ်ဒေဝီခင် အားမကျပါဘူး။ တစ်စက်ကလေးမှ စိတ်အေးချမ်းမှုမရဘဲ အတ္တတွေနှင့် ပူလောင်နေသည်။ ဒါကို မိမိလက်ထက်တွင်ရော မိမိသား မိုးဝသန်ရဲ့အနာဂတ်မှာပါ မရှိစေချင်တော့။

အားလုံးကို အဆုံးသတ်ချင်နေပြီ။

ဒါကို ဒေါ်တော်ဝင်နန်းက ခါးခါးသီးသီးပင် ကန့်ကွက်နေ၏။

"ညည်း ရူးနေပြီလား ဒေဝီခင်။ ကိုယ့်သားသမီးကို ပြီးပြည့်စုံနေတဲ့ ဘဝထဲကနေ ရက်ရက်စက်စက် ဆွဲထုတ်ဖို့ ကြိုးစားတာ မိုးဝသန်ရဲ့ မအေမှဟုတ်ရဲ့လား။ ဘယ်မိဘမဆို သားသမီးကို ဆင်စီးမြင်းရံတာပဲ မြင်ချင်ကြတာအေ့ ဆင်နင်းပြီး မြင်းကန်တာကို ဘယ်သူမှ မမြင်ရက်ကြဘူး။ ဒါကို ညည်းကမြင်ရက်တယ်ဆိုတာ အံ့သြစရာပဲ"

"မေမေ ဒေဝီက ဘယ်လောက်ပဲတားတား မိုးဝသန်က ရှင်းပီတီကိုပဲ ချစ်နေတာလေ၊ ရှင်းပီတီကြောင့် သားခံစားနေရ



www.burmeseclassic.com

www.burmeseclassic.com



တာကို ဒေဝီဘယ်လိုနှလုံးသားနဲ့ ဒီအတိုင်း လက်ပိုက်ကြည့်နေမလဲ မေမေ”

“ကြည့်နေသင့်ရင်တော့ ကြည့်ရမှာပဲ ဒေဝီခင်၊ ဒါက ဘဝတစ်သက်တာလုံးနဲ့ သက်ဆိုင်တဲ့ အရေးအေ့”

“ဒေဝီ သားကိုသနားတယ် မေမေ”

“တော်စမ်းပါ ဒေဝီခင်ရယ်၊ ညည်းချစ်တယ်ဆိုတာ ငါ အိပ်နေသလောက်ပဲ ရှိမှာပါ။ မိုးဝသသန့်ရဲ့ အနာဂတ်ကို အခုလို စတေးပြီး ချစ်ပြတာမျိုးတော့ လုံးဝမလုပ်နိုင်ဘူး”

“မေမေ”

ထိုတားဆီးသံသည် ဒေါ်ဒေဝီခင်ဆီမှ ထွက်လာသော အသံမဟုတ်ပါ။ တစ်ချိန်လုံး ပွဲကြည့်ပရိတ်သတ်တစ်ယောက်လို ထိုင်ကြည့်နေတဲ့ ဦးသူတော်ထံမှ ထွက်လာခြင်းပဲဖြစ်သည်။

တဆိတ်တော့…

မေမေဟာ လွန်ကျူးနေပါပြီ။

မိမိတုန်းကလည်း အခုလိုပဲ အတ္တကြီးစွာနဲ့ မေမေ အဝင်းအကြပ် လုပ်ခဲ့ဖူးသည်။ သူ့အချစ်တွေကို အလေးမထားစွာ နှလုံးသားတွေ အပိုင်းပိုင်းအစစဖြစ်အောင် မေမေခြွေခဲ့ဖူး၏။ တော်လောက်ပါပြီ။ အဲ့ဒီလောက် ရက်စက်ရရင်ပဲ မေမေ တော်သင့်နေပါပြီ။

သားရဲ့ နုနယ်ပျိုမျစ်တဲ့ ခံစားချက်လေးတွေကို မိမိလို





အဆိပ်မသင့်စေချင်တော့ပါ။ သားကို သူချစ်တဲ့ မိန်းကလေးနဲ့သာ ဘဝတစ်သက်တာလုံး ပျော်ပျော်ရွှင်ရွှင်ပဲ နေထိုင်သွားစေလိုတော့သည်။

“ဘာလဲ သူတော်၊ မင်းကလည်း ငါဟာအမြဲတမ်း သွေးအေးအေးနဲ့ ရက်စက်တတ်တဲ့သူဆိုပြီး စွပ်စွဲဦးမလို့လား”

“သား တောင်းပန်ဖို့ပါမေမေ”

“ဘာကွ”

“မေမေ့ကို တောင်းပန်ချင်လို့ပါ၊ မိုးဝသန်ဟာ မေမေ့အပေါ် စိတ်ပျက်အောင် လုပ်ခဲ့တယ်ဆိုတာ သိပါတယ်၊ ဒါဟာ ကျွန်တော်တို့ရဲ့ ညံ့ဖျင်းမှုကြောင့်ပါမေမေ၊ မိဘတွေဖြစ်ပြီး သားအပေါ်မှာ ဝတ္တရားကျေအောင် မပေးဆပ်နိုင်ခဲ့ကြဘူးလေ၊ အဲ့ဒီ့အတွက် ဝသန်က ချို့ယွင်းချက်ရှိခဲ့တယ်၊ သားကိုနိုင်အောင် မဆုံးမနိုင်ခဲ့တဲ့ ကျွန်တော်တို့ကို မေမေ ခွင့်လွှတ်မှားလည်းပေးပါနော်၊ အခုအချိန်မှာ သားရဲ့ ယုံကြည်လေးစားမှုနဲ့ ချစ်ခြင်းတွေကိုရဖို့ဆိုတာ သားအပေါ် ဖြည့်စွမ်းနိုင်သမျှ သားစိတ်ကိုင်းကျ ဖြည့်ဆည်းပေးနိုင်မှ ဖြစ်မှာပါ အဲ့ဒါကြောင့် အခုကိစ္စကို မေမေ့ဘက်က အလျှော့ပေးဖို့ တောင်းပန်ပါတယ်ဗျာ”

“တိတ်စမ်း သူတော်၊ မင်းပါးစပ်ကို ပိတ်ထားလိုက်စမ်း၊ အပေါင်း ပေါင်း မင်းတို့နှစ်ယောက်က အခုကိစ္စမှာတော့ အတိုင်အဖောက် ညီနေကြတယ်ပေါ့လေ”



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ မေမေ"

"ဘာလဲ ဒေဝီခင်"

"အခုကိစ္စဟာ မိုးဝသဿန်ဆိုတဲ့ ဒေဝီသားရဲ့ ဘဝတစ်သက်လုံးနဲ့ သက်ဆိုင်နေတဲ့အတွက် မေမေဘက်က အလျှော့ပေး နောက်ဆုတ်ပေးပါ"

"ဘာပြောတယ်"

"သားက ရှင်းပီတိကို လိုအပ်နေတာမေမေ၊ အခုတောင် မေမေ့မြေး ဘယ်လောက်ထိ ရူးသွပ်နေလဲဆိုတာ မေမေ သိရဲ့လား၊ ဘယ်ဆီမှာနေမှန်း၊ ဘယ်နေရာမှာတွေ့ရမှာမှန်း မသေချာမရေရာပဲနဲ့ ရှင်းပီတိဆိုတဲ့ ကောင်မလေးကို တွေ့ရဖို့ တစ်မြို့လုံး ပတ်ပတ်ရှာနေတာ တစ်ပတ်တိတိရှိသွားပြီမေမေ"

ဟင်…

ဒေါ်တော်ဝင်နန်းမသိပါ။

မြေးဝသဿန်လေးနဲ့ မဆုံရတာ စိတ်ကောက်ပြီး ပုန်းရှောင်နေလို့ဟု ထင်ထားတာလေ။ အခုတော့ ရှင်းပီတိကို နေ့တိုင်း မြို့ထဲပတ်ပတ်ပြီး လိုက်ရှာနေတာတဲ့။ ဒါကို ဒေါ်တော်ဝင်နန်း လုံးဝမသိခဲ့ရချေ။

မြေးဝသဿန်က အရင်ကလို ဒေါ်တော်ဝင်နန်းဆီသို့ လာမတွေ့တော့။

ရှင်းပီတိကို ကိုယ်ထိလက်ရောက် ရိုက်နှက်မှုကို





အကြောင်းပြုကာ ဖွားအေဖြစ်သူနှင့် မျက်နှာချင်းဆိုင် အဆုံမခံဘဲ ရှောင်နေခဲ့သည်။

"ဒါဟာ သာမန်အစွဲအလမ်းတစ်ခု မဟုတ်ဘူးမေမေ"

"အဲဒါ ဘာ..ဖြစ်လဲ ဒေဝီ၊ အဲဒီလောက်လေး ခံစားပြရုံနဲ့ တို့က အလျှော့ပေးလက်မြှောက်ပြီး အိမ်ဖော်မလေး ရှင်းပီတိလက်ထဲကို ကျုပ်တို့က ထိုးအပ်ရတော့မှာတဲ့လား"

"ဒါပေမယ့်"

"တော်တော့…ဒေဝီခင်၊ ကျုပ် လုံးဝလက်မခံဘူး၊ အထူးသဖြင့် ရှင်းပီတိလို မိန်းကလေးတစ်ယောက်ရဲ့ လက်အောက်မှာ အရှုံးပေးလိုက်ရမှာကိုပေါ့၊ တားရမယ် ဒေဝီခင်၊ ကျုပ်ကတော့ ရအောင်ကိုတားမှာ"

ဒေါ်တော်ဝင်နန်းရယ်။

အခုချိန်ထိ မာနတွေ၊ အတ္တတွေနဲ့ ရှင်သန်နေချင်တုန်းပဲလားရှင်။

ကံကြမ္မာဆိုတာ

ကိုယ်ဖြစ်ချင်သလို၊ ကိုယ်အလိုရှိသလို ပြောင်းလဲစေခိုင်းချင်လို့မှ မရတာ။ ဒါဟာ မိုးဝသဿန်ရဲ့ ကံကြမ္မာပါပဲ ဒေါ်တော်ဝင်နန်းရယ်။ ဒါကို ရှင်လက်ခံပေးလိုက်ပါ။

မြေးကို တကယ်ချစ်တယ်ဆိုရင် မြေးသိပ်ချစ်နေတဲ့ ရှင်းပီတိဆိုတဲ့ ကောင်မလေးကို လက်ခံကြည်ဖြူလိုက်ပါလား



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တော်ဝင်နန်းရယ်။

မိုးဝသသန့်တစ်ယောက်မှာလည်း အိမ်တော်ထိန်းကြီး အဘ ထေပေးလိုက်တဲ့ ဖုန်းနံပါတ်လေးအတိုင်း အဆက်အသွယ်လုပ်ကာ ပွဲစားဒေါ်ကြွေကို လိုက်ရှာနေမိသည်။ ကံကောင်းစွာပင် ထိုအိမ်သို့ ဒေါ်ကြွေလာတတ်ကြောင်း သတင်းရကာ အိမ်လိပ်စာလေးကို မိုးဝသသန့် ရရှိခဲ့သည်။

ဒေါ်ကြွေကိုတွေ့မှ…

ရှင်းပီတိ ဘယ်မှာရှိနေသလဲဆိုတဲ့ အဖြေကို သိရမှာလေ။

မိုးဝသသန့် ပွဲစားဒေါ်ကြွေ မကြာမကြာလာတတ်သည့် အိမ်လေးရှေ့တွင် နေ့စဉ်ရက်ဆက် သွားသွားပြီး စောင့်ကြည့်နေမိ၏။ သို့ပေမယ့် ဒေါ်ကြွေကို မတွေ့ရသေးပါချေ။

ရှင်းရယ်…

မင်းဘယ်မှာလဲကွာ။

မောင့်ဘဝလေးထဲကို မထင်မှတ်စွာနဲ့ တိုးဝင်လာတဲ့ မင်းလေးကို မောင်ဘယ်လိုမှ မေ့ဖျောက်လို့မရတော့ဘူးချစ်ရယ်။

မောင့်ဆီကို ပြန်လာပါကွာ။

မောင့်ကို ရှင်း တကယ်ချစ်ခဲ့တယ်ဆိုရင် ပြန်လာခဲ့ပါ ရှင်းရယ်။

မောင် တောင်းပန်ပါတယ်ဗျာ။

မိုးဝသသန့်…





ရင်ထဲကနေ တီတီတာဆိတ်လေး တမ်းတနေမိသည်။ အကြိမ်ကြိမ်အခါခါ ဆုတောင်းနေမိသည်။ သို့သော် သူ့ဆုတောင်းလေးတွေက မပြည့်ပါ။ မိုးလင်းကနေ ညမိုးစုန်းစုန်းချုပ်သည့်တိုင်အောင် စောင့်သော်လည်း တစ်နေ့တာသာ ကုန်ဆုံးသွားရသည် ချစ်သူလေးရှင်းပီတိရဲ့ သတင်းအစအနလေးကိုတောင် သိရခြင်းမရှိစွာပင် ပြန်ပြန်ခဲ့ရသည်။

ဒီနေ့ရာလေးကိုရောက်တာ ဒီနေ့ပါနှင့်ဆိုလျှင် ရက်ပေါင်း ခုနစ်ရက်တိတိ ပြည့်မြောက်ခဲ့ချေပြီ။

သို့သော်…

မိုးဝသသန့် စွဲမလျှော့မိပါ။

နောက်ဆုတ်လှည့်ပြန်ဖို့ စိတ်ကူးမရှိခဲ့ပါချေ။

စောင့်နေမိသည်။

ဒေါ်ကြွေဆိုတဲ့ အိမ်ကို အလုပ်သမားများလာလာပို့ပေးတတ်တဲ့ ပွဲစားမကြီးကို စောင့်နေမိ၏။

ယုံကြည်နေပါသည်။

တစ်နေ့နေ့…

တစ်ချိန်ချိန်မှာတော့ သူ့ရဲ့ ပြင်းပြတဲ့ချစ်ခြင်းမေတ္တာကြောင့် ရှင်းနဲ့ ပြန်လည်ဆုံတွေ့ရလိမ့်မည်ဟု သူ့ကိုယ်သူ ယုံကြည်နေမိသည်။

ပေါ်…



www.burmeseclassic.com

www.burmeseclassic.com



ကျို။

ကားဖြတ်မောင်းသံနှင့်အတူ ကားဘရိတ်အုပ်လိုက်သံကြောင့် မိုးဝသသန် ခေါင်းလေး ဆတ်ခနဲ ထောင်မတ်သွားရှာ၏။ တက္ကစီကားပြာလေးတစ်စီး ဒေါ်ကြွေကြီးလာလာတည်းခိုတတ်သည်ဆိုသည့် အိမ်ရှေ့တွင် ထိုးရပ်သွားတာမို့လည်း မိုးဝသသန် ပို၍စိတ်ဝင်စားသွားရ၏။

မိုးက တစ်စတစ်စချုပ်ကာ ညအမှောင်ရိပ်ပင် ကြီးစိုးနေပြီ။ လမ်းမီးတိုင်းမှ အလင်းရောင်ကို အားကိုးကာ ထိုကားလေးပေါ်က ဆင်းသက်လာမည့်လူကို စောင့်ကြည့်နေမိသည်။

ကားလေးရပ်သွားပြီး သိပ်မကြာခါ ကားတံခါးချပ်လေး ပွင့်ပြီး ကားပေါ်မှ အမျိုးသမီးကြီးတစ်ယောက် ဆင်းလာတာ တွေ့ရသည်။

ဟာ…

ဒါ…ဒါ ဒေါ်ကြွေပဲ။

ဟုတ်တယ်။

ရှင်းပီတီဆီကို တစ်နှစ်တစ်ကြိမ် လာလာတွေ့တတ်တဲ့ ဒေါ်ကြွေပဲ။

မိုးဝသသန်…

စိတ်အလှုပ်ရှားကြီး လှုပ်ရှားသွားရသည်။ မျှော်လင့်ချက်ကြီးစွာ စောင့်မျှော်နေမိတဲ့ လူတစ်ယောက်ကို မထင်မှတ်ဘဲ သွား





ခနဲ တွေ့လိုက်ရသည့်အတွက် ဝမ်းသာပျော်ရွှင်သွားရှာ၏။

မိုးဝသသန်…

ကားလေးထဲကနေ ကပျာကယာ ဆင်းလိုက်၏။

ထိုစဉ်…

ဒေါ်ကြွေ ငှားလာသော အငှားကားတက္ကစီလေးက မောင်းထွက်သွားပြီး ဒေါ်ကြွေက ခြံဝိုင်းလေးထဲသို့ အထုပ်တွေဆွဲပြီး ဝင်ဟန်ပြုနေချေပြီ။

"ဒေါ်ကြွေ"

မိုးဝသသန် ဝမ်းသာအားရ လှမ်းခေါ်လိုက်မိသည်။

ခေါ်သံကြားတော့ ဒေါ်ကြွေက လှည့်ကြည့်၏။

"ဒေါ်ကြွေ…ကျွန်တော် မိုးဝသသန်လေ၊ စံရိပ်မြုံခြံက မိုးဝသသန်ပါ၊ ဒေါ်ကြွေ မှတ်မိတယ်မဟုတ်လားဟင်"

"သြော်…အေး ဒါနဲ့ ဘာကိစ္စရှိလို့လဲကွဲ့ ဒီအချိန်ကြီးကျမှ"

"ကျွန်တော် ဒေါ်ကြွေကို တွေ့ချင်လို့ စောင့်နေတာ တစ်ပတ်ကိုတိရှိနေပြီ ဒေါ်ကြွေ"

"ဟေ"

ဒေါ်ကြွေ မျက်နှာပေါ်မှာ အံ့သြရိပ်တွေက အတိုင်းသားဖြစ်နေရှာ၏။

"ကျွန်တော် ရှင်းပီတီကို တွေ့ချင်လို့ပါ ဒေါ်ကြွေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်"

"ရှင်းပီတိ ဘယ်မှာရှိနိုင်သလဲဆိုတဲ့ အဖြေကို ဒေါ်ကြွေ တစ်ယောက်တည်းပဲ ဖြေနိုင်မှာမို့ မျှော်လင့်ချက်ကြီးစွာနဲ့ စောင့်နေခဲ့တာပါ၊ ကျေးဇူးပြုပြီး ပြောပြပေးပါနော်"

"မောင်ရင်က ဘာကြောင့်သိချင်တာလဲ"

"လက်ထပ်ဖို့ပါ"

"ဘယ်လိုကွဲ့"

"ရှင်းဘဝလေးကို ကျွန်တော့်ရဲ့ အချစ်တွေနဲ့ ပျော်ရွှင်ချမ်းမြေ့စေဖို့ သိချင်နေတာပါ ဒေါ်ကြွေ၊ ဒေါ်ကြွေ ပြောပြပါနော်"

"စိတ်မကောင်းပါဘူးကွယ်၊ ဒေါ်ကြွေ မပြောပြနိုင်ပါဘူး"

ဟင်

ပြတ်သားစွာပင် လေသံခပ်အေးအေးနှင့် ငြင်းပယ်ချလိုက်တဲ့ ဒေါ်ကြွေကို ကြည့်ပြီး မိုးဝသသန် အံ့သြတုန်လှုပ်သွားရ၏။

"ရှင်းပီတိက အခုဆိုရင် အရင်ကလို သူများအိမ်မှာ ခိုကပ်နေပြီး သူများခိုင်းသမျှ လုပ်ပေးရတဲ့သူတစ်ယောက် မဟုတ်တော့ဘူး မောင်ရင်၊ သူဌေးမကြီး ဒေါ်နှင်းဆီနီရဲ့ အမွေစားအမွေခံ သမီးတစ်ယောက်ဖြစ်နေပြီ မိုးဝသသန်၊ ဒါကြောင့် ရှင်းပီတိရဲ့ ဘဝလေး အေးချမ်းနေတာကို မဖျက်ဆီးချင်ပါနဲ့ကွယ်၊ မင်းပြန်ပါတော့"

ဟာ





သူဌေးမကြီး ဒေါ်နှင်းဆီနီရဲ့ မွေးစားသမီးတဲ့။

မိုးဝသသန် ချက်ဝန်းညိုကြီးတွေက ပြူးဝိုင်းသွားရသည်။

သူထင်ထားတာက ရှင်းဟာ ဘယ်လိုမှ အဆင်ပြေပြေနဲ့ ရပ်တည်နိုင်မှာမဟုတ်တဲ့ ကောင်မလေးတစ်ယောက်လို့သာ။ ခုတော့ ရှင်းဘဝလေးက မထင်လောက်အောင် အပြောင်းလဲကြီး ပြောင်းလဲနေချေပြီ။

"ရှင်းပီတိက သူဌေးသမီးလေး ဖြစ်နေပြီ မိုးဝသသန်၊ ဒါကြောင့် အပျော်သဘောနဲ့တော့ မင်းမနှောင့်ယှက်ပါနဲ့ကွယ်၊ စံရိပ်မြိုက ပေးလိုက်တဲ့ဒဏ်ရာတွေက သူ့နှလုံးသားကို နာကျင်နေစေတုန်းပဲ မိုးဝသသန်၊ ဒီလောက်ဆို တော်လောက်ရောပေါ့ကွယ်၊ မင်းတို့ ကျေနပ်သင့်ပါပြီ"

"မဟုတ်ဘူး ဒေါ်ကြွေ၊ ရှင်းကိုတွေ့ချင်တာ အပျော်သဘောနဲ့ မဟုတ်ရပါဘူးဗျာ၊ ကျွန်တော့်ဘဝထဲမှာ ရှင်းမရှိတော့ရင် ဘယ်လိုမှ ရပ်တည်နိုင်တော့မှာမဟုတ်လို့ ရှင်းပီတိဆိုတဲ့ ကောင်မလေးကို ရှာနေခဲ့တာပါ ဒေါ်ကြွေ၊ ရှင်းပီတိကို ဟောဒီ ရင်ထဲအသည်းထဲကနေ နှင်သည်းနေအောင် ချစ်မိလို့ ရှာနေခဲ့တာပါဗျာ၊ ရှင်းရှိနေမယ့် နေရာလေးကို ပြောပြပါ ဒေါ်ကြွေရယ်"

ဒေါ်ကြွေက…

အစပိုင်းတော့ ရှင်းပီတိရဲ့ လိပ်စာလေးကို ပေးဖို့ အကြိမ်ကြိမ်အခါခါ ငြင်းဆိုနေပါသေးသည်။ သို့သော် မိုးဝသသန်က ကတိ



www.burmeseclassic.com

www.burmeseclassic.com



တွေ အထပ်ထပ်ပေးကာ တောင်းပန်လွန်းမက တောင်းပန်လိုက်ချိန်တွင်တော့ ဒေါ်ကြွေတစ်ယောက် မငြင်းပယ်နိုင်တော့ဘဲ လိပ်စာလေးတစ်ခုကို နှုတ်တိုက်ရေရွတ်ပြတော့သည်။

သိပါပြီ။

ရှင်းပီတိဆိုတဲ့ မိုးဝဿန် ချစ်သူလေးရှိနေတဲ့ နေရာလေးကို မိုးဝဿန် သိလိုက်ရပါပြီ။

အံ့သြခြင်း၊ မယုံကြည်နိုင်ခြင်း၊ ဝမ်းသာပျော်ရွှင်ခြင်းတို့နှင့်အတူ ဒေါ်ကြွေကို ထိုင်ကန်တော့ကာ တရိုတသေ နှုတ်ဆက်ပြီး သူ့ကားလေးပေါ်တက်ကာ နေရာလေးကနေ ဝေါခနဲနေအောင် ပြန်မောင်းထွက်လိုက်မိတော့သည်။



အခန်း [၂၁]

"မေမေကြီး...အောက်ထပ်မှာ ဧည့်သည်တွေရောက်နေကြပါပြီရှင်"

အိမ်ဖော်ကောင်မလေး မိလုံး၏ အသိပေးသံကြောင့် နှင်းဆီနီတစ်ယောက် စိတ်လှုပ်ရှားကာ အသားလေးတွေပင် တဆတ်ဆတ်တုန်သွားရသည်။

ရောက်နေကြပြီတဲ့။

သူတို့တွေ ရောက်လာကြပြီတဲ့လေ။

မိုးဝဿန်အတွက် ရှင်းပီတိကို တောင်းရမ်းပေးဖို့ လူကြီးချင်းတိုင်ပင်ဆွေးနွေးရအောင် နှင်းဆီနီဂေဟာကြီးထဲကို ရောက်နေကြပြီတဲ့လေ။



www.burmeseclassic.com

www.burmeseclassic.com



ဟင်း…ဟင်း။

ဟင်း…ဟင်း။

ဒေါ်နှင်းဆီနီတစ်ယောက် ဘဲဥပုံ မှန်တင်ခုံမှန်ချပ်ကြီး ရှေ့တွင်ထိုင်ကာ အလှပြင်ရင်း တစ်ယောက်တည်း သဘောတွေ အကျကြီးကျကာ ရယ်ပစ်လိုက်မိတော့၏။ ဒီနေ့ဒီရက်ကို ရောက်ဖို့ ဒေါ်နှင်းဆီနီ ဘယ်လောက်ထိ စောင့်မျှော်ခဲ့ရပါလိမ့်။ ဘယ်လောက်ထိ အစီအစဉ်တွေ ကျကျနနဖြစ်အောင် ရေးဆွဲခဲ့ရပါလိမ့်ဆိုတာ မိမိကိုယ်တိုင်အသိဆုံးပဲ ဖြစ်သည်။

ဘဝတစ်သက်တာလုံး မက်ချင်နေခဲ့တဲ့ အိပ်မက်ကို ဒေါ်နှင်းဆီနီ မက်ခွင့်ရခဲ့ပြီ။

ဒေါ်တော်ဝင်နန်း။

အခုတော့…

နှင်းနုဆီကို ရှင်ကြီးကိုယ်တိုင် ရောက်လာခဲ့ပြီပေါ့လေ။

ဟင်း…ဟင်း။

အတွေးလေးနှင့်အတူ ဒေါ်နှင်းဆီနီတစ်ယောက် တဟင်းဟင်း ရယ်လိုက်မိတော့သည်။

ရှင်းပီတိမှာလည်း အောက်ထပ်မှာ မောင်နဲ့အတူ မောင့်မိဘတွေပါလိုက်ပြီး ရှင်းကို မြတ်မြတ်နိုးနိုး တောင်းရမ်းလက်ထပ်ဖို့ ရောက်နေကြပြီဆိုတဲ့ သတင်းလေးကြောင့် ထခုန်မိမတတ် ဝမ်းသာပျော်ရွှင်သွားရသည်။





မောင်…

မောင်ရယ်။

ရှင်းကို အဲဒီ့လောက်တောင်ပဲ ချစ်ရသလားရှင်။

မောင့်ရဲ့အချစ်တွေဟာ အဲဒီလောက်တောင်ပဲ ကြီးမားနေရသတဲ့လား မောင်ရယ်။ မနေ့ညက ဒေါ်ကြီးကြွေဆီက ဖုန်းလှမ်းဆက်ပြီး မေမေနဲ့ ပြောဆိုနေသံကို ကြားရသည်။ မောင်က ရှင်းပီတိ ဘယ်မှာရှိနေသလဲဆိုတာကို သိချင်လို့ ဒေါ်ကြွေနေတဲ့အိမ်လေးဆီ မိုးလင်းကနေ မိုးချုပ်တဲ့အထိ နေ့တိုင်းလာလာစောင့်နေသတဲ့လေ။ မောင်က ရှင်းပီတိကို တော်တော်လေး စွဲလမ်းနေတာတဲ့။

ဒါနဲ့ပဲ…

ဒေါ်ကြွေက အိမ်လိပ်စာကို ပေးလိုက်ပြီတဲ့လေ။ မောင်တို့ မိသားစုတွေ နှင်းဆီနီဂေဟာကို ရောက်လာနိုင်သည်ဟု ကြိုတင် သတိပေးလာ၏။ မေမေကတော့ သဘောတွေ အကျကြီးကျနေ၏။ မောင့်ကိုလည်း ချီးမွမ်းနေသံကို ရှားရှားပါးပါး ကြားခဲ့ရသည်။

မောင်က…

သိပ်ပြီးသတ္တိကောင်းတဲ့ ယောကျ်ားတစ်ယောက်ပဲတဲ့လေ။

အချစ်အတွက် တကယ့်သူရဲကောင်းလေးပဲတဲ့။

မေမေ့နှုတ်ကနေ ကအံ့တသြ ချီးမွမ်းသံကြားရတာဟူ၍ ဒီတစ်ကြိမ်သာ ရှိခဲ့ဖူးသည်။ ရှင်း မောင့်အပေါ် ပို၍ပင် လေးစားသွားမိသည်။ မောင်က တကယ့်ကို မာနကင်းတဲ့ သူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ပါပဲ။ ရှင်းအပေါ်ထားခဲ့တဲ့ အချစ်တွေက မာနကင်းကာ တကယ့်ကို ရိုးသားဖြူစင်နေခဲ့သည်။

မောင့်ရဲ့မြင့်မြတ်တဲ့ ချစ်ခြင်းမေတ္တာတွေကို သိရလေလေ ရှင်းပီတိ ပို၍တုန့်လှုပ်ချောက်ချားရလေလေ ဖြစ်ရ၏။ စိတ်ထဲမှာ မလုံမလဲ ဖြစ်ရသည်။

တကယ်တော့ ရှင်းက မောင့်အပေါ် အများကြီး ဟန်ဆောင်လိမ်ညာခဲ့ဖူးသူလေ။ ဘယ်တုန်းကမှလည်း မောင့်အပေါ် ရိုးသားမှုမရှိခဲ့။ ဒါတွေကို မောင်တစ်ယောက် ဘာမှမသိခဲ့ချေ။

ကံကြမ္မာအရ မောင်နဲ့ဆုံရတာထက် မေမေ့ရဲ့ အကွက်ကျကျ စီစဉ်မှုအောက်မှာ လှုပ်ရှားခဲ့ခြင်းကြောင့် မောင့်အနားကို ရောက်ခဲ့ခြင်းဖြစ်သည်။ ဒါကို မောင်မသိပါ။ ရှင်းပီတိရဲ့အချစ်တွေ မောင့်အပေါ် ရာနှုန်းပြည့်ရိုးသားခြင်း မရှိခဲ့တာကို မောင် လုံးဝမရိပ်မိခဲ့ပါချေ။

ဒါတွေကို မောင်သာသိရင် ရှင်းကို အခုလို ဆက်ပြီးချစ်နေနိုင်ပါဦးမလား။

အပြုံးအတေးကြီးတဲ့ မေမေ ဒေါ်နှင်းဆီနီရဲ့ စေခိုင်းမှုကြောင့်ဆိုတာသိရင် ရှင်းကို အရိုးစွဲအောင် မောင် မုန်းတီးသွားကျင်သွားမှာ သေချာသည်။

အို…

အတွေးလေးနှင့်အတူ ရှင်းပီတိ ရင်ကလေး ထိတ်သွားရ





၏။

ပျော်နေတဲ့ အပျော်လေးတွေ ကွယ်ပျောက်သွားရသည်။ ဝမ်းနည်းကြေကွဲမှုလေးတွေက ရုတ်ခနဲ ရင်မှာဖြစ်တည်ကာ မျက်ရည်ကြည်လေးများပင် ဝဲတက်သွားရသည်။ ရင်ထဲက နှလုံးသားလေး တဆစ်ဆစ်နာကျင်စူးရှသွားရ၏။

ကိုယ့်ဘဝကိုယ် မပိုင်ရသော ရှင်းပီတိအတွက် အခုလို အဖြစ်ဆိုးကြီးတွေနဲ့ ရင်ဆိုင်ရတာ သိပ်တော့ မဆန်းကြယ်လှပါဘူးလေ။

မေမေ့ကျေးဇူးတွေကို ရှင်း မေ့ဖျောက်လို့မရ။

ပေးဆပ်ချင်ပါသည်။

မေမေ့ဆန္ဒတွေအားလုံး ဖြည့်ဆီးချင်ပါသည်။

မေမေက…

ရှင်း အခုလို လူတစ်လုံးသူတစ်လုံးဖြစ်အောင် မွေးကင်းစအရွယ်လေးကတည်းက ကျွေးမွေးစောင့်ရှောက်ခဲ့တာလေ။ ရှင်းဘဝရဲ့ ကယ်တင်ရှင်ပေါ့။ ဒါကြောင့် မေမေ့ကို ရှင်း သိပ်ချစ်သည်။

“ဒေါက်…ဒေါက်”

တံခါးခေါက်သံလေးကြောင့် ရှင်းပီတိ မျက်ရည်လေးများကို ကပျာကယာ သုတ်လိုက်မိသည်။

ကျွီ…။

တံခါးချပ်လေးကို ဖွင့်ပြီး လှမ်းမော့ကြည့်တော့ အခန်းဝ



www.burmeseclassic.com

www.burmeseclassic.com



မှာရပ်နေတဲ့ မေမေ့ကို တွေ့ရ၏။

လှလိုက်တာ။

ကျက်သရေရှိလိုက်တာ။

အမြဲတမ်းလိုလိုပင် တွေ့မြင်နေကျဖြစ်သော်လည်း ဒီကနေ့ တွေ့မြင်လိုက်ရတဲ့ မေမေနှင်းဆီနီရဲ့ အလှက´ တကယ့်ကို ပြီးပြည့်စုံကာ လက်ညှိုးထိုးထောက်ပြစရာ တစ်စက်မျှမရှိအောင်ပင် ရှိနေခဲ့သည်။

"ရှင်း"

"မေမေ"

"ဒီနေ့ည မေမေတို့ အောင်ပွဲခံကြရအောင်"

"ရှင်"

"အောက်မှာ ရှင်းပီတိကို မိုးဝသုန်နဲ့ လက်ထပ်ပေးစားချင်ပါတယ်ဆိုပြီး မေမေ့ဆီမှာတောင်းဆိုဖို့ ဒေါက်တာဝင်းနန်းတို့ ရောက်လာကြပြီလေ၊ ဟင်း…ဟင်း ဒါဟာ ရှင်းပီတိဆိုတဲ့ အိမ်စေမလေးမဟုတ်ဘဲ ဒေါ်နှင်းဆီနီရဲ့ အမွေစားအမွေခံသမီးဖြစ်သွားလို့ ရောက်လာကြတာ၊ 'နှင်းဆီနီဂေဟာ'ပိုင်ရှင်ကြီးဆီကို တောင်းရမ်းရမှာမို့လို့ ဝမ်းသာအားရ ရောက်လာကြတာ ရှင်းရဲ့၊ ဟင်း…ဟင်း"

ရှင်း

မေမေ ဘာကိုပြောချင်နေမှန်း ချက်ချင်းရိပ်မိလိုက်၏။

"ဒေါ်နှင်းဆီနီဆိုတာ တစ်ချိန်က အိမ်စေမလေး နှင်းနု





ဆိုတာ ဒေါက်တာဝင်းနန်း မြင်လိုက်ရင် ဟင်း…ဟင်း သေချာတယ် ရှင်း နေရာမှာတင် ရှော့ဝင်သွားနိုင်တယ်"

"………"

"ကဲ…သွားကြရအောင်ရှင်း၊ အနှစ်နှစ်ဆယ်ကျော်လုံးလုံး ရှုံးနိမ့်ခဲ့ရတဲ့ မိန်းမတစ်ယောက်ရဲ့ မာနနဲ့ ဘဝအတွက် ထိုက်တန်တဲ့ ပေးလျော်မှုတစ်ခုကို ရယူဖို့ အောက်ထပ်ကို ဆင်းကြရအောင်"

ပြောလည်းပြော လှုကလည်း ရွှင်လန်းတက်ကြွစွာဖြင့် ခါးလေးချိ၊ ရင်လေးကော့၊ ခေါင်းလေးမော့ပြီး နေရာကနေ ချာခနဲ နေအောင် ထွက်ခွာသွားတဲ့ မေမေ ဒေါ်နှင်းဆီနီ (ခေါ်) ဒေါ်နှင်းနု ကိုကြည့်ပြီး သက်ပြင်းမောကြီးကိုသာ ချလိုက်မိတော့သည်။

ဒေါက်တာဝင်းနန်းတစ်ယောက်မှာဖြင့် နေ့ချင်းညချင်းဆို သလို ပြောင်းလဲသွားသော ကံကြမ္မာကို အံ့သြမဆုံးအောင် ရှိနေရ သည်။

ကြည့်စမ်း…

ရှင်းပီတိကို မွေးစားလိုက်တဲ့ သူဌေးမကြီးရဲ့ နှင်းဆီနီ ဂေဟာကြီးက စံရိပ်မြုံထက်ပင် ကြီးကျယ်ခမ်းနားထည်ဝါလွန်းနေ သည်။

ဒီလောက်ဆိုရင်တော့ မြေးလေးမိုးဝသုန်အတွက် စိတ်ဖြေ သိမ့်လို့ရသေး၏။ အရင်အခြေအနေကတော့ ဘယ်လိုမှပင် လက်ခံ စဉ်းစားမပေးနိုင်ပေ။ သူများအိမ်မှာ ခိုကပ်နေရတဲ့အိမ်စေလေး။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို သဘောတူကြည်ဖြူရလောက်အောင် ဒေါ်တော်ဝင်နန်း မရှုံးသွပ်သေးပါ။

"ဘွားနန်း"

"ဟေ"

"ဘယ်လိုအကြောင်းမျိုးပဲရှိရှိ သည်းခံခွင့်လွှတ်ပြီး ညှိနှိုင်းပေးပါနော်"

လုပ်ပြီ။

မြေးကတော့ အခုကတည်းက မတော်ရသေးတဲ့ ယောက္ခမလောင်းကို စိတ်အငြိုအငြင်လေးပင် မဖြစ်စေချင်ဘဲ အားလုံးထက် ဘွားအေကိုပဲ အမိကသတိပေးနေ၏။

"နော်…ဘွားနန်း"

"အေးပါကွယ်…စိတ်ချပါ၊ မင်းကတော့လေ တကယ်ပါပဲ စစ်မရောက်ခင် မြားကုန်နေပြီ၊ စိတ်မပူပါနဲ့ မြေးရယ်၊ စံရိပ်မြုံဆိုတာ နာမည်တစ်လုံးနဲ့ ရပ်တည်နေတဲ့သူပါ၊ မြေးထင်သလောက် စိုးရိမ်စရာမရှိပါဘူး"

"ဝသန် စိတ်ပူလို့ပါ"

ဟွန်း…။

ဒေါ်တော်ဝင်နန်း မျက်စောင်းလေးက မြေးချောလေး မိုးဝသန်ဆီသို့ ဒိုင်းခနဲ ရောက်သွား၏။ မြေးအဘွား ရန်စောင်နေပုံလေးကိုကြည့်ပြီး သားနဲ့ချွေးမက ရယ်နေ၏။





မိုးဝသန်လည်း အဘွားကိုကြည့်ပြီး ရယ်နေလိုက်သည်။

ဒေါ်ကြွေကြီးဆီက ဆက်သွယ်ရမည့် လိပ်စာနှင့် ဖုန်းနံပါတ်လေးကို ရကတည်းက ဘယ်လိုမှ မအောင့်အီးနိုင်လှစွာပင် သူအဆက်အသွယ်လုပ်မိသည်။ ရှင်းပီတိရဲ့ချစ်သူအဖြစ် ဖုန်းထဲမှာ ကိုယ့်ကိုယ်ကို မိတ်ဆက်ကာ တွေ့ဆုံခွင့်လေးတောင်းမိ၏။

ဒေါ်နှင်းဆီနီတဲ့။

သဘောကောင်းပုံရသော ဒေါ်နှင်းဆီနီက ရှင်းပီတိအတွက် လက်ခံစဉ်းစားပေးမယ့် လူကြီးတွေပါ ညှိနှိုင်းရအောင် တစ်ပါတည်းခေါ်လာခဲ့ပါဆို၍ ဘွားနန်းရော ဖေဖေနဲ့မေမေကိုပါ တစ်ခါတည်းခေါ်ပြီး ချိန်းဆိုထားသည့်အတိုင်း ရောက်လာခဲ့မိ၏။

အစကတော့…

ရှင်းရှိနေတဲ့ နှင်းဆီနီဂေဟာကို သာမန်လောက်ပဲ တွက်ထားခဲ့တာပါ။ အခုတော့ ထင်တာထက်ပင် ပိုပြီးခမ်းနားလွန်းနေသည်။

သူ…

ဝမ်းသာသွားမိသည်။ ရှင်းရဲ့ဘဝလေး လှပတင့်တယ်စွာ ရှင်သန်ခွင့်ရတာလေးကို မြင်လိုက်ရချိန်တွင် သူ့ အရမ်းကိုဝမ်းသာ ပျော်ရွှင်သွားရသည်။

ကျေးဇူးတင်ပါတယ် ဒေါ်နှင်းဆီနီရယ်။

ရှင်းဘဝလေးကို ကယ်တင်ပေးခဲ့တဲ့အတွက် သိပ်ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



တင်ပါတယ်ပျာ။

“အဟမ်း”

ချောင်းဟန့်သံတစ်ခုကြောင့် အားလုံးရဲ့ မျက်ဝန်းအကြည့် စူးစူးတွေက အသံလာရာဆီသို့ ဆတ်ခနဲ ရောက်သွားကြ၏။

“ဟင်”

“ဟာ”

အာမေဍိတ်သံ အသီးသီးထွက်သွားရသူတွေက ဒေါ်တော်ဝင်နန်းနဲ့ သားဖြစ်သူ ဦးသူတော်။

“အဟင်း…ဟင်း စောင့်နေတာကြာသွားပြီနော်၊ အားနာလိုက်တာ”

စူးရှတဲ့ မျက်ဝန်းတွေက ဒေါ်တော်ဝင်နန်း ခန္ဓာကိုယ်ပေါ်သို့ ဆတ်ခနဲ ကျလာ၏။ အသက်ရှူမှားလောက်အောင်ပင် ရင်တစ်ခုလုံး မွန်းကြပ်ဆို့နင့်ကာ ဘာစကားသံမှပင် မထွက်နိုင်ဘဲ ရှိနေရသည်။

သင်း…

သင်းက နှင်းနုပဲ။

နှင်းဆီနီဟာ နှင်းနုပါပဲလား။

ဘုရား…ဘုရား။

အရှင်လတ်လတ် ငရဲပြည်ရောက်နေရသလို ဒေါ်တော်ဝင်နန်းတစ်ယောက် သွေးပျက်တုန်လှုပ်ချောက်ချားနေရသည်။ ရှက်စိတ်တို့ မွန်ထူကာ အသားလေးတွေပင် တဆတ်ဆတ်တုန်နေရသည်။





သားဖြစ်သူဆီ လှမ်းကြည့်တော့ ဆို့နင့်ကြေကွဲကာ ခေါင်းလေးငိုက်ကျသွားတာ မြင်လိုက်ရသည်။

သွားပြီ။

မိမိ လှလှပပကြီး နှင်းနုရဲ့ ထောင်ချောက်ထဲ ခေါက်ထိုးမိုးမျှော် ကျဆင်းသွားရချေပြီ။ ဆိုဖာပေါ် ကြွကြွရွရွလေး ခြေချိတ်ထိုင်နေတဲ့ နှင်းနုကိုကြည့်ပြီး စိတ်အလှုပ်ရှားကြီး လှုပ်ရှားနေရ၏။ ဒေါ်တော်ဝင်နန်းရဲ့ မျက်နှာထားလေးက စောစောကလို ပြုံးပျော်ရွှင်မနေတော့ပါ။ မာနတွေ၊ ဒေါသတွေနှင့် ပြည့်သိပ်ကာ မျက်နှာထားကြီးက တင်းမာခက်ထန်သွားရသည်။

“ဒေါ်နှင်းဆီနီထင်တယ် ကျွန်မက မိုးဝသန်ရဲ့မိခင် ဒေါ်ဒေဝီခင်ပါ၊ ဒါက ကျွန်မခင်ပွန်း ဦးသူတော်”

အွန့်…။

ကျွန်မခင်ပွန်းဆိုတဲ့ အသုံးအနှုန်းကြောင့် နှုတ်ခမ်းသားလေး မဲ့ကွေးစွာပြုံးနေသည့် ဒေါ်နှင်းဆီနီတစ်ယောက် မျက်နှာလေး ကွက်ခနဲ ပျက်သွားရသည်။ ဒေါ်ဒေဝီခင်စကားက ရင်ဝသို့ အရှိန်ပြင်းစွာ လာရောက်ထိမှန်သော လက်သီးချက်တစ်လုံးလိုပင်။

“ဒါကတော့ မိုးဝသန်ရဲ့အဘွား ဒေါ်တော်ဝင်နန်း”

“ကျွန်မသိပါတယ်”

“ရှင်”

ဒေါ်နှင်းဆီနီရဲ့ စကားကြောင့် ဒေါ်ဒေဝီခင် မျက်လုံးပြူးသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်တော်ဝင်နန်းဆိုတာ စံရိပ်မြုံခြံကြီးရဲ့ ပိုင်ရှင်သူဌေး မကြီးဆိုတာ လူကုံတန်အသိုင်းအဝိုင်းမှာ နာမည်ကြီးပြီးသားပါ"

"ဩော်…ဟုတ်ကဲ့"

"ဒါနဲ့ လာရင်းကိစ္စက"

"ဒီလိုပါ ဒေါ်နှင်းဆီနီ၊ ကျွန်မတို့သား မိုးဝသသန်က ဒေါ်နှင်းဆီနီရဲ့သမီး ရှင်းပီတိကို မေတ္တာသက်ဝင်နေပါတယ်၊ အဲဒီ့အတွက် မင်္ဂလာကိစ္စစီစဉ်ဖို့"

"နေပါဦး…နေပါဦး မင်္ဂလာကိစ္စစီစဉ်ဖို့လို့ ပြောရအောင် ရှင်တို့သားနဲ့ သဘောတူပါတယ်လို့ ပြောသေးလို့လား ဒေါ်ဒေဝီခင်"

"ရှင်"

"ဟာ"

"အို"

မထင်မှတ်စွာ ဒေါ်နှင်းဆီနီထံမှ ကြားလိုက်ရသော စကားလေးကြောင့် ချစ်သူလေး ရှင်းပီတိရဲ့ မျက်နှာလှလှလေးကို ခိုးကြည့်ကာ အပျော်ကြီး ဝမ်းသာပျော်ရွှင်နေတဲ့ မိုးဝသသန်တစ်ယောက် အသက်ရှူမှားကာ ရင်တစ်ခုလုံး အောင့်မျက်သွားရသည်။

"မိုးဝသသန်ကို ကျွန်မ မှာလိုက်တုန်းက မင်းအိမ်ကလူကြီးတွေကို တွေ့ချင်လို့ ခေါ်ခဲ့ပါလို့ပဲ မှာခဲ့တာပါ၊ မင်းနဲ့ပေးစားဖို့ မင်္ဂလာကိစ္စ ဆွေးနွေးရအောင်လို့ မမှာခဲ့ပါဘူး၊ ဟုတ်တယ်မို့လား မောင်မိုးဝသသန်"





"အန်တီနှင်းဆီနီ ဒါ…ဒါက"

"ဝမ်းနည်းပါတယ် မောင်မိုးဝသသန်၊ မင်းနဲ့ရှင်းကို လုံးဝ သဘောမတူနိုင်ပါဘူး၊ ရှင်းပီတိရဲ့ ခန္ဓာကိုယ်ပေါ်က အရိုးရာတွေကို ကြည့်ပြီး စိတ်မကောင်းလွန်းလို့ အဲဒီလောက်တောင် ညှဉ်းပင်းရက်စက်တတ်တဲ့ အလုပ်ရှင်သူဌေး ရှိသေးလားဆိုတာ တွေ့ချင်လို့ ခေါ်ခိုင်းလိုက်တာကွဲ့"

"ဗျာ"

"လူ့အခွင့်အတန်း၊ လူ့ဂုဏ်သိက္ခာ၊ လူ့လောကရဲ့ စောင့်သိရမယ့် သစ္စာတရားတွေကို မထောက်ညှာဘဲ စာနာစိတ်ကင်းလွန်းတဲ့ ရှင်းပီတိရဲ့ အလုပ်ရှင်ကို မြင်ဖူးထားချင်ရုံသက်သက်ပါ၊ အဟင်း…ဟင်း"

အမလေး…။

ကြည့်စမ်း…ကြည့်စမ်း။ သင်းကများ ငါ့ကို စော်ကားချင်တိုင်း စော်ကားနေတယ်။ အိမ်ဖော်မ အစုတ်ပလုတ်ကများ ပခုံးချင်းယှဉ်လို့။

ဒေါ်တော်ဝင်နန်း

ရင်ထဲမှာ ဒေါသဖြစ်ကာ အကြီးအကျယ်ပေါက်ကွဲနေရသည်။ စိတ်ရှိလက်ရှိ ထသောင်းကျန်းလိုက်ချင်စိတ်ကို မနည်းကြိုးထိန်းချုပ်ထားရ၏။ ချွေးမက ရှိနေသည်။ ဒေဝီခင်က နှင်းနုဆိုတဲ့ မိန်းကလေးနှင့် သားသူတော်တို့ ငြိစွန်းခဲ့ဖူးသည်ဆိုတာသာ သိထားပြီး နှင်းနုကို တစ်ခါမျှ မမြင်ဖူးခဲ့ချေ။



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီနီဆိုတာ တစ်ချိန်က အိမ်ဖော်မလေး နှင်းနုဆိုတာ ဒေဝီခင်မသိ။

ဒါကြောင့်…

သားဖြစ်တဲ့ မိုးဝသန် စိတ်ချမ်းသာဖို့အတွက်ပဲ စိတ်အားတွေ ထက်သန်နေခဲ့သည်။

"တောင်းပန်ပါတယ် ဒေါ်နှင်းဆီနီ၊ ဒါက မတော်တဆ"

"ဘာရှင်…မတော်တဆဟုတ်လား၊ ခန္ဓာကိုယ်တစ်ခုလုံး ရစရာမရှိအောင် ရိုက်နှက်ပြီး ခြံထဲကနေ ဆွဲထုတ်နှင်ချခဲ့တာ မတော်တဆလား ဒေါ်ဒေဝီခင်၊ ရှင်တို့သားနဲ့ မတူပါဘူး မတန်ပါဘူးလို့ ပြောပြီး မောင်းထုတ်ခဲ့တာလေ၊ ဘာလဲ ဒေါ်ဒေဝီခင် အခုတော့ ရှင်းပီတိဆိုတာ သူများအိမ်မှာ ခိုကပ်ပြီးနေရတဲ့ အိမ်ဖော်မလေး တစ်ယောက် မဟုတ်ဘဲ နှင်းဆီနီဂေဟာပိုင်ရှင် သူဌေးမကြီးရဲ့သမီး ဖြစ်နေလို့ သဘောတွေတူပြီး ပြန်လာတောင်းရမ်းကြတာလား"

"ကျွန်မ…ကျွန်မ"

"ဒီမှာ ဒေါ်ဒေဝီခင် ရှင်မြဲမြဲမှတ်ထားစမ်းပါ၊ ရှင်းပီတိဆိုတဲ့ ကျွန်မသမီးနဲ့ ရှင့်သား မိုးဝသန် လုံးဝသဘောမတူနိုင်ဘူးဆိုတာပဲ"

"ဒေါ်နှင်းဆီနီ ကျွန်မ တောင်းပန်ပါတယ်၊ သားက ဒီကလေးမလေးကို သိပ်ချစ်တာပါ၊ သားဘဝမှာ ရှင်းပီတိ မရှိလို့ မဖြစ်ပါဘူး၊ ဒါကြောင့် လက်ခံစဉ်းစားပေးပါ ဒေါ်နှင်းဆီနီရယ်၊ အဲဒီ့အတွက် ကျွန်မဘက်က ဘယ်လိုပဲ ပေးဆပ်ရပေးဆပ်ရ





ရှင်ကျေနပ်အောင် ပေးဆပ်ပါ့မယ်ရှင်"

မာမီရယ်။

မျက်နှာငယ်လေးနှင့် ခြေသလုံးဖက်မတတ် ဒေါ်နှင်းဆီကို တောင်းပန်နေတဲ့ မာမီ့ကိုကြည့်ပြီး မိုးဝသန်ရင်တစ်ခုလုံး လှိုက်ခနဲကာ ဝမ်းနည်းကြေကွဲသွားရသည်။

"ဆောရီးပဲ…ဒေါ်ဒေဝီခင်၊ ရှင့်ကိုတော့ အားနာပါတယ်၊ ဒါပေမယ့် ရှင်နဲ့ ရှင့်သားနှစ်ယောက်ကလွဲပြီး ကျွန်မရဲ့သမီးလေး ရှင်းပီတိကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုမယ့်သူမရှိတဲ့ စံရိပ်မြုမိသားစုထဲ ဘယ်လိုနည်းနဲ့မှ မထိုးထည့်နိုင်ပါဘူး၊ ကဲ ရှင်တို့ပြန်လို့ရပြီ ဒေါ်ဒေဝီခင်"

"ခဏ…ခဏနေပါဦး အန်တီနှင်းဆီနီ၊ အခုကိစ္စမှာ ရှင်းရဲ့ဆန္ဒကိုလည်း မေးကြည့်ပါဦးဗျာ၊ ရှင်းနဲ့ကျွန်တော်က သိပ်ချစ်ကြတဲ့ ချစ်သူတွေပါ၊ ရှင်းကို ချစ်ခဲ့တာ ဒေါ်နှင်းဆီနီရဲ့ သမီးမို့ ချစ်ခဲ့တာမဟုတ်ပါဘူး အန်တီနှင်းဆီနီ၊ ရှင်းဟာ ကိုယ့်အိမ်က အိမ်ဖော်မလေး ရှင်းပီတိအဖြစ်နဲ့ပဲ အရိုးသားဆုံးချစ်ခဲ့တာပါဗျာ၊ ဒါကို ရှင်းပီတိအသိဆုံးပါပဲဗျာ၊ ရှင်းရဲ့ဆုံးဖြတ်မှုလေးကို သိပါရစေ အန်တီနှင်းဆီနီရယ်"

မောင်ရယ်…

ရှင်းကို မမေးပါနဲ့။

မောင့်အတွက် မျှော်လင့်ချက်တွေ ကင်းမဲ့သွားမယ့် အဖြေတစ်ခုကို ရှင်းတကယ် မဖြေချင်ပါဘူးမောင်။ မောင့်ကို ရှင်း



www.burmeseclassic.com

www.burmeseclassic.com



သိပ်ချစ်ပါတယ်။ မောင်နဲ့ မခွဲနိုင်ဘူးမောင်။ မောင့်ကိုထားခဲ့ရလို့ ရှင်း အသည်းကြွေမတတ်ကို ခံစားနေရတာပါ မောင်ရယ်။

"ရှင်း…အန်တီ့ကို ပြောပြလိုက်လေ၊ မောင်တို့က သိပ်ချစ်ကြတဲ့ ချစ်သူတွေလို့ ပြောပြလိုက်လေ ရှင်း၊ ရှင်းကို မောင်ဘယ်လောက်ထိ ချစ်ခဲ့တယ်ဆိုတာ ပြောပြလိုက်ပါ ရှင်းရယ်၊ ရှင်းရဲ့ဘဝလေးကို သိပ်ချစ်လွန်းလို့ မနင်းရက် မခြေရက် တန်ဖိုးထားခဲ့တဲ့ မောင့်အချစ်တွေရဲ့ ရိုးသားဖြူစင်မှုကို အန်တီသိအောင် ရှင်းပြလိုက်ပါ"

"အဟင့်…ဟင့်"

"ရှင်း"

"ရှင်း…ရှင်းရေ"

ရှင်းပိတိ

နားမထောင်ရဲတော့ပါ။

သိပ်ချစ်ခဲ့တဲ့ မောင့်အချစ်တွေ ဘယ်လောက်ထိ ထုထည်ကြီးမားနေသလဲဆိုတဲ့အချက်ကို ရှင်း မသိရဲတော့ပါ။

နေရာလေးကနေ တသိမ့်သိမ့်ရှိုက်ငိုပြီး ပြေးထွက်ခဲ့မိချေပြီ။

မောင့်ရဲ့ခေါ်သံလေးတွေနဲ့ ဝေးရာကို ရှင်းပိတိတစ်ယောက် လှည့်မကြည့်ဘဲ ပြေးထွက်ခဲ့မိပါတော့သည်။



## အခန်း [၂၃]

မှုယုံကြည်နိုင်တော့ပါ။

ဒက်ဒီပြောပြနေတဲ့ အတိတ်ကအဖြစ်အပျက်လေးတွေကို နားထောင်ပြီး မိုးဝသန် အံ့ဩမှင်သက်နေရသည်။ ဒေါ်နှင်းဆီနီဟာ တစ်ချိန်က ဒက်ဒီ သိပ်ချစ်ခဲ့တဲ့ နှင်းနုဆိုတဲ့ အိမ်ဖော်မလေးတဲ့လေ၊ ဒက်ဒီတို့ချစ်သူနှစ်ဦးကို ပညာသားပါပါနဲ့ ခွဲခဲ့တာက အဘွားဒေါ်တော်ဝင်နန်းတဲ့။

ဘာတွေလဲ…

ဘာတွေလဲဗျာ။

အဲဒါတွေအားလုံး မိုးဝသန်ဆိုတဲ့သူနဲ့ ဘာဆိုင်လို့လဲ။

အတိတ်ဟာ အတိတ်။

အနာဂတ်က အနာဂတ်ပဲ။

ဖိုးဖိုး - စာပေ

www.burmeseclassic.com

www.burmeseclassic.com



မိုးဝဿန်နဲ့ ရှင်းပီတိရဲ့ အချစ်မှာ ဘာဖြစ်လို့ ဒီအတိတ်ဆိုးက အရိပ်မည်းကြီး ထင်ဟပ်လာရတာလဲ။

မတရားဘူးဗျာ။

လုံးဝမတရားဘူး။

"ဒက်ဒီ တောင်းပန်ပါတယ် သားရယ်၊ ဒက်ဒီ့ကြောင့် အခုလိုဖြစ်ရတာပါ၊ ဒက်ဒီသတ္တိမရှိလို့ အခုလို နာကြည်းမုန်းတီးစရာကောင်းတဲ့ အတိတ်ဆိုးတွေ ဖြစ်လာခဲ့ရတာပါကွာ၊ နှင်းနုမှာ အပြစ်မရှိပါဘူး၊ သူနာကျင်မယ်ဆိုလည်း နာကျင်လောက်စရာပဲလေ"

"တော်ပါတော့ ဒက်ဒီရယ်၊ တော်ပါတော့ဗျာ၊ သားဆက်ပြီးမကြားပါရစေနဲ့တော့၊ ရက်စက်တယ်ဗျာ အားလုံးရက်စက်တယ်၊ အခုလို ဖန်တီးတဲ့ ကံကြမ္မာကလည်း သိပ်ပြီးရက်စက်လွန်းပါတယ်ဗျာ၊ ဘာအပြစ်ရှိလို့လဲ၊ ကျွန်တော့်မှာ ဘာအပြစ်ရှိလို့ အခုလိုရက်စက်တဲ့ ကံကြမ္မာဆိုးကြီးနဲ့ ဆုံတွေ့ပေးရတာလဲဗျာ".

ငိုအက်အက်သံကြီးနဲ့ ဗလုံးဗထွေး ရေရွတ်နေတဲ့ သားဖြစ်သူ မိုးဝဿန်ကိုကြည့်ပြီး ဦးသူတော် စိတ်မကောင်း ဖြစ်နေမိသည်။ တကယ်ဆိုရင် သားက သိပ်ကို အပြစ်ကင်းစင်တဲ့ ကလေးတစ်ယောက်ပါ။ အချစ်ကို အရူးအမူးနဲ့ စွဲလမ်းပြီး အဲဒီအချစ်လေးအပေါ် တန်ဖိုးထား လေးစားခဲ့တဲ့ အချစ်ကျေးကျွန်လေးတစ်ယောက်ပါ။

မလုပ်သင့်ပါဘူး။

သားကို အပြစ်တွေ ကျမခံစေသင့်ပါဘူး။





အပြစ်ရှိတာက မိမိလေ။

ဒါကြောင့်လည်း ဘဝတစ်လျှောက်လုံး ကိုယ့်ကိုယ်ကို ခွင့်မလွှတ်နိုင်ဘဲ ပြစ်ဒဏ်တွေပေးခဲ့သည်။ မေမေ့ရဲ့မာန၊ တစ်ဖက်စွန်းရောက်တဲ့ အတ္တနဲ့ အယူအဆတွေကြားမှာ သူ့ရဲ့ရှင်သန်မှုတွေ၊ ပျော်ရွှင်ခြင်းတွေအားလုံးကို သူကိုယ်တိုင်ပဲ အသေသတ်ခဲ့သည်။

"ဘယ်လိုလုပ်ရမလဲ ကျွန်တော် ဘာဆက်လုပ်ရတော့မလဲ ဒက်ဒီ၊ သွားပြီဗျာ ကျွန်တော့်ဘဝပျက်ပြီ"

"သားရယ်"

"ဒက်ဒီက မေ့လိုက်ပါလို့ အလွယ်တကူ ပြောနိုင်ပေမယ့် ကျွန်တော့်ရင်ထဲမှာ ရှင်းကို ဘယ်လိုမှ မေ့ဖျောက်လို့မရဘူး ဒက်ဒီ၊ ဒေါ်နှင်းဆီနဲ့ဟာ ဘယ်လိုအကြောင်းမျိုးတွေကြောင့်ပဲ ရှင်းကို စံရိပ်မြုံမှာထားခဲ့ထားခဲ့ ရှင်းက ကျွန်တော့်နံဘေးမှာ တကယ်ရှိနေခဲ့ဖူးတာပါ၊ ရှင်းကို ကျွန်တော် တကယ်ပဲ မြတ်မြတ်နိုးနိုးနဲ့ ချစ်ခဲ့ဖူးတာပါဗျာ၊ အဲဒါတွေအားလုံး လူကြီးတွေရဲ့ အပြုအမူအတွေးကြောင့် ဖျက်ဆီးချေမှုပစ်ရတော့မတဲ့လား ဒက်ဒီ"

"နှင်းနုက သိပ်ပြီးမာနကြီးတဲ့ မိန်းကလေးတစ်ယောက်ပဲသား၊ လွယ်လွယ်နဲ့ ခွင့်လွှတ်မှာမဟုတ်ဘူး"

"ဟာဗျာ"

မိုးဝဿန်...

ရင်နင့်ရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ချစ်တဲ့ရှင်းကို ဘယ်လိုအကြောင်းမျိုးနဲ့မှ မစွန့်လွှတ်ချင်ခဲ့တာ သူ့ရင်ထဲက ဆန္ဒအမှန်ပါ။ ရှင်းကိုသိပ်ချစ်လွန်းလို့ ရှင်းကို ပိုင်ဆိုင်ရဖို့ သူ ဘယ်လောက်ထိ ကြိုးစားခဲ့ရသလဲ။

အခုတော့...

ဒါတွေအားလုံးက အလကားဖြစ်နေခဲ့ချေပြီ။

"ဒက်ဒီ"

"ပြောလေ သား"

"ကျွန်တော် ရှင်းကို သိပ်ချစ်တယ်"

"သားရယ်"

"ရှင်းနဲ့သာဝေးရရင် သားသေမှာပဲ ဒက်ဒီ"

မိုးဝသန်ရယ်။

အစွဲအလမ်းကြီးလှချည်လားကွာ။

မဖြစ်နိုင်ပါဘူးဆိုတာကိုမှ ဇွတ်တရွတ် တိုးချင်နေတဲ့သားဖြစ်သူကို ငေးစိုက်ကြည့်ကာ သနားနေမိသည်။

"ဒက်ဒီ"

"ပြောပါကွယ်"

"စံရိပ်မြုံမှာ သားမနေချင်တော့ဘူး"

"ဘယ်လို"

"အတ္တတွေ၊ မာနတွေ၊ အငြိုးအတေးတွေ၊ ပြိုင်ဆိုင်မှုတွေကြားမှာ မရှင်သန်ချင်တော့ဘူး ဒက်ဒီ၊ ဒါကြောင့် စံရိပ်မြုံနဲ့





အဝေးဆုံးနေရာကို သားသွားတော့မယ်"

"သား...မဖြစ်နိုင်တာကွာ။ ဘွားနန်းက ဒင်းကိုဒီလောက်ချစ်တာ"

"အဟွန်း...မဟုတ်တာပဲ ဒက်ဒီရယ်၊ ဘွားနန်းက ကျွန်တော့်ကို မချစ်ပါဘူး၊ သူချစ်တာ ငွေတွေ၊ ဂုဏ်တွေ၊ ပကာသနတွေပါဗျ။ အဲဒါကြောင့်လည်း ကျွန်တော့်ရင်ကိုခွဲပြီး ကျွန်တော့်နှလုံးသားကို ဓားထက်ထက်နဲ့ ရက်ရက်စက်စက် မွှန်းပစ်ခဲ့တာပေါ့"

အမလေး

နာနာကြည်းကြည်းလေး ပြောလိုက်တဲ့ မြေးလေးမိုးဝသန်ရဲ့ စကားသံလေးကြောင့် တိတ်တိတ်တဆိတ်လေး သားအဖနှစ်ယောက်ကို ချောင်းကြည့်နေသည့် ဒေါ်တော်ဝင်နန်းတစ်ယောက် ရင်ဘတ်ကြီးဖိကာ မျက်လုံးကြီးတွေ ပြူးဝိုင်းသွားရသည်။

ပြောရက်လိုက်တာ မြေးရယ်။

ဘွားနန်း မချစ်ဘူးလို့ ထင်ရက်လိုက်တာကွယ်။

မြေးကိုသိပ်ချစ်လို့ မြေးဘဝလေး အရာအားလုံး ပြည့်စုံပြီး သာယာလှပနိုင်ဖို့ အခုလို ဘွားနန်း လုပ်ခဲ့တာပါ။ ဒါတွေအားလုံးဟာ မြေးရင်ထဲမှာ ထိတ်လန့်ကြောက်ရွံ့စရာတွေ ဖြစ်သွားခဲ့တယ်ဆိုရင်တော့ ဘွားနန်းကို ခွင့်လွှတ်ပါတော့ မြေးလေးဝသန်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



"မာမီက အရင်ကတော့ မြန်မာနိုင်ငံမှာ အပြီးအပိုင်နေဖို့ ပဲတဲ့၊ အခုတော့ ကျွန်တော့်ကို သနားလွန်းလို့ သားဖြစ်စေချင်တဲ့ အတိုင်း ဆောင်ရွက်ပေးပါမယ်တဲ့လေ၊ သား ဒက်ဒီ မာမီတို့နဲ့အတူ နိုင်ငံခြားမှာ အလုပ်လိုက်လုပ်တော့မယ် ဒက်ဒီ၊ ဟိုမှာ စီးပွားရှာပြီး ရင်ထဲကခံစားချက်တွေကို ဖြေသိမ့်တော့မယ်"

လက်မခံဘူး မြေး။

ဘွားနန်း လုံးဝလက်မခံဘူး။

မြေး လိုက်မသွားရဘူး။ ဘွားနန်းနဲ့အတူ စံရိပ်မြုံမှာပဲ နေရမယ်။ ဘွားနန်း သွားခွင့်မပြုနိုင်ဘူးကွယ်။

မြေးလေးမိုးဝသန် ···

ဒေါ်တော်ဝင်နန်းရဲ့ အချစ်ဆုံးမြေး။

ဘွားအေကိုစိတ်နာကာ သူ့မိဘတွေနှင့် နိုင်ငံခြားကို လိုက်သွားဖို့ ပြောနေသည်။ မိမိအသက်ကြီးမှ စံရိပ်မြုံမှာ တစ်ယောက်တည်း အထီးကျန်နေရတော့မယ့် အခြေအနေပါလား။ ပထမဆုံး ရင်နှစ်သီးချာ သားသူတော်ကို ဌန့်လွှတ်ခဲ့ရသည်။ အခုတစ်ကြိမ်လည်း အချစ်ဆုံးမြေးက သွားတော့မယ်တဲ့။ ဘယ်လို လုပ်ရမလဲ။

ဒေါ်တော်ဝင်နန်း စိတ်တွေ အလှုပ်ရှားကြီး လှုပ်ရှားနေရ သည်။

စိတ်တွေက မတည်ငြိမ်ချင်တော့။





နှင်းနု

နှင်းနုကိုသွားပြီး မြေးအတွက် မာနတွေကို ခဝါချကာ တောင်းပန်ရတော့မလား။ ဒေါ်တော်ဝင်နန်း စဉ်းစားနေရပြီ။ တကယ် ဆို အခုလိုဖြစ်ပျက်ခဲ့တာတွေအားလုံးက မိမိရဲ့ပယောဂ မကင်းတာ တော့ အမှန်ပါ။

အတ္တကြီးသော ဒေါ်တော်ဝင်နန်းမှာမှ အစွဲအလမ်းကြီး သော သားနှင့်မြေးက ရှိနေခဲ့တာ ကံကြမ္မာရဲ့ စေစားရာပါပဲ။

မြေးရယ် ···

ဘွားနန်းကို စိတ်အနာကြီး နာသွားပြီလားကွယ်။

မြေးရဲ့ချစ်သူကို ဆုံးရှုံးလိုက်ရလို့ ဘွားနန်းကို အမုန်းကြီး မုန်းသွားပြီလား မြေးရယ်။

ဒေါ်တော်ဝင်နန်းတစ်ယောက် ဖခင်ရဲ့ ရင်ခွင်လေးထဲ ဟိုးဝင်ကာ ကလေးငယ်လေးတစ်ယောက်လို ဝမ်းနည်းတကြီး ရှိုက်ငိုနေတဲ့ မိုးဝသန်ကိုကြည့်ပြီး အံလေးကို တင်းနေအောင် စေ့ကြိတ်ထားမိသည်။

ဟိုးငယ်ငယ်လေးထဲက ငိုတတ်မှာစိုး၍ မြေးရဲ့အလိုဆန္ဒ ဟူသမျှ ဖြည့်ဆည်းပေးခဲ့တာပါ။ အခု မြေးက တသိမ့်သိမ့်ငိုကြွေး နေပြီ။

ဒေါ်တော်ဝင်နန်းတစ်ယောက် မကြည့်ရက်တော့ဘဲ နေရာ လေးကနေ ချာခနဲနေအောင် လှည့်ထွက်ခဲ့မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက်…

မိမိရဲ့ အိပ်ခန်းလေးထဲ ပြန်ဝင်ပြီး ဖုန်းစင်လေးအနားသို့ တစ်လှမ်းချင်းလျှောက်လှမ်းသွားမိ၏။ ဖုန်းနံပါတ်လေးတစ်ခုကို ကောက်နှိပ်လိုက်သည်။

မြေးအတွက်။

အချစ်ဆုံးမြေးလေး မိုးဝသန်အတွက်။

မိမိရဲ့ မာနတွေ၊ အတ္တတွေအားလုံးကို စွန့်လွှတ်တော့မည်ဟု ဆုံးဖြတ်ထားမိသည်။

တူ…တူ။

တူ…။

တစ်ဖက်က ဖုန်းခေါ်သံကို ကြားလိုက်ရချိန်တွင် ဒေါ်တော်ဝင်နန်း ရင်ခုန်သံတွေ မြန်ဆန်သွားရ၏။

နှင်းဆီနီ။

ငါ အရှုံးပေးပါပြီအေ။

ညည်းနိုင်သွားပါပြီ နှင်းဆီနီရယ်။

ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်ကျော်လောက် ကတည်းက ညည်း ငါ့ကို အနိုင်ရသွားခဲ့တာပါ နှင်းဆီနီ။ ဒါကို ညည်းမသိခဲ့လို့ပါ။ ငါသိပ်ချစ်တဲ့ ငါ့သားကို ညည်း ဒရယူသွားကတည်းက ငါရှုံးသွားတာပါ နှင်းဆီနီရယ်။

အဲဒါဆိုရင်…





ညည်း ကျေနပ်သင့်ပါပြီအေ။

ဒေါ်တော်ဝင်နန်းတစ်ယောက် စိတ်ထဲကနေ ကြိတ်ပြီး တစ်ယောက်တည်း ပြောနေမိပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၂၃]

"ဟား…ဟား"

"ဟား…ဟား"

ဒေါ်နှင်းဆီနီတစ်ယောက် အကြီးအကျယ် အောင်ပွဲခံနေ၏။ မိမိရှေ့တွင် ဒေါ်တော်ဝင်နန်းတစ်ယောက် ဘာစကားမှ ပြန်မပြောနိုင်ဘဲ ခေါင်းငုံ့ကာ အရှုံးပေးပြန်သွားရပုံ ပြန်မြင်ယောင်မိတိုင်း သဘောတွေ အကျုံကြီးကျကာ အသံလေးထွက်ပြီး အော်ရယ်ပစ်လိုက်သည်။

မေမေရယ်…

အရမ်းကို ပျော်ရွှင်နေသတဲ့လားရှင်။

ဒေါ်တော်ဝင်နန်းကို အနိုင်ရခဲ့လို့ မေမေ သိပ်စိတ်ချမ်းသာ





နေသတဲ့လား။

မိုးဝသသန့်နဲ့ ရှင်းမိတ်ကို လုံးဝသဘောမတူနိုင်ပါဘူးလို့ အထက်စီးကနေ ငြင်းပယ်လိုက်နိုင်တာကို မေမေ သိပ်ပြီးကျေနပ်နေသလားဟင်။

ဝမ်းသာပါ မေမေ။

မေမေ ပျော်ရွှင်လိုက်စမ်းပါ။

ရှင်းမိတ်ရဲ့အချစ်၊ ရှင်းမိတ်ရဲ့ ရင်ထဲကနှလုံးသားတွေကို နင်းချေပြီး အောင်ပွဲခံလိုက်စမ်းပါ မေမေ။ ရှင်း ကျေနပ်ပါတယ်ရှင်။ တော့ရှူးရှင် မေမေရဲ့ ဝမ်းသာပျော်ရွှင်မှုကို ရယူချင်လို့ မေမေ လျှောက်ခိုင်းခဲ့တဲ့ လမ်းအတိုင်း တသွေမတိမ်း လိုက်နာပြီး လျှောက်လှမ်းခဲ့တာလေ။

အဲဒီလို လုပ်ခဲ့မိတဲ့အတွက် နောင်တမရပါဘူး။

ဒါပေမယ့်လည်း မေမေရယ်။

တစ်ကြိမ်တစ်ခါသာ ချစ်ဖူးတဲ့ အသည်းနုနုမှာ ရရှိခဲ့တဲ့ ချိုမြိန်တဲ့ ဒဏ်ရာလေးအတွက်တော့ နည်းနည်းလေး နာကျင်ခွင့်ပြုပါနော်။ ရှင်းလေ မေမေနဲ့အတူ အောင်ပွဲခံနိုင်ပါဘူး မေမေ။

မောင့်ကို ရက်ရက်စက်စက် ထားခဲ့ရလို့ ရှင်း ဂုဏ်မယူနိုင်ဘူး မေမေ။

မောင့်အချစ်တွေကို ခေါ်ကားပြီး ရင်ထဲဘာမှမခံစားရဟန်နဲ့ ခေါင်းမော့ရင်ကော့ပြီး အောင်ပွဲခံနိုင်ပါဘူး မေမေရယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ့အတွက်…

ရှင်းကို ခွင့်လွှတ်ပါ။

ရှင်းကို…

မေမေ နားလည်ပေးပါနော်။

ရှင်းပီတိ နှင်းဆီနီဂေဟာကြီးထဲတွင် ကျင်းပနေသော ပျော်ပွဲစားဝိုင်းကြီးကို ဝမ်းနည်းစွာပင် ကျောခိုင်းထွက်ခဲ့မိသည်။

အဟင့်…ဟင့်။

အဟင့်…ဟင့်။

မိုးမခပင်ကြီးအောက်တွင် ထိုင်ချကာ တအီးအီး ရှိုက်ငိုပစ်လိုက်မိတော့သည်။

မောင်…

မောင်ရယ်။

ရှင်းကိုခွင့်လွှတ်ပါ။

ရှင်းဟာ…

ငယ်ငယ်လေးကတည်းက မေမေထားရာနေ၊ မေမေစေရာကိုသွား၊ မေမေခိုင်းတာ လုပ်ပေးရတဲ့ နယ်ရုပ်လေးတစ်ရုပ်ပါ မောင်ရယ်။

ရှင်းဘဝကို ရှင်းမပိုင်ပါဘူး မောင်။

ရှင်းအချစ်ကို ရှင်းမပိုင်ပါဘူးကွယ်။

အဲဒီ့အတွက်…





ရှင်းလေ…

အသည်းနှလုံးတွေ ကြေကွဲပျက်စီးမတတ်ကို ခံစားနေရပါတယ် မောင်ရယ်။ ဒါပေမယ့် ရှင်း တကယ်ပဲ ခံစားသင့်ပါတယ်။ မောင့်အချစ်တွေကို ရက်ရက်စက်စက် ချေမွလွှဲပြီး စော်ကားချင်တိုင်း စော်ကားခဲ့မိတဲ့ ရှင်း လောကကြီးက ပြန်ပေးတဲ့ပြစ်ဒဏ်ကို ကျေကျေနပ်နပ်ကြီး ခံယူသင့်ပါတယ်လေ။

အဟင့်…ဟင့်။

ဟင့်…ဟင့်။

ရှင်း…

ဝမ်းနည်းကြေကွဲစွာပင် တသိမ့်သိမ့် ရှိုက်ငိုနေမိတော့သည်။

ရှုပ်…ရှုပ်။

ရှုပ်…။

ဟင်…။

ခြေသံလေးတစ်ခု။

ရှင်းပီတိဆီကိုလာနေတဲ့ ခြေသံသွဲ့သွဲ့လေးကို ရှင်းပီတိ ကြားလိုက်ရတာမို့ မျက်ရည်တွေကြားမှ ခေါင်းမော့ကြည့်လိုက်မိသည်။

"မေမေ"

ရှင်းပီတိရဲ့ အနီးသို့ရောက်လာတဲ့ မေမေ့ကိုမြင်တော့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



လေးကနေ ကရုဝ်ကာ အပြစ်ကျူးလွန်မိသူတစ်ယောက်လို ခေါင်း လေးငုံ့ထားလိုက်မိသည်။

"ရှင်း…ရှင်း အပြစ်လုပ်မိပါတယ် မေမေ"

ရှင်းရယ်…။

"ရှင်း…အောင်ပွဲမခံနိုင်ခဲ့တဲ့အတွက် ရှင်းကို ပြစ်ဒဏ် ပေးပါ မေမေရယ်၊ ရှင်း ကျေကျေနပ်နပ်ကြီးကို ခံယူပါ့မယ်ရှင်"

ရှင်းပီတိလေးရယ်။

သမီးလေးရယ်။

မေမေ သိပ်မှားသွားပြီကွယ်။

မေမေ…

သိပ်ကိုပဲ မှားယွင်းခဲ့ပြီကလေးရယ်။

တစ်ပါးသူရင်ထဲကို ခံစားစေချင်စိတ်တစ်ခုတည်းနဲ့ လုပ်ခဲ့ တာတွေမှန်သမျှ အခုတော့ မေမေရင်ပဲ ကွဲအက်မတတ်ကို ခံစားနေ ရပြီ ရှင်းပီတိရယ်။

ကံကြမ္မာရဲ့ အလှည့်အပြောင်းကြားမှာ မေမေ့မာနနဲ့ အတ္တ တွေ အရည်ပျော်နေခဲ့ရပြီ ရှင်းပီတိလေးရယ်။

"ရိုက်ပါ မေမေ၊ ရှင်းရဲ့ပါးတွေကို ဘယ်ပြန်ညာပြန် ရိုက်ပြီး အပြစ်ပေးလိုက်စမ်းပါ၊ ရှင်း ခံယူပါ့မယ် မေမေ၊ ဒါပေမယ့် မောင့်ကိုမချစ်ရဘူး၊ ရှင်းရင်ထဲကနေ ဆွဲထုတ်ပြီး ဖေ့ဖျောက်ပစ်လိုက် တော့လို့ မပြောပါနဲ့နော်၊ ရှင်းလေ…ရှင်း မောင့်ကိုသိပ်ချစ်တယ်





မေမေ"

"ရှင်းရယ်"

ဒေါ်နှင်းဆီနီရဲ့ မျက်ဝန်းအိမ်ထဲမှ မျက်ရည်ကြည်လေးတွေ တလိမ့်လိမ့်စီးကျလာရသည်။

"ရှင်း"

"ပြောပါ မေမေ"

"သွားတော့ ရှင်း"

"ရှင်း"

"နှင်းဆီနီဂေဟာထဲကနေ အခုချက်ချင်းထွက်သွားတော့"

"ဒို"

ရှင်း မျက်နက်ဝန်းဝိုင်းဝိုင်းလေးတွေ အဆမတန် ပြူးသွား ရသည်။

သန္တာရောင် နှုတ်ခမ်းလေးက ဖျော့ခနဲ ပွင့်ဟသွားရ၏။ မေမေ့ကို မယုံကြည်နိုင်သလို မော့ကြည့်လိုက်မိသည်။

"မင်းကို အမိန့်ပေးနေတာယ်လေ ရှင်းပီတိ"

"မေမေ"

"ဘာမေမေလဲ…ငါ ညည်းရဲ့အမေမဟုတ်ဘူး"

"ရှင်း…ရှင်း"

"ဆက်တော့ ရှင်းပီတိ"

ဒေါ်နှင်းဆီနီရဲ့ အသံက ဖူးခနဲ ပတိန်းတက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်း…

ဘာတစ်ခွန်းမှ ဆက်မပြောရဲတော့ပါ။

မေမေ့ရဲ့အမိန့်ကို ဘယ်လိုအကြောင်းပြချက်မျိုးနဲ့မှ လွန်ဆန်တာကို မကြိုက်မှန်း ရှင်း အသိဆုံးပဲဖြစ်သည်၊ ဒါကြောင့် ရှင်း ဆက်ပြီး မပြောရဲတော့ပါချေ။

“ထွက်သွား ရှင်းပီတိ၊ မင်းကို ငါအလိုမရှိတော့ဘူး”

“ဟုတ်…ဟုတ်ကဲ့မေမေ”

ရှင်းပီတိ ခေါင်းလေးညိတ်ပြီး လက်ခံလိုက်မိသည်။

မေမေ အလိုမရှိလျှင် ထွက်သွားပေးရမှာက ရှင်းပီတိရဲ့ တာဝန်ပဲလေ။ ရှင်းပီတိ ကြေကွဲဝမ်းနည်းစွာ မေမေ့မျက်နှာလေးဆီ တစ်ချက်မော့ကြည့်ပြီး မေမေ့ကို ကျောခိုင်းကာ လှည့်ထွက်ဖို့ ပြင်လိုက်သည်။

“ရှင်းပီတိ”

“…..”

မေမေ့ခေါ်သံကြောင့် စောင်းငဲ့ကြည့်လိုက်မိ၏။

“မေမေ့ကို ကန်တော့သွားဦးလေ”

အို…။

ဘယ်တုန်းကမှ ရှင်းပီတိ ကန်တော့တာကို လက်မခံဘဲ အလုပ်တာဝန်ကိုသာ ကျေပွန်အောင် ထမ်းဆောင်စေခဲ့သော မေမေက ဒီတစ်ခါတော့ ရှင်းကို ကန်တော့သွားပါတဲ့။





ရှင်း…

ဝမ်းအသာကြီး သာသွားရသည်။

မေမေ့ရဲ့ ခွင့်ပြုချက်လေးကြောင့် ချက်ချင်းဆိုသလိုပင် မေမေ့အနား ပြန်ရောက်သွားပြီး မြေပြင်ပေါ် ကျုံ့ကျုံ့လေးထိုင်ချကာ မေမေ့ခြေဖဝါးနှစ်ဖက်ကို ဦးခိုက်ကာ ဦးသုံးကြိမ်ချပြီး ကန်တော့လိုက်သည်။ မေမေက ဘာစကားတစ်ခွန်းမျှ မပြောချေ။

ရှင်း…

ထိုင်ရာကနေ ထကာ မေမေ့မျက်နှာလေးကို နောက်ဆုံးအကြိမ်အဖြစ် စူးနစ်နေအောင် စိုက်ကြည့်ပစ်လိုက်သည်။

“မေမေ”

“ကျန်းမာရေးကို ဂရုစိုက်ပါနော်၊ မေမေက သွေးတိုးရှိတာဆိုတော့ သွေးကျဆေးကို မှန်မှန်သောက်ပါ”

ရှင်းရယ်။

မျက်ရည်တွေကြားမှ တဲတွတ်တွတ် သတိပေး အမှာစကားချွေနေတဲ့ ရှင်းပီတိကိုကြည့်ပြီး ဒေါ်နှင်းဆီရိုရင်ထဲ နာကျင်ဆူးရှနေရသည်။ ရှင်းရဲ့ရှေ့မှာ မျက်ရည်လေးတွေ စီးကျမသွားအောင် မျက်တောင်ကော့ရှည်ရှည်လေးများ တဖျပ်ဖျပ်ပုတ်ခတ်ကာ ထိန်းချုပ်ထားလိုက်မိသည်။

“ရှင်း…သွားတော့မယ် မေမေ”

သမီးလေးရယ်…



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ကို ခွင့်လွှတ်ပါနော်။ မေမေလေ သမီးအပေါ်မှာ ဘယ်တုန်းကမှ မိဘတစ်ယောက်ရဲ့ ဝတ္တရား မကျေပွန်ခဲ့ပါဘူး ကွယ်။ သမီးလေးရဲ့ ဘဝကို မေမေ့ရဲ့ အငြိုးအတေးတွေကြားမှာ မေမေ ရက်ရက်စက်စက် စတေးခဲ့မိတဲ့အတွက် မေမေ့ကို ခွင့်လွှတ် ပါတော့ ကလေးရယ်။ မေမေ တောင်းပန်ပါတယ်။

ဒါကြောင့်...

သားလေးဆီကို သမီးပြန်သွားပါကွယ်။

မေမေ့ရဲ့ သားလေးဘဝကို သာယာလှပအောင် ရှင်းပီတီ ဖန်ဆင်းပေးပါနော်။ မေမေ အဲဒါလေးကိုပဲ တောင်းဆိုပါရစေတော့ ရှင်းရယ်။ ဒါဟာ မေမေ့ရဲ့နောက်ဆုံးဆန္ဒ မေမေပေးအပ်တဲ့ နောက်ဆုံးတာဝန်ပါပဲကွယ်။ ကျေပွန်အောင် ထမ်းဆောင်ပေးပါ ရှင်းလေးရယ်။

ဒေါ်နှင်းဆီနီတစ်ယောက်...

တရွေ့ရွေ့နှင့် နှင်းဆီနီဂေဟာ ခြံကြီးထဲကနေ ထွက်ခွာ သွားတဲ့ ရှင်းပီတီကိုကြည့်ပြီး ကြည်နူးစွာပင် ပြုံးလိုက်မိပါတော့ သည်။

ဒေါ်တော်ဝင်နန်းဆီက ဖုန်းနဲ့ဆက်သွယ်လာပြီး ပြောပြလာ တဲ့ အကြောင်းအရာလေးများကြောင့် ဒေါ်နှင်းဆီနီ အံ့လည်းအံ့၊ ယုံလည်း မယုံကြည်နိုင်အောင် ဖြစ်ရသည်။

မိုးဝသန်က ဒေဝီခင်ရဲ့ သားအရင်းမဟုတ်ဘူးတဲ့လေ။





ဒေဝီခင် ကလေးမွေးမွေးချင်းပဲ ကလေးက အသားဝါ ရောဂါပါတာမို့ ကလေးဆေးရုံကို တင်နေရင်းကနေ ဆုံးသွားတယ် တဲ့လေ။ အဲဒီအချိန်မှာပဲ ဒေါ်နှင်းနုရဲ့ကလေးက ကျန်းမာရေးကောင်း ပြီး ဆေးရုံက ပြန်ဆင်းရမိန့်ခဲ့တိုးပြီး နှင်းနုရဲ့အဒေါ်ဆီကနေ ကလေး ချင်း လဲယူလိုက်တာတဲ့။

မိုးဝသန်ဟာ နှင်းနုရဲ့ သားတဲ့လေး

ဒီအကြောင်းတွေကို တစ်သက်လုံး ဖုံးကွယ်ထားဖို့ ဆုံးဖြတ်ထားပေမယ့် ကိုယ့်သားသမီးကို ပြန်သတ်တဲ့ မအေဖြစ်မှာ နိုးလို့ ပြောပြတာတဲ့။

ဒေါ်နှင်းဆီနီ တွေးရှုပ်ရပြီ။

ခန္ဓာကိုယ်တစ်ခုလုံး ထိန်းချုပ်လို့ရအောင် ယှိုင်နဲ့သွားရ သည်။

သား...

ဒေါ်နှင်းဆီနီ (ခေါ်) ဒေါ်နှင်းနုရဲ့သား မိုးဝသန်။

သားရဲ့နူးညံ့တဲ့ နှလုံးသားကို မိမိက ရက်ရက်စက်စက် အဆိပ်သင့်စေခဲ့ပြီလေ။ နောင်တတရားတို့ကြောင့် ရင်တွေတလှပ် လှပ်ခုန်တာ ခြံလေးထဲ ပြေးထွက်လာခဲ့မိသည်။

ဆုံးဖြတ်လိုက်ပါပြီ။

သားအတွက် ဒေါ်နှင်းဆီနီ ပြတ်ပြတ်သားသား ဆုံးဖြတ် လိုက်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း…

ရှင်းပီတိဆီသွားပြီး နှင်းဆီနီဂေဟာကြီးထဲကနေ ထွက်သွားဖို့ မောင်းထုတ်ခဲ့တာပေါ့။ သားလေး မိုးဝသန်က ခြံရှေ့မှာ ကားနဲ့ရောက်နေပြီလေ။ ဒေါ်တော်ဝင်နန်းက လွှတ်လိုက်တာတဲ့။

မိမိတို့လုပ်ရပ်ကို မသိတဲ့ ရှင်းပီတိကတော့ တအီးအီးငိုပြီး ထွက်သွားလေရဲ့။ ဒေါ်နှင်းဆီနီ ခေါင်းလေးကို ညင်သာစွာ ခါယမ်းလိုက်ပြီး ဝမ်းသာကြည်နူးစွာ ပြုံးလိုက်မိတော့သည်။

"အဟင့်…ဟင့်"

"ဟင့်…ဟင့်"

ရှင်း

တသိမ့်သိမ့်ငိုရှိုက်ကာ ခြံကျယ်ကြီးထဲကနေ ထွက်ခဲ့မိသည်။ ညအမှောင် လရောင်မဲ့သောညမှာ ရှင်း ဘယ်ကိုသွားပြီး ဘာဆက်လုပ်ရမှန်းမသိ တစ်ယောက်တည်း အားတွေငယ်နေရ၏။

မေမေက မောင်းထုတ်လိုက်ပေမယ့် ရှင်းမှာ နေစရာမရှိ။ သွားစရာနေရာမရှိပါ။ ခြံကျယ်ကြီးအပြင် ကတ္တရာလမ်းမကြီးထက်ကနေ နောက်ဆုံးအနေနှင့် ငေးမောကြည့်နေမိသည်။

"အဟင့်…ဟင့်"

အသံလေးထွက်ပြီး ငိုရှိုက်နေမိ၏။

"တီ…တီ"

ဝေါ…။





ကျွီ…။

"အမေ့"

မထင်မှတ်စွာပင် ကားမီးရောင်တစ်ခု ရှင်းပီတိ ခန္ဓာကိုယ်လေးပေါ် ဖြာကျလာပြီး ဟွန်းကီးသံကျယ်နှင့်အတူ ရှင်းဆီ တည့်တည့်မတ်မတ်ကြီး တိုးဝင်လာကာ ကျွီခနဲ ရပ်တန့်သွား၏။

ရှင်း…

တိုက်မိသွားပြီလားဆိုတဲ့ အသိနှင့် ရင်တွေပန်းတွေ တုန်ကာ ဒူးလေးကွေးညွတ်ပြီး ယိုင်နဲ့နဲ့လေး ဖြစ်သွားရ၏။ သို့ပေမယ့် ရှင်းကို မတိုက်မိပါ။ ရှင်းနဲ့ တစ်ထွာလောက်အကွာတွင် ကားလေးက ရပ်နေသည်။

"ရှင်း"

"ဟင်…မောင်…မောင် ရှင်…ရှင် ဘယ်လိုလုပ်ပြီး"

"အဟွန်း"

မောင်က မျက်လုံးပြူးလေးတွေနဲ့ လက်ညှိုးလေးထိုးပြီး ကဒ်ိုတသြဖြစ်နေတဲ့ ရှင်းအနီးသို့ အပြုံးနုနုလေးတွေနှင့် ချဉ်းကပ်လာသည်။

ပြီးနောက်…

တင်းကြပ်စွာပွေ့ဖက်ပြီး…

"မောင့်ရဲ့ ဓာတ်ညွှန်းဆရာမလေးကို လာတောင်းပန်တာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ဟုတ်တယ်လေ ရှင်းရဲ့၊ မောင့်ဘဝရဲ့ ထံကြွမှာတော် ဆရာက ရှင်းပီတိပဲမဟုတ်လား၊ ရှင်းရွေးချယ်မှ မောင်ကလိုက်ပြီး သရုပ်ဆောင်နေရတာလေ"

"အို"

"ဒါပေမယ့် မောင်ကျေနပ်ပါတယ် ရှင်းရယ်"

"မောင်ရယ်…ရှင်းကို ခွင့်လွှတ်ပါကွယ်၊ တကယ်တော့ ရှင်း မောင့်ကိုသိပ်ချစ်ပါတယ် မောင်၊ မောင်နဲ့ ဆေးရတော့မယ်ဆို တာကို သိရလေလေ ရှင်းရင်တွေ ကြေကွဲမတတ် ခံစားရလေလေ ပါပဲ၊ ဒါကြောင့် ရှင်းလေ ရှင်း"

"မောင်သိပါတယ် ချစ်ရယ်"

"မောင်သိနေပါတယ်ကွာ…ရှင်း မောင့်ကို ဘယ် လောက်ထိ ချစ်တယ်ဆိုတာကို မောင်အသိဆုံးပါပဲချစ်ရယ်၊ ဒါကြောင့် မောင့်ကို နောက်ထပ် ထပ်ပြီး တောင်းပန်စရာမလိုတော့ ပါဘူး ရှင်းရယ်"

"မောင်ရယ်"

ရှင်းပီတိတစ်ယောက် မောင့်ရင်ခွင်ကျယ်ကြီးထဲ တိုးဝင် ကာ မောင့်ခါးလေးကို တင်းနေအောင်ပင် ပြန်လည်ဖက်တွယ်ထား လိုက်မိသည်။ အေးစက်စက် လေပြေညှင်းကြားမှ နွေးမြမြ မောင့် အနမ်းပွင့်လေးတွေကို အပြုံးလေးနှင့် ခံယူလိုက်မိသည်။





"ရှင်း"

"မောင်"

"မောင့်ကို သိပ်ချစ်လားဟင်"

"ချစ်တာပေါ့ မောင်ရယ်၊ ဘယ်လိုများမေးလိုက်ပါ လိမ့်"

"ဒါဆို မောင့်ကိုကတိတစ်ခုပေး"

"ရှင်"

"မောင့်ကို ကတိတစ်ခုပေးပါရှင်းရယ်"

"ဘာကတိလဲ မောင်"

"ရှင်းရဲ့ ဇာတ်ညွှန်းလေးထဲမှာ ဇာတ်သိမ်းခန်းလေးကို ပျော်ရွှင်စရာအဆုံးနဲ့ အဆုံးသတ်ပေးပါ့မယ်ဆိုတဲ့ ကတိ"

"အို"

"ဟုတ်တယ် ရှင်းရယ်၊ ရှင်း ရေးသီခဲ့တဲ့ ဇာတ်လမ်း လေးထဲမှာ ပျော်စရာတွေ၊ ရယ်စရာတွေ၊ ကြေကွဲစရာတွေ၊ ဝမ်းနည်းစရာတွေ အားလုံးကို မောင် ကျေကျေနပ်နပ်ကြီး သရုပ် ဆောင်ခဲ့ရပြီးပြီလေ။ ဇာတ်သိမ်းခန်းလေးကိုတော့ သူများတွေ အားကျစရာကောင်းတဲ့ ပျော်ရွှင်စရာလေးတွေနဲ့ပဲ သိမ်းစေချင်ပါ တယ်၊ ချစ်သူရေးသီတဲ့ အချစ်ဇာတ်လမ်းလေးထဲမှာ မောင် ထာဝရ ပျော်ရွှင်နေချင်တယ် ရှင်းရယ်"

မောင်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချပါရှင်း။

နောက်ဆိုရင် မောင်ဘယ်တော့မှ စိတ်မညစ်စေရတော့ပါဘူး။

မောင့်အတွက် ကိုယ်တိုင်ရေးသီမယ့် အချစ်ဓာတ်လမ်းလေးတွေက တကယ့်ကို ပျော်ရွှင်ကြည်နူးစရာကောင်းတဲ့ အချစ်ကလေးတွေနဲ့ ပြည့်နေအောင်ပဲ ရေးသီပေးမယ်လို့ နောင်သံသရာဘဝအဆက်ဆက်ထိ ကတိပေးလိုက်ပါတယ် မောင်ရယ်။

ရှင်း…

ခြေဖျားလေးထောက်ကာ ခေါင်းကလေးကို မော့လိုက်၏။ အနမ်းပွင့်လေးတစ်ပွင့် ချစ်သူနှုတ်ခမ်းလေးပေါ် ဖျတ်ခနဲပွင့်ကာ ကမ္ဘာမြေကြီးသည် အလှတရားပေါင်းစုံနှင့် ပြီးပြည့်စုံသွားရတော့သည်။

ရင်ခုန်သံမရပ်သရွေ့ အမြဲချစ်တတ်နေမယ့်

ရှင်မြတ်နိုး

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com




လုံးချင်းဝတ္ထုသစ်

# ရင်မြတ်နိုး

နှလုံးသားဖြင့်ရေးသီသော

www.burmeseclassic.com